# ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု (အကျဉ်း)

# Five hundred and fifty Jataka tales


မြတ်မင်းလှိုင် ပြုစုပြီး

စိုးမြင့် ဘာသာပြန်သည်

Adapted by Myat Min Hlaing

Translated by Soe Myint


ပထမတွဲ

Volume I



# ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု (အကျဉ်း)

# Five hundred and fifty Jataka tales

မြတ်မင်းလှိုင် ပြုစုပြီး

စိုးမြင့် ဘာသာပြန်သည်

Adapted by: Myat Min Hlaing

Translated by: Soe Myint

ပထမတွဲ

Volume I



၂၃-၄၄၈

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ဝန်ထမ်းများသက်သာချောင်ချိရေးကော်မတီအတွက်
နယူးလိုက်အောဖ့်မြန်မာသတင်းစာတိုက်
စာတည်းမှူးချုပ် ဦးမောင်မောင်အေး (ထုတ်ဝေခွင့် ၄၃၇) က
ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ် - အုပ်ရေ (၁၅၀၀)
ထုတ်ဝေသည့်လ - ဇွန်လ ၂၀၀၂ ခုနှစ်

First Printing - June 2002
(1500 copies)

Printed and Published by
Editor-in-Chief U Maung Maung Aye
The New Light of Myanmar
under Exemption 437.

**နိုင်ငံတော်၏ တာဝန်ကြီးသုံးရပ်** 

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

# Our Three Main National Causes

— Non-disintegration of the Union;
— Non-disintegration of national solidarity;
— Perpetuation of sovereignty.

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်မပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

## Four political objectives

* Stability of the State, community peace and tranquillity, prevalence of law and order
* National reconsolidation
* Emergence of a new enduring State Constitution
* Building of a new modern developed nation in accord with the new State Constitution

## Four economic objectives

* Development of agriculture as the base and all-round deve-lopment of other sectors of the economy as well
* Proper evolution of the market-oriented economic system
* Development of the economy inviting participation in terms of technical know-how and investments from sources inside the country and abroad
* The initiative to shape the national economy must be kept in the hands of the State and the national peoples

## Four social objectives

* Uplift of the morale and morality of the entire nation
* Uplift of national prestige and integrity and preservation and safeguarding of cultural heritage and national character
* Uplift of dynamism of patriotic spirit
* Uplift of health, fitness and education standards of the entire nation

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# People's Desire

* Oppose those relying on external elements, acting as stooges, holding negative views
* Oppose those trying to jeopardize stability of the State and progress of the nation
* Oppose foreign nations interfering in internal affairs of the State
* Crush all internal and external destructive elements as the common enemy

# အမှာစာ

ငါးရာ့ငါးဆယ်ဇာတ်တော်များသည် ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့သော ဇာတ်တော်များဖြစ်ပါသည်။ ဟောကြားတော်မူခဲ့သော ဇာတ်တော်ပေါင်း ၅၄၇ ဇာတ်သာရှိပါသည်။ သို့သော်လည်း ဂဏန်းအပြတ်အခေါ် လွယ်အောင် ၅၅၀ ဟုခေါ်တွင်ခြင်းဖြစ်ပါသည်။

ထိုဇာတ်တော်ပေါင်း ၅၄၇ ဇာတ်တွင်အများသိနေကြသည့် တေမိယ၊ မဟာဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဟူသော ဇာတ်တော်ကြီးဆယ်ဘွဲ့သည်လည်း အပါအဝင်ဖြစ်ပေသည်။

မြတ်စွာဘုရားသခင်သည် ဇာတ်တော်များကို ဟောကြားရာ၌ပါဠိဘာသာဖြင့် ဂါထာပေါင်းများစွာ တန်ဆာဆင်၍ ဟောကြားတော်မူခဲ့ပါသည်။ သာသနာတော် ၉၃၀ ပြည့်နှစ်ခန့်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့၌သီတင်းသုံးနေတော်မူသော အရှင်ဗုဒ္ဓဃောသမထေရ်သည် ဇာတ်တော်ပါဠိတော်များကို မဂဓပါဠိဘာသာဖြင့် စီရင်တော်မူခဲ့ပါသည်။ ထိုပါဠိတော်အဋ္ဌကထာတို့သည် မြန်မာပြည်၊ သထုံမြို့သို့ ၉၃၀ ပြည့်နှစ်ကျော်တွင် ရောက်ရှိခဲ့ပါသည်။ သာသနာတော် ၁၆၀၀ ကျော်တွင် အနော်ရထာမင်းသည် သထုံပြည်မှ ဆောင်ယူခဲ့သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးပျံ့နှံ့ခဲ့ပေသည်။

ထိုအချိန်မှစပြီး ငါးရာ့ငါးဆယ်ဇာတ်တော်များ ပါဠိတော်အဋ္ဌကထာများကို ဆရာတော်ကြီးများ ပညာရှင်များသည် ပါဠိတော်နိဿယများကို အဆင့်ဆင့် စီရင်တော်မူခဲ့ကြပါသည်။ ယနေ့အချိန်အခါတွင် ကျွန်တော်တို့ဖတ်ရှုနေရသော ဇာတ်တော်များစကားပြေကို ဘိုးတော်ဘုရားလက်ထက် မင်္ဂလာဘုံကျော်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ကဝိန္ဒာဘိဝံသသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇ ဂုရု ကျေးငူးရှင်ညောင်ကန်ဆရာတော်ကြီးက စီရင်တော်မူခဲ့ခြင်းဖြစ်ပါသည်။

ငါးရာ့ငါးဆယ်ဇာတ်တော်များအနက်မှ ဇာတ်ကြီးဆယ်ဘွဲ့ဖြစ်သည့် တေမိယ၊ မဟာဇနက၊ နေမိ၊ မဟောသဓ၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ၊ ဇာတ်တော်ရှစ်ခု စကားပြေကို မင်းဘူးမြို့လေသာတိုက်ဆရာတော် အရှင်ဦးသြဘာသက စီရင်တော် မူခဲ့ပါသည်။ ဘူရိဒတ်ဇာတ်တော်ကို မင်းဘူးမြို့အနောက်လေသာတိုက်ကျောင်း ဆရာတော်၏ တပည့်နန္ဒမေဓာမထေရ်က စီရင်ရေးသားတော်မူခဲ့ပြီး၊ သုဝဏ္ဏသာမ

ဇာတ်တော်ကို မင်းဘူးမြို့၊ ရန်ကုန်တိုက်၊ ရန်ကုန်ဆရာတော်၏ တပည့်အရှင် ဦးပညာတိက္ခသည် စီရင်ရေးသားတော်မူခဲ့ပါသည်။

ကျွန်တော်လည်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၏ အပတ်စဉ်ထုတ် **Junior Leader** တွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ကို ဆရာတော်ကြီးများ စီရင်ထားသည့် မူရင်းကိုအရသာမပျက်အောင် အကျဉ်းချုပ်ရေးခဲ့ပါသည်။ နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၊ စာတည်းမှူးချုပ်(ငြိမ်း) ဦးစိုးမြင့်က ဇာတ်တော်ကိုးဘွဲ့ကို အင်္ဂလိပ် ဘာသာသို့ပြန်ဆိုပေးခဲ့ပြီး၊ မဟောသဓဇာတ်တော်ကို ပြန်ကြားရေးဝန်ကြီးဌာန အကြံပေး အရာရှိ ဦးကျော်မင်း (မင်းကျော်မင်း)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ပါသည်။ **Junior Leader** တွင်ဇာတ်တော်ကြီး ဆယ်ဘွဲ့စလုံးရေးသားပြီးချိန်တွင် စုပေါင်း၍ စာအုပ် အဖြစ် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့စုံလင်ပြီးဆုံးသွားချိန်တွင် ဆရာဦးစိုးမြင့်၏ ညွှန်ကြားချက် ဖြင့်ပင် ငါးရာ့ငါးဆယ်ဇာတ်တော်ကို ဆက်လက်ရေးသားခဲ့ပါသည်။ ညောင်ကန် ဆရာတော်၏မူရင်းစာအုပ်အပြင် အမျိုးသားပညာရေးဝန် ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်တို့ကို မှီငြမ်းပြီးလိုရင်းအဓိပ္ပာယ်မပျက် အကျဉ်းချုံးရေးသားခဲ့ပါသည်။ အတတ်နိုင်ဆုံး လူငယ်လူရွယ်များ နားလည်လွယ်မည့် စကားလုံးများကို ရွေးချယ်ရေးသား ခဲ့ပါသည်။ ယခုစာအုပ်ပါဇာတ်တော်များအားလုံးကိုလည်း နယူးလိုက်အော့ဖ်မြန်မာသတင်း စာတိုက်၊ စာတည်းမှူးချုပ်(ငြိမ်း) ဦးစိုးမြင့်ကပင် အင်္ဂလိပ်စာ စာသင်သားများ၊ အင်္ဂလိပ်စာ လေ့လာသူများအတွက် အထောက်အကူဖြစ်အောင် စေတနာထားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခဲ့ပါသည်။ ယခုစာအုပ်၌ ငါးရာ့ငါးဆယ်ဇာတ်တော်များ အနက် ဇာတ်တော် (၅၁) ပုဒ်ကိုဖော်ပြထားပါသည်။ ကျန်ရှိသည့်ဇာတ်တော်များကိုလည်း ဆက်လက် ထုတ်ဝေနိုင်ရန်ကြိုးပမ်းထားပါသည်။

ဤစာအုပ်ဖြင့် ရတနာသုံးပါးဦးထိပ်ထားလျက် မွေးသမိခင်၊ ဖခင် ကျေးဇူးရှင်တို့နှင့် တက္ကသိုလ်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ဦးညွှတ်ပါသည်။ ကျေးဇူးတင်ထိုက်သူများတို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

မြတ်မင်းလှိုင်

# Foreward

The 550 Jatakas are known to have been given by Gautama Buddha as stories that carried object lessons to be taken by one and all. Actually there are 547 but it was taken in round figure as 550. They include the ten major ones of the embryo-Buddha's life as Taymiya, Mahażekka, Thuwunna Thama, Naymi, Mahothada, Buridat, Sanda Kumara, Narada, Widhura, and Wethantaya.

The stories were told in many verse forms in Pali with so many gahtas. They were translated in Maghada in Sasana Sakarit 930 by Ashin Buddhagosa in Anuradha, Sri Lanka. A while later they got to Thaton in Pali and they eventually arrived in Sasana Sakariat of over 1600 as brought from Thaton by King Anawrahta to spread all over the country.

Since then the jatakas have been translated into prose by many sayadaws and scholars. The prose we read today is a rendition by Nyaunggan Sayadaw, Kawaindabi Wumsa Thiri Thaddhama Daza, Maha Dhamma Razadi Yaza Guru, of Mingala Bonkyaw Monastery, under King Bodawpaya.

Of those jatakas Taymiya, Maha Zanekka, Naymi, Mahothada, Sanda Kumara, Narada, Widhura and Wethandaya were rendered into Myanmar by Shin Awbartha, Minbu, Buridat was translated into Myanmar by Shin Nanda Meda of West Letha Monastery; Thuwunna Thama was translated into Myanmar by Ashin U Pyinnya Teikkha, a disciple of Yangon Sayadaw of Yangon Monastery, Minbu.

With the advent of the **Junior Leader**, I was asked to give summaries of the jatakas. Nine of them were translated into English by U Soe Myint and Mahothada was translated into English by U Kyaw Min (Min Kyaw Min), adviser to the Minister for Information. When all the ten were published, it was put in book form in September 2001.

On completion of the ten jatakas, I was asked to do summaries of the rest of 550 jatakas. I have done the best I could relying on the work by Nyaunggan Sayadaw and extracts by U Po Kya. It has now been done for 51 of the remaining jatakas. It was translated into English by U Soe Myint. It is still going on weekly.

With this book I present my respects to the Three Gems, my parents and all my mentors, and all those whom thanks are due.

Myat Min Hlaing

မာတိကာ
Contents


| အမှတ်စဉ် (Sr.No) | အကြောင်းအရာ (Particulars) | စာမျက်နှာ (Page) |
|---|---|---|
| ၁။ | အပဏ္ဏကဇာတ် (Appanaka) | ၁ |
| ၂။ | ဝဏ္ဏုပထဇာတ် (Wunnapahta) | ၇ |
| ၃။ | သေရိဝဝါဏိဇာတ် (Theri Wani) | ၁၁ |
| ၄။ | စူဠသေဋ္ဌိဇာတ် (Sule Thehti) | ၁၅ |
| ၅။ | တဏ္ဍုလနာဠိဇာတ် (Tandula Nali) | ၂၁ |
| ၆။ | ဒေဝဓမ္မဇာတ် (Dewa Dhamma) | ၂၅ |
| ၇။ | အဋ္ဌဝါဟနဇာတ် (Ahtawahana) | ၃၁ |
| ၈။ | မဃဒေဝဇာတ် (Magadewa) | ၃၅ |
| ၉။ | လက္ခဏဇာတ် (Lekkhana) | ၃၈ |
| ၁၀။ | သုခဝိဟာရဇာတ် (Thukhawihara) | ၄၁ |
| ၁၁။ | နိဂြောဓဇာတ် (Nijoda) | ၄၅ |
| ၁၂။ | ကဏ္ဍိဇာတ် (Kanti) | ၅၂ |
| ၁၃။ | ဝါတမိဂဇာတ် (Watamiga) | ၅၅ |
| ၁၄။ | ခရာဒိယဇာတ် (Khayadiya) | ၆၀ |
| ၁၅။ | တိပ္ပလ္လမိဂဇာတ် (Teippallamiga) | ၆၄ |
| ၁၆။ | မာလုတဇာတ် (Maluta) | ၆၉ |
| ၁၇။ | မတကဘတ္တဇာတ် (Matakabatta) | ၇၃ |
| ၁၈။ | အာယာစိတဘတ္တဇာတ် (Ayasitabatta) | ၇၈ |
| ၁၉။ | နဠပါနဇာတ် (Nala Pana) | ၈၁ |
| ၂၀။ | ကုရုင်္ဂမိဂဇာတ် (Kurungamiga) | ၈၄ |

| | | |
|---|---|---|
| ၂၁။ | ကုက္ကုရဇာတ် (Kokkura) | ၈၈ |
| ၂၂။ | ဂေါဇာနိယသိန္ဓဝဇာတ် '(Gozaniya Theindawa) | ၉၂ |
| ၂၃။ | တိတ္တဇာတ် (Teitta) | ၉၆ |
| ၂၄။ | မဟိဠာမုခဇာတ် (Mahila Mukha) | ၁၀၁ |
| ၂၅။ | နန္ဒိဝိသာလဇာတ် (Nandi Withala) | ၁၀၆ |
| ၂၆။ | ကဏှဇာတ် (Kahna) | ၁၀၉ |
| ၂၇။ | မုနိကဇာတ် (Munika) | ၁၁၂ |
| ၂၈။ | ကုလာဝကဇာတ် (Kulawaka) | ၁၁၆ |
| ၂၉။ | နစ္စဇာတ် (Nicca) | ၁၂၅ |
| ၃၀။ | သမ္မောဒမာနဇာတ် (Thambawdamana) | ၁၂၈ |
| ၃၁။ | မစ္ဆဇာတ် (Maccha) | ၁၃၁ |
| ၃၂။ | ဝဋ္ဋဇာတ် (Wutha) | ၁၃၅ |
| ၃၃။ | သကုဏဇာတ် (Sukuna) | ၁၃၉ |
| ၃၄။ | တိတ္တိရဇာတ် (Tittara) | ၁၄၃ |
| ၃၅။ | ဗကဇာတ် (Baka) | ၁၄၇ |
| ၃၆။ | နန္ဒဇာတ် (Nanda) | ၁၅၂ |
| ၃၇။ | ခဒိရင်္ဂါရဇာတ် (Khadi Ringara) | ၁၅၆ |
| ၃၈။ | ကပေါတဇာတ် (Kapota) | ၁၆၅ |
| ၃၉။ | ဝေဠုကဇာတ် (Weluka) | ၁၆၉ |
| ၄၀။ | မကသဇာတ် (Makasa) | ၁၇၃ |
| ၄၁။ | အာရာမဒူသကဇာတ် (Aramaduthaka) | ၁၇၇ |
| ၄၂။ | ဝါရုဏိဒူသကဇာတ် (Waruni Dusaka) | ၁၈၁ |
| ၄၃။ | ဝေဒဗ္ဗဇာတ် (Wedatba) | ၁၈၅ |
| ၄၄။ | နက္ခတ္တဇာတ် (Netkhata) | ၁၈၉ |
| ၄၅။ | ဒုမ္မေဓဇာတ် (Dummedha) | ၁၉၃ |

| | | |
|---|---|---|
| ၄၆။ | မဟာသီလဝဇာတ် (Maha Silawa) | ၁၉၇ |
| ၄၇။ | ပုဏ္ဏပါတိဇာတ် (Punnapati) | ၂၀၅ |
| ၄၈။ | ကိံဖလဇာတ် (Kainphala) | ၂၀၇ |
| ၄၉။ | ပဉ္စာဝုဓဇာတ် (Pyinsawuda) | ၂၁၁ |
| ၅၀။ | ကဉ္စက္ခန္ဓဇာတ် (Kinsetkhanda) | ၂၁၇ |
| ၅၁။ | ဝါနရိန္ဒဇာတ် (Wanarainda) | ၂၂၁ |

# အပဏ္ဏကဇာတ်

## (လိမ္မာသောလှည်းကုန်သည်မှူးနှင့် မိုက်မဲသောလှည်းကုန်သည်မှူး)

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်၌ အပဏ္ဏကဇာတ်တော်ကို ဟောကြားတော်မူသည်။ အနာထပိဏ် သူဌေးသည် ၎င်း၏အဆွေခင်ပွန်းများဖြစ်သော တိတ္ထိတို့၏တပည့်ငါးရာတို့ကို မြတ်စွာဘုရားထံ တရားနာစေခဲ့သည်။ ထိုတပည့်ငါးရာတို့သည် ရတနာသုံးပါး၌ ကြည်ညိုကြသဖြင့် တိတ္ထိတို့၏အယူကို စွန့်လျက် သရဏဂုံတည်ကြကုန်သည်။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဒေသစာရီကြွချိန်တွင် အဆိုပါတပည့်ငါးရာတို့သည် သရဏဂုံကိုပျက်၍ တိတ္ထိတို့၏အယူကို ယူကြပြန်သည်။ ခုနစ်လကြာသောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ပြန်လည်ကြွချီလာခဲ့သည်။ ထိုအခါ အနာထပိဏ်သူဌေးသည် ထိုတပည့်ငါးရာတို့ကို မြတ်စွာဘုရားထံပါးသို့ ပြန်လည်ခေါ်ဆောင်လာပြီး အကြောင်းစုံကို လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် ရတနာသုံးပါးကိုစွန့်၍ မကိုးကွယ်သင့်သည်တို့ကို ကိုးကွယ်ခဲ့ကြ၍ လူအပေါင်းတို့ ပျက်စီးခဲ့ပုံကြောင်းကို ထင်ရှားစွာပြဆိုရန်အတွက် ဤဇာတ်တော်ကို ဟောကြား တော်မူခြင်းဖြစ်သည်။

လွန်လေပြီးသောအခါ ကာသိတိုင်း၊ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ဘုရားလောင်းသည် လှည်းကုန်သည်မှူးဖြစ်သည်။ တပည့်လှည်းကုန်သည်ငါးရာတို့ဖြင့် ကုန်သွယ်လျက်ရှိသည်။ ထိုပြည်၌ပင် အခြားမိုက်မဲ၍ ပညာမဲ့သော လှည်းကုန်သည်မှူးလည်းရှိပေသည်။ ဘုရားလောင်းလှည်းကုန်သည်မှူးသည် ဗာရာဏသီပြည်မှ အခြားပြည်သို့ ကုန်လှည်းငါးရာဖြင့် ကုန်ကူးရန်ပြင်ဆင်နေချိန်တွင် မိုက်မဲသော လှည်းကုန်သည်မှူးသည်လည်း လှည်းငါးရာဖြင့် ကုန်ကူးရန်စီစဉ်ထားနေသည်။

ထိုအခါ ဘုရားလောင်းလှည်းကုန်သည်မှူးသည် လှည်းကုန်သည် တစ်ထောင်တို့နှင့်အတူသွားပါက လမ်းခရီးသည် မလောက် ကျဉ်းမြောင်းလှသည်။ ထင်း၊ ရေ အစရှိသည်တို့ လုံလောက်အောင်ရရန် အခက်အခဲရှိသည်။ နွားတို့အတွက် မြက်များကိုလည်း လုံလောက်အောင်ရနိုင်ဖို့ အခက်အခဲရှိနိုင်သည်။ ထို့ကြောင့် တစ်ဦးဦးက ရှေ့မှသွားက သင့်တော်မည်ဟု တွေးတောမိသည်။ ထို့နောက် ဘုရားလောင်းသည် ထိုလှည်းကုန်သည်မှူးအားခေါ်၍ တွေးတောမိသည်တို့ကို ပြောပြလေသည်။

မိုက်မဲသော လှည်းကုန်သည်မှူးက မိမိသည် ရှေ့မှသွားလျှင် အကျိုးများစွာရှိနိုင်မည်။ လမ်းခရီးမပျက်မီ သွားရခြင်းကြောင့် နွားတို့သည် မြက်ဦးကိုစားကြရမည်။ လူတို့သည်လည်း အခြားသူတို့မခူးရသေးသော ဟင်းသီးဟင်းရွက်ဦးတို့ကို ရကြမည်။ ကြည်လင်သောရေကိုလည်း ရရှိကြမည့်အပြင် ပစ္စည်းများကိုလည်း စိတ်တိုင်းကျ ဈေးနှုန်းသတ်မှတ် ရောင်းချနိုင်ပေမည်ဟု တွေးတောမိသည်။

ထိုသို့တွေးတောမိသည့်အတိုင်း မိမိက ရှေ့မှသွားမည်ဖြစ်ကြောင်း ပြောဆိုလေသည်။ ဘုရားလောင်းကလည်း နောက်မှလိုက်ရသည်ကို နှစ်သက်သဘောတူပေသည်။ မိမိသည် နောက်မှလိုက်ရခြင်းကြောင့် များစွာသောအကျိုးကို ရရှိမည်ဖြစ်ကြောင်း တွေးမြင်မိပေသည်။ ရှေ့မှသွားသောကုန်သည်သည် ခရီးလမ်းတစ်လျှောက် မညီမညွတ် သည့်အရပ်တို့ကို မြေညီမြေဖို့ရပေမည်။

ရှေ့မှသွားသော နွားတို့သည် မြက်ကြမ်းများကို စားရပြီး၊ မိမိတို့၏နွားများသည် အသစ်တစ်ဖန် ပေါက်သော မြက်နုတို့ကိုစားကြရပေမည်။ သူတစ်ပါးတို့ရှုးယူပြီးနောက်မှ ထွက်လာသော ချိုမြသည့် ဟင်းရွက်နုများကိုရပေမည်။ ရေမရှိသောအရပ်တွင် ရှေ့မှသွားသောသူတို့သည် ရေရရှိအောင်တူးထား သည်ကို အဆင်သင့်ရရှိပေမည်။ ပစ္စည်းဥစ္စာရောင်းချရာတွင်လည်း ရှေ့ကုန်သည်တို့ရောင်းချခဲ့သော ဈေးနှုန်းကန့်သတ်မှုကိုရရှိပြီး ဖြစ်ပေလိမ့်မည် စသည်ဖြင့် တွေးမြင်မိပေသည်။ ထို့ကြောင့်လည်း ဘုရားလောင်းလှည်းကုန်သည်မှူးသည် မိုက်မဲသောလှည်းကုန်သည်မှူးအား ရှေ့မှသွားနှင့်ခြင်းကို သဘော တူလိုက်သည်။

လှည်းမှူးမိုက်လည်း ရှေးဦးစွာထွက်လာခဲ့သည်။ လူတို့နေထိုင်ရာအရပ်ကိုကျော် လွန်၍ သဲကန္တာရတစ်ခုသို့ ရောက်ရှိလာလေသည်။ ထိုသဲကန္တာရသည် ရေမရှိဘဲ သဲများပြည့်လျက် ရှိသည့်အပြင် လူသားစားဘီလူးတို့လည်းရှိနေသည်။ လှည်းကုန်သည်မိုက်တို့သည် ရေကို အိုးတို့ဖြင့် ထည့်၍ လှည်းများဖြင့်သယ်ဆောင်ခဲ့ကြသည်။ ထိုအခါ ဘီလူးတို့သည် လှည်းကုန်သည်တို့အား ရေမသောက်ရ၍ အားနည်းသောအခါမှ ဖမ်းယူ စားသောက်ရန်ကြံစည်ကြလေသည်။ ဘီလူးတို့သည် လှည်းတစ်ခုကိုဖန်ဆင်းသည့်အပြင် မိမိတို့ကိုယ်ကို ရွှံ့ညွန်တို့ဖြင့်လိမ်းကျံ၍ ကြာရိုးကြာစွယ်တို့ကို စားကြလျက် ပျော်ရွှင်စွာ လှည်းစီး၍လာကြလေသည်။

လှည်းကုန်သည်တို့နှင့်တွေ့သောအခါ ရှေ့မနီးမဝေး၌ ကြာဝို့နှင့်ပြည့်စုံသော ရေကန်၊ ရေအိုင်များစွာရှိသဖြင့် လှည်းများဖြင့် ရေကိုအလေးခံကာ သယ်ဆောင်ရန်မလိုအပ်ကြောင်း လှည့်ဖြား ပြောဆိုလေသည်။ လှည်းမှူးမိုက်သည် ဘီလူးတို့၏ လိမ်လည်ပြောစကားကို အဟုတ်အမှန်ဟု ထင်မှတ်ယုံကြည်လျက် လှည်းပေါ်တွင်ပါလာသော ရေအိုးများကိုခွဲ၍ စွန့်ပစ်လိုက်လေသည်။ လှည်းကုန်သည်တို့သည် ရေမရှိ၍ ထမင်းဟင်း ချက်ပြုတ်မစားနိုင်ကြသဖြင့် လူနှင့်တကွ လှည်းဆွဲနွားများသည် အင်အားကုန်ကြရပေသည်။ ထိုအချိန်တွင် ဘီလူးတို့သည် လှည်းကုန်သည် ငါးရာတို့အား အလွယ်တကူ ဖမ်းယူစားသောက်ကြသည်။ အရိုးမျှသာ ခြွင်းချန်ထားကြသည်။ လှည်းများမှာ ကုန်အပြည့်နှင့် တည်ရှိနေကြသည်။

ဘုရားလောင်းလှည်းကုန်သည်လည်း လှည်းမှူးမိုက်တို့ထွက်သွားသောနေ့မှစ၍ တစ်လ ခွဲခန့်အကြာတွင် လှည်းငါးရာဖြင့် ခရီးစတင်ထွက်ခွာခဲ့သည်။ သဲကန္တာရအဦးအစသို့ ရောက် သောအခါ ဘုရားလောင်းလှည်းကုန်သည် သည် ရေအိုးတို့ကို ရေအပြည့်ဖြည့်စေသည်၊ လှည်းသား ငါးရာတို့အား စုဝေးစေပြီး မိမိ၏ခွင့်ပြုချက်မရဘဲ မည်သည့်ရေ မည်သည့်အစားအစာကိုမျှ စားသောက်သုံးဆောင်ခြင်း မပြုကြရန်ဆုံးမစကားဆို၍ ခရီးဆက်ကြလေသည်၊ ကန္တာရအလယ်သို့ ရောက်သောအခါ ဘီလူးတို့သည်ရှေးနည်းအတိုင်း လှည့်ဖြားကြလေသည်။

ဘုရားလောင်း လှည်းကုန်သည်မှူးသည် ထိုသူတို့သည်ကြောက်ရွံ့ခြင်းမရှိ၊ မျက်စိလည်း နီ၏။ ဤသူ၏အရိပ်လည်းမထင်၊ မလွဲမသွေဘီလူးများသာဖြစ်ပေမည်။ ရှေ့ကသွားသော လှည်းကုန်သည်မိုက်ကို လှည့်ဖြား၍စားကြသည်ဖြစ်ပေမည်ဟု တွေးတောမိသည်။ ထို့နောက် ငါတို့ ကုန်သည်များသည် အခြားတစ်ပါးသော ရေကိုမတွေ့ရလျှင် သယ်ယူလာသော ရေကိုစွန့်သည့် ထုံးစံမရှိ၊ ရေကိုမြင်မှသာ စွန့်တတ်၏ဟု ဘီလူးတို့အား ပြောလိုက်လေသည်။ ထိုအခါဘီလူးတို့ သည်လည်း ဖယ်ရှားကာသွားကြကုန်သည်။

ကုန်သည် ငယ်သားများသည် ဘီလူးတို့၏ စကားကိုဟုတ်သယောင် ထင်မှတ်ကြလျက် ရှိသည်။ ဘီလူးတို့သည် ကြာညို၊ ကြာဖြူ၊ ကြာနီ၊ ကုမုဒြာ ကြာပန်းတို့ကို ပန်ဆင်ကြလျက်

ကိုယ်၌လည်း ရေများကိုစိုစွတ်ကြလျက်ရှိသဖြင့် ဤအရပ်၌မပြတ် မိုးရွာသည်မှာဖြစ်နိုင်ကြောင်း ပြောဆိုကြလေသည်။ ထိုအခါဘုရားလောင်း လှည်းကုန်သည်မှူးက ဤကန္တာရ၌ ရေကန်ရေအိုင်တို့ရှိသည်ဟု ရှေးကကြားဖူးကြသလော၊ မိုးရိပ်၊ မိုးသက်၊ လျှပ်စီး၊ မိုးသံတို့ကိုမြင်ကြ ကြားကြပါ၏လောဟု မေးမြန်းလေသည်။ ငယ်သားလှည်းကုန်သည်တို့သည်လည်း မကြားဖူး မမြင်ဖူး ကြကြောင်း ဖြေကြားလေသည်။

ဤအရပ်၌ ရေရှိသည်၊ မိုးရွာသည်ဟုဆိုခြင်းသည် လိမ်လည်လှည့်ဖြားခြင်းသာဖြစ်သည်၊ အမှန်စင်စစ် ထိုသူတို့သည် ဘီလူးများဖြစ်ကြသည်၊ ငါတို့အားစားလို၍ ကြံစည်လှည့်ဖြားခြင်းသာ ဖြစ်သည်၊ ငါတို့၏ရှေ့မှသွားသော လှည်းကုန်သည်မိုက်တို့ကို ဤသို့လှည့်ဖြား၍ စားလိုက်ကြပြီး ဖြစ်မည်။ ၎င်းတို့၏ကုန်အပြည့်ရှိသော လှည်းများကို ငါတို့မကြာမီတွေ့ကြရမည်ဟု ဆိုလေသည်။

ခရီးဆက်လာ၍ မကြာမီပင် ပျက်စီးနေသောလှည်းကုန်သည်တို့၏ ဖရိုဖရဲဖြစ်နေသော နွားရိုး၊ လူရိုး၊ လက်ရိုးများနှင့် ကုန်စည်အပြည့်ရှိသော လှည်းများကို တွေ့ရှိရလေသည်။ ထိုညဉ့်၌လှည်းတပ်ကို စနစ်တကျချပြီးလျှင် ဘုရားလောင်းလှည်းမှူးသည် သန်လျက်ကိုစွဲ၍ ညဉ့်သုံးယံပတ်လုံး စောင့်ရှောက်လေသည်။

နံနက်သို့ရောက်သောအခါ နွားတို့ကို အစာရေစာကျွေးစေ၍ အားနည်းသော လှည်းတို့ကို စွန့်ပစ်စေပြီး ခိုင်ခန့်သောလှည်းတို့ကို ယူခဲ့စေ၏။ အဖိုးမထိုက်သော ပစ္စည်းများကို စွန့်စေပြီး အဖိုးများစွာထိုက်သော ပစ္စည်းများကိုတင်စေပြီး ခရီးဆက်ခဲ့ကြသည်။ အလိုရှိရာအရပ်သို့ ရောက်သောအခါ ပစ္စည်းများကိုတန်ဖိုးနှစ်ဆတက်၍ ရောင်းချပြီး လျှင် ဗာရာဏသီပြည်သို့ ပြန်ကြလေသည်။

ချွတ်ယွင်း (မသေချာ)သောအကြောင်းကိုယူကြ၍ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရ၏။ မချွတ်ယွင်းသော (သေချာပေါက်)အကြောင်းကိုယူကြသူတို့သည်ဘီလူးများ၏ လက်မှ လွတ်မြောက်၍ ချမ်းသာခြင်းကိုရကြကာလိုရာအရပ်သို့ ရောက်ရှိပြီး နောက်တစ်ဖန်မိမိနေရာသို့ ပြန်လည်ရောက်ရှိကြသည်။ ထိုသို့သဗ္ဗညုမြတ်စွာဘုရား၏၊သစ္စာလေးပါးပြ၍ဟောကြားသည့်တရားအဆုံးတွင် ထိုတိတ္ထိငါးရာကုန်သည်တို့သည် အကျွတ်တရားရကြပြီး သောတာပတ္တိဖိုလ်၌တည်ကြကုန်သည်။

# Appanaka Jataka

## (The wise and foolish merchant leaders)

This is the story of the wise and the foolish of two cart-laden merchant leaders, as retold by Buddha while at Zetawun Monastery in Thawutti. It was to show how people perished because of faith not in keeping with the Three Gems. It was in allusion to 500 disciples of Titthis who were brought before Buddha by friend Anahtaphinda the rich man and became Buddha's disciples but then relapsed while Buddha was away in Yezagyo.

It happened in the reign of Byamadat in the land of Bayanathi, in the Taing of Kathi. The embryo-Buddha was a wise leader of cart-laden merchants, doing trade with 500 merchants under him. There was also a foolish leader of cart-laden merchants. While the wise one was preparing to go to other lands to trade, so also was the foolish one.

The embryo-Buddha knew the way was narrow; there might be difficulty about fuel and water on the way, and there might also be hardship about grass for oxen; one should go ahead of the other, so he told it to the other merchant leader.

The foolish leader thought he could gain advantage if they went first; they would get early grass for oxen; the men would get early vegetables; they would also get clear water, and would be able to sell the goods at prices fixed at will.

So he said they would travel first. The embryo-Buddha liked to follow later. The early travellers would pave the way; oxen would eat coarse grass and leave new ones to sprout for the others; people would get fresh vegetables after others had earlier coarse ones; if there was no water, those that went first would get them; and as for prices they would have the precedent of the forerunners. So he agreed to let the others go first.

The foolish one's party went out first. When they passed outside civilisation, they got to a desert. It had no water but was full of sand and there were man-eating ogres there. The merchants had ample rations of water. The ogres thought of catching and eating them when they had no water. So the ogres created a cart and made themselves appear drenched in water and eating stems and stalks of lotuses in joy.

When seen by the merchants, they said there were many lakes full of lotuses and there was no need to carry so heavy a load as water. The foolish merchants believed them and broke the water pots on the carts. With no water they could not cook rice and both men and animals became weak. It was then that the ogres easily caught and devoured them, leaving only the bones and the merchandise on the carts.

A month and a half later, the wise leader of merchants set out. When they got to the desert, he had all fill up the pots with water and forbid all not to take water or food without his consent. In the middle of the desert, the ogres tried to trick them as they did the others.

The wise leader said they were unafraid, they had red eyes, they cast no shadow and so they must be ogres, and they had probably tricked and devoured the earlier ones. He told the ogres that the merchants had the practice not to abandon water unless they saw it then and there. So the ogres left.

The young merchants seemed to believe the ogres. As they saw them with white and red kumudra lotus flowers, and all their bodies wet with water, they thought it was possible it rained all the time of the year. The embryo-Buddha asked them if they had ever heard of lakes on this desert, or rainclouds or thunder in these parts, to which they replied negatively.

He said that in fact it was a lie to say there was water in these parts and they were indeed ogres and were lying to get at them, as they had devoured those who went first; they must have eaten them and soon they would see the carts with merchandise in them.

As they proceeded onwards, they soon saw the disarray of broken-down ox-carts of the merchants, bones of oxen and men, and ox-carts full of merchandise. That night they deployed the men systematically and the leader himself stood guard with thanlyet in hand in all three phases of the night.

When morning came, they fed the oxen and had sturdy carts drawn along, with valuable merchandise along. They got to their destination, sold their wares at twice the prices and came back to Baranathi.

That was how they came to perish because of an uncertainty, and how the others escaped the wrath of the ogres because of a certainty.

The 500 merchants of Titthis, at the end of the sermon of Buddha on the basis of the Four Noble Truths, attained the Sotapatti grade of wisdom.

# ဝဏ္ဏုပထဇာတ်

## (မပျင်းမရိသောသူသည် စိတ်နှလုံး၏ ငြိမ်းအေးခြင်းကို ရကြောင်း)

သဗ္ဗညုတမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အမျိုးသားတစ်ဦးသည် မြတ်စွာဘုရားထံတော်၌ ရဟန်းပြုခဲ့သည်။ ရဟန်းဖြစ်သည်မှ ငါးနှစ်ကြာသော အခါ တောသို့ဝင်၍ ကမ္မဋ္ဌာန်းတရားကို ဝါတွင်းသုံးလပတ်လုံး ကြိုးပမ်းအားထုတ်လေသည်။ သို့သော်တရားမရ အထမမြောက်နိုင်၍ စိတ်ပျက်ကာ ဝီရိယလျှော့၍ မြတ်စွာဘုရားထံပါးသို့ ပြန်လည်ကြွရောက်ခဲ့သည်။ ထိုအခါ မြတ်စွာဘုရားရှင်က လုံ့လဝီရိယကို မည်သည့်အခါမျှ မလျှော့သင့်ကြောင်း၊ ယင်းရဟန်းသည် ရှေးအတိတ်က ဝီရိယရှိခဲ့၍ သဲကန္တာရတွင် လှည်းငါးရာတို့၌ပါ လူ၊ နွားတို့သည် သောက်ရေကိုရ၍ ချမ်းသာရာ ရဖူးသည်ဟု မိန့်တော်မူလျက် ဤဝဏ္ဏုပထဇာတ်ကို ဟောတော်မူလေသည်။

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံချိန်တွင် ဘုရားလောင်းသည် လှည်းမှူးအမျိုးဖြစ်လေသည်။ ဘုရားလောင်းသည် အရွယ်ရောက်၍ လှည်းငါးရာနှင့်အတူ ကုန်သွယ်ရန် သွား၏။ ဘုရားလောင်းနှင့် လှည်းသားတို့သည် ငါးဆယ့်ကိုး ယူဇနာရှိသော သဲကန္တာရသို့ ရောက်ရှိကြသည်။ သဲကန္တာရရှိသဲတို့သည် နေထွက်အချိန်မှစ၍ မီးကျီးစုကဲ့သို့ ပူ၏။ ခြေဖြင့်နင်း၍ပင် သွားလာနိုင်ခြင်း မရှိအောင် ပူပြင်းလှသည်။ ထို့ကြောင့်ယင်း သဲကန္တာရ၌ သွားကြသူတို့သည် ထင်း၊ ရေ၊ ဆီ၊ ဆန် အစရှိသည်တို့ကို လှည်းဖြင့်သယ်ဆောင်ကြ လျက် ညည့်၌သာ ခရီးသွားကြပြီး နေ့ပိုင်း၌လှည်းများကို အဝိုင်းပုံပြုမဏ္ဍပ်ဆောက်၍ နားနေကြရသည်။

ဘုရားလောင်းအမှူးပြုသည့် လှည်းသားငါးရာတို့သည် ဤသို့ခရီးနှင်ကြရင်းဖြင့် လမ်းမှား လမ်းပျောက်ကြလေသည်။ သယ်ဆောင်လာသော အစာရေစာတို့သည် ကုန်ခန်းကုန်သည်။ လှည်းသားများနှင့် နွားများသည် ပျက်စီးလုနီးနီး ကြုံဆုံကြရလေသည်။

ဘုရားလောင်း လှည်းကုန်သည်မှူးသည် မိမိသာ လုံ့လဝီရိယ လျှော့လိုက်ပါက အားလုံးသော လူနွားတို့ ပျက်စီးကြရတော့မည်ဟု ဆင်ခြင်မိသည်။ ထို့ကြောင့် ရေရရှိနိုင်မည့်နေရာကို ရှာဖွေရာ နေဇာမြက်စုကို တွေ့မြင်ရလေသည်။ ဤမြက်တို့အောက်၌ ရေစိုရှိ၍သာ မြက်ပင်များ ရှင်သန်နေသည်ဖြစ်၍ ဤအောက်၌ မလွဲမသွေ ရေရှိမည်ဟု တွေးမြင်မိလေသည်။ ထို့ကြောင့် နောက်လိုက်များအား ထိုနေရာတွင် ရေတွင်းတူးစေသည်။ ကြိုးစားတူးကြသဖြင့် အတောင်ခြောက်ဆယ် နက်သည့်တိုင်အောင် တူးသော်လည်း ရေကိုမတွေ့ကြရဘဲ ကျောက်ဖျာကြီးကို တွေ့ကြရ၏။

လှည်းသားအားလုံးတို့သည် စိတ်ပျက်အားလျှော့ကြလေသည်။ ဘုရားလောင်းကား ထိုကျောက်ဖျာကို နားဖြင့်ကပ်၍ နားထောင်ရာ အောက်၌ရေစီးသံကို ကြားရလေသည်။ ကျောက်ဖျာအောက်တွင် မလွဲကေန် ရေရှိသည်ကို သိရှိပြီးဖြစ်သဖြင့် မိမိ၏အစေခံငယ်ကိုခေါ်၍ ကျောက်ဖျာကို ထုခွဲစေသည်။ အစေခံသူငယ်လည်း ဘုရားလောင်း၏ စကားကိုနာခံ၍ လုံ့လမလျှော့ဘဲ ကြိုးပမ်းထုခွဲရာ ကျောက်ဖျာအလယ်၌ကျိုး၍ ထန်းလုံးပမာထရှိသော ရေကြောင်းသည် အထက်သို့တက်လာလေသည်။ ထိုရေကြောင့် အားလုံးချမ်းသာခြင်းကို ရရှိကြလေသည်။

ရေမနီးသော သဲကန္တာရခရီး၌ မပျင်းမရိ လုံ့လဝီရိယအား စိုက်၍တူးသဖြင့် သဲကန္တာရခရီးပြင်၌ သောက်ရေကို ရရှိကြသည်။ ဤသို့ ဓမ္မဒေသနာတော်ကိုပြပြီး သစ္စာလေးပါးတို့ကို ပြတော်မူ၏။ သစ္စာလေးပါးတို့ကို ပြတော်မူ၍ အဆုံး၌ အတိတ်က အစေခံငယ် ဖြစ်ခဲ့ပြီး ယခုအခါ ဝီရိယလျှော့သော ရဟန်းသည် မြတ်သော အရဟတ္တဖိုလ်၌ တည်လေသည်။

# Wunnapahta Jataka

## (One not lazy enjoys peace at heart)

While on sojourn at Zetawun Monastery of Thawuthti, Buddha had a young man ordained into monkhood. Five years after, he took to the jungles and spent a three-month Lent in meditation but he could not gain insight and so gave it up and returned to Buddha. Thereupon Buddha gave a sermon of how one must never let up diligence and how this man managed to save five hundred ox-carts in the desert by keeping up diligence.

Long ago, in Bayanathi of the land of Kathi, King Byamadat reigned while the embryo-Buddha was leader of the ox-cart men. When he came of age, he went with 500 ox-cart men to trade. Eventually they came to the desert of 59 yozanas. It was very hot as the coal fires. None could go over it on foot. So men had to travel only in the night time, carrying ample supplies of firewood, water, oil and rice, while resting with the ox-carts in circles.

Even then, the embyo-Buddha and his men lost their way. It had taken all their provisions and even the oxen were nearly lost.

The ox-cart leader knew all would be lost if he let up in perseverance. He went on with his search for water, and found a crop of grass. He was convinced there must be water underneath, so he asked the men to dig a well there. They dug up to 60 cubits but found only a stone slab there.

The cart men lost heart. The embryo-Buddha listened close to the stone slab and heard water flow. So he asked his young servant to break the stone slab. The young man listened to his master and dug with perseverance, and finally a spurt of water the size of a palm rushed upwards, to the well-being of all.

In a desert far from source of water, those diligent found water under the surface. The Buddha said this sermon and then showed the Four Noble Truths. At the end, the one who was a young servant and now a monk with low diligence came to a higher level of consciousness.

# သေရိဝဝါဏိဇာတ်

## (ကောက်ကျစ်သောကြောင့် ရွှေခွက်လက်လွှတ်ရသော ရွဲကုန်သည်)

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတစ်ပါးသည် ဝီရိယကို လျှော့သည်ကိုသိမြင်တော်မူသောအခါ၊ မဂ်ဖိုလ်ကိုပေးတတ်သော သာသနာ၌ ရဟန်းပြုပါလျက် ဝီရိယလျှော့ပါက အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်ကို လက်လွှတ်ရသော ရွဲကုန်သည်ကဲ့သို့ ဖြစ်ရတတ်သည်ဟု မိန့်တော်မူသည်။ ထိုအခါ ရဟန်းတို့က ထင်ရှားစွာ ပြဆိုဟောတော်မူရန် တောင်းပန်လျှောက်ထားကြသဖြင့် ဤသေရိဝဝါဏိဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှ ပြန်လည်ရေတွက်သော် ငါးကမ္ဘာထိက်၌ ဘုရားလောင်းသည် သေရိဝတိုင်း၌ ရွဲကုန်သည် ဖြစ်လေသည်။ ဘုရားလောင်းရွဲကုန်သည် သည်လောဘရမ္မက်ကြီးသော သေရိဝအမည်ရှိသော ရွဲကုန်သည်နှင့်အတူတကွ နီလဝါဟအမည်ရှိ မြစ်ကိုဖြတ်ကူးကြရာ အရိဋ္ဌမုရမြို့သို့ ရောက်ရှိကြသည်။ ထိုမြို့၌ ရွဲရောင်းကြရန်အတွက် လမ်းခွဲကြလေသည်။ လောဘရမ္မက်ကြီးသော ရွဲကုန်သည်သေရိဝသည် ရှေ့ကသွားနှင့်လေသည်။

ထိုအရိဋ္ဌမုရမြို့၌ သူဌေးတစ်ဦးသည် စီးပွားပျက်၍ ခပ်သိမ်းကုန်သော သားသမီးညီနောင်နှင့် ဥစ္စာတို့သည် ကုန်ခန်းလျက်ရှိသည်။ သူငယ်မတစ်ဦးသာ အဘွားနှင့်အတူ ဆင်းရဲကြီးစွာ စားသောက်နေထိုင်လျက်ရှိသည်။ ထိုမြေးအဘွားတို့၏အိမ်၌ သူဌေးကြီးသုံးဆောင်ဖူးသော ရွှေခွက်တစ်ခွက်သည် အိုး၏ကြား၌ ရှိ၏။ ရွှေခွက်သည် ကြာမြင့်စွာ မသုံးဘဲထား၍ အညစ်အကြေးများတက်နေသည်။ မြေးအဘွားနှစ်ယောက်တို့သည်လည်း ရွှေခွက်မှန်း မသိရှိကြပေ။

လောဘရမ္မက်ကြီးသော ရွဲကုန်သည် သေရိဝသည် ထိုမြေးအဘွား၏ အိမ်ရှေ့သို့ ရောက်ရှိလာပြီး ရွဲဝယ်ကြဦးမလားဟု ဟစ်အော်လေသည်။ ထိုသူငယ်မသည် ရွဲကုန်သည်ကို မြင်လျှင်အဘွားအားဝယ်ပေးရန် ပူဆာလေသည်။ အဘွားလည်း ဝယ်ရန် ဥစ္စာမရှိ၍ ထိုခွက်ဖြင့် ဝယ်ပေးမည်ဟု ဆိုလေသည်။ အဘွားလည်း ရွဲကုန်သည်ကိုခေါ်၍ ခွက်ဖြင့်ရွဲတစ်စုံပေးရန် ပြောဆိုလေသည်။ ရွဲကုန်သည်သည် ခွက်၏ကျောကို အပ်ဖြင့်ခြစ်ကြည့်ရာ ရွှေခွက်ဖြစ်သည်ကို သိရှိလေသည်။ သို့သော် လောဘရမ္မက်တက်ကာ အလကားရယူနိုင်ရန် ကြံစည်ပြီး ဤခွက်သည် ဘာမျှတန်ဖိုးမရှိ၊ ပဲဝက်မျှပင် တန်ဖိုးမရှိဟုဆိုကာ ခွက်ကိုမြေသို့လွှင့်ပစ်၍ နေရာမှထသွားလေသည်။

မကြာမီ ဘုရားလောင်းရွဲကုန်သည် ရောက်လာပြန်သည်။ ထိုနည်းအတိုင်းပင် အဘွားအိုက ရွဲဖြင့်လဲလှယ်ရန် ပြောဆိုပြန်သည်။ ဘုရားလောင်း ရွဲကုန်သည်လည်း ရွှေခွက်ဖြစ်သည်ကို သိရှိသည်နှင့် ဤခွက်သည် အဖိုးတစ်သိန်းထိုက်ကြောင်း၊ ဤမျှအဖိုးထိုက်သော ပစ္စည်းများပေးရန် မရှိကြောင်း ပြောဆိုလေသည်။ အဘွားအိုသည် ရှေးဦးစွာရောက်လာသော ရွဲကုန်သည်က ဤခွက်သည်ပဲဝက်မျှပင် တန်ဖိုးမရှိဟုဆိုကာ မြေ၌ပစ်ခဲ့သည်။ သင်ကားရိုးသားစွာဖြင့် ရွှေခွက်ဖြစ်ကြောင်းဆိုသည်။ အဖိုးတစ်သိန်းတန်သော်လည်း သင့်ကိုပေးမည်၊ မြေးအတွက် ရွဲတစ်စုံတစ်ရာကိုသာ ပေးခဲ့ပါဟု ဆိုလေသည်။

ဘုရားလောင်း ရွှဲကုန်သည်လည်း အသပြာငါးရာ၊ အသပြာငါးရာတန်သော ကုန်ပစ္စည်းတို့ကို ပေးလေသည်။ ထိုနောက်မှချိန်ခွင်၊ အိတ်နှင့်အတူ ခရီးစရိတ်ရှစ်သပြာကို တောင်းယူ၍သွားလေသည်။ ဘုရားလောင်း ရွှဲကုန်သည်လည်း မြစ်ဆိပ်သို့ ရောက်သောအခါ ရှစ်အသပြာကိုပေး၍ ကူးတို့ဖြင့် မြစ်ကိုကူးလေသည်။

လောဘရမ္မက်တက်သော ရွှဲကုန်သည်လည်း မြေးအဘွားတို့ထံ ပြန်လည်ရောက်ရှိလာပြီး ခွက်ကိုတစ်စုံတစ်ရာပေး၍ လဲမည်ဟုဆိုလေသည်။ အဘွားအိုလည်း ရွှဲကုန်သည်အား ဆဲရေး၍ သင်သည် အဖိုးတစ်သိန်းထိုက်သောရွှေခွက်ကို ပဲဝက်မျှမတန်ဟု ဆိုလေသည်။ တရားစောင့်သော ရွှဲကုန်သည်တစ်ဦးသည် ငါတို့အားအဖိုးတစ်ထောင်ကို ပေး၍ရွှေခွက်ကို ယူသွားလေပြီဟု ဆိုလေသည်။ ရွှဲကုန်သည်မိုက်လည်း အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်ဆုံးရှုံးရပြီဟု ကြီးစွာသော ပူဆွေးသောကဖြင့် ဆောက်တည်ရာမရ ဖြစ်နေသည်။ မိမိ၌ရှိသောအသပြာ၊ ကုန်ပစ္စည်း၊ အဝတ်အစားများကို အိမ်တံခါး၌ ကြဲထားပြီးလျှင် ချိန်ခွင်ကိုကိုင်၍ ဘုရားလောင်း ရွှဲကုန်သည်နောက်သို့ ပြေးလိုက်လေသည်။

ကမ်းနားသို့ရောက်သောအခါ ဘုရားလောင်းရွှဲကုန်သည်သည် မြစ်လယ်သို့ရောက်ရှိနေပြီ ဖြစ်သည်။ ရွှဲကုန်သည်မိုက်က ကူးတို့လှေကို ပြန်လာရန် ခေါ်သော်လည်း ဘုရားလောင်း ရွှဲကုန်သည်က မပြန်ရန်တားမြစ်၏။ ထိုကုန်သည်မိုက်သည်ကား ကူးတို့လှေဆက်လက် သွားနေသည်ကို ကြည့်လျက် နှလုံးပူခြင်း၊ သွေးအန်ခြင်းတို့ ဖြစ်ကာနှလုံးကွဲ၍ ထိုမြစ်နား၌ပင် အသက်ကုန်ရလေတော့သည်။

# Theriwa Wani Jataka

## (The glass ball trader that has to let go of the gold cup because of his trickery)

While on sojourn at Zetawun Monastery in Thawutti, Buddha had occasion to see tenacity lax in a monk and said it could be like a glass ball-trader having to let go of the gold cup worth about a lakh for laxity in tenacity. In answer to a query by the monks, Buddha preached this sermon.

Long ago, in five worlds prior to this one, embryo-Buddha was a glass ball trader in Theriwa Taing. He was travelling together with another greedy glass ball trader named Theriwa when they crossed Nilawaha River and reached Arihtapura. They parted ways there to vend their wares. The greedy one went first.

In that town, there was a rich person who got bankrupt. Only the old woman and a young child remained there eking out a living. Incidentally there was a gold cup that was left of the rich man amid the other pots. The gold cup was covered with filth from disuse. The two did not even know it was a gold cup.

Greedy glass ball trader Theriwa got to the house and shouted out his wares. The young child asked the grandmother to buy her some. The old woman said she had no money but would try to buy some with that cup. He asked for the vendor to give her a set of glass balls in exchange for the cup. The trader made a notch and found it was gold but he became greedy and schemed to get it for free. He threw the cup onto the ground saying it was worthless.

Then the Embryo-Buddha glass ball trader came and the old woman asked him to give them a set of glass balls for the cup. The trader tested it and knew that the cup was worth 100,000 and he had no glass balls to give for such large sum. The old woman said the first trader came and said it was worth not even half a coin but the embryo-Buddha said it was indeed gold. So she would give the cup to him, only on receipt of a set of glass balls.

The Embryo-Buddha gave them his wares to the value of five hundred. Then he asked for the scales, the bag and eight coins. At the river crossing he paid the eight coins and crossed it by ferry.

The greedy trader came round once again to the house and said he could give some glass balls for the cup. The old woman railed against him, saying he did not even price half a coin for the gold cup that was worth 100,000 but the honest trader had taken it away giving them a thousand worth of glass balls. The trader was grief-stricken at the loss of the gold cup worth 100,000. He left his money, wares and clothes at the gate and went after the other.

When he got to the river bank, the Embryo-Buddha was already in the middle of the river. He asked the ferry to come back but the Embryo-Buddha trader asked him not to do so. Seeing the ferry go on, the greedy trader was stricken by burning pain of greed and vomited blood and fell down dead.

# စူဠသေဋ္ဌိဇာတ်

## (ကြွက်သေတစ်ခုအရင်းပြု)

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဆေးဆရာဇီဝက၏ အမ္ဗဝန် (သရက်ဥယျာဉ်)ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဉာဏ်အလွန်နုံနဲ့သော စူဠပန်အမည်ရှိ ရဟန်းတစ်ပါးရှိ၏။ စူဠပန်ရဟန်းသည် ဂါထာတစ်ပုဒ်ကို လေးလမျှကျက်အံသော်လည်း မရနိုင်ပေ။ ထိုအခါ မဟာပန်မထေရ်သည် စူဠပန်ရဟန်းအား ကျောင်းမှနှင်ထုတ်လေသည်။ စူဠပန်ရဟန်းလည်း မြတ်စွာဘုရားထံ ဝင်ရောက်ခစား၍ လူဝတ်လဲခွင့် ပြုရန် တောင်းပန်လေသည်။ မြတ်စွာဘုရားလည်း အကြောင်းစုံကို သိမြင်တော်မူသဖြင့် စူဠပန်အား ဝိပဿနာကိုပွားစေသည်။ စူဠပန်လည်း ရဟန္တာအဖြစ်သို့ရောက်၍ ပိဋကတ်သုံးပုံကို လွယ်ကူစွာသိမြင်လေသည်။

ရဟန်းအပေါင်းတို့သည်လည်း စူဠပန်သည် မြတ်စွာဘုရားအားမှီ၍ ပိဋကတ်ကို တတ်ပေသည်။ မဂ်ဖိုလ်ကိုရပေသည်ဟု ဝေဖန်ပြောဆိုကြလေသည်။ မြတ်စွာဘုရားသခင်က စူဠပန်သည် ယခုဘဝသာ မဟုတ်၊ ရှေးဘဝကလည်း ငါ့ကိုမှီ၍ အကျိုးစီးပွားဖြစ်ထွန်းခဲ့သည်ဟု မိန့်ကြားတော်မူလေသည်။ ရဟန်းတို့လည်း ထိုအကြောင်းကို ထင်ရှားစွာပြသဟောကြားပေးရန် တောင်းပန်လျှောက်ထားကြသဖြင့် မြတ်စွာ ဘုရားသည် ဤစူဠသေဋ္ဌိဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံချိန်တွင် ဘုရားလောင်း သည် စူဠသေဋ္ဌိအမည်ရှိ သူဌေးမျိုးဖြစ်သည်၊ စူဠသေဋ္ဌိသူဌေးသားသည် ပညာရှိ၏၊ လိမ္မာ၏၊ ခပ်သိမ်း သောနိမိတ်တို့ကိုလည်းသိ၏။ တစ်နေ့သောအခါ မင်းအား ခစားရန်သွားသော လမ်းခရီး၌ ကြွက်သေတစ်ခုကိုတွေ့လေသည်။ နက္ခတ်ကိုတွက်ကြည့်ပြီး ဤကြွက်သေကို အရင်းပြုသူသည် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏ဟုဆိုလေသည်။

ဘုရားလောင်း၏ဆိုစကားကို ဆင်ခြင်တွေးတောမှုနှင့်ပြည့်စုံသော ဆင်းရဲသားတစ်ဦးက ကြားလေသည်။ ဆင်းရဲသားလည်း ဘုရားလောင်းသူဌေး၏စကားကို ယုံကြည်စွာဖြင့် ကြွက်သေကိုယူလေသည်၊ ထို့နောက် ဈေး၌ ကြောင်စာအဖြစ် တစ်ခြင်းရွှေးဖြင့်ရောင်းချလေသည်၊ ထိုတစ်ခြင်းရွှေး အသပြာဖြင့် တင်လဲကိုဝယ်။ အိုးတစ်လုံးဖြင့် ရေကိုယူ၏၊ ဆင်းရဲသားလည်း တောမှလာကြသော ပန်းသည်တို့အား အတန်ငယ်သောတင်လဲစုကိုပေး၍ ရေမှုတ်ဖြင့် သောက်ရေကိုပေးလေသည်။ ပန်းသည်တို့က ဆင်းရဲသားအား ပန်းတစ်ဆုပ်စီပေးခဲ့ကြ၏။

ဆင်းရဲသားလည်း ရရှိသောပန်းများ ရောင်းချရငွေဖြင့် တင်လဲဝယ်၍ သောက်ရေအိုးနှင့် ပန်းခြံ သို့သွားပြီး ယခင်နည်းအတိုင်း ပေးပြန်သည်။ ပန်းသည်တို့ကလည်း တစ်ဝက်မျှသာ ဆွတ်ခူးရသေးသော ပန်းပင်တို့ကိုပေးလေသည်။ ဆင်းရဲသားလည်း ဤနည်းဖြင့် မကြာခင် ရှစ်အသပြာကိုရရှိလေသည်။

တစ်ဖန် မိုးလေကျသောနေ့၌ မင်း၏ဥယျာဉ်၌ ခြောက်သွေ့သော အရိုးအရွက် အခက်ပေါင်းသည် ကျိုးကြေကျနေသည်။ ထိုအခါ ဆင်းရဲသားသည် ဥယျာဉ်မှူးထံသွား၍ မိမိအား ထင်းသစ်ရွက်တို့ကိုပေးပါက ဥယျာဉ်ကို ရှင်းလင်းပေးမည်ဟု ဆိုလေသည်။ ဥယျာဉ်မှူးက သဘောတူခွင့်ပြုလေလျှင် ဆင်းရဲသားသည် အနီးအနား၌ကစားနေသော သူငယ်တို့အကူအညီဖြင့် ထင်းသစ်ရွက်တို့ကို သယ်ထုတ်လေသည်။ ထိုအချိန်တွင် မင်း၏ အိုးတော်လုပ်သည် ထင်းရှာထွက်လာသည်နှင့် ကြုံကြိုက်နေသည်။ အိုးတော်လုပ်သည် ဆင်းရဲသားထံမှ ထင်းများကို ၁၆ အသပြာဖြင့် ဝယ်ယူလေသည်။ အိုးငါးရာကိုလည်း ပေးလေသည်။

ဆင်းရဲသားလည်း ၂၄ အသပြာရပြီးနောက် မြို့တံခါးအနီး၌ ရေအိုးကို ရေဖြည့်၍ မြက်ရိတ်ယောက်ျားငါးရာတို့အား ရေတိုက်ကျွေး၏။ မြက်ရိတ်ယောက်ျားတို့က ကျေးဇူးပြုလိုကြောင်း ဆိုသည့်အခါ ဆင်းရဲသားက မိမိကိစ္စရှိသည့်အခါတွင်မှသာ ကျေးဇူးပြုပါဟု ဆိုလေသည်။ ဆင်းရဲသားလည်း လှည့်လည်သွားလာရင်းဖြင့် ကုန်းပွဲစား၊ ရေပွဲစားတို့နှင့် သိကျွမ်းခင်မင်ခဲ့ပြန်သည်။ တစ်နေ့၌ ကုန်းပွဲစားထံမှ ထိုမြို့သို့ မြင်းကုန်သည်တစ်ယောက်သည် မြင်းငါးရာနှင့်အတူ လာမည်ကို သိရှိရလေသည်။ ဆင်းရဲသားလည်း မြက်ရိတ်ယောက်ျား ငါးရာထံမှ မြက်တစ်စည်းစီပေးရန် တောင်းဆိုလေသည်။ မြင်းကုန်သည်လည်း မြင်းစာများ မရနိုက်ကြ၍ ဆင်းရဲသားထံမှ မြက်များကို အသပြာတစ်ထောင်ပေး၍ ဝယ်ယူရလေသည်။

ထို့နောက် နှစ်ရက်သုံးရက်ခန့်အကြာတွင် ရေပွဲစားထံမှ ကုန်တင်လှေကြီး တစ်စီးရောက်လာမည်ကို ကြားသိရပြန်သည်။ ဆင်းရဲသားလည်း ရှစ်အသပြာဖြင့် ရထားနှင့် အခြွေအရံတို့ကို ငှားရမ်းသည်။ ထိုခံ့ညားသော ရထားကိုစီးကာ အခြွေအရံများဖြင့် လှေဆိပ်သို့သွားသည်။ လှေသူကြီးအား ကတိသစ္စာပြုသည့် လက်စွပ်ကို ပေးအပ်ကာ လှေနှင့်ပါလာသည့် ကုန်များအားလုံးကို ဝယ်ယူလိုက်လေသည်။ လှေလာသည်ဟု ကြားကြသော အခြားကုန်သည်တစ်ရာတို့သည် လှေဆိပ်သို့ဆင်း၍ ကုန်ပစ္စည်းများ ဝယ်ယူကြလေသည်။ ထိုအခါ လှေသူကြီးက ဤအရပ်၌ရှိသော ကုန်သည်ကြီးက

သစ္စာပြုသောလက်စွပ်ကို ပေးအပ်ကာ ဝယ်ယူသွားပြီ ဖြစ်ကြောင်းဆိုလေသည်။ လှေသူကြီး၏စကားကိုကြားလျှင် ကုန်သည်တစ်ရာတို့သည်လည်း ဆင်းရဲသားထံမှ ကုန်များကို တန်ဖိုးနှစ်ဆသုံးဆပေး၍ ဝယ်ယူကြရလေသည်။ ဤနည်းဖြင့် ဆင်းရဲသား၏ လက်ဝယ်အသပြာနှစ်သိန်း ရရှိလေသည်။

ဤသို့ လေးလမျှကာလအတွင်း အသပြာနှစ်သိန်း ရပြီးနောက်ဆင်းရဲသားသည် သူ့ကျေးဇူးကို သိတတ်သူဖြစ်၍ စူဠသေဋ္ဌိသူဌေးထံသို့ သွားရောက်ကာ အလုံးစုံကို ပြောကြားလျက် အသပြာတစ်သိန်းကို ပူဇော်လေ၏။ သူဌေးသည် လွန်စွာဝမ်းမြောက်သော ကြောင့် ဆင်းရဲသားအား မိမိ၏သမီးဖြင့် ထိမ်းမြားစေပြီး အလုံးစုံသောဥစ္စာပစ္စည်းတို့ကိုလည်း ပေးလေသည်။ သူဌေးကြီးကွယ်လွန်ပြီးနောက် စူဠသေဋ္ဌိအမည်ဖြင့် သူဌေးအရာကို ဆက်ခံလေသည်။ ဤသို့ စူဠပန်သည် ဘုရားလောင်း စူဠသေဋ္ဌိကို မှီ၍သူဌေးဖြစ်ခဲ့ရသည်။

# Sula Thehti Jataka

## (A dead rat as investment)

While Buddha was on sojourn at Physician Ziwaka's Ambawun (Mango Garden) Monastery, there was a very slow monk named Sulapan. He studied a verse for four months but could not get it by rote. So Mahapan drove him out of the monastery. Sulapan went before Buddha and asked for permission to quit the order. Buddha, knowing all, asked Sulapan to practise Vipassana. He did and became an arahant, with insight into the Three Gems.

Monks saw it and criticised Sulapan as having learnt the Pitakas because of Buddha. Buddha said Sulapan had won for himself not just now but even before this existence. The monks begged Buddha to speak of it and so Buddha told the Sula Thehti Jataka.

Long ago, in the reign of Byamadat in Baranathi, Kathi Taing, embryo-Buddha was a rich man by the name of Sula Thehti. He was wise. He was clever. He knew all the signs. One day, on way to the king for service, he spotted a dead rat. He reckoned by the stars and said it could serve as an investment for someone, to make some personal gain.

It was heard by a poor man with good thinking. He took the dead rat and sold it for cat meat in the market at a *chin ywe*. With that he bought molasses. He got a pot and water. He gave the country girl flowers sellers some molass and a cup of water. The sellers gave him a bunch of flowers apiece.

He sold the flowers and bought some more molasses and this time he went to the park and did as before. The flower sellers gave him more flowers. In this way he soon earned eight pieces.

Again on a windy day, dry stems and leaves fell down. The poor man told the gardener he would clear them off if he would be given these dry stems and leaves. Having got permission, he carried the dry stems and leaves with the help of the boys playing near. It chanced to coincide with the king's pot maker. He bought the firewood from the poor man at 16 pieces and five hundred pots as well.

After he got 24 pieces, he filled the pot at the town gate with water and fed it to the 500 grass cutters. When they proposed to thank him, he asked them to wait when he was in need.

As he went about, he got chances to make friends with brokers of overland and oversea routes. One day he learnt from the overland brokers that a horse trader would come there with 500 horses. So he asked a sheaf of grass from each of the 500 grass cutters. When the horse trader came and had difficulty getting fodder for the horses he had to buy sheaves of grass from him at a thousand pieces.

About three days later, he learnt from brokers of oversea routes there would arrive a big boat of goods. The poor man hired coach and attendants for eight pieces. He rode on the coach and went to the boat ferry. He gave the trader a promissory ring and said

he had bought all the goods they had. Other 100 traders in town also heard of the boat and went down to the ferry to buy the goods. When they heard of it, they went after the poor man and bought the goods they wanted at twice or thrice the prices. In this way he got 2 lakhs.

Thereafter, he went to Sula Thehti rich man and donated one lakh to him in gratitude. The rich man was most happy. He had his daughter married to him and gave him all the riches. When the rich man died, he became one in his place. Thus Sulapan became a rich man on account of the embryo-Buddha.

# တဏှာလုဠနာဠင်္ဂဇာတ်

## (လောဘရမ္မက်ကြီးသောဘုရင်နှင့်ရာပြတ်ခံယောက်ျား)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မလ္လာမင်း၏ သားဖြစ်သောဒဗ္ဗမထေရ်သည် သံဃာတို့အား စာရေးတံမဲညွှန်ရသော ပုဂ္ဂိုလ်ဖြစ်သည်။ ဤသို့ စာရေးတံမဲချသည့်အခါ သံဃာတို့သည် မြတ်သောဆွမ်းကိုရသည့်အခါ ရရှိပြီး ယုတ်သောဆွမ်းကိုရကြသည်လည်း ရှိပေသည်။ ဤသို့အလှည့်ကျ ရရှိသည်ကို လာဠုဒါယီမထေရ်သည် မကျေမနပ်ဖြစ်ပြီး ဒဗ္ဗမထေရ်ထံမှ စာရေးတံမဲချသည့် တာဝန်ကိုရယူ လေသည်။

လာဠုဒါယီမထေရ်သည် စာရေးတံမဲချသည့်အလုပ်ကို ကျွမ်းကျင်မှုမရှိ၍ အလွဲလွဲ အချော်ချော်ဖြစ်လေသည်။ ထိုအခါ ရဟန်းတို့လာဘ်လျော့လာခဲ့လေသည်။ ရဟန်းတို့ လည်းလာဠု ဒါယီအား စာရေးတံမဲချခြင်းမှ ဝေးရာသို့နှင်ထုတ်ကြလေသည်။ ထိုသို့ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည်ကို မြတ်စွာဘုရားသခင် ကြားသိတော်မူလေသည်။ အာနန္ဒာမထေရ်အား မေးမြန်းသော အခါ အာနန္ဒာကမြတ်စွာဘုရားသခင်အား အကြောင်း စုံကိုလျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားသခင်က လာဠုဒါယီသည် မိမိ၏ မိုက်မဲမလိမ္မာမှုကြောင့် သူတစ်ပါး၏ လာဘ်လာဘယုတ်လျော့စေခဲ့ခြင်းကို ရှေးအခါကလည်း ပြုခဲ့ဖူးပေသည်ဟု မိန့်ကြားလေသည်။ ထိုအခါ အာနန္ဒာ မထေရ်က ထိုအကြောင်းကို ထင်ရှားစွာပြတော်မူရန် လျှောက်ထားတောင်းပန် လေသဖြင့် ဤတဏှာလုဠနာဠင်္ဂဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် မင်း၏ရာပြတ် (အဖိုးဖြတ်သောအမတ်) ဖြစ်လေသည်။ ဘုရားလောင်းရာပြတ်သည် ဆင်၊ မြင်း၊ ကျောက်သံပတ္တမြား၊ ရွှေငွေစသည်တို့၏ တန်ဖိုးများကို မှန်ကန်စွာသာလျှင် တန်ဖိုးဖြတ်လေ ရှိပေသည်။ ထိုမင်းသည်လောဘကြီးသောကြောင့် ဘုရားလောင်း၏တန်ဖိုး ဖြတ်ခြင်းသည် ၎င်း၏ဥစ္စာကိုကုန်တော့မည်ဟုတွေးတောပြီး အခြားသူတစ်ဦးကို ရာပြတ် အဖြစ်ခန့်ထားလေသည်။ ထိုရာပြတ်မိုက်သည် ဆင်မြင်းစသည်တို့၏ တန်ဖိုးများကို လွန်စွာလျှော့၍သတ်မှတ်လေသည်။ ထိုအချိန်တွင် ဥတ္တရာပထမှ မြင်းကုန်သည်တစ်ဦးသည် မြင်းငါးရာဖြင့် ရောက်ရှိလာသည်။ မင်းသည် မြင်းငါးရာတန်ဖိုးကို ဖြတ်စေသောအခါ ရာပြတ်မိုက်သည် ဆန်တစ်ကွမ်းစား (ဆန်တစ်စလယ်)သာ ဖြတ်လေသည်။

ထိုအခါ မြင်းကုန်သည်လည်း မခံမရပ်နိုင်ဖြစ်ကာ ဘုရားလောင်းရာပြတ်ထံသို့ သွားရောက်ကာအကြောင်းစုံကို ပြောကြားလေသည်။ ဘုရားလောင်းရာပြတ်က မြင်းကုန်သည် အား ရာပြတ်မိုက်ထံသို့ပြန်သွားပြီး တံစိုးလက်ဆောင်ပေးစေသည်။ တံစိုးလက်ဆောင်ပေးပြီးပါက ဆန်တစ်ကွမ်းစား၏ တန်ဖိုးကိုမင်းရှေ့၌ ဖြတ်စေရန်ခေါ်သွားစေသည်။ ထို့နောက် ဘုရားလောင်း ရာပြတ်နှင့်အမတ်ပေါင်းတို့သည်လည်း မင်းရှေ့ခစား ဝင်လေသည်။

မင်းကြီး၏ ရှေ့မှောက်သို့ရောက်ရှိကြသောအခါ မြင်းကုန်သည်က ရာပြတ်မိုက် သဟ်မှတ်လိုက်သောမြင်းငါးရာအတွက် ဆန်တစ်ကွမ်းစာကို လက်ခံပါကြောင်း၊ သို့ရာတွင် ဆန်တစ်ကွမ်းစား၏ တန်ဖိုးကို ယင်းရာပြတ်အားပင် တန်ဖိုးဖြတ်ပေးစေရန် လျှောက်ထားလေသည်။ မင်းကြီးလည်းဆန်တစ်ကွမ်စား၏တန်ဖိုးကို ရာပြတ်မိုက်အား သတ်မှတ်စေသည်။ ဆန်တစ်ကွမ်းစားသည် မြို့တွင်းတစ်ဆယ့်နှစ်ယူဇနာ မြို့ပယူဇနာသုံးရာပါဝင်သော ဗာရာဏသီပြည်တစ်ပြည်လုံးထိုက်ကြောင်း ရာပြတ်မိုက်က အဖိုးဖြတ်လေသည်။

ထိုစကားကိုကြားလျှင် အမတ်ပေါင်းတို့ကလက်ခုပ်တီး၍ ရယ်ကြကုန်သည်။ ရှေးက မြေကိုလည်းကောင်း၊ မင်းကိုလည်းကောင်း အဖိုးမဖြတ်တတ်ဟုထင်မှတ်ခဲ့ကြသည်။ ဤသို့ကြီးစွာသော မင်းနှင့်ဗာရာဏသီပြည်ကို ဆန်တစ်ကွမ်းစားမျှထိုက်ကြောင်း ဉာဏ်အမြော် အမြင်နှင့်ပြည့်စုံသောရာပြတ်ကြောင့် အံ့ဖွယ်သိရှိရပြီဟု ပြက်ရယ်ပြုကြလေသည်။ ထိုအခါ မင်းကြီးလည်း အလွန်ရှက်ပြီး သံဝေဂရကာ ရာပြတ်မိုက်အား ရာထူးမှချပြီး ဘုရားလောင်းအား သာလျှင် အဖိုးဖြတ်ရာပြတ်အဖြစ်ပြန်ခန့်လေသည်။

ထိုရာပြတ်မိုက်သည် ယခုလအရှူ့ပါယိ မထေရ်ဖြစ်လေသည်။

# Tandula Nali Jataka

## (The greedy king and the assessor)

While at Zetawun Monastery, Buddha had occasion to have monk Dabba as one to direct the lot for alms. Some senior monks got good alms and also poor ones at times. This was resented by one monk named Laludayi who took over the the work of directing the lot for alms.

He was not skilled at it and made many mistakes, with the result that alms themselves went down. The monks saw it and banished Laludayi from the duty of directing the lot for alms.

The hue and cry was heard by Buddha. He asked monk Ananda who reported what happened. Buddha then said Laludayi had also done something in the past to reduce alms for others because of his mistakes. Ananda asked the Buddha to relate it and so he related the Tandula Nali Jataka.

Long ago, at Baranathi under the reign of King Byamadat, the Embryo-Buddha was an assessor who correctly assessed the values of elephants, horses, jewellery, gold and silver. That king was greedy and he became anxious that he might get poor because of his assessment, and so he replaced the assessor with a new one. The new foolish one assessed elephants and horses at low rates. At that time a trader from Uttarapahta came with five hundred horses. When they were assessed as due, the foolish one assessed their value as a mere unit of rice.

Unable to take it, the trader took his case to the embryo-Buddha assessor. The latter asked the trader to go to the official assessor with bribes. He did so and later took him to the king to make his assessment. The embryo-Buddha assessor and ministers were also present there.

There the trader said he accepted the valuation of the assessor but asked the king to have the assessor valuate the term "a mere unit of rice". Thereupon the foolish assessor said it was about the whole value of the entire Baranathi, inclusive of 12 yuzanas inside and 300 outside.

Hearing that, the ministers laughed, ridiculing the assessor that they had never before heard of the valuation of the king and the land until then, thanks to the "wise" assessor. The king was much shamed. He made amends and reappointed the embryo-Buddha as assessor.

The foolish one was later to become monk Laludayi.

# ဒေဝဓမ္မဇာတ်

## (အရှက်အကြောက်လောကပါလတရားနှစ်ပါး)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ကွယ်ဝှက်ထားသည့် ဥစ္စာတို့ဖြင့်ရဟန်းတစ်ပါးသည် နေထိုင်လျက်ရှိသည်။ ထိုရဟန်းသည် သာဝတ္ထိ ပြည်မှဖြစ်ပြီး ဇနီးကွယ်လွန်၍ ရဟန်းပြုလာသူဖြစ်သည်။ ထိုသို့ရဟန်းပြုသည့်အခါတွင် များစွာသော ဥစ္စာတို့ကို ဆောင်ယူခဲ့သည်။ ရဟန်းပြုပြီးသည့်နောက် ကျောင်းအစွန်၌နေပြီး မိမိကျွန်တို့ကို ခေါ်လာသည်။ အလိုရှိသမျှသော အာဟာရတို့ကို ချက်စေ၍သုံးဆောင်သည်။ ညဥ့်၌တစ်ပါးသော အဝတ်ကိုဝတ်ရုံပြီး နေ့၌တစ်ပါးသော အဝတ်အရုံကိုဝတ်ရုံ၏။

တစ်နေ့သ၌ ထိုရဟန်းသည် သင်္ကန်း၊ အိပ်ရာလွှမ်းစသည်တို့ကို ထုတ်၍ပရိဝုဏ်၌ဖြန့်၍ လှမ်းထားလေသည်။ များစွာသောဇနပုဒ်၌နေကုန်သော ရဟန်းတို့ကမြင်ကြလေသည်။ မြတ်စွာဘုရားရှင်ကသင်္ကန်းသုံးထည်ကိုသာ ခွင့်ပြုထားပါလျက် ဤသို့များစွာသော ပရိက္ခရာတို့ကို ဆောင်ထားရန်မသင့်ဟုဆိုကာ မြတ်စွာဘုရားထံသို့ ထိုရဟန်းကို ခေါ်ဆောင်လာခဲ့လေသည်။ မြတ်စွာဘုရားသခင်က အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ စိတ်ငြိမ်ခြင်း၊ လုံ့လကိုအားထုတ်ခြင်းတို့၏ ကျေးဇူးကိုဟောတော်မူသည်မဟုတ်လောဟု မိန့်တော်မူ၏။ ထိုအခါမြတ်စွာဘုရား၏ စကားတော်ကို ကြားသောထိုရဟန်းသည် အမျက်ထွက်ပြီးယခုပင်ကျင့်မည်ဟုဆိုကာ ကိုယ်ရုံသင်္ကန်းကို အောက်သို့ချပြီး သင်းပိုင်တစ်ထည်တည်းဖြင့်သာ ရပ်နေ၏။

ထိုအခါမြတ်စွာဘုရားသည် ထိုရဟန်းအား သင်သည်ရှေး၌ဟိရိဩတ္တပ္ပ (အရှက်အကြောက်) ရှိခဲ့ဖူးသည်။ ဒကရက္ခိုသ် (ရေစောင့်ဘီလူး) ဖြစ်စဉ်ကာလ၌လည်း ဟိရိဩတ္တပ္ပတရားကို ရှာလျက် တော၌တစ်ဆယ့်နှစ်နှစ်ပတ်လုံးနေခဲ့သည်။ ထိုသို့ဖြစ်လျက်ယခုဘုရားသာသနာတော်၌ ရဟန်းပြုပြီး ပရိသတ်လေးပါးအလယ်၌ အဘယ်ကြောင့်အရှက်အကြောက် ကင်းမဲ့စွာကိုယ်ရုံကိုချ၍ ရပ်နေသနည်းဟု မိန့်တော်မူလေသည်။ ထိုအခါထိုရဟန်းသည် သင်္ကန်းကိုရုံပြီး မြတ်စွာဘုရားကို ရှိခိုးလျက်တင့်တယ်အပ်သော နေရာ၌နေလေသည်။ ရဟန်းတို့ကထိုအကြောင်းကို ထင်ရှားစွာပြ ဆိုဟောပြောတော်မူရန် မြတ်စွာဘုရားအား လျှောက်ထားတောင်းပန်ကြသဖြင့် ဤဒေဝဓမ္မဇာတ်တော်ကိုဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ကာသိတိုင်းဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည်မင်းပြု၏။ ဘုရားအလောင်းသည် ထိုမင်း၏မိဖုရားဝမ်း၌ ပဋိသန္ဓေတည်နေ၏။ ဘုရားလောင်းဖွားမြင်သောအခါ မဟိံသဟု အမည်မှည့်လေသည်။ မဟိံသမင်းသား လမ်းလျှောက်တတ်သောအရွယ်တွင် ညီငယ်စန္ဒကုမာရအားဖွားပြန်သည်။ စန္ဒကုမာရမင်းလမ်းလျှောက်တတ်သောအခါ၌ မိဖုရားသည် ကွယ်လွန်လေသည်။ ထိုအခါ မင်းကြီးသည် တစ်ပါးသောမိန်းမကို မိဖုရားကြီးအရာ၌ထားလေသည်။ ထိုမိဖုရားသည် မင်းကြီးအား ချစ်ခင်နှစ်သက်စေသည်။ ထိုမိဖုရားသည်လည်း သားတော်တစ်ပါးကို

ဖွားမြင်လေသည်။ သားတော် ဖွားမြင်ချိန်တွင် မင်းကြီးသည်မိဖုရားအား လိုသောဆုကိုတောင်းစေသည်။ မိဖုရားကအချိန်ရောက်မှသာတောင်းပါမည်ဟုဆိုသည်။ မင်းသားကိုသူရိယမင်းသားဟု အမည်မှည့်သည်။ သူရိယမင်းသားအရွယ်ရောက်လာချိန်တွင် ထိုမိဖုရားကသားတော်သူရိယမင်းသားအား မင်းအဖြစ် လွှဲပေးရန်မသင့်ကြောင်း ပြောဆိုသော်လည်း အကြိမ်ကြိမ်တောင်းဆိုနေလေသည်။ ထိုအခါမင်းကြီး လည်းမိဖုရားသည်အလိုမကျလျှင် သားတော်နှစ်ပါးကို ရန်ပြုလာမည်ကိုစိုးရိမ်လာသည်။ ထို့ကြောင့် သားတော်ကြီးနှစ်ပါးအား တောသို့ဝင်ရန်နှင့် မိမိလွန်မှမင်းပြုရစ်ကြလော့ဟု မှာကြားလေသည်။

သားတော်ကြီးနှစ်ပါးလည်း မင်းကြီးအားရှိခိုးကာ ပြသာဒ်မှဆင်းလာစဉ် မင်းရင်ပြင်၌ ကစားနေသော သူရိယမင်းသားကမြင်လေသည်။ သူရိယမင်းသားလည်းအကြောင်းစုံကို သိလျှင်မိမိလည်း အစ်ကိုတို့နှင့်လိုက်ပါမည်ဖြစ်ကြောင်း ပြောလျက်မင်းသားကြီးတို့နှင့်အတူ ဟိမဝန္တာတောသို့ဝင်ကြလေသည်။ တစ်နေရာသို့ရောက်လျှင် ဘုရားလောင်းသည် ခေတ္တနားရင်း ညီတွေး သူရိယမင်းသားအား ရေအိုင်သို့သွား၍ ရေချိုးရေသောက်ပြီး မိမိတို့အတွက် ပဒုမ္မာရွက်ဖြင့် ရေကို ယူခဲ့ရန်မှာကြားလေသည်။

ထိုရေအိုင်သည် ဝေဿဝဏ်နတ်မင်းထံရှိ ဒကရက္ခိုသ် (ရေစောင့်နတ်) ပိုင်ဖြစ်၏။ ဝေဿဝဏ်နတ်မင်းသည် ဤရေအိုင်တွင်းသက်ဆင်းသူသည် ဒေဝဓမ္မ(နတ်တို့ကိုယ်ကျင့်တရား)ကို သိသူအား မည်သို့မျှမပြုရ၊ မသိသူဆင်းသက်လျှင် စားခွင့်ပြုထားလေသည်။ ထိုအခါမှစ၍ ဒကရက္ခိုသ်သည်ထိုရေအိုင်သို့ဆင်းသူများအား ဒေဝဓမ္မကိုမေး၍ မသိလျှင်စားလေသည်။ ထိုအချိန်တွင်သူရိယမင်းသားသည် မစူးမစမ်းယင်းရေအိုင်သို့ဆင်းသက်လေသည်။ ဒကရက္ခိုသ်သည် သူရိယမင်းသားအား ဖမ်း၍ဒေဝဓမ္မကိုမေးလေသည်။ သူရိယမင်းသားသည် နေလကိုဒေဝဓမ္မဟုခေါ်ကြောင်း ဖြေကြားလေသည်။ ဒကရက္ခိုသ်က မင်းသားအား သင်သည်ဒေဝဓမ္မကို မသိဟုဆိုကာရေထဲဆွဲချပြီး မိမိနေရာ၌ထားလေသည်။ (ဆက်လက်ဖော်ပြပါမည်)

ဘုရားအလောင်းသည် သူရိယမင်းသား ပြန်ချိန်တန်သော်လည်း ပြန်မရောက်၊ အလွန်ကြာမြင့်သည်ဖြစ်၍ ညီတော် စန္ဒကုမာရအား စေလွှတ်ပြန်သည်။ စန္ဒကုမာရမင်းသားသည်လည်း ရေအိုင်သို့ဆင်းသက်သည့်အခါ ဒကရက္ခိုသ်ကဖမ်း၍ ရှေးနည်းအတိုင်းမေးပြန်သည်။ စန္ဒကုမာရမင်းသားက အရပ်လေးမျက်နှာကို ဒေဝဓမ္မခေါ်ကြောင်းဖြေဆိုလျှင် ဒကရက္ခိုသ်သည် စန္ဒကုမာရအား သင်လည်း ဒေဝဓမ္မကိုမသိဟုဆိုကာ ၎င်း၏အရပ်၌ ထားလိုက်ပြန်သည်။

ဘုရားအလောင်းသည် စန္ဒကုမာရမင်းသား ပြန်ရောက်ချိန်၌ ပြန်မရောက်သဖြင့် အန္တရာယ်ဖြစ်နေသည်ဟု တွေးထင်မိ၍ ထိုရေအိုင်သို့ ကိုယ်တိုင်သွားလေသည်။ ရေအိုင်သို့ရောက်လျှင် ညီတော်နှစ်ယောက်တို့ သက်ဆင်းသောခြေရာကိုမြင်၍ ဤအိုင်သည် ဒကရက္ခိုသ်စောင့်သောအိုင်ဖြစ်သည်ကို သိရှိလေသည်။ ထိုအခါ ဘုရားအလောင်းမဟိံသမင်းသားသည် ရေသို့ဆင်းသက်ခြင်းမပြုသေးဘဲ လေးကိုကိုင်၍ရပ်နေလေသည်။ ဒကရက္ခိုသ်သည် ဘုရားအလောင်းတော် အားရေအိုင်တွင်းဆင်းရန် ဖြားယောင်းပြောဆိုလေသည်။ ဘုရားလောင်းသည် ဒကရက္ခိုသ်အား မြင်လျှင် ညီတော်နှစ်ပါးကိုမေးရာ ၎င်းတို့ ဒေဝဓမ္မကိုမသိ၍ ဖမ်းထားကြောင်း ဆိုလေသည်။ ဒကရက္ခိုသ်သည် ဘုရားအလောင်းအား ဒေဝဓမ္မကိုသိလျှင် ဟောကြားရန်ဆိုလေသည်။ ထိုအခါ ဘုရားအလောင်းက မိမိဟောကြားမည်၊ ညစ်နွမ်းသောကိုယ်ကို သန့်စင်မည်ဟုဆိုလေသည်။

ဒကရက္ခိုသ်သည် ဘုရားအလောင်းအား ရေချိုးစေသည်။ ရေကိုသောက်စေ၍ ပန်းတို့ကိုပန်စေကာ နံ့သာတို့ဖြင့်လိမ်းစေပြီးနောက် တန်ဆာဆင်ထားသောမဏ္ဍပ်အလယ်တွင် ပလ္လင်ခင်းပေးလေသည်။ ဘုရားအလောင်းသည် ပလ္လင်၌နေရာယူ၍ ဒကရက္ခိုသ်အား ခြေရင်းတွင်နေစေပြီး ဒေဝဓမ္မတရားကို ဟောကြားတော်မူလေသည်။

ဘုရားအလောင်းသည် **လောက၌ ဟိရိဩတ္တပ အရှက်အကြောက်နှင့်ပြည့်စုံကုန်သည့် ဖြူစင် သောတရားနှင့် ပြည့်စုံကုန်သော သူတော်ကောင်းတို့အား** ဒေဝဓမ္မဟုဆိုအပ်ကြောင်း ဂါထာတော် ကိုရှင်းလင်း ဟောကြားတော်မူလေသည်။ ဒကရက္ခိုသ်သည် ဒေဝဓမ္မဒေသနာကို နာရ၍ လွန်စွာ ကြည်ညိုသောကြောင့် ဘုရားအလောင်းအား ညီတော်တစ်ပါးကိုပေးမည်၊ မည်သူအား ဆောင်ခဲ့ရမည် နည်းဟုမေးလေသည်။ ဘုရားအလောင်းက ညီငယ် သူရိယမင်းသားကို ဆောင်ယူခဲ့ရန်ဆို၏။ ထိုအခါ ဒကရက္ခိုသ်က ဘုရားလောင်းသည် ဒေဝဓမ္မတရားကိုသိသော်လည်း ကျင့်ကြံခြင်းလည်းမရှိဟု ဆိုလေသည်။ ဘုရားအလောင်းက မိမိသည် ဒေဝဓမ္မကိုသိသည်သာမက ကျင့်ကြံခြင်းရှိ၏။ ဤတောအရပ်သို့ လာရောက်ခြင်းမှာ ညီငယ်သူရိယမင်းသားကြောင့်ဖြစ်သဖြင့် သူရိယမင်းသားကို ဘီလူးစားခံရပြီဆိုလျှင် ယုံကြည်ကြခြင်းရှိမည်မဟုတ်။ ထို့ကြောင့် ကဲ့ရဲ့ခြင်းဘေးမှလွတ်ရန် သူရိယမင်းသားကိုသာ ပေးလော့ဟုဆိုလေသည်။ ထိုအခါ ဒကရက္ခိုသ် သည် ဘုရားအလောင်းအား သင်သည်ဒေဝဓမ္မကိုသိပြီး ကျင့်သူဖြစ်သည်ဟု ကြည်ညိုသော စိတ်ရှိသဖြင့် ကောင်းချီးပေးပြီး ညီနှစ်ယောက်စလုံးကို ပြန်ပေးလေသည်။

ထိုအခါ ဘုရားအလောင်းသည် ဒကရက္ခိုသ်အား သင်သည် ရှေး၌ပြုသော မကောင်းမှုကံ ကြောင့် ယခုဘီလူးဖြစ်နေရသည်။ ယခုလည်း မကောင်းမှုကိုသာပြုနေခြင်းကြောင့် ငရဲအစရှိသည် တို့မှ လွတ်လမ်းမရှိချေပြီ။ ယခုအချိန်မှစပြီး ကောင်းမှုကိုသာပြုလေလော့ဟု ဆုံးမတော်မူလေသည်။ ထို့နောက် မင်းကြီး နတ်ရွာစံတော်မူသည်ကို သိရှိရချိန်တွင် ဘီလူးကိုခေါ်ကာ ဗာရာဏသီပြည်သို့ ပြန်လေသည်။ ဘုရားအလောင်းသည် မင်းအဖြစ်ကိုယူ၍ ညီတော် စန္ဒကုမာရအား အိမ်ရှေ့အရာကို ပေးပြီး၊ သူရိယမင်းသားအား စစ်သူကြီးအရာကိုပေးလေသည်။ ဘီလူးအား မွေ့လျော်ဖွယ်ရှိသော အရပ်၌ နေစေသည်။

ဥစ္စာများသော ရဟန်းသည် ထိုအခါက ဒကရက္ခိုသ်၊ အာနန္ဒာသည် ထိုအခါက သူရိယ မင်းသား၊ အရှင်သာရိပုတ္တရာသည် ထိုအခါက စန္ဒကုမာရမင်းသားဖြစ်ကြောင်း ဇာတ်တော်ကို ပေါင်း၍ ဟောကြားတော်မူ၏။ ထို့နောက် ဥစ္စာများသောထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

# Dewa Dhamma Jataka

## (The two cardinal principles of shame and fear)

While Buddha was on sojourn at Zetawun Monastery, there was a monk with hidden wealth. He became at monk when his wife died. He brought a lot of wealth. He stayed at the outskirts of the monastery and brought many slaves. He had them cook the dishes he liked best. He wore a cloak in the day and another at night.

One day, he was seen to have spread the robes and bed sheets to dry in the sun. It was seen by many monks of the countryside. They said Buddha had allowed a monk to have three pieces of robes and he should not have so many pieces, and so they took him to Buddha. The Buddha asked if he had not preached a minimum of want, contentment, quietitude and industriousness. Angered at it, the monk said he would practise it then and there, and took off the upper garment, and stayed on only with a piece of the lower garment.

Thereupon Buddha asked him if he had in the past possessed shame and fear. While he was the ogre of the water he had spent 12 years searching for shame and fear. That having been so, Buddha asked why he was now rid of shame and fear and standing with only his lower garment in public. Then the monk donned the robes and reposed at a suitable plac.e The monks asked Buddha to preach the sermon and so Buddha preached Dewa Dhamma sermon.

Long ago, in Baranathi of Kathi Taing,· King Byamadat was reigning and his queen bore the embryo-Buddha as a child. When born he was named Mahaintha. When he could walk, a younger one was born and named Sandakumara. When Sanda Kumara could walk, the queen passed away. The king had a woman as his queen. She made the king love her. She then gave birth to a son The king asked her to ask for a gift for him. She said she would later, when it was time. The son was named Prince Thuriya. When he became of age, his mother asked him to be crowned king. The King said it was not right as there were two elder sons but she persisted. Fearing she would cause danger to the two elder sons, the king asked the two to go to the jungles and come back to rule when he was no more.

The two paid obeisance to the king and came down, Prince Thuirya who was playing on the platform saw them, inquired of them and knowing all, he said he too would go with them. When they got to a place, the embryo-Buddha asked all to rest, and told Thuriya to bathe in the pond near by and bring some to drink with a leaf of Padonma flowers.

The pond was guarded by the ogre of water as decreed by Nat King Wethawun. Those who got into the pond that knew the principles of Dewa Dhamma (conduct of nats) were let go while those who did not were devoured by the ogre. Since then he had been asking those who came in about Dewa Dhamma and devoured those who did not. When Thuriya came into the pond he asked him about Dewa Dhamma, whereupon he said it was meant to be the sun and the moon. The ogr,e saying he did not know Dewa Dhamma, hauled him in to be eaten by him.

The embryo-Buddha waited too long for him and when he did not get back in time he sent Sanda Kumara after him. He too went into the pond and the ogre asked him about Dewa Dhamma. He replied that the four cardinal directions were called Dewa Dhamma. So the ogre pulled him in, saying he too did know Dewa Dhamma.

When he too did not return in time, the embryo-Buddha went after the two. When he got to the pond, he saw two sets of ongoing steps and he knew that it was guarded by the ogre. He stood there holding his bow. The ogre tried to get him to go into the pond. Mahaintha asked where his brothers were. The ogre replied that he was holding them as they did not know the Dewa Dhamma. The ogre asked the embryo-Buddha to preach about Dewa Dhamma if he knew. Mahaintha said he would but he should get himself cleansed first. The ogre let him bathe and drink from the pond and he created a throne of fragrance in the middle of a mandat. The embryo-Buddha seated on the throne spoke of Dewa Dhamma to the ogre.

He expounded the verse that the virtuous who had shame and fear and who were full with Dhamma were called Dewa Dhamma. The ogre was so delighted by the sermon that he would give him a brother. Mahaintha asked for his younger brother Thuriya. The ogre said he knew but did not practise Dewa Dhamma. Mahaintha said he did. It was because of Thuriya that he came there: they would lose faith if he did not ask for Thuriya; so to avoid

others' blame, he asked for Thuriya. At that the ogre said he not only knew but also practised Dewa Dhamma and as reward he gave him both the brothers.

Mahaintha told the ogre he was so, because of his past misdeed. Now too he was doing misdeed and had no way of escaping it; so he asked him to do good deeds from then on. Just then they came to know the king had passed away and so they went to the city of Baranathi. Mahaintha became king with his brother Sanda Kumara as regent and Prince Thuriya as a general, the ogre was given a suitable place.

The monk with a lot of wealth was the ogre. Ananda was Prince Thuriya and Shin Thariputra was Sanda Kumara. Thereat, the monk with a lot of wealth got to a higher level of consciousness.

# အဠ္ဌဝါဟာနဇာတ်

## (သားအရင်းကို မစွန့်အပ်ကြောင်း)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ တစ်နေ့တွင် မြတ်စွာဘုရားသည် ကောသလမင်းကြီး၏အိမ်သို့ ရဟန်းငါးရာခြံရံလျက်ကြွတော်မူ၏။ ခင်းကျင်းထားသောနေရာ၌နေတော်မူပြီးလျှင် မိဖုရားကြီး ဝါသဘခတ္တိယာ အဘယ်မှာနည်းဟု မေးတော်မူသည်။

ထိုအခါကောသလမင်းကြီးက ဝါသဘခတ္တိယာသည် မိမိအားစွဲ၍သားတော် ဝိဋူဘကို မွေးဖွားခဲ့သော်လည်း ကျွန်မနာဂမုဏ္ဍာ၏ သမီးဖြစ်နေ၍မိဖုရားအရာမှ ပယ်ခဲ့သည့်နည်းတူ သားဝိဋူဘကိုလည်း ပယ်ခဲ့ပြီးနန်းတွင်း၌သာ နေထိုင်စေခဲ့ကြောင်း လျှောက်တင်လေသည်။

မြတ်စွာဘုရားသခင်က ဝါသဘခတ္တိယာသည် မဟာနာမ်သာကီမင်း၏ သမီးဖြစ်ပြီး မင်းကြီးကို သာလျှင်စွဲ၍ သားရရှိခဲ့သည်။ ထိုသားသည် အဖဥစ္စာဖြစ်သော တိုင်းနိုင်ငံ၏အရှင်မဖြစ်ထိုက်သလော၊ ရှေးမင်းတို့သည် တစ်ခဏမျှနေသောမယားဖြစ်သည့် ထင်းခွေ မိန်းမ၌ရသောသားအား မင်းအဖြစ် ပေးဖူးကြောင်း မိန့်တော်မူလေသည်။ ကောသလမင်းကြီးက ထိုအကြောင်းကို ထင်ရှားစွာပြဆို ဟောပြောရန်လျှောက်ထားတောင်းပန်၏။ ထို့ကြောင့်မြတ်စွာဘုရားသည် ဤကဋ္ဌဝါဟနဇာတ်ကို ဟောတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကိုစိုးစံသော ဗြဟ္မဒတ်မင်းသည် အခြံအရံဖြင့် ဥယျာဉ်သို့ ကြွချီတော်မူ၏။ ထိုဥယျာဉ်၌သီချင်းသီဆိုကာ ထင်းခွေနေသော သူဆင်းရဲမိန်းမတစ်ဦးကို တွေ့၍နှစ်သက် ကြလေသည်။ ထိုခဏ၌ဘုရားလောင်းသည် ထင်းခွေမိန်းမ၏ဝမ်း၌ ပဋိသန္ဓေနေလေသည်။ မင်းကြီးလည်း ထိုမိန်းမသည် မိမိကိုစွဲ၍ ကိုယ်ဝန်တည်သည်ကိုသိသောအခါ လက်စွပ်ကိုပေး၏။ အကယ်၍သမီးမွေးက လက်စွပ်ကိုရောင်းချ၍ကျွေးမွေးရန်၊ သားဖြစ်ပါကလက်စွပ်နှင့်တကွ မိမိထံ လာရောက်ရန် မှာကြားတော်မူသည်။ အချိန်ကျရောက်သောအခါ ထင်းခွေမိန်းမသည် ဘုရားလောင်းကို ဖွားမြင်လေသည်။

ဘုရားလောင်းသည် ပြေးလွှားဆော့ကစားတတ်သော အရွယ်ရောက်ရှိလာသည်။ ထိုအခါ ကစားဖော်တို့က ဖခင်မရှိသူဟု ပုတ်ခတ်ပြောဆိုကြသဖြင့် မိခင်အားမိမိ၏ဖခင်မှာ မည်သူဖြစ်သနည်းဟု မေးလေသည်။ ဗာရာဏသီမင်းကြီး၏ သားတော်ဖြစ်ကြောင်း မိခင်ကပြောကြားလျှင် ဘုရားလောင်းက သက်သေအထောက်အထား ရှိ–မရှိကိုမေးမြန်းလေသည်။ ထိုအခါမိခင်က မင်းကြီးပေးခဲ့သော လက်စွပ်ကိုပြပြီး မင်းကြီး၏အမှာအကြားများကို ပြန်လည်ပြောပြလေသည်။ ဘုရားလောင်းလည်း မင်းကြီးထံသွားရန်ဆိုသဖြင့် မိခင်သည်သားတော် ဘုရားလောင်းနှင့်အတူ မင်းကြီးထံသို့သွားလေသည်။

မင်းကြီး၏ရှေ့သို့ရောက်သောအခါ ဤသူငယ်သည် မင်းကြီး၏သားဖြစ်ကြောင်း လက်စွပ်ကို သက်သေပြ၍လျှောက်လေသည်။ မင်းကြီးသည်မှန်ကန်ကြောင်း သိသော်လည်း ပရိသတ်၏အလယ်၌ ရှက်စိတ်ဖြင့်မိမိသားမဟုတ်ကြောင်းဆိုလေသည်။ ထိုအခါထင်းခွေမိန်းမသည် "ဤသူငယ်သည် မင်းကြီး၏ သားဖြစ်ပါကကောင်းကင်၌တည်စေ၊ မဟုတ်ပါကမြေသို့ကျ၍သေစေ"ဟု သစ္စာပြု၍ ဘုရားလောင်း၏ ခြေကိုကိုင်၍ ကောင်းကင်သို့ပစ်တင်လေသည်။ ဘုရားလောင်းသည် ကောင်းကင်၌ ထက်ဝယ် ဖွဲ့ခွေနေလျက်သာယာစွာသော အသံဖြင့်မင်းကြီးအား တရားဟောလေသည်။

မင်းကြီးသည် ဘုရားလောင်း၏တရားစကားကို နာရ၍ချစ်သားလာလော့ဟု လက်ဖြန့်ကြို လေသည်။ ဘုရားလောင်းသည် မင်းကြီးလက်သို့သက်ဆင်း၍ ရင်ခွင်၌နေ၏။ မင်းကြီးသည် ဘုရား လောင်းအားအိမ်ရှေ့မင်းအဖြစ်ပေးပြီး ဘုရားလောင်း၏မိခင်အား မိဖုရားအရာချီးမြှောက်လေသည်။ မင်းကြီးနတ်ရွာစံသောအခါ ဘုရားလောင်းသည် အဋ္ဌဝါဟနအမည်ဖြင့် မင်းပြုလေသည်။

ထိုအခါက ထင်းခွေမိန်းမဘုရားလောင်း မိခင်သည်ယခုအခါ မဟာမာယာ၊ ထိုမင်းကြီးသည် ယခုသုဒ္ဓေါဒနမင်း။ မြတ်စွာဘုရားသည် ထိုအခါက ကဋ္ဌဝါဟနမင်းကြီးဖြစ်ကြောင်း ဟောပြောတော် မူလေသည်။

# Ahtawahana Jataka

**(The principle of not forsaking one's own son)**

While on sojourn at Zetawun Monastery, Buddha had occasion to visit King Kosala with 500 monks. When in palace, he asked where Queen Wathaba Khattiya was.

The king said just as he had forsaken her because she was daughter of servant Nagamonta, he had also forsaken son Widaduba but allowed them to stay within the palace.

Buddha said Wathaba Khattiya was daughter of Mahanam Sagi king and she bore him a son and asked if he did not deserve to be a king, because there was an earlier king that had given the kingdom to his son by a woodcutter who bore him a son. King Kosala asked Buddha to give that sermon and so he preached Kahtawahana Jataka.

King Byamadat of Baranathi once went on tour of his park and he took a liking to a woman woodcutter in the park. Just then embryo-Buddha took conception in the woman's womb. The king knowing that she had a conception with her yearning for him handed her a ring to sell it and pay for it is was a girl but to come to him with that ring if it was a boy. When the time came, embryo-Buddha was born.

When he got to the playing age, some told him he was fatherless. So he asked his mother who his father was and she told him he was King Byamadat's son. His mother showed him and ring as evidence and retold him all that his father had told her. So he took his mother to the king.

They told the king that he was his son. The king knew it was true but he was shy to admit it and so he said no. Then the wood-fetching woman took her son by the feet and threw him upwards saying he might land in the air if he was really the king's son or he might get back onto land if he was not. The embryo-Buddha stayed in the air and gave a sermon to the king from there.

Having heard the sermon, the king accepted him as his son. The son came down to his father bosom. The king made his mother queen and made him a regent. When he passed away the son ruled as King Athawahana.

The mother at that time became Mother Maya. The king became King Thoddodana. Buddha was King Ahtawahana. So ended the sermon.

# မဃဒေဝဇာတ်

## (ဆံဖြူတစ်ပင်ကိုမြင်၍တောထွက်ခြင်း)

နတ်နှင့်တကွ လူတို့ကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ တစ်နေ့တွင် ရဟန်းတို့သည် မြတ်စွာဘုရား၏ တောထွက်တော်မူခြင်းကို ချီးမွမ်းနေကြသည်။ ထိုအခါ မြတ်စွာဘုရားသည် တရားသဘင်သို့ ကြွရောက်တော်မူလာပြီး မြတ်စွာဘုရား၏နေရာ၌ နေတော်မူ၏။

ထို့နောက်ရဟန်းတို့ အဘယ်စကားကို စည်းဝေးနေကြသနည်းဟု မေးတော်မူ၏။ ရဟန်းတို့က ဘုရားရှင်၏ တောထွက်တော်မူခြင်းကို ချီးမွမ်းလျက် နေကြခြင်းဖြစ်ကြောင်း လျှောက်ထားကြကုန်သည်။ "ရဟန်းတို့၊ ငါဘုရားသည် ယခုမှသာလျှင် တောထွက်သည်မဟုတ်၊ ရှေး၌လည်း တောထွက်ဖူးသည်"ဟု မိန့်တော်မူ၏။ ရဟန်းတို့က ထိုအကြောင်းကို ထင်ရှားစွာ ပြဟောပြောတော်မူရန် မြတ်စွာဘုရားအား တောင်းပန်ကြသည်။ ထိုအခါ မြတ်စွာဘုရားသခင်သည် "ဥတ္တမင်္ဂရုဟာမယုံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်သော ဤမဃဒေဝဇာတ်ကို ဟောတော်မူ၏။

လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း၊ မိထိလာ ပြည်၌ မဃဒေဝမင်းသည် မင်းပြု၏။ ထိုမဃဒေဝမင်းသည် တရားစောင့်၏၊ တရားသဖြင့် မင်းပြု၏။ မဃဒေဝမင်းသည် မင်းသားငယ်ဘဝဖြင့် အနှစ်ရှစ်သောင်းလေးထောင်၊ အိမ်ရှေ့မင်းအဖြစ် အနှစ်ရှစ်သောင်းလေးထောင်နှင့် မြတ်သောမင်းအဖြစ်နှင့် ရှစ်သောင်းလေးထောင်ကာလ ရှည်စွာစိုးစံတော်မူ၏။

တစ်နေ့သောအခါ မင်းကြီးကဆတ္တာသည်အား ငါ၏ဦးခေါင်း၌ ဆံဖြူကိုတွေ့ရှိက လျှောက်တင်ရန် မိန့်မှာတော်မူသည်။ ကာလအတန်ကြာသော တစ်နေ့၌ ဆတ္တာသည်လည်း မင်းကြီး၏ မျက်စဉ်းညှိအဆင်းနှင့် တူသောဆံတို့၏အကြား၌ ဆံဖြူတစ်ပင်ကို တွေ့မြင်လေသည်။

ဆတ္တာသည်လည်း မင်းကြီးအား ဆံဖြူတစ်ပင်တွေ့ရှိကြောင်း လျှောက်ထားလေသည်။ မင်းကြီးက ထိုဆံဒဖြူကိုနုတ်၍ မလက်ပေါ်သို့ တစ်စေသည်။ ဆတ္တာသည်လည်း ရွှေမွေးညှပ်ဖြင့် နုတ်ပြင့်းကြီး၏ လက်၌တင်လေသည်။ ထိုအချိန်တွင် မင်းကြီး၏အသက်သည် ရှစ်သောင်းလေးထောင် ကျန်ရှိနေသည်။ သို့သော်လည်း မင်းကြီးသည် ဆံဖြူကိုမြင်လျှင် မိမိအနီးသို့

သေမင်းရောက်လာဘိသကဲ့သို့လည်းကောင်း၊ မိမိကိုယ်သည် အလျှံပြောင်ပြောင် တောက်လောင်သော သစ်ရွက်မိုးအိမ်သို့ဝင်၍ နေရာဘိသကဲ့သို့လည်းကောင်း ထင်မှတ်လျက် ထိတ်လန့်ခြင်းဖြစ်လေသည်။ အို မိုက်စွာသော မဃဒေဝမင်းသင်သည် ဆံဖြူသည့် တိုင်အောင် ဤကိလေသာတို့ကို မစွန့်နိုင်သေးတကားဟုလည်း တွေးတောမိကာ ပူလောင်ခြင်း ဖြစ်၍ တစ်ကိုယ်လုံးချွေးတို့ဖြင့် စိုရွှဲကုန်၏။ ထို့ကြောင့် ယနေ့ပင်တောထွက်၍ ရဟန်းပြုသင့်ပြီဟု ကြံစည်မိလေသည်။ ထို့နောက်ဆတ္တာသည်အား အခွန်တစ်သိန်းထွက်သောရွာကို ဆုအဖြစ်ပေးပြီး

သားတော်ကြီးကို ခေါ်စေသည်။ သားတော်ကြီး ခစားဝင်လာသောအခါ ငါ၏ဦးခေါင်း၌ ဆံဖြူလေပြီ၊ ငါသည်အိုမင်းပြီ၊ ငါသည်လူတို့ကာမဂုဏ်ကို ခံစားခဲ့ပြီးဖြစ်သည်။ ယခုအခါ နတ်၌ဖြစ်သော ကာမဂုဏ်ကိုရှာရန် တောထွက်ချိန်တန်ပြီ။ သင်သည်မင်း အဖြစ်ကိုယူတော့။ ငါကား ရဟန်းပြု၍ မဃဒေဝဥယျာဉ်၌ နေလျက်တရားကို ကျင့်မည်ဟု ဆိုလေသည်။

ထိုအခါအမတ်တို့က မင်းကြီးအား မင်းကြီးရဟန်းပြုလိုသည့်အကြောင်းကို မိန့်ကြားရန် လျှောက်တင်ကြသည်။ မင်းကြီးက မိမိ၏ဦးခေါင်းမှ ဆံဖြူကိုလက်ဖြင့်ယူ၍ အိုအမတ်တို့ သေမင်းတမန်၊ နတ်တမန်နှင့် တူသောဤဆံဖြူတို့ ဖြစ်ပေါ်လာချေပြီ။ အရွယ်ရင့်ရော် အိုမင်းလာပြီဖြစ်၍ ငါရဟန်းပြုရန် အချိန်တန်လေပြီဟု မိန့်တော်မူ၏။

မဃဒေဝမင်းသည် ထိုနေ့မှတွင်ပင် မင်းအဖြစ်ကို စွန့်၍ ရဟန်းပြုပြီးမဃဒေဝဥယျာဉ်၌ နေ၏။ အနှစ်ရှစ်သောင်းလေးထောင် ကာလပတ်လုံး ဗြဟ္မဝိဟာရလေးပါးကို ပွားစေသည်။ ထိုဘဝမှစုတေ၍ ဗြဟ္မပြည်သို့ရောက်ရှိ၏။ တဖန်ဗြဟ္မပြည်မှ စုတေလျှင် မိထိလာပြည်၌ နေမိမည်သောမင်းဖြစ်၏။ နေမိမင်းအဖြစ် သရက်ဥယျာဉ်၌ ရဟန်းပြု၍ ဗြဟ္မဝိဟာရတရားကို ပွားရာတစ်ဖန် ဗြဟ္မပြည်သို့ လားရာ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ယခုမှသာလျှင် တောထွက်ခြင်းမဟုတ်ဘဲ ရှေး၌လည်း ဤသို့မြတ်သော တောထွက်ခြင်းကို ပြုတော်မူခဲ့ကြောင်း ဤမဃဒေဝနာကို ဆောင်တော်မူ၍ သစ္စာလေးပါးကို ပြဟောတော်မူလေသည်။ ထိုတရားတော် အဆုံး၌ အချို့ရဟန်းတို့သည် သောတာပန် တည်ကြပြီး၊ အချို့သောရဟန်းတို့သည် သကဒါဂါမ်ဖြစ်ကုန်၏။ အချို့သော ရဟန်းတို့သည် အနာဂမ်ဖြစ်ကုန်၏။ ယခုအခါ အာနန္ဒာသည် ထိုအခါဆတ္တာသည်၊ ယခုအခါ သားတော်ရာဟုလာသည် ထိုအခါ သားတော်ကြီး၊ မြတ်စွာဘုရားသည် ထိုအခါက မဃဒေဝမင်း ဖြစ်သည်။

# Magadewa Jataka

## (Prenouncing the world on seeing a grey hair)

While on sojourn at Zetawun Monastery, Buddha once had occasion to enquire of monks' discussion that was incidentally the monks' praise of Buddha's renunciation of the world. Buddha said it had been done before. Monks pleaded with Buddha to say this sermon. Buddha spoke of Magadewa Jataka.

It happened in the reign of Magadewa at Meiktila in Wideharit Taing. He ruled justly. He spent 84,000 years as a young prince, another 84,000 as regent and also 84,000 years as king.

He had asked the hair-dresser to tell him if he saw a grey hair. One day the hair-dresser saw one and told him so. The hair-dresser did so with a gold pin. At that time the king had 84,000 years of kingship to go on. But he thought he was seeing death and sweated all over with the thought that he still could not renounce worldly pleasures. So he decided to renounce the world that very day.

He gave the hair-dresser a village of a hundred thousand taxes. He called his elder son and explained to him it was time for him to seek celestial pleasures. When the monks asked, too, he said it was time to be a monk as there had come grey hair that was a sign of death or celestial life.

He renounced kingship and became a monk that day, and stayed at Magadewa Garden. For 84,000 years he contemplated Byama Wihara principle. Upon demise he led a life as a Byama. After that he became NayMi the king. Again he renounced kingship and practised Byama Wihara principle. On demise he became a Byama.

On the basis of this sermon, Buddha preached the four noble truths. Many monks attained higher enlightenment.

The hair-dresser later became Ananda. And the king's son later became Rahula, while Magadewa was the embryo-Buddha.

# လက္ခဏဇာတ်

## (မလိမ္မာ၍ အခြေအရံမဲ့ခြင်း)

သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဤလက္ခဏဇာတ်တော်ကို ဒေဝဒတ်အား အကြောင်းပြု၍ ဟောကြားတော်မူလေသည်။

အခါတစ်ပါး၌ ဒေဝဒတ်သည် ငါးပါးသော ဝတ္ထုတို့ကို တောင်းခံမရ၍ သံဃာငါးရာတို့ကို သွေးခွဲ၍ခေါ်ဆောင်ပြီး ဂယာသီသ၌ နေလေသည်။ မြတ်စွာဘုရားသခင်သည် ထိုအကြောင်းကို သိရှိတော်မူသောအခါ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလန်တို့အား ဒေဝဒတ်နှင့် လိုက်ပါသွားသော ရဟန်းငါးရာကို တရားဟော၍ အရဟတ္တဖိုလ်ဖြင့်နိုးစေပြီး ပြန်လည်ခေါ်ဆောင်လာကြရန် မိန့်တော်မူလေသည်။ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလန်တို့လည်း ဂယာသီသသို့သွား၍ ထိုငါးရာသောရဟန်းတို့အား တရားဟော၍ အရဟတ္တဖိုလ်နိုးစေပြီး နောက်တစ်နေ့ အရုဏ်တွင် ရဟန်းငါးရာတို့အား ဝေဠုဝန်ကျောင်းတော်သို့ ဆောင်လာလေသည်။

ရှင်သာရိပုတ္တရာသည် ရဟန်းငါးရာခြံရံလျက် ပြန်ကြွလာသည်ကို တွေ့မြင်ကြသော ရဟန်းတို့သည် မြတ်စွာဘုရားသခင်ထံပါး ဝပ်တွား၍ ဓမ္မသေနာပတိမထေရ်ရှင်သာရိပုတ္တရာသည် ရဟန်းငါးရာတို့ ခြံရံလျက် ကြွလာသည်မှာ အလွန်တင့်တယ်ပေစွ၊ ဒေဝဒတ်သည် အခြံအရံမဲ့ရလေပြီဟု လျှောက်ထားကြလေသည်။ ထိုအခါ မြတ်စွာဘုရားသခင်က ရှင်သာရိပုတ္တရာသည် ယခုအခါ၌သာပင် မိမိ၏ဆွေမျိုး အပေါင်းခြံရံလျက် တင့်တယ်သည်မဟုတ်ဘဲ ရှေးအခါကပင်တင့်တယ်ခဲ့သည်။ ဒေဝဒတ်သည်လည်း ယခုအခါ၌သာ မိမိအမျိုးအပေါင်းတို့ ယုတ်လျော့ခဲ့သည်မဟုတ်ဘဲ ရှေးအခါ၌လည်းယုတ်လျော့ခဲ့သည်သာ ဖြစ်ကြောင်းမိန့်တော်မူ၏။ ရဟန်းတို့က ထိုအကြောင်းကို ထင်ရှားစွာ ပြဆိုဟောပြောတော် မူပါရန် လျှောက်ထား တောင်းပန်သဖြင့် မြတ်စွာဘုရားသခင်သည် ဤလက္ခဏ ဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုလ်ပြည်၌ မဂဓမင်းသည် မင်းပြုနေချိန်တွင် ဘုရားလောင်းသည် သမင်မျိုးဖြစ်ပြီး သမင်တစ်ထောင်ခြံရံလျက် တော၌နေလေသည်။ ဘုရားလောင်း သမင်၌ လက္ခဏနှင့် ကာဠဟူသော သားတော်နှစ်ပါးရှိလေသည်။ ဘုရားလောင်းလည်း အသက်ကြီး ရင့်လာသောအခါ သားတော်နှစ်ပါးတို့အား အခြံအရံသမင်တစ်ထောင်ကို ငါးရာစီ အပ်နှင်း၏။

ထိုအချိန်တွင် မဂဓတိုင်း၌ ကောက်မဲ့သော ကာလဖြစ်ပေသည်။ ကောက်မဲ့သောအခါ သမင်တို့အတွက် ဘေးတွေ့ကြုံရလေသည်။ သမင်တို့သည် ကောက်မဲ့ကို စားကြသည်ကြောင့် လူတို့သည် သမင်အပေါင်းတို့အား တံကျင်၊ ကျောက်ယန္တရား၊ ကျော့ကွင်းတို့ဖြင့် တိုက်ခိုက်ပျက်စီးစေလေ့ရှိသည်။ ဤသို့အခြေအနေကို သိရှိသောဘုရားလောင်းသမင်သည် သားနှစ်ဦးကိုခေါ်၍ တောင်ခြေရင်းသို့ ရှောင်တိမ်းနေကြပြီး ကောက်သိမ်းဆည်းပြီးသောအခါမှ ပြန်လာကြရန်မှာကြားလေသည်။

သားနှစ်ပါးဖြစ်သော သမင်တို့သည် ဖခင်စကားကို နာခံ၍ အခြံအရံတို့နှင့် အတူထွက်ခွာကြလေသည်။ ကာဠသမင်သည် ဥာဏ်အမြော်အမြင်နည်းလှသည်ဖြစ်၍ အခြံအရံအပေါင်းနှင့်အတူ အချိန်အခါ မကြည့်ဘဲ ရွာတံခါးအနီးသို့ သွားလေသည်။ လူအပေါင်းတို့သည် သမင်အပေါင်းတို့ကို တိုက်ခိုက်ပျက်စီးစေခဲ့သည်။ ကာဠသမင်၏ အခြံအရံပေါင်း များစွာတို့ ပျက်စီးခဲ့၍ အခြံအရံအနည်းငယ်ဖြင့်သာ တောသို့ဝင်ခဲ့ရ၏။ လက္ခဏသမင်သည်မူ အခြံအရံများနှင့် အတူ သန်းခေါင်ယံ၌သာ ရွာတံခါးသို့သွား၍ သမင်တစ်ကောင်မျှ ပျက်စီးခြင်းမရှိဘဲ တောသို့ဝင်နိုင်ခဲ့လေသည်။ ထိုသမင်တို့သည် ထိုတောအတွင်း၌ လေးလပတ်လုံးနေကြပြီး မိဘထံသို့ပြန်လာကြသောအခါ ကာဠသမင်သည် အခြံအရံမဲ့ တစ်ဦးတည်းသာ ပြန်လာခဲ့ရသော်လည်း လက္ခဏသမင်သည် အခြံအရံသမင်ငါးရာ ပြည့်စုံစွာဖြင့် ပြန်လာခဲ့လေသည်။

ဘုရားလောင်းသမင်သည် သားနှစ်ယောက်ပြန်လာကြသည်ကို မြင်၍သမင်အပေါင်းတို့အား အကျင့်နှင့်ပြည့်စုံသော ပညာရှိတို့သည် အစီးအပွားဖြစ်၏။ အကျင့်သီလပြည့်စုံခြင်းကင်း၍ ပညာနည်းသောသူသည် အဆွေအမျိုးအပေါင်းတို့မှ အလွန်ကင်းလေစွဟု ဆိုလေသည်။ ဒေဝဒတ်သည် ထိုအခါက ကာဠအမည်ရှိသောသမင်၊ ဓမ္မသေနာပတိရှင်သာရိပုတ္တရာသည် ထိုအခါ လက္ခဏသမင်၊ ရာဟုလာ၏ မယ်တော်သည် ထိုအခါက လက္ခဏသမင်နှင့် ကာဠသမင်တို့၏ အမိ၊ မြတ်စွာဘုရားသခင် ထိုအခါကလက္ခဏသမင်နှင့် ကာဠသမင်တို့၏ အဖဘုရားလောင်း သမင်ဖြစ်ပေသည်။

# Lekkhana Jataka

## (Being deprived of association due to foolishness)

Buddha was on sojourn at Weluwun Monastery in Yazagyo Pyi when Devadat persuaded 500 sangha to move to Gaya Thiha to get better alms. .Buddha asked Shin Sariputra and Shin Maha Moggalana to go out there and persuade the 500 monks through enlightenment to get back to Weluwun. They duly did so.

Seeing Shin Sariputra with 500 monks in attendance, the monks marvelled at it. Buddha said it had been so not just now but even before. Buddha thus gave this Lekkhana sermon.

In the reign of Magada in Yazagyo, embryo-Buddha was a king deer flanked by a thousand of his deer. He had two sons— Lekkhana and Kala. When old, he gave each 500 deer as entourage.

At that time Magada was a place with paucity of crop, and it was a time of danger for the deer that were destroyed by men. The embryo-Buddha asked his sons to get away to the foothills of the mountain and come back only after harvest to the crop.

Kala was most unwise. Not caring about the time he went off with his entourage near the village and got attacked by the men. Many perished and he had to go away with a few deer. Lekkhana with his associates went by the village only at about midnight and escaped with none hurt. They stayed four months in the forest, after which they came back—Kala with none of his associates but Lakkhana with all of them.

The embryo-Buddha told the deer the wisdom of good conduct and the foolishness of unwise conduct. Devadat was Kala deer, Ashin Sariputra was Lekkhana deer. The mother deer was Rahula's mother and embryo-Buddha was now Buddha.

# သုခဝိဟာရဇာတ်

## (ရဟန်းဘဝချမ်းသာခြင်းသည် မင်းစည်းစိမ်ထက်သာခြင်း)

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် အနုပိယမြို့ရှိ အနုပိယသရက်ဥယျာဉ်၌ သီတင်းသုံးတော်မူလျက်ရှိနေသည်။ ထိုအချိန်တွင် မင်းအဖြစ်မှ ရဟန်းဘဝသို့ယူခဲ့သော ဘဒ္ဒိယမထေရ်သည် ချမ်းသာစွာနေလေ့ရှိလေသည်။ အရှင်ဘဒ္ဒိယသည်မင်းအဖြစ်နေစဉ်ကာလ၌ အစောင့်အရှောက်များစွာဖြင့် မြတ်သောပြာသာဒ်တွင် မြတ်သောအိပ်ရာဖြင့်နေရသော်လည်း ကြောက်ရွံ့မှုဖြစ်နေခဲ့ရသည်။ ရဟန်းဘဝသို့ရောက်ပြီးနောက် အရဟတ္တဖိုလ်သို့ရောက်ရှိ၍ မိမိ၏ဘေးအပေါင်းတို့ ကင်းရှင်းသည်ကို မြင်၍ ဩော်–ချမ်းသာစွ၊ ချမ်းသာစွဟု ဝမ်းသာစကားကို ကျူးရင့်တော်မူလေသည်။

ထိုစကားကို ရဟန်းတို့ကြားကြကုန်၍ မြတ်စွာဘုရားအား လျှောက်ထားကြလေသည်။ မြတ်စွာဘုရားသည် ရဟန်းတို့အား ဘဒ္ဒိယမထေရ်သည် ယခုသာလျှင်ချမ်းသာစွာ နေခြင်း မဟုတ်၊ ရှေး၌လည်း ချမ်းသာစွာနေလေ့ရှိခဲ့သည်ဟု မိန့်တော်မူလေသည်။ ထိုအခါရဟန်းတို့က ထိုအကြောင်းကို ထင်ရှားစွာ ပြဆိုဟောကြားတော်မူရန် လျှောက်ထား တောင်းပန်ကြသဖြင့် မြတ်စွာဘုရားသခင်သည် သုခဝိဟာရ ဇာတ်ကိုဟောကြားတော် မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလေသည်။ ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏား သူကြွယ်ဖြစ်လေသည်။ ဘုရားလောင်းသည် ကာမ၏ အပြစ်ကိုမြင်ပြီး ရဟန်းအဖြစ် ၏အကျိုးကိုသိမြင်ကာ ကာမကိုစွန့်၍ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုလေသည်။ ဘုရားလောင်း၏ အခြံအရံငါးရာတို့သည်လည်း ရသေ့ဖြစ်ကြသည်။

ဘုရားလောင်းသည် မိုးကာလ၌ ဟိမဝန္တာမှထွက်၍ ဒေသစာရီကြွချီတော်မူရာ ဗာရာဏသီပြည်သို့ရောက်ရှိလေသည်။ ဗြဟ္မဒတ်မင်း၏ ဥယျာဉ်၌မိုးတွင်းလေးလပတ်လုံး သီတင်းသုံးနေခွင့်ပြုရန် မင်းကြီးထံပန်ကြားလေသည်။ မင်းကြီးကကြည်ဖြူစွာလက်ခံသည့်အပြင် ဘုရားလောင်းသည် အိုမင်းပြီဖြစ်၍ ဟိမဝန္တာ၌နေရန်မသင့်ကြောင်း၊ ဤဥယျာဉ်၌သာနေပြီး တပည့်တို့ကိုသာဟိမဝန္တာသို့ လွှတ်သင့်ကြောင်းလျှောက်ထားလေသည်။ ထိုအခါ ဘုရားလောင်းသည် တပည့်ကြီးအား ရသေ့ငါးရာကိုအပ်နှင်းကာ ဟိမဝန္တာ၌နေစေပြီး ဘုရားလောင်းသည် ဥယျာဉ်တော်၌နေလေသည်။ ဘုရားလောင်း၏ တပည့်ကြီးသည် ကြီးစွာသောမင်းစည်းစိမ်တို့ကို စွန့်၍ရဟန်းပြုကာ ကသိုဏ်းပရိကံကို ပြု၍ရစ်ပါးသော သမာပတ်ကိုရရှိလေသည်။

တပည့်ကြီးသည် ဟိမဝန္တာတော၌ရသေ့ငါးရာတို့နှင့် ကျင့်ကြံအားထုတ်နေရာမှ တစ်နေ့တွင် ဘုရားလောင်း ဆရာရသေ့ကိုဖူးမြော်လိုစိတ်ကြောင့် ဥယျာဉ်တော်သို့ ကြွချီလာခဲ့သည်။ ဘုရားလောင်း ဆရာရသေ့ထံပါးသို့ရောက်ရှိသောအခါ ပျူငှာသောလောကဝတ်ကိုပြု၍ တစ်ခုသောအခင်းကိုခင်း၍ ဘုရားလောင်း ဆရာရသေ့ထံပါး၌သာ လျောင်း၍နေလေသည်။

ထိုအချိန်တွင် မင်းကြီးသည် ဘုရားလောင်းဆရာရသေ့အား ဖူးမြော်ရန် ဥယျာဉ်သို့ ရောက်ရှိ လာလေသည်။ တပည့်ကြီးရသေ့သည် မင်းကြီးအားမြင်သော်လည်း မထဘဲလျောင်းလျက်ဖြင့်ပင် သြော်–ချမ်းသာစွ၊ ချမ်းသာစွဟု ဝမ်းမြောက်သောစကားကို ကျူးရင့်၏။ မင်းကြီးလည်း မိမိအားမြင်ပါလျက်ဖြင့် မထဘဲအိပ်နေသောရဟန်းကိုမြင်၍ နှလုံးမသာမယာဖြစ်ကာ ဘုရားလောင်းအား လျှောက်ထားလေသည်။ ထိုအခါ ဘုရားလောင်း ရသေ့ကငင်းတပည့်ကြီးရဟန်းမှာ မင်းအဖြစ်မှ ရဟန်းပြုခဲ့ပြီး၊ မင်းဖြစ်စဉ်က အစောင့်အရှောက် အခြံအရံ စည်းစိမ်အပေါင်းတို့ကို ခံစားရသော်လည်း ချမ်းသာမှုကိုမရခဲ့၊ ယခုရဟန်းဘဝသို့ ရောက်သည့်အခါတွင်မှ ရဟန်းချမ်းသာကိုလည်းကောင်း၊ ဈာန်ချမ်းသာကိုလည်းကောင်း စွဲ၍ဥဒါန်းကျူးရင့်ခြင်းဖြစ်သည်။ ကာမဂုဏ်တို့၌ ငဲ့ကွက်ပျော်ပါးခြင်း မရှိသော သူသည် တစ်ယောက်ကိုတစ်ယောက်စောင့်ရှောက်ခြင်းမပြုရ၍ ချမ်းသာခြင်းကိုရရှိသည်၊ ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာထိုင်ရ၏၊ ချမ်းသာစွာလျောင်းရ၏။ ဤသို့ခပ်သိမ်းသော သေဏှရိယာပုတ်တို့၌ ချမ်းသာသည်သာဖြစ်ကုန်၏ဟု ဟောကြားတော်မူလေသည်။

မင်းကြီးလည်းဘုရားလောင်း၏ ဒေသနာတော်ကိုနာရ၍ဝမ်းမြောက်ကြည်ရွှင်စွာဖြင့် နန်းတော်သို့ပြန်၏။ တပည့်ကြီးရသေ့သည်လည်း ဘုရားလောင်းဆရာရသေ့ကို ရှိခိုး၍ ဟိမဝန္တာသို့ ပြန်ကြွတော်မူ၏။ ဘုရားလောင်းသည် ထိုဥယျာဉ်၌မယုတ်မလျော့သော ဈာန်ကိုကျင့်ခြင်းဖြင့် ဗြဟ္မာ့ပြည်၌ဖြစ်လေသည်။ မြတ်စွာဘုရားသခင်သည် ထိုအခါ ဘုရားလောင်း ဆရာရသေ့ဖြစ်ပြီး ဘဒ္ဒိယမထေရ်သည် ထိုအခါက တပည့်ကြီးဖြစ်ပေသည်။

# Thukhawihara Jataka

## (Bliss in a monk's life is greater than prosperity of a king)

While Buddha was on sojourn at the mango park at Anupiya, Baddhiya who became a monk from a king was heard to be saying it was so blissful, because he had lived in fear though in a fine bed in the palace, but now he was free of all danger, having attained a higher form of enlightenment.

Buddha said Baddhiya had said so before. On monks' request, Buddha gave the sermon of Thukhawihara Jataka.

Long ago, in King Byamadat's reign at Bayanathi, embryo-Buddha was Udiccha, a rich ponna. He saw sin in carnal desires and so became a monk in the Himalayas. His 500 friends also followed suit.

In the rainy season, he went on sojourn to Baranathi and asked the king to let him stay there for four months. The king readily consented and said he should stay there forever while letting his 500 friends live in the Himalayas. So the monk placed his disciple as head of the 500 hermits to live there. The disciple who became a recluse from kingship readily did so.

One day he wanted to see his friend the embryo-Buddha. So he went out there and stayed with his mentor.

At that time King Byamadat too came out to pay obeisance to the embryo-Buddha. The disciple, though he saw the king, just kept on in repose, and said it was bliss.

The king saw it and became irked. When he asked the embryo-Buddha, he said he became a monk from a king and he had not felt

bliss when he was king but he did when he became a monk and mastered a *jana.* He explained that those who did not seek carnal desires need no fear of protecting one another and so he had bliss in everything.

The king, satisfied, went back to the palace. The disciple paid obeisance to the mentor and went back to the Himalayas. The embryo-Buddha practised *jana* and was reborn in Byama plane of existence.

# နိဂြောဓထေရ်

## (အသက်ပေး၍ကယ်ဆယ်ခြင်း)

သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ရာဇဂြိုလ်ပြည်မှ သူဌေးသမီးတစ်ဦးသည် ခင်ပွန်းသည်က ခွင့်ပြုသဖြင့် ရဟန်းပြုလေသည်။ ထိုသူဌေးသမီးသည် မိဘများထံတွင်နေစဉ်ကပင် ရဟန်းပြုခွင့်တောင်းခံသော်လည်း မိဘများကခွင့်မပြုခဲ့ပေ။ အိမ်ထောင်ပြုပြီးခင်ပွန်းသည်နှင့်အတူတကွ နေထိုင်စဉ်၌ခင်ပွန်းကို ရိုသေ၍သီလနှင့်ပြည့်စုံပြီး ကောင်းသော အကျင့်ဖြင့်နေလေသည်။

ထိုအချိန်တွင် ရာဇဂြိုလ်ပြည်၌ နက္ခတ်သဘင်ဆင်ယင်ကျင်းပချိန်နှင့် ကြုံကြိုက်ခဲ့သည်။ မြို့သူအပေါင်းတို့ ပျော်ရွှင်အားရ နက္ခတ်သဘင်ကစားကြသည်။ သူဌေးသမီးသည်မိမိကိုယ်ကို မပြုမပြင် ပကတိအသွင်ဖြင့်နေလေသည်။ ခင်ပွန်းသည်ကအကြောင်းစုံကို မေးမြန်းသည့်အခါတွင် သူဌေးသမီးက ခန္ဓာကိုယ်သည် အပုပ်ကောင်မျှသာဖြစ်သည်ကြောင့် တန်ဆာဆင်ခြင်း မပြုသင့်သည်ကိုရှင်းလင်း ပြောကြားလေသည်။

ခင်ပွန်းသည်က သူဌေးသမီး၏ စကားကိုကြားလျှင် ခန္ဓာကိုယ်၏အပြစ်ကို မြင်ပါလျက် အဘယ်ကြောင့် ရဟန်းမပြုသနည်းဟု မေးလေသည်။ သူဌေးသမီးလည်း ခင်ပွန်းသည်ကခွင့်ပြုပါက ရဟန်းပြုလိုကြောင်း ပြောကြားလေလျှင် သူဌေးသားလည်းအလှူကြီးပေးကာ သူဌေးသမီးအား ရဟန်းပြုစေလေသည်။ ထိုသို့ရဟန်းပြုစဉ်တွင် သူဌေးသမီး၏ကိုယ်၌ သန္ဓေတည်၍နေသော်လည်း မသိရှိခဲ့ကြပေ။

ကာလကြာသည်နှင့်အမျှ ကိုယ်ဝန်မှာရင့်မာလာသည်။ ထိုအခါအတူနေ ရဟန်းမိန်းမတို့က ထိုသူဌေးသမီးရဟန်းမအား ဒေဝဒတ်ထံသို့ ခေါ်လာကာစစ်ဆေးကြလေသည်။ သူဌေးသမီးရဟန်းမကလည်း မိမိမည်သို့သန္ဓေတည်ခဲ့သည်ကို မသိရှိသော်လည်း ရဟန်းဘဝတွင် သီလစင်ကြယ်ကြောင်း ပြောကြားလေသည်။ ဒေဝဒတ်သည် ပညာမရှိသူဖြစ်သည့်အလျောက် ဤရဟန်းမိန်းမနှင့် ပတ်သက်၍ ကဲ့ရဲ့ကြပေတော့မည်ဟု တွေးတောစိုးရိမ်ကာ ရဟန်းမိန်းမကိုလူထွက်စေဟု ဆုံးဖြတ်ပေးလေသည်။ ထိုအခါရဟန်းမိန်းမက ဒေဝဒတ်သည်ဘုရားမဟုတ်၊ မိမိသည်သဗ္ဗညုမြတ်စွာဘုရားထံ၌ ရဟန်းပြုခဲ့သည် ဖြစ်၍လွယ်လင့်တကူ လူဝတ်မလဲနိုင်၊ ဘုရားထံမှအဆုံးအဖြတ်ကို ရယူမည်ဟုဆိုလေသည်။

ရဟာန်းမိန်းမတို့သည် ထိုရဟာန်းမိန်းမကို မြတ်စွာဘုရားသီတင်းသုံးရာ ရာဇဂြိုလ်ပြည်မှ ၄၅ ယူဇနာကွာဝေးသော ဇေတဝန်ကျောင်းတော်သို့ခေါ် ဆောင်လာပြီး မြတ်စွာဘုရားကိုရှိခိုးလျက် အကြောင်းစုံကို လျှောက်ထားကြလေသည်။ မြတ်စွာဘုရားသည် ဤရဟာန်းမိန်းမငယ်သည် လူဖြစ်စဉ်က ကိုယ်ဝန်တည်ခဲ့သည်ကို သိသော်ငြားလည်း မင်းနှင့်တကွပရိသတ်တို့အလယ်၌ ဤတရားကိုဆုံးဖြတ်သင့်သည် ဟုကြံတော်မူ၏။ ထိုသို့ကြံတော်မူသည်နှင့်အညီ ပသေနဒီကောသလမင်း၊ မဟာအနာထပိဏ်သူဌေး၊ စူဠအနာထပိဏ်သူဌေး၊ ဝိသာခါဒါယိကာမကြီးနှင့်တကွ ကျော်စောထင်ရှားသော ပုဂ္ဂိုလ်တို့ကိုခေါ်စေပြီး အရှင်ဥပါလိမထေရ်အား ရဟာန်းမိန်းမ၏အမှုကို စီရင်စေလေသည်။

အရှင်ဥပါလိလည်း မင်း၏ရှေ့၌ပင် ဝိသာခါဒါယိကာမကြီးအား ရဟာန်းမ၏ဖြစ်ရပ်ကို သိအောင် ပြုလော့ဟု အမှုကိုအပ်နှင်းလေသည်။ ဝိသာခါဒါယိကာမကြီးလည်း စစ်ဆေးရာလူဖြစ်စဉ်ကာလက သန္ဓေရသည့်အဖြစ်ကို သိရှိရလေသည်။ ထိုအခါရှင်ဥပါလိသည် ပရိသတ်လေးပါးအလယ်၌ ရဟာန်းမိန်းမ သည် သန့်ရှင်းစင်ကြယ်သည်ဟုဆိုလေလျှင် ရဟာန်းမိန်းမလည်း၊ ရဟာန်းသံဃာတို့အား ရှိခိုး၍ကျောင်းသို့ ပြန်လေသည်။

အချိန်စေ့သောအခါ ထိုရဟာန်းမသည် သားကိုဖွား၏။ မင်းကြီးသည် ထိုသားငယ်အား မင်းသားတို့၏အခြံအရံ အစောင့်အရှောက်ဖြင့်ကြီးစေသည်။ ထိုသူငယ် ကို မင်းသားတို့၏ အခြံအရံအစောင့်အရှောက်ဖြင့်ကြီးစေသောကြောင့် ကုမာရကဿပဟု တွင်လေသည်။ ကုမာရကဿပသည် ခုနစ်နှစ်အရွယ်တွင် မြတ်စွာ ဘုရားထံတော်၌ သာမဏေပြုပြီး အသက်နှစ်ဆယ် ပြည့်သောအခါ ပဉ္စင်းအဖြစ် ခံယူသည်။ နောင်သောအခါ အရှင်ကုမာရကဿပမထေရ်သည် ဓမ္မကထိကပုဂ္ဂိုလ် ဖြစ်လာပြီး မြတ်စွာဘုရားသခင်က ဧတဒဂ်အရာ၌ထားကော်မူခြင်းကိုခံရသည်။

ရဟာန်းအပေါင်းတို့က ကုမာရကဿပမထေရ်နှင့် မယ်တော်ရဟာန်းမတို့သည် မြတ်စွာဘုရားသခင်၏ ခန္တီမေတ္တာဂရုဏာတို့နှင့်ပြည်စုံတော်မူ၍ ဒေဝဒတ်၏ ဖျက်ဆီး ခြင်းမှ ကင်းလွတ်ခဲ့သည်တို့ကို စည်းဝေး ပြောဆိုနေကြလေသည်။ ထိုအချိန်တွင် မြတ်စွာဘုရားသခင်ကြွရောက်လာပြီး၊ ငါဘုရားသည် ယခုအခါ၌သာ ဤသားအမိ နှစ်ဦး၏ မှီခိုအားထားကိုးကွယ်ရာဖြစ်တော်မူသည်မဟုတ်၊ ရှေး၌လည်းဖြစ်ခဲ့ဖူးကြောင်း မိန့်တော်မူလေသည်။ ထိုအခါရဟာန်းတို့က ထိုအကြောင်းကိုထင်ရှားစွာပြဆို ဟောကြားတော်မူရန် လျှောက်ထားတောင်းပန်ကြသဖြင့် မြတ်စွာဘုရားသခင်သည် ဤနိဂြောဓဇာတ်ကို ဟောကြားတော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုနေချိန်တွင် ဘုရားလောင်းသည် သမင်မျိုး၌ ပဋိသန္ဓေယူလေသည်။ ဘုရားလောင်းသမင်သည် သမင်ငါးရာ ခြံရံလျက် တောခွ်၌နေ၏။ အမည်မှာနိဂြောဓသမင်မည်၏။ သမင်ငါးရာ အခြံအရံရှိသော သာခမိဂအမည်ရှိ သမင်သည်လည်း နိဂြောဓ သမင်နေရာအရပ်အနီးတွင် နေလေသည်။

ဗာရာဏသီမင်းသည် သမင်လိုက်ခြင်း ဝါသနာကြီးပြီး အမဲမပါဘဲ ထမင်းစားလေ့ မရှိပေ။ ထို့ကြောင့် လူတို့သည်အလုပ်ပျက်၍ သမင်လိုက်ခြင်းအလုပ်ကိုသာ လုပ်ဆောင်နေကြ ရသည်။ လူတို့သည် သမင်လိုက်ရခြင်းကြောင့် လုပ်ငန်းများပျက်ကြရသည်ဖြစ်၍ သမင်များကို ဥယျာဉ်တော်အတွင်းသို့သွင်းထားရန် စုဝေးတိုင်ပင်ကြလေသည်။ အားလုံးသဘောတူ ညီညွတ် ကြသဖြင့် သမင်များစွာတို့ကို ဥယျာဉ်တော်တွင်းသို့စုရုံးမောင်းသွင်းပြီး လေသည်။ ထိုနောက်မင်းကြီးအား ဥယျာဉ်တော်အပြည့် သမင်ထည့်သွင်းထားပြီးကြောင်း လျှောက်ထားကြ၏။

မင်းကြီးလည်း ဥယျာဉ်တော်သို့လာရောက်ကြည့်ရှုရာ ဘုရားလောင်းနိဂြောဓသမင်နှင့် သာခသမင် တို့နှင့်အတူသမင်ပေါင်း တစ်ထောင်ကိုတွေ့ရလေသည်။ မင်းကြီးသည် အလွန်တင့်တယ်သော နိဂြောဓရွှေသမင်နှင့် သာခရွှေသမင်တို့ကို ဘေးမဲ့ပေး၏။ ထိုနေ့မှစပြီး မင်းကြီးသည် ကိုယ်တော်တိုင်သော်လည်းကောင်း၊ စားတော်ချက်ကိုလည်းကောင်း စေလွှတ်၍ ဥယျာဉ်တွင်းမှ နေ့စဉ်သမင်ကို ပစ်၍ယူဆောင် လေသည်။ သမင်တို့သည် လေးကိုမြင်၍ ကြောက်လန့်ကာပြေးကြ၏။ အချင်းချင်းထိခိုက်ကာ အနာတရဖြစ်ကြသည့်အပြင် သေခြင်း သို့လည်း ရောက်ကြရလေသည်။ ထိုအကြောင်းကို ဘုရားလောင်း နိဂြောဓသမင်သိလေလျှင် သာခသမင်မင်းနှင့် တိုင်ပင်၍ မိမိတို့ အစုအဖွဲ့မှ တစ်ကောင်စီအလှည့်ကျ စဉ်းတီတုံး၌ လည်ကိုထား၍ အိပ်စေသည်။

**တစ်နေ့သောအခါ သာခသမင်၏အဖွဲ့မှ သန္ဓေရှိသော သမင်မအလှည့်သို့ ကျရောက်လေသည်။ သမင်မလည်း မိမိတွင်သန္ဓေရှိနေခြင်းကြောင့် သားဖွားပြီးမှ မိမိအလှည့်သတ်မှတ်ပေးရန် သာခသမင်အား တောင်းပန်စကားဆိုလေသည်။ သို့သော် သာခသမင်ကလက်မခံသဖြင့် သမင်မသည် ဘုရားလောင်း နိဂြောဓသမင်ထံပါးသို့ ချဉ်းကပ်အသနားခံလေသည်။ နိဂြောဓသမင်သည် သမင်မ၏အလှည့်ကို လွှန်စေပြီး ကိုယ်တိုင်စဉ်းတီတုံးတွင် လည်စင်း၍အိပ်လေသည်။ ထိုအချင်းအရာကို စားတော်ချက်က မင်းကြီးအား လျှောက်ထားလေသည်။ မင်းကြီးလည်းကိုယ်တော်တိုင် လာရောက်ပြီး နိဂြောဓသမင်အား ဘေးမဲ့ပေးထား ပါလျက် အဘယ့်ကြောင့်စဉ်းတီတုံးပေါ် လာအိပ်ရသည်ကို မေးမြန်းလေသည်။ နိဂြောဓသမင်မင်းက ကိုယ်ဝန်ရှိသော သမင်မ၏အလှည့်ကို လွှန်စေလိုသည့် အကြောင်းစုံကို ပြောကြားကာ မိမိအားယူလော့ဟု ဆိုလေသည်။**

ထိုအခါမင်းကြီးသည် နိဂြောဓသမင်မင်း၏ ခန္ဓာ၊ မေတ္တာ၊ ဂရုဏာတို့ကို လွန်စွာကြည်ညို သဖြင့် သမင်မင်းနှင့်အတူ သမင်မတို့အား ဘေးမဲ့ပေးလေသည်။ ထို့အပြင်မင်းကြီးက ဥယျာဉ်တွင်ရှိ အခြားသမင်များသာမက၊ တောဌ်ရှိသော သမင်အပေါင်းတို့အား ဘေးမဲ့ပေးလေသည်။ နိဂြောဓသမင်က သမင်အပေါင်းတို့ကိုဘေးမဲ့ပေးပြီးသည့်နောက်တွင် ခြေလေးချောင်းသတ္တဝါ အပေါင်းတို့နှင့်တစ်ကွ ရေသတ္တဝါတို့အားလည်း မည်သို့ထားမည်ကို မေးသည့်အခါ မင်းကြီးကဘေးမဲ့ပေးကြောင်း ဝန်ခံလေသည်။ ထိုအခါဘုရားလောင်းသမင်မင်းသည် မင်းကြီးအားသီလဆောက်တည်၍တရားကိုစောင့်ရန် အဆုံးအမတရားဟောကာ သမင်အပေါင်းခြံရံလျက်တောသို့ဝင်လေသည်။

သမင်မလည်းမကြာမီ အလွန်လှပတင့်တယ်သော သမင်ငယ်ကိုမွေးဖွား၏။ ထိုသမင်ငယ်သည် မြူးရွှင်လျက် သာခသမင်ထံသို့သွားသည်ကို မြင်သောအမိသမင်မက ချစ်သားသင်သည် သာခသမင်ထံသို့မသွားနှင့် နိဂြောဓသမင်မင်းထံသို့သာ သွားလေ၊ နိဂြောဓသမင်ထံ၌သေခြင်းသည် သာခသမင်ထံ၌အသက်ရှင်နေရခြင်းထက် မြတ်သေးသည်ဟုဆိုလေသည်။

ထိုအချိန်တွင် ဘေးမဲ့ရကြသော သမင်တို့သည် လူတို့၏ ကောက်တို့ကိုစားကြ၏။ လူအပေါင်း တို့ကလည်း ဤသမင်များသည် ဘေးမဲ့ရထားကြသဖြင့် ပစ်ခတ်ခြင်း၊ ခြောက်လန့်ခြင်း မပြုဝံ့ကြချေ။ မင်းရင်ပြင်၌ စည်းဝေး၍မင်းကြီးအား လျှောက်ထားကြလေသည်။ မင်းကြီးလည်း မိမိသည်နိဂြောဓ သမင်ကိုကြည်ညို၍ ဘေးမဲ့ပေးခဲ့ပြီး ကတိကိုမဖျက်လိုကြောင်း မိန့်တော်မူလေသည်။ နိဂြောဓသမင်မင်း သည်ထိုစကားကိုကြားလျှင် သမင်အပေါင်းတို့အား စုဝေးကြစေပြီးလျှင် ဆုံးမစကားဆိုကာ လူတို့၏ ကောက်ကိုမစားရန်တားမြစ်ဆုံးမ၍ လူတို့အားလည်း သစ်ရွက်အမှတ်အသားကို ပြုစေပြီးသမင်အပေါင်း တို့အား ထိုသစ်ရွက်အမှတ်အသားကို လွန်၍မသွားရန်တားမြစ်လေသည်။

ဘုရားလောင်းသည် ဤသို့သမင်အပေါင်းကို ဆုံးမပြီး၍အသက်အပိုင်းအခြား ကာလပတ်လုံး သမင်တို့နှင့်တကွ ကောင်းရာသို့လားကြရပြီး၊ မင်းကြီးသည်လည်း ဘုရားလောင်း၏ အဆုံးအမ၌တည်၍ ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာလား၏။

ထိုအခါက သာခသမင်သည် ဒေဝဒတ်၊ သာခသမင်၏ အခြံအရံများသည် ဒေဝဒတ်၏ အခြံအရံ၊ ထိုအခါကသမင်မသည် ယခုရဟန်းမ၊ ထိုအခါကသမင်သားသည် ယခုကုမာရကဿပ မထေရ်တို့ဖြစ်ကြပြီး၊ ယခုအခါ အာနန္ဒာသည် ထိုအခါက ဗာရာဏသီမင်းဖြစ်ပြီး၊ မြတ်စွာဘုရားသည် ထိုအခါက နိဂြောဓသမင်မင်း ဖြစ်လေသည်။

# Nijoda Jataka

## (Giving a life to save another)

While Buddha was on sojourn at Zetawun in Thawutthti, a woman from Yazagyo with due permission from the husband joined the religious order. She tried earlier but her parents did not give her permission. Then she got married, lived with him, respecting him and keeping good conduct.

At that time it was astrological festival in Yazagyo. Townsfolks enjoyed the festival but she was unperturbed. When her husband asked, she explained that the body was just a carrion and should not therefore be beautified.

The husband asked why then she did not join the religious order. She said she would if he permitted. The man gave his permission and had her join the order with a great feast. Although she did not know it, she was by then pregnant.

In due course, the pregnancy became strong. Women living with her took her to Devadat for questioning. She did not know how it came about but she knew she was untainted in conduct in the order. Devadat was a foolish one; he feared criticism and so ordered the woman to renounce the order. She said Devadat was no Buddha. She had taken the order with Buddha and she would renounce it only with his consent.

The women took her to Zetawun, 45 yozanas from Yazagyo, and met the Buddha. Buddha knew she had conception before she joined the order but thought it should be decided before the king and all men. So he called upon Pathenadi Kawthala King, Maha Anahtapain Rich Man, Sula Anahtapain Rich Man, Disciple Withakha and other famous persons to decide the case, under the leadership of Ashin Upali.

Ashin Upali assigned Withakha to reveal the woman's case. Withakha knew she had conception before her ordination. She declared that the woman was of purity. So the woman paid obeisance to the Sangha and went back to the monastery.

In time the woman gave birth to a child. The king had him brought up like a prince, calling him Kumara Kathapha. He became a novice when he was seven and he was ordained when he came of age. Later he became Buddha's wisest in Dhamma.

Monks were discussing Buddha's khanti, metta and karuna and Devadat's destructive actions when Buddha came upon there and told them the mother and the son were dependent upon him not just then but much earlier. Asked by the monks, Buddha delivered this Nijoda sermon.

Long ago, under the reign of King Byamadat in Baranathi, embryo-Buddha took conception as a deer. He grew up to be Nijoda Deer with 500 followers. There was also a deer named Thakhamiga with 500 followers near by.

The king of Baranathi was fond of deer hunting and he took no rice without meat. So people were having to hunt for deer, leaving all else. Finally they got together to discuss rounding up all deer in the park. They agreed and did so, reporting it to the king.

The king met Nijoda, Thakha and 1000 deer in the park. The two leading deer were so graceful that he gave them sanctuary. The others he took by hunting himself or by others. The deer feared the bow and ran in fear, getting hurt or dying. Hearing of it Nijoda and Thakha got together and arranged to have one deer each from each group to take turns to get the neck to the block.

One day, the turn fell upon a deer with conception. She pleaded with Thakha to let her be until after delivery. Thakha refused and so she pleaded with Nijoda. The embryo-Buddha let her go and went in her stead. The cook reported it to the king. He asked why Nijoda did so. Nijoda explained all and asked him to take his life.

The king was so pleased by the king deer's khanti, metta and karuna that he spared both lives. He also spread his sanctuary to all deer in the forest, including those in the park. Nijoda asked about other four-legged animals and fishes. The king also admitted giving sanctuary to them too. The king deer asked him to keep good conduct and dhamma, and went to the forest.

The young deer gave birth to a beautiful male deer. The deer went prancing to Thakha. His mother told him not to go to her but go to Nijoda as it would be nobler to die under Nijoda than to live under Thakha.

At that time, deer in sanctuary ate crops for men. As they could not get at the deer, the men assembled and reported it to the king. The king said he did not want to go back on his word to Nijoda. Hearing of it, Nijoda gathered all the deer and asked them not to take crops for men, and also not to go beyond the area marked with leaves.

The king deer and his followers lived their lives to be reborn in better planes and so did the king as he lived by his sermon.

Thakha deer was Devadat, the deer with conception was the woman in monkhood with conception, and the son deer was Kumara Katthapha, King Baranathi became Ananda, Nijoda became Buddha.

# ကဏ္ဍိဇာတ်
## (ကာမဂုဏ်နောက်လိုက် ဒုက္ခဆိုက်)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ရဟန်းတစ်ပါး သည် မယားဟောင်း၏ ဖြားယောင်းမှုကြောင့် ရဟန်းဘဝကို ငြီးငွေ့မိသည်။ ထိုသို့ရဟန်းဘဝကို ငြီးငွေ့ကြောင်းမြတ်စွာဘုရားသခင်က သိတော်မူသောအခါ ထိုရဟန်းအား သင်သည်ရှေး၌လည်း မိန်းမကြောင့်အသက်ဆုံးခဲ့ရပြီး မီးကျီးစု၌ ကျက်ခဲ့ရလေပြီဟု မိန့်တော် မူလေသည်။ ထိုအခါရဟန်းအပေါင်းတို့က ထိုအကြောင်းကို ထင်ရှားစွာပြဆိုဟောပြောတော်မူရန် မြတ်စွာဘုရားအားတောင်းပန် လျှောက်ထား ကြလေသည်။ ထို့ကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ဘဝတစ်ပါးဖုံးလွှမ်းသော ဤကဏ္ဍိဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ မဂဓတိုင်းရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည်မင်းပြု၏။ မဂဓ ပြည်သူတို့သည် ကောက်မှည့်သောအချိန်တွင် သမင်တို့၏ဘေးဖြင့်ကြီ့ရ၏။ ထိုသို့ ကောက်မှည့်ကို လာရောက်ဖျက်ဆီး စားသုံးနေသော သမင်များသည် တောင်ခြေရင်း၌ နေကြ၏။ ထိုသမင်များအနက်မှ သမင်မိုက်သည် ရပ်စွန်ရပ်နား၌နေသော သမင်မငယ်ကို နှစ်သက် လေသဖြင့် တောတောင်သို့မပြန်ဘဲ ထိုရွာနီးနေ သမင်တို့နှင့်အတူ ရွာ၏ အနီးသို့လိုက်ပါ၏။

သမင်မငယ်က ထိုသမင်မိုက်အား တောတောင်၌နေသောသမင်ဖြစ်၍ ရွာနီးသို့ မလိုက်သင့်ကြောင်းပြောဆိုသည်။ ထိုသမင်မိုက်သည် သမင်မငယ်ကိုနှစ်သက်နေ သည်ကြောင့် တောသို့မပြန်ဘဲ သမင်မငယ်နောက်သို့သာ လိုက်ပါလာသည်။ မဂဓတိုင်းသား တို့ကလည်း သမင်များတောင်မှ ဆင်းလာချိန်ဖြစ်သည်ကိုသိရှိ၍ ပုန်းကွယ်စောင့် ဆိုင်းနေကြလေသည်။

ထိုသမင်မိုက်နှင့် သမင်ငယ်တို့လာရာလမ်းတွင်လည်း မုဆိုးတစ်ဦးက ပုန်းကွယ် စောင့်ဆိုင်း လျက်ရှိနေသည်။ သမင်မငယ်သည် လူနံ့ရ၍မုဆိုးတစ်ဦး စောင့်ဆိုင်းနေသည်ကို သိရှိလေသည်။ ထို့ကြောင့် သမင်မငယ်သည် ထိုသမင်မိုက်ကိုရှေ့ကသွားစေပြီး ၎င်းကမူနောက်ကလိုက်၏။ မုဆိုးသည် ထိုသမင်မိုက်ကို တွေ့မြင်ကာ မြားဖြင့်ပစ်၍ ထိုသမင်မိုက်သည် နေရာ၌ပင်မြားထိမှန်ပြီး လဲလေသည်။ သမင်မငယ်သည်

ထိုသမင်မိုက်အား မြားမှန်သည်ကိုမြင်လျှင် ခုန်လွှားလျက် လေကဲ့သို့လျင်မြန်ခြင်း အဟုန်ဖြင့်ပြေးလေသည်။ မုဆိုးသည် ပုန်းကွယ်ရာမှထွက်လာပြီး ထိုသမင်မိုက်ကိုဖျက်ပြီးလျှင် မီးကျီး၌ထည့်၍ ကင်စားကာ ကျန်သောအသားများကို သားမယားတို့အား ကျွေးမွေးရန်နေအိမ်သို့ သယ်ယူသွား၏။

ထိုဖြစ်ရပ်ကိုဘုရားလောင်း ဖြစ်တော်မူသော ရုက္ခစိုးသည်မြင်တွေ့သည်။ ထိုသမင်မိုက်သည် ကာမကိုအမှီပြု၍ သေရခြင်းဖြစ်သည်။ သတ္တဝါတို့သည် ကာမဂုဏ်ကြောင့် သုဂတိလက်ဖြတ်ခြင်း အစရှိသောဆင်းရဲသို့လည်းကောင်း၊ ဒုဂ္ဂတိ၌ငါးပါး အပြားရှိသော အနှောင်အဖွဲ့ဖြင့် အစရှိသောဆင်းရဲခြင်း သို့လည်းကောင်း ရောက်ကြကုန်သည်။ မိန်းမကြီးမှူးသော ဇနပုဒ်ကိုကဲ့ရဲ့အပ်သည်။ မိန်းမအလိုသို့ လိုက်ပါသော သတ္တဝါတို့အား ကဲ့ရဲ့ရှုတ်ချအပ်သည် ဟူသောဂါထာဖြင့် သုံးပါးသောဂရဟာဝတ္ထုတို့ကို ဟောပြော တော်မူလေလျှင် တောစောင့်နတ်အပေါင်းတို့သည် ကောင်းချီးပေးရာ တောအုပ်အတွင်း ပဲ့တင်ထပ်စေပြီး နံ့သာပန်းအစရှိသည်တို့ဖြင့် ဘုရားလောင်း ရုက္ခစိုးအား ပူဇော်လေသည်။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်၍ သစ္စာလေးပါးကို ပြ၍ဟောပြောသည်၏အဆုံး၌ မယားဟောင်းဖြားယောင်း၍ ရဟန်းဘဝငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

မယားဟောင်းဖြားယောင်း၍ ငြီးငွေ့သောရဟန်းသည် ထိုအခါက တောင်၌နေသောသမင်မိုက်ဖြစ်ပြီး ငြီးငွေ့သောရဟန်း၏ မယားဟောင်းသည် ထိုအခါက သမင်မယ်ဖြစ်လေသည်။ ကာမဂုဏ်၏အပြစ်ကိုပြ၍ ဟောပြောခဲ့သော ရုက္ခစိုးသည် ယခုမြတ်စွာဘုရားဖြစ်ပေသည်။

# Kanti Jataka

## (Suffering for pursuing carnal desires)

Buddha was on sojourn at Zetawun Monastery when a monk grew tired of monkhood because of his wife's persuasions. Knowing it, Buddha reminded him that because of a woman he had earlier lost his life and got burnt in cinders. Asked by the monks, Buddha delivered this sermon.

Long ago, King Magada reigned in Yazagyo of Magada Taing. At harvest time, people suffered from the scourge of deer. They lived at the foothills. A foolish deer stayed near the outskirts of the village as he fell in love with a young deer out there.

The female deer told him he should not follow her to the outskirts of the village as he was a mountain deer but the latter was so infatuated with her that he just followed her.

When the foolish deer and the female deer came, a hunter was lying in wait. The female deer knew that, and so sent the foolish deer ahead. The hunter felled him with his bow and arrow. Seeing that the female fled. The hunter killed the foolish deer and made a meat roast of that taking the rest of the meat home.

The embryo-Buddha was a guardian of botany. He saw all that and said suffering resulted from pursuing carnal desires. It was heard and extolled by the nats of the forest.

Buddha gave this sermon and preached the Four Noble Truths. The monk who was made boring of monkhood by his former wife reached a higher stage of enlightenment.

The foolish deer was that monk and the female deer was the monk's former wife.

# ဝါတမိဂဇာတ်

## (ရသတဏှာကို အစွဲပြု၍ရဟန်းဘဝမှလျှောကျခြင်း)

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်သူဌေးသား တိဿသူငယ်သည် မိဘတို့ထံရဟန်းပြုခွင့်တောင်း၏။ မိဘတို့က ခွင့်မပြုသဖြင့်ခုနစ်ရက် အာဟာရမမှီဝဲဘဲနေသဖြင့် မိဘတို့ကခွင့်ပြုရသည်။ တိဿလူငယ်သည် မိဘတို့ခွင့်ပြုချက်ရလျှင် မြတ်စွာဘုရားထံ ရဟန်းအဖြစ်တောင်း ပန်၏။ မြတ်စွာဘုရားသည် တိဿသူဌေးသားကို ရဟန်းပြုပေးပြီး တစ်လခွဲပတ်လုံး ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

တိဿမထေရ်သည် ခုတင်တစ်ဆယ့်သုံးပါးကို ဆောက်တည်၍ သာဝတ္ထိပြည်၌ အိမ်စဉ်အတိုင်း ဆွမ်းခံလျက်နေရာ စူဠပိဏ္ဍပါတိကတိဿမထေရ်ဟူ၍ ဘုရားသာသနာ တော်၌ထင်ရှားကျော်စောလေသည်။ ရာဇဂြိုဟ်ပြည်၌ နက္ခတ်သဘင်ကစားချိန် ရောက်ရှိ သောအခါတိဿမထေရ်၏ မိဘတို့သည် သားကိုသတိရသဖြင့် လူ့ဘဝအဝတ်တန်ဆာ များကိုရင်တွင်ပိုက်လျက်တမ်းတငိုကြွေးကြလေသည်။

ပြည့်တန်ဆာမတစ်ဦးသည် ထိုအိမ်သို့ရောက်ရှိလာပြီး၊ သူဌေးသားမိဘများအား နေအိမ်၌ရှိသောဥစ္စာတို့ အားလုံးကိုပေးမည်ဆိုပါက တိဿသူဌေးသားအား နေအိမ်သို့ပြန် လည်ခေါ်ဆောင်ပေးမည်ဟုဆိုလေသည်။ သူဌေးသားမိဘတို့က ဝန်ခံ၍ပြည့်တန်ဆာမ သည် များစွာသောအခြံအရံတို့ဖြင့် သာဝတ္ထိပြည်သို့ သွားလေသည်။ သာဝတ္ထိပြည်သို့ ရောက်ရှိလျှင် တိဿမထေရ် ဆွမ်းခံကြွရာလမ်း၌ရှိသော နေအိမ်ကိုရယူလေသည်။

ပြည့်တန်ဆာမသည် မိမိအခြံအရံတို့ ဝန်းရံလျက်တိဿမထေရ် ဆွမ်းခံကြွလာသော အခါ အရသာနှင့်ပြည့်စုံသော ယာဂုဆွမ်းတို့ကို လှူဒါန်းလေသည်။ တိဿမထေရ်သည် ကပ်လှူသောယာဂုဆွမ်းတို့အပေါ် ရသတဏှာစွဲ၍ တပ်မက်ခြင်းဖြစ်လေသည်။ အစဉ်ဖြင့်

ဤသို့ဆွမ်းကိုလှူခြင်းဖြင့် တိဿမထေရ်သည် မိမိအပေါ်ကျွမ်းဝင် ယုံကြည်မှုရှိလာချိန်တွင် ပြည့်တန်ဆာမသည် နေမကောင်းဟန်ပြု၍ အိပ်ရာတွင်နေလေသည်။ တိဿမထေရ်ကြွရောက်လာချိန်တွင် အခြံအရံတို့ကပြည့်တန်ဆာမ နေမကောင်း၍အိပ်ရာ၌ လှဲနေကြောင်း၊ တိဿမထေရ်အား ဖူးလိုကြောင်း လျှောက်ထားကြလေသည်။ မထေရ်သည် စွဲကပ်နေသော ရသတဏှာကြောင့် မိမိဆောက်တည်ထားသော ဝတ်ကိုဖျက်၍ ပြည့်တန်ဆာမ၏ အိပ်ရာသို့ ဝင်လေ၏။ ပြည့်တန်ဆာမသည် မထေရ်အားဖြားယောင်းကာ ရသတဏှာဖြင့် နှောင်ဖွဲ့လျက် လူထွက်စေသည်။ မိမိအလိုသို့လိုက်ပါကာ လူထွက်သော တိဿမထေရ်အား ပြည့်တဆာမသည် များစွာသောအခြံအရံတို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ ပြန်ခေါ်လာလေသည်။

ရဟန်းအပေါင်းတို့သည် ‌ စူဠပိဏ္ဍပါတိကတိဿမထေရ်ကို ပြည့်တန်ဆာမသည် ရသတဏှာဖြင့် နှောင်ဖွဲ့လျက် လူထွက်စေခဲ့ကြောင်းကို စည်းဝေးပြောဆိုနေကြသည်။ မြတ်စွာဘုရားသခင် ကြားသောအခါ ထိုရဟန်းသည် ရှေးအခါကလည်း ရသတဏှာ၏ အလိုသို့လိုက်ဖူးခဲ့ပေသည်ဟု မိန့်တော်မူလျက် အတိတ်ကို ဆောင်တော်မူ၍ ဤဝါတမိဂဇာတ်တော်ကို ဟောကြားလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုချိန်တွင် သဉ္စယအမည်ရှိသော ဥယျာဉ်စောင့်တစ်ဦးရှိ၏။ ဝါတမိဂ (သမင်ပျို)သည် ထိုဥယျာဉ်သို့ရောက်ရှိလာရာ သဉ္စယအားမြင်လျှင် ထွက်ပြေးလေသည်။ သဉ္စယသည် ဝါတမိဂကို မြင်သော်လည်း ခြိမ်းခြောက်နှင်လွှတ်ခြင်းမပြုဘဲနေသဖြင့် ဝါတမိဂသည် ဥယျာဉ်သို့အကြိမ်ကြိမ် လာရောက်ကျက်စားလေသည်။

ဥယျာဉ်စောင့်သည် ဥယျာဉ်မှ အထူးထူးအပြားပြားသော ပန်း၊ သစ်သီးတို့ကို နေ့စဉ် မင်းအား ဆက်သရသဖြင့် တစ်နေ့တွင် မင်းကြီးက ဥယျာဉ်တွင်း၌ ထူးဆန်းအံ့ဩဖွယ်ရှိမရှိကို မေးလေသည်။ ဥယျာဉ်မှူးက အခြားထူးခြားမှုမရှိသော်လည်း ဝါတမိဂသည် လာရောက်ကျက်စားလျက်ရှိကြောင်း လျှောက်ထား လေသည်။ မင်းကြီးက ထိုဝါတမိဂကို ဖမ်းနိုင်ခြင်းရှိမရှိ မေးမြန်းသည့်အခါ ဥယျာဉ်မှူးက အနည်းငယ်သော ပျားရည်ကိုရရှိပါက ဝါတမိဂကိုဖမ်း၍ နန်းတွင်းသို့သွင်းနိုင်ပါကြောင်း လျှောက်ထားလေသည်။ မင်းကြီးသည် ဥယျာဉ်စောင့်အား ပျားကိုပေးစေသည်။ ထိုအခါ ဥယျာဉ်စောင့်သည် ပျားကိုယူ၍ ဥယျာဉ်တွင်းမှမြက်များကို ပျားဖြင့်လူးပြီး ပုန်းအောင်းနေ၏။ ဝါတမိဂသည် ဥယျာဉ်သို့ရောက်၍ ပျားလူးမြက်ကို စားရသောအခါ ရသတဏှာဖြင့်နှောင်ဖွဲ့ကာ

**အခြားအရပ်သို့မသွားတော့ဘဲ ဥယျာဉ်၌သာလျှင် လာနေသည်။** ဥယျာဉ်စောင့် သည် ပျားလူးမြက်ကို ဝါတမိဂ တပ်မက်သောအဖြစ်ကိုသိရှိသောအခါ ပျားလူးမြက်ကို မိမိလက်ပေါ်တင်၍ ကျွေးရန်ကြိုးစားလေသည်။ ဝါတမိဂသည် ဥယျာဉ်စောင့်အား ကြောက်လန့်၍ တစ်ကြိမ်၊ နှစ်ကြိမ် ထွက်ပြေးပြီးနောက်တွင် အကျွမ်းဝင်ခဲ့ကြသည်။

ထို့နောက် ဥယျာဉ်စောင့် သဉ္စယသည် ဥယျာဉ်မှ မင်းအိမ်သို့ရောက်သည့်တိုင်အောင် ဖျာများဖြင့် ကာရံစေသည်။ လမ်းတစ်လျှောက် ပျားလူးမြက်တို့ကို ဝါတမိဂ၏ရှေ့မှ ကြဲလျက်သွား၏။ ဝါတမိဂလည်း ပျားလူးသောမြက်တို့ကိုတပ်မက်၍ ရသတဏှာစိတ်ဖြင့် လိုက်ပါလာခဲ့ရာ မင်းအိမ်အတွင်းသို့ ရောက်ရှိသွားလေသည်။ အိမ်အတွင်းသို့ ဝါတမိဂရောက်သည်နှင့် တံခါးပိတ်စေသည်။ ဝါတမိဂသည် လူတို့ကိုမြင်သောအခါ တုန်လှုပ်ကာ သေဘေးကိုကြောက်၍ နန်းတွင်းမင်းရင်ပြင်၌ ပြေးလွှားနေလေသည်။

ထိုအချိန်တွင် မင်းကြီးသည် ပြာသာဒ်မှဆင်းသက်တော်မူလာပြီး တုန်လှုပ်နေသော ဝါတမိဂကိုမြင်လျှင် ဝါတမိဂသမင်သည် လူတို့မြင်ရာအရပ်သည် ထိတ်လန့်ဖွယ်ရာ အရပ်ဖြစ်၍ လာလေ့မရှိသော်လည်း ရသတဏှာ၏နှောင်ဖွဲ့မှုကြောင့် ဤအရပ်သို့ ရောက်ရှိလာပေသည်။ လောက၌ ရသတဏှာသည် ယုတ်မာသော သဘောရှိပေသည်။ နေရာ၌ တပ်မက်မှု၊ မိတ်ဆွေ၌ခင်တွယ်မှုတို့ထက် ပိုမိုယုတ်မာပေသည်။ တောချုံကိုအမှီပြု နေတတ်သော ဝါတမိဂသည် ဥယျာဉ်စောင့်သဉ္စယ၏ ရသတဏှာဖြင့် နှောင်ဖွဲ့ခြင်းကိုခံရပြီး ဤအရပ်သို့ ရောက်ရှိလာရပေသည်ဟု ရသတဏှာ၏အပြစ်ကို ဟောပြော၏။ ထို့နောက် ဝါတမိဂသမင်ကို တောသို့ ပြန်လည်ပို့စေ၏။

မြတ်စွာဘုရားသခင်သည် ထိုအခါက ဗာရာဏသီမင်းဖြစ်ပြီး၊ စူဠပိဏ္ဍပါတိက မထေရ်သည် ထိုအခါက ဝါတမိဂသမင်ဖြစ်ကာ၊ ပြည့်တန်ဆာမသည် ထိုအခါက ဥယျာဉ်စောင့်သဉ္စယဖြစ်ပေသည်။

# Watamiga Jataka

**(Having to forego monkhood for sensual attachments)**

While Buddha was at Weluwun Monastery of Yazagyo, rich man's son Teiktha wanted to become a monk but did not get permission of parents and so he spent one and half month without any food, and it made his parents give their permission. So he asked Buddha to make him a monk. Buddha did so. He spent three and a half months at Weluwun and moved to Zetawun, Thawutti.

Teiktha followed the 13 asscetic practices, making his alms rounds in Thawutti regularly. He became a famous monk. When the time of astrological festival came, his parents missed him much and wept. Just then a harlot came by to their place and said she would bring him home if she was given all their treasures. The parents agreed. The harlot went to Thawutti with a large retinue. There, she secured a place on the monk's alms rounds.

She offered a decilious rice ponidge to the monk when he came on a round and the monk became attached to the food. When he got friendly with the woman, she feigned illness and stayed in. Her servants told him she was ill and wanted to see him. So the monk went to the harlot's bed for his attachment. The harlot beguiled him and made him discard his monkhood. Once he did so, the harlot took him to his parents' place in Yazagyo.

Monks were talking of him. Buddha said he had yielded to such attachments not just now but even before. He delivered the Watamiga sermon.

Long ago, under the reign of King Byamadat in Baranathi, there lived garden attendant named Thinzaya. Watamiga the flying deer chanced to come to that park but fled when it saw Thinzaya, but he did nothing to frighten the deer and so it came to the park many times.

The park attendant had to daily offer flowers and fruits to the king and one day the king asked him if there was anything to note in the park. He reported about Watamiga's presence. The king asked if he could capture the deer. He replied he could if he got some honey. The king had some honey given to the attendant. Thereupon he smeared the grass in the park with bees and lay in wait. Watamiga, having taken the grass frequented with bees, just went there and nowhere else. Then the attendant tried to feed the deer with his own hands. After being frightened once or twice, the deer got friendly with the attendant.

Then the attendant walled the passage to the king with mats. He then spread bee-frequented grass. The deer followed the bee-frequented grass and eventually got to the king. Once he was inside, the door was closed. Seeing men, Watamiga became frantic and in fear ran about here and there.

The king saw it and came down. He said it was not customary to go to places fraught with men and places of fear but he did just that because of his attachment. He said attachment was wicked, more so was attachment for a place. He found fault with Watamiga for his attachment on account of the garden attendant. Then he had the deer sent back into the forest.

The deer later became the monk and the park attendant became the harlot.

# ခရာဒိယဇာတ်

## (ပညာရှိတို့၏ဆုံးမစကားကို မနာခံသောကြောင့် အသက်ဆုံးရှုံးရခြင်း)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ဘုရားသခင်၏ ဆိုဆုံးမကို မခံယူသော ရဟန်းတော်တစ်ပါးရှိလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား သင်သည်ဆုံးမခြင်းကို မခံယူတတ်။ ရှေးအခါကလည်း ပညာရှိတို့၏ ဆုံးမခြင်းကို မနာယူ၍ကျော့ကွင်း၌မိကာ အသက်ဆုံးရှုံးခဲ့ဖူးပြီဟု မိန့်တော်မူပြီး အတိတ်ကိုဆောင်၍ ဤခရာဒိယဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုနေချိန်တွင် ဘုရားလောင်းသမင်သည် သမင်အပေါင်းခြံရံလျက် တော၌နေ၏။ ဘုရားလောင်း၏ နှမတော်သမင်မသည် သားတော်သမင်ငယ်ကို ဘုရားလောင်းထံမှ မိဂမာယာကို သင်ကြားပေးရန်အပ်နှံလေသည်။

ဘုရားလောင်းသမင်လည်း တူတော်သမင်ငယ်ကို မိဂမာယာသင်ကြားရမည့် နေ့ရက်အချိန်တို့ကို မှာကြားလေသည်။ ထိုသမင်ငယ်သည် မှာကြားသောအချိန်တွင် လာရောက် ခြင်းမပြုရာ ခုနစ်ရက် ခုနစ်ကြိမ်ကုန်လွန်ခဲ့ပေသည်။ ထိုသမင်သည် မိဂမာယာကို သင်ကြားခြင်းမပြုဘဲ စားကျက်သို့ဝင်လေလျှင် ကျော့ကွင်း၌မိလေသည်။

ထိုအချိန်တွင် ဘုရားလောင်း သမင်၏နမတော်သည် ရောက်ရှိလာပြီး မိမိ၏သားငယ် သမင်ကို မိဂမာယာ သင်ကြားပြီးပြီလားဟု မေးလေသည်။ ဘုရားလောင်းသမင်က နမတော်အား ခွာရှစ်ခုရှိပြီး ဦးချိုအလွန်ကောင်းသော သင်၏သားသည် ခုနစ်ရက်ခုနစ်ကြိမ်တိုင်တိုင် ဆုံးမ မခံ၍ အချိန်ကုန်ခဲ့ပြီ၊ သင်၏သားကိုငါဆုံးမနိုင်ခြင်းငှာ မစွမ်းနိုင်၊ ငါမဆုံးမလိုဟု ဆိုလေသည်။ ထိုအချိန်တွင် ကျော့ကွင်း၌မိနေသော ထိုဆုံးမခက်သည့် သမင်သည် မုဆိုးသတ်၍သေလေပြီ။

မြတ်စွာဘုရားသခင်သည် ထိုအခါကအဆုံးအမကို ပေးတတ်သော သမင်ဖြစ်ပြီး ယခုဥပ္ပလဝဏ်သည် နမတော်သမင်ဖြစ်ကာ ဆုံးမခက်သော ရဟန်းသည် ထိုအခါက ကျော့ကွင်း၌ မိသော ဆုံးမရခက်သည့် သမင်ဖြစ်ပေသည်။

* * *

# Khayadiya Jataka
## (Losing one's life disobeying the counsel of the wise)

As Buddha was on sojourn at Zetawun Monastery, there was a monk who did not abide by the wise counsel of Buddha. Thereupon Buddha said he was not wont to abide by the counsel of the wise and had in the past lost his life disobeying the counsel of the wise and getting caught in the trap. Buddha then delivered the sermon of Khayadiya Jataka.

Long ago, when King Byamadat reigned in the land of Bayanathi, embryo-Buddha was a king of the deer. His younger sister had a young son who was sent to the embryo-Buddha to learn the art of Migamaya.

The embryo-Buddha gave his nephew a time table for the studies but the young deer stayed away for seven days. He ventured into the pasture without learning the art of Migamaya and got caught in a trap.

The sister arrived and asked the embryo-Buddha if he had taught the art of Migamaya to her son. The embryo-Buddha told her he had not come for seven days and he did not wish to teach him any more.

By then the young deer caught in the trap had been killed by the hunter.

Then the embryo-Buddha became the deer who could give good counsel, Uppalawun became the younger sister deer and the monk became the deer who would not abide by good counsel.

# တိပလ္လတ္ထမိဂဇာတ်
## (ဆိုဆုံးမလွယ်ခြင်း)

သဗ္ဗညုမြတ်စွာဘုရားသခင်သည် အာဠဝီပြည်အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူစဉ် များစွာသီတင်းတည်ဆောက်သည့် ယောကျ်ား၊ မိန်းမများ၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမတို့သည် တရားနာရန်လာရောက်ကြလေသည်။ နေ့ပိုင်းတွင်တရားနာပြီး ညရောက်သည့်အခါ သီတင်းတည်ဆောက်သောမိန်းမများနှင့် ရဟန်းမိန်းမတို့ပြန်သွားကြသည်။

ကျန်ရှိသောရဟန်းယောကျ်ားများ၊ သီတင်းတည်ဆောက်သော ယောကျ်ားများ၊ ပဥ္စင်းငယ်များနှင့် သာမဏေတို့သည် ဇရပ်၌အတူတကွ အိပ်ကြရသည်။ ထိုပဥ္စင်းငယ် သာမဏေတို့အနက် အချို့သည်အိပ်ပျော်ချိန်တွင် ထွက်သက်ဝင်သက်အသံမြည်ခြင်း၊ သွားတို့ကိုကြိတ်၍ အိပ်တတ်ကြသည်။ အချို့သောသူတို့သည် အတန်ငယ်အိပ်ပြီးသည်နှင့် ထကြသည်။ ထိုသို့ဖောက်ပြန်ခြင်းများကို မြတ်စွာဘုရားအား လျှောက်ထားကြသည်။ ထိုအခါမြတ်စွာဘုရားသခင်က ရဟန်းသည် လူသာမဏေနှင့် တစ်မိုးတစ်ယံတည်း အိပ်စက်ပါက ထိုရဟန်းအား အာပတ်သင့်စေဟု သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် ကောသမ္ဗီပြည်သို့ကြွတော်မူ၏။

ထိုကောသမ္ဗီပြည်၌ ရဟန်းတို့သည် အရှင်ရာဟုလာအား မြတ်စွာဘုရား၏ ပညတ်တော်မူချက်ကို ပြောကြားကာ ညောင်စောင်းငယ်၌ ခင်း၍ခေါင်းအုံးအိပ်ရန် သင်္ကန်းကိုပေးလေသည်။ ထိုအခါရှင်ရာဟုလာသည် အဘဖြစ်သောမြတ်စွာဘုရားသခင်ထံသို့လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာထံသို့လည်းကောင်း၊ သရဏဂုံဆရာဖြစ်သော အရှင်မောဂ္ဂလာန်ထံသို့လည်းကောင်း၊ ဘထွေးတော်အရှင် အာနန္ဒာမထေရ်ထံသို့လည်းကောင်း သွားရောက်ခြင်းမပြုဘဲ မြတ်စွာဘုရားအသုံးပြုသည့် ဝစ္စကုဋီတော်သို့ဝင်၍အိပ်လေသည်။

မြတ်စွာဘုရားသည် အရဏ်မတက်မီ ဝစ္စကုဋီတံခါးဝ၌ ရောက်ရှိလေလျှင် အရှင်ရာဟုလာ အိပ်စက်နေကြောင်းသိရှိလေသည်။ မြတ်စွာဘုရားသခင်က မေးမြန်းသဖြင့် အရှင်ရာဟုလာက အကြောင်းစုံကို လျှောက်ထားတင်ပြလေသည်။ ထိုအခါမြတ်စွာဘုရားသခင်သည် ရဟန်းတို့အား စည်းဝေးစေ၏။ ထို့နောက်မြတ်စွာဘုရားသခင်က သင်တို့သည်အခြားသောအမျိုးသားများကို ရှင်ပြုပေးပြီး နေရာမပေးခဲ့လျှင် ဤသာသနာတော်၌ ရှင်ပြုကြသူတို့ အတည်တကျမရှိဖြစ်ကြပေဘော့မည်။ ယနေ့မှစပြီး လူ သာမဏေတို့ကို တစ်ရက်နှစ်ရက်မိမိထံ၌အိပ်စေပြီး၊ သုံးရက်မြောက်လျှင် လူသာမဏေတို့ အိပ်ရန်နေရာသတ်မှတ်ပေးရန် အနုပညတ်ကိုပြုတော်မူ၍ သိက္ခာပုဒ်ကိုပညတ်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ အရှင်ရာဟုလာအား ချီးကျူးစကားပြောဆိုကြသည်။ အရှင်ရာဟုလာသည် ဘုရားသားတော်ဖြစ်ပါလျက် ရဟန်းတို့၏ ဆိုစကားကို နားထောင်ကာ ဝစ္စကုဋီ၌အိပ်၏။ ရှင်ရာဟုလာသည် သိက္ခာပုဒ်ကို အလိုရှိသူဖြစ်ကြောင်း ပြောဆိုကြကုန်သည်။ ထိုအချိန်တွင် မြတ်စွာဘုရားသခင်သည် တရားသဘင်သို့ ကြွရောက်လာတော်မူ၏။ ရဟန်းတို့ကရှင်ရာဟုလာအား သိက္ခာအလိုရှိသူအဖြစ် ချီးကျူးပြောဆို စည်းဝေးနေကြကြောင်းသိရှိသည်။ ထိုအခါမြတ်စွာဘုရားသခင်က ရှင်ရာဟုလာသည် ယခုအခါမှသာ သိက္ခာကိုအလိုရှိသည်မဟုတ်ဘဲ ရှေးတိရစ္ဆာန်ဖြစ်စဉ်ကလည်း သိက္ခာကို အလိုရှိခဲ့သည်ဟု မိန့်တော်မူလျက် ဤတိပ္ပလ္လမိဂဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ရာဇဂြိုလ်ပြည်၌ မဂဓမင်းသည်မင်းပြုစဉ်တွင်၊ ဘုရားလောင်းသမင်သည် သမင်အပေါင်းခြံရံလျက် တော၌နေ၏။ ဘုရားလောင်း၏ ညီမသမင်မသည် သားငယ်ကိုဘုရားလောင်း သမင်မင်းထံ၌ မိဂမာယာ သင်ကြားပေးရန် အပ်နှံလေသည်။ ဘုရားလောင်းသမင်လည်း တူတော်သမင်ငယ်အား သင်ကြားမည့်အချိန်အခါကို သတ်မှတ်ပေးလေသည်။ ထိုသမင်ငယ်သည် ဦးရီးတော် ဘုရားလောင်းသမင်မှာသည့်အတိုင်း လွဲမှားခြင်းမရှိစေဘဲ ဦးရီးတော် ထံပါး ချည်းကပ်၍ မိဂမာယာကိုသင်ယူ၏။

တစ်နေ့သ၌ ထိုသမင်ငယ်သည် တော၌ကျက်စားရင်းကျော့ကွင်း၌ မိလေသည်။ မိခင်သမင်မသိလျှင် နောင်တော်ဘုရားလောင်းသမင်ထံသို့ပြေးလာပြီး သားငယ်သည် ကျော့ကွင်း၌မိနေကြောင်းဆိုလေသည်။ ထိုအခါဘုရားလောင်း သမင်မင်းက နှမငယ်အား စိုးရိမ်ခြင်းမရှိစေရန် ခွာရစ်ခုရှိသောသားငယ်သမင်ကို သန်းခေါင်၌ရှေသောက်ခြင်း၊ မြေပေါ်၌နှာခေါင်းတစ်ဖက်ဖြင့်အသက်ရှူခြင်း၊ ခြေလေးဖက်ကိုဆန့်၍ဘေးစောင်း အိပ်ခြင်း၊ မြေကိုခွာတို့ဖြင့်ယက်ခြင်း၊ လျှာကိုတွဲလျားကျစေခြင်း၊ ဝမ်းကိုဖူးရောင်စေခြင်း၊

ကျင်ကြီးကျင်ငယ်လွှတ်ခြင်း၊ ထွက်သက်ဝင်သက်လေကို သင်ကြားပေးခဲ့ပြီးဖြစ်၍ မှဆိုးအား လွှမ်းမိုးလွှတ်မြောက်ပေလိမ့်မည်ဟု ပြောကြားလေသည်။

ထိုအချိန်တွင် သမင်ငယ်သည် ကျော့ကွင်း၌ မတုန်မလှုပ်ဘဲ လက်ယာနံပါးဖြင့်လက်ခြေ တို့ကို ဆန့်လျက်အိပ်၏။ ခြေတို့၏အနီး၌ရှိသော မြက်တို့ကိုခွာဖြင့်ကန်၍ ကျင်ကြီးကျင်ငယ်တို့ကိုစွန့်၏။ ဦးခေါင်းကိုမြေ၌ကျစေပြီး လျှာကိုထွက်စေလျက် ကိုယ်ကိုတဲ့ထွေးတို့လိမ်းကျံစေပြီး လေကိုရှူသွင်းခြင်းဖြင့် ဝမ်းကိုဖူးရောင်အောင်ပြုလုပ်၏။ မျက်စိတို့ကိုလည်စေလျက် အောက်နှားနှာခေါင်းဖြင့်အသက်ရှူပြီး အထက်နှားနှာခေါင်းက အသက်ရှူခြင်းကိုထိန်းချုပ်ထားပြီး ကိုယ်ကိုတောင့်မာစွာဖြင့် သေဟန်ပြု၏။ ယင်ကောင်များသည် ထိုသမင်ကို အုံလျက်ရှိပြီး ကျီးတို့သည်လည်း အနီးတွင်နားနေကြသည်။

ကျော့ကွင်းထောင်ထားသည့် မုဆိုးရောက်ရှိလာသောအခါ သမင်ကိုလက်ဖြင့် စမ်းသပ်ကြည့်ရှုပြီး ကျော့ကွင်း၌မိသည့်အချိန်ကြာမြင့်၍ ပုပ်နေပြီဟုထင်မှတ်၏။ ထို့ကြောင့်သမင်၌မိနေသော ကျော့ကွင်းကိုဖြေလိုက်ပြီး အသားကိုဖြတ်၍ ထုပ်ပိုးရန် သစ်ရွက်သစ်ခက်များကို ရှာဖွေသည်။ ထိုအခါသမင်ငယ်သည် ခြေလေးဖက်ထောက်ရပ်ပြီး ကိုယ်ကိုခါလျက် လည်ကိုဆန့်ပြီး လေအဟုန်ကဲ့သို့ လျင်မြန်စွာထွက်ပြေးလွတ်မြောက်ခဲ့လေသည်။

မြတ်စွာဘုရားသခင်သည် ထိုအခါက ဦးရီးတော်သမင်ဖြစ်ပြီး၊ ရှင်ရာဟုလာသည် ထိုအခါက သမင်ငယ်ဖြစ်ကာ ယခုဥပ္ပလဝဏ်သည် ထိုအခါက အမိသမင်မဖြစ်သည်။

# Teippallamiga Jataka

**(On finding it easy to have compliance with wise counsel)**

As Buddha was on sojourn at Agga Pagoda in Alawi, there were many men and women of clergy and laity that came to attend the sermons. After sermons in the day, women went back home while men of clergy and laity, young and old, and novices slept at the zayats together. There, young clergy and novices had the habit of making sounds like gnashing teeth while half asleep or making harsh sounds in their breathing and some others got up after sleeping only a little. Buddha came to know these things and made it a fault for monks to sleep under the same roof with humans and novices. After that Buddha left for Kawthambi.'

At Kawthambi, monks told Ashin Yahula of the Buddha's prescription and gave him a monk's robe for him to use as a bed sheet and pillow. Thereupon, Yahula abstained from going to Buddha his father, to Ashin Tharipiutara his mentor, to Ashin Moggalan his teacher of Five Principles, or to Ashin Ananda his uncle but went to Buddha's Wissa Kutidaw and spent the night there.

Next morning, when Buddha was at the door of the Wissa Kutidaw, he knew Yahula was spending the night there. Buddha asked and Ashin Yahula explained the matter. Buddha then met the monks and said that there would be instability of people entering monkhood or novitiation if no proper place was assigned to them, and so made it a requirement to assign a place for them on the third day of monkhood or novitiation.

Monks were full of praise for Yahula and lauded his desire for integrity. At that time Buddha came to their assembly and said Yahula wanted integrity not just now but before too even in a creature's life. He delivered the Teippallamiga Jataka.

Long ago, in Yazagyo, under the reign of King Magada, embryo-Buddha was the kind of deer in the forest. His younger sister asked him to teach her son the art of Migamaya. He prescribed a time table and his nephew came strictly as such and sought this art.

One day, that young deer was caught in a trap. His mother knew and told the embryo-Buddha. He told her not to worry for he had taught him the art of Migamaya that comprised such arts as drinking at midnight, breathing with only one nose on the ground, lying with all fours stretched out, thumping the ground with all hooves, letting the tongue fall to the ground, having the bowels swollen, letting out excreta, and controlling intake and outflow of breath.

At that time, the young deer was already putting such arts into play—lying immobile on its right with all fours stretched out, putting the head on the ground, letting out the tongue, letting saliva all over the lower lips and keeping the body still. Flies were swarming and crows were near by.

The hunter came and sensed with his hand. He thought the deer must have got killed for having been caught in the trap long. So he released it from the trap. He was finding some leaves to pack some of the flesh home when the deer stood up and fled like the wind.

The young deer later became Ashin Yahula.

# မာလုတဇာတ်
## (လေတိုက်လျှင်ချမ်းအေးခြင်း)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တောထွက်ရဟန်းကြီး** နှစ်ပါးရှိလေသည်။ ထိုရဟန်းနှစ်ပါးတို့သည် ကာဠမထေရ်နှင့် ဇုဏှမထေရ်တို့ဖြစ်ပြီး ကောသလဇနပုဒ်ရှိ တောကျောင်း၌သီတင်းသုံး နေထိုင်ကြသည်။

**တစ်နေ့တွင်** ဇုဏှမထေရ်သည် ကာဠမထေရ်အား မည်သည့်အချိန်အခါတွင် ချမ်းခြင်းဖြစ်တတ်သည်ကို မေးမြန်းရာ ကာဠမထေရ်က လဆုတ်အခါ၌ ချမ်းခြင်းဖြစ်သည်ဟု ဖြေ၏။ ထို့နောက်တစ်နေ့၌ ကာဠမထေရ်သည် ဇုဏှမထေရ်ကိုမည်သည့်အချိန်အခါတွင်ချမ်းခြင်းဖြစ်သနည်းဟုမေးမြန်းရာ ဇုဏှမထေရ်က လဆန်း၌ချမ်းခြင်းဖြစ်သည် ဟုဖြေကြားသည်။ ထိုရဟန်းနှစ်ပါးတို့သည် ထိုသို့ ချမ်းခြင်းနှင့်ပတ်သက်၍ မိမိတို့အယူအဆကို ဆုံးဖြတ်ရန် မစွမ်းနိုင်ဖြစ်နေကြသည်။ ထို့ကြောင့် မြတ်စွာဘုရားထံမှ အဆုံးအဖြတ် ရယူရန်ဘုရားသခင်ရှေ့မှောက်သွားကြပြီး အဘယ်ကာလ၌ ချမ်းခြင်းမည်သည် ဖြစ်သည်ကို ဆုံးဖြတ်ပေးရန် လျှောက်ထားမေးမြန်းကြသည်။

မြတ်စွာဘုရားသခင်သည် ရဟန်းတို့စကားကို ကြားတော်မူလျှင် ရဟန်းနှစ်ပါးအား သင်တို့ပြဿနာကို ရှေးအခါကလည်း ငါဖြေခဲ့ဖူးပြီဟု မိန့်တော်မူလျက် **အတိတ်ကို** ဆောင်သော ဤမာလုတဇာတ်ကို ဟောကြားတော်မူလေသည်။

**ရှေးလွန်လေပြီးသောအခါ** ခြင်္သေ့နှင့်ကျားတို့သည် မိတ်ဆွေဖွဲ့၍ လိုဏ်တစ်ခု၌ အတူနေကြသည်။ ထိုအချိန်တွင် ဘုရားလောင်းသည် ရသေ့ရဟန်းပြု၍ ထိုတောင်ခြေရင်း၌ သီတင်းသုံးနေထိုင်တော်မူ၏။ တစ်နေ့၌အဆွေခင်ပွန်းဖြစ်သော ခြင်္သေ့နှင့် ကျားတို့သည် ချမ်းခြင်းကိုအမှီပြု၍ ငြင်းခုံကြသည်။ ကျားသည်လဆုတ်၌ ချမ်းခြင်းဖြစ်၍ ခြင်္သေ့ကလဆန်း၌သာလျှင်ချမ်းခြင်းဖြစ်၏ဟုဆိုသည်။ ကျားနှင့်ခြင်္သေ့တို့လည်း မိမိတို့၏အယူအဆကို ဆုံးဖြတ်နိုင်ကြခြင်းမရှိ၍ ဘုရားလောင်းရှင်ရသေ့ထံမှ အဆုံးအဖြတ်ကိုရယူလေသည်။

ထိုအခါဘုရားလောင်း ရှင်ရသေ့က ကျားနှင့် ခြင်္သေ့တို့အား လဆန်းဖြစ်စေ၊ လဆုတ်ဖြစ်စေ လေကြောင့်အချမ်းဖြစ်၏။ လေလာသည့်အခါချမ်း၏။ သင်တို့ နှစ်ဦးစလုံး ဤပြဿနာ၌ အရှုံးအနိုင်မရှိကြဟု ဘုရားလောင်းသည် ကျားနှင့် ခြင်္သေ့ တို့မိတ်ဆွေနှစ်ဦးအား ဤသို့ဆုံးဖြတ် မှတ်သားစေလေသည်။

သဗ္ဗညုမြတ်စွာဘုရားသခင်သည် ရဟန်းတို့ကို ရှေးအခါကလည်း ဤသို့ ပြဿနာဖြေဖူးခဲ့ပြီဟု ဤဓမ္မဒေသနာဆောင်တော်မူ၍ သစ္စာလေးပါးကို ပြတော်မူလေသည်။ တရားအဆုံး၌ ကာဠမထေရ်နှင့် ဇုဏှမထေရ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်သည်။

မြတ်စွာဘုရားသခင်သည် ထိုအခါက ပြဿနာကို ဖြေကြားသော ရသေ့ ဖြစ်ပြီး၊ ကာဠမထေရ်သည် ထိုအခါက ကျားဖြစ်ကာ၊ ဇုဏှမထေရ်သည် ထိုအခါက ခြင်္သေ့ဖြစ်လေသည်။

# Maluta Jataka
## (The breeze brings coolness)

While Buddha was on sojourn at Zetawun Monastery, there were two monks, Karla and Zuhna, at the monastery in Kawthala Village, who were at odds over the cause of coolness in the weather.

One day Zuhna asked Karla at what time coolness came, whereupon Karla said it came on waning moon days. On another day, Karla asked Zuhna the same question and he answered it came on waxing moon days. They could not determine which was right and so they sought the decision of Buddha.

Buddha said they had quarrelled over the question not just now but before as well and he delivered the Maluta Jataka.

Long time ago, the tiger and the lion made friends in a forest. The embryo-Buddha was a monk at the foot of the hill... One day the two quarrelled over which should be the cause of coolness — on waning moon days or on waxing moon days. They could not decide and so they approached the embryo-Buddha.

The embryo-Buddha said the cause of the coolness was the breeze. Whether it be waning or waxing moon days, it became cool when the breeze came, and so there was no winner or loser.

Referring to that, Buddha said he had solved the problem before and showed the two monks Dhamma Desana and the Four Noble Truths. The two monks achieved a higher stage of enlightenment.

# မတကဘတ္တဇာတ်

## (ဆိတ်တို့ကိုသတ်၍ သေသူတို့အား ရည်ညွှန်းလှူဒါန်းခြင်း)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူချိန်ဖြစ်သည်။ ထိုကာလတွင် လူတို့သည်ကွယ်လွန်ပြီးသော ဆွေမျိုးများကို ရည်စူး၍လှူဒါန်းရန် ဆိတ်များစွာကို သတ်ကြ၍ မတကဘတ္တပြု၍လှူဒါန်းကြသည်။ ရဟန်းတို့ကထိုသို့သော အလှူကိုတွေ့မြင်ကြ၍ မြတ်စွာဘုရားသခင်အား ဤသို့ဆိတ်များကို သတ်၍မတကဘတ္တပြုလှူဒါန်းခြင်းသည် ပါဏာတိပါတဟူသော သူတစ်ပါးအသက်ကိုသတ်ခြင်း အပြစ်မရှိပါသလော၊ မည်သို့အကျိုးစီးပွားရှိပါမည်နည်းဟု လျှောက်ထားမေးမြန်းကြသည်။

ထိုအခါမြတ်စွာဘုရားသခင်က ဤသို့ဆိတ်များကို သတ်၍မတကဘတ္တကို လှူဒါန်းခြင်းသည်မည့်သည့်အကျိုးစီးပွားကိုမျှ မရရှိနိုင်။ ပါဏာတိပါတတည်းဟူသော အပြစ်ကို ကျူးလွန်ရာလည်း ရောက်သည်။ ရှေး၌လည်း ပညာရှိတို့သည် ဤမတကဘတ္တကို လှူပါက ပါဏာတိပါတကံထိုက်ကြောင်း ဟောကြား၍မျှော်ဒီပါကျွန်းရှိ သူတို့အား ထိုအယူကို စွန့်စေကုန်သည်။ ယခုအခါ၌ ဘဝဖုံးလွှမ်းသည်ဖြစ်၍ မထင်မရှားဖြစ်ရလေသည်ဟု မိန့်ကြား ကာအတိတ်ကိုဆောင်၍ ဤမတကဘတ္တဇာတ်ကို ဟောကြားတော်မူလေ သည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုနေစဉ် ဗေဒင်သုံးပုံတို့ကို ငါစ်ဖက်ကမ်းခပ် တတ်ကျွမ်းသော ဒိသာပါမောက္ခဆရာပုဏ္ဏား တစ်ဦးရှိသည်။ ဆရာပုဏ္ဏားသည် မတကဘတ္တကို လှူဒါန်းရန်အတွက် တပည့်အပေါင်းတို့အား ဆိတ်တစ်ကောင်ကိုမြစ်သို့ ယူဆောင်သွားစေသည်။ မြစ်သို့ရောက်သောအခါ ဆိတ်ကိုရေချိုးပေးစေပြီး လည်၌ပန်းကုံးစွပ်၍ နံ့သာတို့ဆွတ်ဖျန်းကာ ပြန်လည်ယူဆောင်ရန်မှာကြားလေသည်။ တပည့်အပေါင်းတို့လည်း ဆရာပုဏ္ဏားမှာကြားသည့်အတိုင်း မြစ်သို့ဆင်း၍ ဆောင်ရွက် ကြသည်။ ထိုအခါဆိတ်သည် မိမိ၏ရှေးဘဝကို မြင်၍ငါသည် ယနေ့ပင် ဆင်းရဲခြင်းမှ လွတ်ရပေတော့မည်ဟု ဝမ်းမြောက်ကာအားရပါးရရယ်မောလိုက်သည်။ ထို့နောက်တစ်ဖန် ဤပုဏ္ဏားသည် ငါ့ကိုသတ်၍ငါခံရသော ဆင်းရဲကို ရတော့မည်ဟု ပုဏ္ဏားကိုသနားကြင်နာခြင်းဖြစ်၍ သည်းစွာသောအသံဖြင့်ငို၏။

ထိုအခါပုဏ္ဏားအား၏ တပည့်အပေါင်းတို့က ထိုဆိတ်၏ရယ်ခြင်း၊ ငိုခြင်းကိုမေးကြ၏။ ထိုဆိတ်ကသင်တို့၏ ဆရာပုဏ္ဏားရှေ့ရောက်မှ မေးကြကုန်လော့ဟုဆိုသည်။ ထိုအခါ တပည့်အပေါင်းတို့လည်း ဆရာပုဏ္ဏားထံသို့ ဆိတ်ကိုယူဆောင်လာပြီး အကြောင်းစုံ ပြောကြားကြပေသည်။ ဆရာပုဏ္ဏားလည်း တပည့်တို့၏စကားကို ကြားလျှင်ဆိတ်အား အဘယ်ကြောင့်ရယ်ခြင်း၊ ငိုခြင်းပြုသည်ကို မေးလေသည်။ ဆိတ်သည်မိမိပြုခဲ့သော အပြစ်ကိုဇာတိဿရဉာဏ် (မိမိဖြစ်ခဲ့သောဘဝကို ပြန်လည်အောက်မေ့လျက်သိသော ဉာဏ်)ဖြင့် ပုဏ္ဏားအားပြောဆိုလေသည်။

ထိုဆိတ်သည်ရှေးအခါက ဗေဒင်ရွတ်ဖတ်သရဇ္ဈာယ်သော ပုဏ္ဏားဖြစ်သည်။ ဆိတ်တစ်ကောင်ကိုသတ်၍ မတကဘတ္တလှူခဲ့၏။ ထိုသို့ဆိတ်၏ခေါင်းကိုဖြတ်၍ သတ်ခဲ့ဖူးသည့်အပြစ်ကြောင့် ၄၉၉ ဘဝတိုင်ခေါင်းပြတ်ခဲ့ရသည်။ ယခုဘဝသည် နောက်ဆုံး ဘဝဖြစ်သည်။ နောက်ဆုံးဘဝကိုလွတ်မြောက်ရတော့မည်ဟု သိရှိ၍ဝမ်းမြောက် ခဲ့သည်။ ထို့ကြောင့်အားရပါးရ ရယ်မောခဲ့သည်။ ငိုရခြင်းအကြောင်းမှာ ထိုဆိတ်သည် လူဘဝက ဆိတ်တစ်ကောင်ကိုသတ်၍ ဘဝ ၅၀၀ ပတ်လုံးဦးခေါင်းပြတ်သော ဆင်းရဲခြင်းသို့ ရောက် ခဲ့သည်။ ယနေ့ဆင်းရဲလွတ်တော့မည်၊ သို့သော်ဆရာပုဏ္ဏားသည် ထိုဆိတ်ကိုသတ်၍ ငါကဲ့သို့ ဘဝ ၅၀၀ ပတ်လုံးဦးခေါင်းပြတ်ရသည့် ဆင်းရဲခြင်းကိုကြုံရတော့မည်ဟု သနားစိတ်ဖြင့်ငို၏ဟု ရှင်းလင်းပြောကြားလေသည်။

ဆရာပုဏ္ဏားလည်း သတိတရားရကာဆိတ်အား မသတ်တော့ဟုဆိုသည်။ သို့သော်ထိုဆိတ်က ဆရာပုဏ္ဏားသတ်သည်ဖြစ်စေ၊ မသတ်သည်ဖြစ်စေ ယနေ့သေခြင်း ကိုလွတ်ရန်အကြောင်းမရှိနိုင်ကြောင်းဆို၏။ ဆရာပုဏ္ဏားလည်း အစောင့်အရှောက် များဖြင့် ထိုဆိတ်ကိုလွှတ်လိုက်လေသည်။ ဆိတ်လည်းကျောက်ဖျာကြီးတစ်ခုအနီးရှိ ချုံကိုတွေ့၍လည်ကိုမော့ပြီး အရွက်တို့ကိုစားရန်အားထုတ်လေသည်။ ထိုခဏ၌ပင် ကျောက်ဖျာသို့မိုးကြိုးခလေသည်။ ကျောက်ဖျာမှကျောက်လွှာတစ်ချပ်ပြတ်၍ ဆိတ်၏ ဆန့်ထားသောလည်ပင်းပေါ်ကျရောက်ကာ ဦးခေါင်းပြတ်လေသည်။ လူအများတို့ စုဝေး လာကြသည်။

ထိုအချိန်တွင် ဘုရားလောင်းသည် ထိုအရပ်၌ ရုက္ခစိုးဖြစ်၏။ ဘုရားလောင်း ရုက္ခစိုးသည် လူအပေါင်းတို့အား ကိုယ်ထင်ပြလျက် ကောင်းကင်ပြင်၌ ထက်ဝယ် ဖွဲ့လျက်နေ၏။ ထို့နောက်ဘုရားလောင်းသည် သာယာသောအသံဖြင့် သတ္တဝါကို သတ်သောသူသည် စိုးရိမ်ကြောင့်ကျဖြစ်ရတတ်၏။ ပငိုသနွေနေခြင်း၊ ဆက်လက် ကြီးပြင်းအိုမင်း ခြင်းသည်ဆင်းရဲခြင်းကြီး၏။ ဤသို့သတ္တဝါတို့သည် မကောင်းမှု၏

အကျိုးကိုသိရှိကြောအုံ၊ ထိုသတ္တဝါသည် အခြားသဗ္ဗသတ္တဝါကို မသတ်ပေ၊ ပါဏာတိပါတကို မပြုကြလေကုန်ဟု ဟောကြားလေသည်။ ဘုရားလောင်းသည် ဤသို့ငရဲနှင့် ဘေးကို ပြ၍တရားဟောတော်မူရာ လူအပေါင်းတို့ငရဲဘေးကိုကြောက်ကြသဖြင့် ပါဏာတိပါတကို ရှောင်ကြဉ်ကြကုန်သည်။ လူအပေါင်းတို့သည် ဘုရားလောင်း၏ အဆုံးအမ၌ သီလ၊ ဒါနအစရှိသော ကောင်းမှု တို့ကိုပြု၍ နတ်ပြည်သို့လားကြရသည်။

# Matakabatta Jataka

## (On having goats slaughtered for charity)

While Buddha was at Zetawun Monastery, some persons had many goats slaughtered for charity for dead relatives. Monks saw it and asked Buddha if it was not sinful or if it served an interest. Buddha said it would serve no interest to do so, but would only be sinful. Wise men had preached against it but it was forgotten with passage of time. So Buddha preached the Mataka Batta Jataka.

Long ago, in Baranathi, under King Byamadat's reign, there was a ponna professor seer ponna. He asked followers to take a goat to the river to perform Mataka Batta. At the river bank, he asked that the goat be bathed and garlanded with fragrance. It was done as told. The goat saw its past and laughed with the knowledge that he would be freed of his plight that day, and then it cried, knowing that ponnas would suffer his fate.

Ponnas asked why and the goat said it would answer when they got back to their ponna mentor. There the mentor asked the goat why, and it answered with memories of past lives.

The goat had been a seer ponna in a past life. He had a goat slaughtered for charity. For that he lost 499 lives losing its head. It was the last of all. He laughed as it was happy about it and it cried as the ponna mentor would suffer loss of 500 live with loss of its head like the goat.

The ponna mentor relented and spared the goat but the goat knew he would not escape death anyhow that day. Let loose in the care of the men, the goat was gulping up the plants near the rock platform when thunder struck the rock platform, slicing off a layer of it and that hitting the goat, cutting its neck.

The embryo-Buddha at that time was a guardian of biology, who let himself be seen by all and in a sweet voice said one who killed a creature was wont to suffer from anxiety and great suffering in conception, growth and old age. So one knowing that abstains from killing, any creature, knowing it was sinful. Fearing hell, the people abstained from killing creatures. The people abided by the teachings of Buddha and moved on to higher planes of existence upon death.

# အာယာစိတဘတ္တဇာတ်

## (သတ္တဝါတို့ကိုသတ်၍ ယဇ်ပူဇော်ခြင်း၌အကျိုးမရှိ)

လူတို့သည်ကုန်သွယ်သွားရန်အကြောင်းကိစ္စများရှိပါက သတ္တဝါများကိုသတ်၍ နတ်တို့အား ပူဇော်ကြသည်။ ၎င်းတို့၏ ခရီးလမ်းတစ်လျှောက်အန္တရာယ်အပေါင်းမှ ကင်းရှင်းပြီး ကုန်သွယ်မှုလုပ်ငန်း အောင်မြင်စေကြောင်း ဆုတောင်းကြသည်။ ကုန်သွယ်ပြီးပြန်ရောက်သော အခါတွင်လည်း နတ်တို့၏အာနုဘော်ကြောင့် အဆင်ပြေချောမောရသည်ဟု မှတ်ယူကြကာ သတ္တဝါများကို သတ်၍နတ်ကို့အား ပူဇော်ကြပြန်သည်။

ထိုသို့အပြုအမူကို တွေ့ကြသောရဟန်းတို့က ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသော သဗ္ဗညုမြတ်စွာဘုရားအား သတ္တဝါများကို သတ်၍နတ်ပူဇော်ခြင်းသည် အကျိုးရှိပါသလောဟု လျှောက်ထားကြလေသည်။ ထိုအခါမြတ်စွာဘုရားသခင်က အတိတ်ကို ဆောင်၍ ဤအာယာစိတဘတ္တဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ကာသိတိုင်းရှိ ရွာငယ်တစ်ရွာတွင်သူကြွယ်တစ်ဦးရှိသည်။ ယင်းသူကြွယ်သည် ရွာငယ်၏တံခါး‌ဝ၌နေထိုင်သည်။ ထိုသူကြွယ်သည် အန္တရာယ်အပေါင်း မှလွတ်ကင်းလိုသောကြောင့် သတ္တဝါများစွာကိုသတ်၍ ပညောင်ပင်စောင့်နတ်အားသွားရောက် ပူဇော်လေသည်။ ပညောင်ပင်ရင်းသို့ ရောက်သည့်အခါဘုရားလောင်း ရုက္ခစိုးသည် ပညောင်ပင် ခွ၌ရပ်လျက် "အို–အချင်းယောကျာ်း၊ သင်သည်ယဇ်ပူဇော်ခြင်းဖြင့် ဘဝသံသရာမှလွတ်မြောက် အောင်ကြံဆောင်သည်။ ဤကဲ့သို့မကောင်းမှုကိုမပြုသင့်၊ သတ္တဝါတို့ကိုသတ်၍ ပူဇော်ခြင်း မပြုသင့်၊ ကောင်းမှုပြုသော တမလွန်ဘဝမှ လွတ်အောင်ပြုရာ၏။ ဤနည်းဖြင့်သံသရာမှ လွတ်လိုသောသူသည် မကောင်းမှုဖြင့်နှောင်ဖွဲ့မိ၏။ ပညာရှိတို့သည်ဤနည်းအားဖြင့် ဝဋ်ဆင်းရဲမှ လွတ်အောင်မပြုကုန်၊ သူ့ကို၏လွတ်အောင်ပြုခြင်းကြောင့် မကောင်းမှုဖြင့် နှောင်ဖွဲ့မိလေသည်" ဟု ဟောကြားတော်မူလေ သည်။

ဘုရားလောင်းရုက္ခစိုးသည် ဤသို့ဟောကြားသည့်အခါမှစပြီး လူတို့သည် သူ့အသက် သတ်ခြင်းဟူသော ပါဏာတိပါတကို ရှောင်ကြဉ်ကြလျက် သီလဆောက်တည်တရားကျင့်ကြံ၍ နတ်ပြည်သို့လားကြရကုန်သည်။

# Ayasita Batta Jataka

## (Slaughtering and sacrificing creatures being to no avail)

Long ago it had been the custom for men to slaughter and sacrifice creatures when there were matters of going out for trading. They prayed for safety all along the way and success in trade. When they were back, they thanked the nats for their blessing and made sacrifices for them.

Monks saw it and asked Buddha if such slaughter and sacrifice were of interest as Buddha was staying at Zetawun Monastery. Buddha thought of the past and delivered the Ayasita Batta Jataka.

Long ago, at a village in Kathi Taing, there was a rich man. That man was sitting at the gate of the village, slaughtering creatures and propitiating the nat of Panyaung tree to be free of all dangers. The embryo-Buddha was a guardian of botany who stood at the fork of the Panyaung tree and told the rich man that he was making the sacrifices to escape from the Samsara and that he should not commit such sin; he should not slaughter and sacrifice creatures; he should endeavour to get away from lives after only by means of good deeds; one who tried to get away from lives after only by means of good deeds; one who tried to get away from Samsara by diversive means was caught by his misdeed; wise men did not try to escape suffering by that means; such attempts to escape from suffering by the foolish were caught in the web.

After hearing the embryo-Buddha guardian of botany, men abstained from killing and built sila and religious contemplation to reach higher planes of existence.

# နင္ဂုပါနဇာတ်

## (ကျူရိုးများတောက်လျှောက်အခေါင်းပေါက်ခြင်း)

မြတ်စွာဘုရားသခင်သည် ကောသလတိုင်း၌ ဒေသစာရီကြွတော်မူရာ နင္ဂုပါနရွာသို့ ရောက်ရှိတော်မူသည်။ ယင်းရွာရှိနင္ဂုပါနရေကန်အနီး၌ ခေတ္တအနားယူ သီတင်းသုံးတော်မူလေသည်။ ထိုအခါမြတ်စွာဘုရားသခင်နှင့်အတူ ကြွလာသောရဟန်းအပေါင်းကို ရေကန်၌ရေချိုးကြလေသည်။ ရဟန်းတို့သည် ရေကန်တွင်းရှိ ကျူရိုးများမှာ တောက်လျှောက် အပေါက်ရှိသည်ကို တွေ့ရှိကြလေသည်။ ထိုအခါမြတ်စွာဘုရားထံသို့ ကျူရိုးတို့သည် အရင်းမှအဖျားတိုင်အောင် တောက်လျှောက်ပေါက်နေကြောင်း လျှောက်ထားမေးမြန်းကြလေသည်။ မြတ်စွာဘုရားသခင်က ဤကျူရိုးပေါက်ခြင်းသည် မိမိ၏ရှေးအဓိဋ္ဌာန်ဖြစ်ကြောင်းမြွက်ကြားကာ အတိတ်ကိုဆောင်၍ ဤနင္ဂုပါနဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ထိုကျူတော (နင္ဂုပါနရေကန်)ကို စောင့်သောဘီးလူးသည် ရေကန်သို့သက်ဆင်းသူမှန်သမျှကို စားလေ့ရှိ၏။ ထိုအချိန်တွင်ဘုရားလောင်းသည် မျောက်မင်းဖြစ်၍ မျောက်ရှစ်သောင်း ခြံရံလျက် ဤရေကန်သို့ရောက်ရှိလာသည်။ မျောက်အပေါင်းတို့က ရေကန်မှရေကို သောက်လိုကြသည်ဖြစ်၍ ဘုရားလောင်းမျောက်မင်းထံခွင့်ပန်ကြသည်။ ထိုအခါဘုရားလောင်း မျောက်မင်းကရေကန်ကို ဆင်ခြင်သုံးသပ်သည့်အခါတွင် ရေကန်သို့ဆင်းသောခြေရာများသာ တွေ့ရှိရပြီး၊ ရေကန်မှပြန်တက်သောခြေရာများကို မတွေ့ရ၍ ဤရေကန်ကိုဘီးလူးစောင့်ကြောင်း သိရှိလေသည်။ ထို့ကြောင့် မျောက်အပေါင်းတို့အား ဤရေကန်မှရေကို သောက်သုံးခြင်းမပြုရန်တားမြစ်လေသည်။

ဘီးလူးသည်လည်း မျောက်တို့ရေကန်သို့ဆင်းသက်ခြင်း မပြုသည်ကိုတွေ့သည့်အခါ ရေကန်ကိုနှစ်ဖြာခွဲ၍ ထွက်လာသည်။ မျောက်တို့အား အဘယ်ကြောင့်ရေသောက် မဆင်းကြသည်ကို မေးမြန်းလေသည်။ ထိုအခါဘုရားလောင်းမျောက်မင်းက မိမိတို့

ရေကန်သို့ဆင်းလျှင် ဘီးလူးစားမည်ကိုသိရှိကြောင်း၊ ရေကန်သို့မဆင်းဘဲရေကို သောက်ကြမည်ဟုဆိုလေသည်။ မျောက်မင်းသည် ဆင်ခြင်၍သစ္စာပြုပြီးနောက် ကျူရိုးကို နှုတ်သီးဖြင့်မှုတ်၏။ ကျူရိုးအတွင်း၌ရှိသော အဆစ်တို့သည် လုံးဝမကျန်ရှိတော့ဘဲ ကျူရိုးတောက်လျှောက်အခေါင်းပေါက်ဖြစ်စေသတည်းဟု အဓိဋ္ဌာန်ပြုလေသည်။ ဘုရားလောင်း၏ အဓိဋ္ဌာန်သည် ပြည့်စုံသည်ကြောင့် ထိုအခါမှစပြီး ကျူရိုးတို့သည် တောက်လျှောက်အခေါင်းပေါက်ဖြစ်လေသည်။ (ဤဘဒ္ဒကမ္ဘာပတ်လုံးတွင် အံ့ဖွယ်တန်ခိုးကြီးလေးပါးရှိပေသည်။ ၎င်းတို့မှာ ကျူရိုးတို့သည် ကမ္ဘာဆုံးသည့်အတိုင် အဆစ်မရှိခြင်း၊ ငုံးမင်းဇာတ်တော်၌ မီးငြိမ်းရာအရပ်သည် ကမ္ဘာဆုံးသည့်တိုင် မီးမလောင်ခြင်း၊ ယုန်မင်းဝတ္ထုတော်အရလတွင် ယုန်ရုပ်ရေးထားခြင်း၊ ဃဋီကာရ အိုးထိန်းသည်ဇာတ်တော်လာအရ ၎င်း၏နေရာအရပ်သည် မိုးမစွတ်ခြင်းတို့ဖြစ်သည်။)

ဘုရားလောင်း မျောက်မင်းနှင့်တကွ မျောက်အပေါင်းတို့သည် ကန်ဘောင်ပေါ်မှ ကျူရိုးဖြင့် ရေကိုစုပ်၍ သောက်ကြသည်။ ဘီးလူးသည် မျောက်တစ်ကောင်မျှ မရရှိသည်ကြောင့် စိတ်နှလုံးမသာမယာဖြင့် မိမိနေရာသို့ပြန်လေသည်။ မျောက်မင်းနှင့်တကွ မျောက်တို့သည်လည်း တောသို့ဝင်လေသည်။ ဒေဝဒတ်သည် ထိုအခါက ရေကန်စောင့်ဘီးလူးဖြစ်သည်။

# Nala Pana Jataka

## (Having holes all through in reeds)

Buddha was on sojourn when He arrived in Nala Pana Village. He took a rest near Nala Pana Lake and the monks accompanying him took a bath. They saw that reeds in the lake had holes all through. They asked Buddha about it. Buddha expalined that it was so on His past oath and he delivered the Nala Pana Jataka.

Long ago, anyone who bathed in Nala Pana Lake was eaten by the ogre guarding the lake. Just then the embryo-Buddha, the king of the apes, flanked by 80,000 apes, came upon the lake. The apes wanted to save their thirst with drinks from the lake and asked the embryo-Buddha. The embryo-Buddha pondered over it and saw that there were steps entering the lake but none ascending from it and found out that it was guarded by an ogre. So he asked the apes not to drink the water from the lake.

Seeing it, the ogre came out splitting the water into two and asked the apes why. The embryo-Buddha said they knew they would be eaten by the ogre if they did and they had thought out a way to get the water without getting into the water of the lake. Then, taking an oath, the embryo-Buddha blew at the reeds, made holes in the stems throughout. Then the embryo-Buddha took an oath that all the reeds have holes throughout as well. (There were known to be four wonders in this world of Baddha — reeds not having any stopper all throughout, the place the fire died down in the Quail King's Jataka was never on fire, the figure of the hare was written down on the moon as in the King Hare's Jataka, the place of Gahtikara Pot-Maker was not struck by rain.)

The embryo-Buddha and the apes had water from the lake with the reeds. The ogre had to go away without having any to eat. The embryo-Buddha and the apes then went into the forest.

The ogre of the lake later turned out to be Devatta.

# ကုရုင်္ဂမိဂဇာတ်

## (အောက်တည့်တည့်မကြွေသည့် ယမနေသီးမစားလို)

မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့သည် တရားသဘင်၌၊ ဒေဝဒတ်သည် မြတ်စွာဘုရားအားသတ်လိုခြင်းကြောင့် လေးသမားတို့ကိုစေလွှတ်၏၊ ကျောက်တုံးကိုလှိမ့်ချ၏။ ဓနပါလဆင်ကိုလွှတ်၏။ ခပ်သိမ်းသော အခြင်းအရာတို့ဖြင့် လုံ့လပြုအကြိမ်ကြိမ်လုပ်ကြံခဲ့၏။ ဒေဝဒတ်သည် လွန်စွာပင်ကျေးဇူးမဲ့လှကြောင်း ပြောဆိုဆွေးနွေးနေကြသည်။

မြတ်စွာဘုရားသည် ရဟန်းအပေါင်းတို့ဆွေးနွေးနေကြသည့် အကြောင်းကိုသိရှိလျှင် ဒေဝဒတ်သည် ရှေးအခါကလည်း ဤသို့လုံ့လပြုခြားသော်လည်း ဘုရားရှင်အား သတ်ခြင်းငှာမတတ်နိုင်ကြောင်း မိန့်တော်မူပြီးလျှင် အတိတ်ကိုဆောင်၍ ဤကုရုင်္ဂမိဂဇာတ်ကို ဟောတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်ဘုရားလောင်းသည် အမြော်အမြင်နှင့်ပြည့်စုံသော ဆတ်လိမ္မာဖြစ်ပေသည်။ ဘုရားလောင်းဆတ်မင်းသည် တော၌နေ၍ အသီးနှင့်ပြည့်စုံသော ယမနေပင်၌ ယမနေသီးကိုလာစားလေ့ရှိသည်။ မုဆိုးတစ်ယောက်သည် ယမနေပင်ရင်း၌ ဆတ်ခြေရာများကို တွေ့ရှိသောအခါ ယမနေပင်အထက်၌ လင့်စင်ဆောက်၍ လှံတစ်ချောင်းနှင့် ဆတ်မင်းအလာကို စောင့်ဆိုင်းနေသည်။

ဘုရားလောင်းဆတ်မင်းသည် ယမနေသီးစားရန်လာရာ ယမနေပင် အနား ရောက်လျှင် အပင်ရင်းသို့ အဆောတလျှင်မဝင်ဘဲ ဘေးရန်ရှိမရှိကို စုံစမ်းလို၍အပင်၏ အပြင်ဘက်၌သာ ရပ်လျက်နေသည်။ မုဆိုးလည်းဘုရားလောင်းဆတ်မင်းသည် သစ်ပင်ရင်းသို့ မဝင်သဖြင့် ဘုရားလောင်းဆတ်မင်း၏ရှေ့သို့ ယမနေသီးများကို ပစ်ချပေးလေသည်။ ထိုအခါဘုရားလောင်းသည် ယမနေပင်အထက်ကိုကြည့်ရာ မုဆိုးကိုတွေ့ရှိလေသော်လည်း မတွေ့ဟန်ပြု၍၊ အိုယမနေပင်- ရှေးအခါက သင်သည်အသီးများကို အောက်သို့တည့်တည့်ကျပါလျက် ယခုအခါသစ်ပင်၏ သဘော မမှုတာကို စွန့်၍ငါ၏ရှေ့သို့ကျရောက်စေသည်။ ဤသို့သစ်ပင်၏ သဘောတရားကို စွန့်သောသင်၏အသီးကို မစားလို၊ သင်၏အသီးကို မနှစ်သက် အခြားသော ယမနေပင်သို့ သွားအံ့ဟုဆို၍ ထွက်ခွာသွားလေသည်။

မုဆိုးလည်းလှံလွှတ်၍ သင်သွားလေလော့၊ ယခုသင့်ကိုမထိုးမိ ချွတ်ယွင်းပြီဟုဆို၏။ ဘုရားလောင်းဆတ်ကလည်း အို-မုဆိုး၊ ငါ့ကိုမထိုးမိ ချွတ်ယွင်းသော်လည်း သင်သည် ငရဲကြီး ရှစ်ထပ်၊ တစ်ဆယ့်ရှစ်ရပ်သော ဥဿဒရက်ငရဲ၊ ငါးပါးအပြားရှိသော အနှောင့် အဖွဲ့တို့၌ ဆင်းရဲခြင်း ခံရမည်မှာ မချွတ်ဧကံပင်ဖြစ်တော့သည်ဟု ဆိုကာထွက်သွား လေသည်။ ထိုမုဆိုးသည် ယခုအခါ ဒေဝဒတ်ဖြစ်ပေသည်။

# Kurungamiga Jataka

(Not having yamane that does not drop straight down)

Buddha was on sojourn at Weluwun Monastery when monks discussed how Devadat was so thankless as he had sent out archers, rolled down a rock, sent out Dhanapalla elephant, and made various other efforts to kill Buddha.

Hearing of all that, Buddha said it had been more so even before that. So he delivered the Kurungamiga Jataka.

Long ago, in Bayanathi, during the reign of King Byamadat, the embryo-Buddha was a wise, far-sighted stag that lived in the forest and lived on fruits from yamane tree.

A hunter saw hoofmarks of the stag under that tree and waited for it, holding a spear, on board the scaffold on the tree.

The stag came but did not come to the tree right away as it wanted to find out if there was any danger. As it waited by that tree, the hunter enticed it with fruits he sent down towards the stag. It saw the hunter but feigned not to and said to the tree that it had gone against nature and yielded the fruit right to it and not vertically. So saying it went away.

The hunter let loose the spear saying it could not hit the stag. The embryo-Buddha said it would be so but he the hunter would suffer fates in various levels of hell and five kinds of bondages and left.

The hunter was Devadat.

# ကုက္ကုရဇာတ်
## (ဆိုဆုံးမမှုနှစ် ၁၂၀၀၀ တည်)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုချိန်တွင် ဘုရားလောင်းသည် ခွေးမင်းအဖြစ် သုသာန်၌နေ၏။ တစ်နေ့သ၌ မင်းကြီး၏ သိန္ဓောမြင်းတို့ဖြင့် တန်ဆာဆင်ထားသောရထားကို ဖုန်းအုပ်ကာရှ၍ထားသော သားရေကို နန်းပြာသာဒ်ထက်၌ မင်းမျိုးတို့မွေးထားသော ခွေးတို့သည်စားကြ၏။ နောက်တစ်နေ့နံနက်တွင် မင်းကြီးအားရထားဖုံးသားရေများကို ခွေးတို့စားကြကြောင်း လျှောက်ထားလျှင်မင်းကြီးသည် လွန်စွာဒေါသအမျက်ထွက်၍ မြင်သမျှခွေးတို့ကို သတ်ရန်အမိန့်ပေးလေသည်။ ခွေးအပေါင်းတို့ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဘုရားလောင်း ရှိရာ သုသာန်သို့ရောက်ရှိစုဝေးကြလေသည်။ ဘုရားလောင်းသည် အကြောင်းစုံကို မေးမြန်းသည့်အခါ နန်းတွင်းရှိခွေးများက ထိုသားရေများကို စားကြသော်လည်း အပြစ်မဲ့သည့် ခွေးအပေါင်းတို့ ဒုက္ခရောက်ကြရသည်ကို ဆင်ခြင်မိလေသည်။

ထိုအခါဘုရားလောင်းက ခွေးအပေါင်းတို့အား မစိုးရိမ်ရန်မှာကြားပြီးနောက်၊ ပါရမီကိုဆင်ခြင်၍ မေတ္တာဘာဝနာကို ရှေ့သွားပြု၍ တစ်စုံတစ်ယောက်သူ၏ ခဲ၊ ဆောက်ပုတ်တို့ဖြင့် ပစ်ခြင်းငှာ မခံရစေသတည်းဟု အဓိဋ္ဌာန်ပြု၍ တစ်ကိုယ်တည်း မြို့တွင်းသို့ဝင်လေသည်။

ဘုရားလောင်းသည် မင်းကြီး၏ ရှေ့သို့ရောက်သောအခါ မင်းကြီးကိုရှိခိုးပြီး ခွေးများကိုသတ်သည့် အကြောင်းမေးမြန်းလေသည်။ မင်းကြီးလည်းအကြောင်းစုံကို ပြောကြားလေလျှင် ဘုရားလောင်းက မြင်မြင်သမျှခွေးများကို သတ်ခြင်းမဟုတ်၊ မင်းမျိုးတို့အိမ်၌မွေးစားထားသော ခွေးများမှာဘေးလွတ်ကင်းပြီး ကျန်ခွေးများကို သတ်နေခြင်းဖြစ်၍ အားနည်းသောခွေးများသာ သေကြရသည်။ ဤသို့ဆန္ဒအစွမ်း အားဖြင့် အဂတိသို့လိုက်ခြင်းသည် မင်းကျင့်တရားမဟုတ်ကြောင်းဆို၏။

ထိုအခါ မင်းကြီးသည် ဘုရားလောင်းအား သားရေကိုစားသော ခွေးများကို သိသလောဟုမေးမြန်းလေသည်။ ဘုရားလောင်းလည်း မင်းမျိုးတို့မွေးထားသော ခွေးများကိုခေါ်စေပြီး၊ ဆုံဒွိထောင်းထားသော မြက်များကို ယက်တက်ရည်ဖြင့် ဖျော်၍ ထိုခွေးတို့ကိုတိုက်စေသည်။ ထိုခွေးများသည် သားရေများနှင့်အတူ အစာတို့အန်ထွက်ကြကုန်သည်။ မင်းကြီးသည် ဘုရားလောင်း၏ ဖြေရှင်းမှုကို နှစ်သက်သည်ဖြစ်၍ ထီးဖြူဖြင့်ပူဇော်လေသည်။ ဘုရားလောင်းလည်း မင်းကျင့်တရားကိုပြသော ဆယ်ဂါထာတို့ဖြင့် မင်းကြီးအား တရားဟောလေသည်။ မင်းကြီးသည်ဘုရားလောင်း၏ တရားစကားကို အသက်ထက်ဆုံးတည်၍ ဒါနစသောကောင်းမှုတို့ကိုပြု၍ စုတေသော် နတ်ပြည်သို့လား၏။ ဘုရားလောင်း၏ အဆုံးအမသည် အနှစ်တစ်သောင်း နှစ်ထောင်ပတ်လုံးတည်လေသည်။

ထိုမင်းသည် ယခုအခါ ညီတော်အာနန္ဒာဖြစ်လေသည်။

# Kokkura Jataka

## (The advice lasting 12000 years)

Long ago, under the reign of King Byamadat in Baranathi, embryo-Buddha was a king of hounds living in a cemetery. One day the leather covering the carriage drawn by Theindaw horses of the king was eaten by dogs reared by the royalty. Furious, the king ordered all the dogs killed. The dogs sought shelter in the cemetery. The embryo-Buddha asked and saw that innocent dogs were being hurt.

He told the hounds not to worry. He placed his mindfulness on the paramis and on metta bhavana, vowing that he be not hindered by any throwing stone or brickbat, and entered the palace.

In the palace he paid obeisance to the king and asked about the hounds. The king told him all where upon he said it was hurting not those of royalty but other innocent ones. Such unfairness due to one's will would not be kingly conduct.

The king asked if he knew those responsible. The embryo-Buddha had those of the royalty called out there and fed a special solution of yettet and grass pounded finely, whereupon the dogs vomitted the leather and all that they had eaten.

The king liked the solution and presented the embryo-Buddha with a white umbrella. The embryo-Buddha gave the king ten gahtas to show kingly duties. The king obeyed implicitly and did good deeps and at the end of his life he ascended to the nat world. The embryo-Buddha's adivce lasted 12000 years. The king was later to become Buddha's brother Ananda.

# ဂေါဓာနီယသိန္ဓဝဇာတ်

## (မြင်းထိန်းစွာဒက်ရာရလျက် ဝီရိယမလျှော့ခြင်း)

သဗ္ဗညုတ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်း တစ်ပါးသည် ဝီရိယလျှော့သည်ကို သိရှိတော်မူ၏။ ထိုအခါမြတ်စွာဘုရားသည် ထိုရဟန်းအားခေါ်တော်မူ၍ ရှေး၌ ပညာရှိတို့သည် မိမိဦးတည်ရာကို ရအပ်သောအမှု၌ ဝီရိယကိုပြုကြ၏။ မြားထိမှန်သော်လည်း ဝီရိယကို မလျှော့လေဟု မိန့်တော်မူလျက် ဤဂေါဓာနီယသိန္ဓဝဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုချိန်တွင် ဘုရားလောင်းသည် ဗာရာဏသီမင်း၏ မင်္ဂလာမြင်းမြတ်တော် ဂေါဓာနီယ သိန္ဓဝမျိုးဖြစ်၏။ ထိုမြင်းသည်အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ဖြင့် အရသာပြည့်စုံသည့် သုံးနှစ်ပတ်လုံး မွေးထုံသော ဘောဇဉ်ကိုစား၏။ နံ့သာလေးမျိုးတို့ဖြင့် စီရင်ထားပြီး ကမ္ဗလာတင်းတိမ်တို့ဖြင့် ကာရံထားသောနေရာ၌နေ၏။ တစ်ခါသော် ခုနစ်ပြည်ထောင် မင်းတို့သည် ဗာရာဏသီပြည်ကိုဝန်းရံ၍ တိုင်းပြည်ကိုပေးမည်လော၊ စစ်ထိုးခြင်းပြုမည်လောဟု စာချွန်လွှာကို ပေးပို့လာ၏။ ထိုအခါမင်းကြီးသည် အမတ်တို့နှင့် စည်းဝေး တိုင်ပင်ကာ မြင်းစီးသူရဲကို စစ်ထိုးလွှတ်ရန် စီစဉ်လေသည်။

မြင်းစီးသူရဲသည် ဘုရားလောင်းမြင်းနှင့်တစ်ကွ မိမိကိုယ်ကိုပါ စစ်ဝတ်တန်ဆာများ စီရင်လေသည်။ ထို့နောက်သံလျက်ကိုလွယ်လျက် ဘုရားလောင်းသိန္ဓောမြင်းမြတ်၏ ကျောကုန်းထက် စီးလျက်မြို့မှထွက်၍ လျှပ်စစ်နွယ်ကဲ့သို့ ရန်သူတပ်တွင်းသို့ အလွန်လျင်မြန်စွာစီးဝင်၍ မင်းတစ်ပါးကို အရှင်ဖမ်းယူကာ မြို့သို့ပြန်ဝင်ခဲ့၏။ ထိုနည်းတူစွာ ရန်သူဗိုလ်စုကိုဖြတ်၍ မင်းတစ်ပါးပြီးတစ်ပါး ဖမ်းယူခဲ့ရာ ခြောက်ယောက် မြောက်သော မင်းကို ဖမ်းပြီးသောအခါ ဘုရားအလောင်း ဂေါဓာနီယသိန္ဓောမြင်းကို မြားထိလေသည်။ သွေးများစွာယိုထွက်၍ ကြီးစွာသောဝေဒနာ ရရှိလေသည်။

မြင်းစီးသူရဲလည်း ဘုရားလောင်း ဂေါဓာနီယသိန္ဓောမြင်းကို အနှောင်အဖွဲ့ တန်ဆာများကို ချွတ်ပြီးလျှင် မင်း၏အိမ်တံခါးဝ၌ အိပ်စေသည်။ ထို့နောက်အခြား မြင်းတစ်ကောင် ကို တန်ဆာဆင်ရန် စီစဉ်လေသည်။ ဘုရားလောင်းအာဇာနည် မြင်းမြတ်သည်

လျှောင်းလျက်ပင် မြင်သဖြင့် ဤမြင်းသည် ခုနစ်ယောက်မြောက်သောမင်းကို ဖမ်းရန်အတွက် ဗိုလ်စုကိုဖြတ်နိုင်စွမ်းမရှိ၍ အတုမရှိသောမြင်းစီးသူရဲသည် ပျက်စီးရတော့ မည်။ မင်းကြီးသည်လည်း ရန်သူ့လက်သို့ ကျရောက်ရတော့မည်ဟု ဆင်ခြင်မိလေသည်။ ထို့ကြောင့်မြင်းစီးသူရဲအားခေါ်၍ ခုနစ်ယောက်မြောက်သောမင်းကိုဖမ်းရန် မိမိမှတစ်ပါး အခြားမြင်းမရှိနိုင်၍ မိမိကိုသာချပ်ဝတ်တန်ဆာတို့ဖြင့် ဖွဲ့လော့ဟု ဆိုလေသည်။

ထိုအခါ မြင်းစီးသူရဲလည်း မြားမှန်ရာကို ဖွဲ့စည်းလျက် ကောင်းသောတန်ဆာတို့ဖြင့် စီရင်လျက် ဘုရားလောင်းအာဇာနည်မြင်းဖြင့် တိုက်လေလျှင် ခုနစ်ယောက်မြောက်မင်းကို ရရှိလေသည်။ ဘုရားလောင်း အာဇာနည်မြင်းကို မင်းအိမ်တံခါးဝသို့ ဆောင်ယူလာ၏။ မင်းကြီးလည်း ဘုရားလောင်းမင်းအား လာရောက်ကြည့်လေလျှင် ဘုရားလောင်းက ခုနစ်ပြည်ထောင်မင်းတို့အား မသတ်ရန်၊ သစ္စာရေတိုက်၍ ပြန်လွှတ်တော် မူပါရန်၊ မိမိအား ပေးသနားမည့် စည်းစိမ်ဥစ္စာဘဏ္ဍာများကို မြင်းစီးသူရဲအားပေးသနားရန်၊ မင်းကြီးသည် တရားနှင့်အညီ မင်းပြုရန်မှာကြားပြီး ချပ်ဝတ်တန်ဆာများကို ချွတ်လိုက်သောအခါ သေဆုံးလေသည်။ မင်းကြီးလည်း ဘုရားလောင်း၏ မှာကြားချက်များနှင့်အညီ စီမံ ဆောင်ရွက်လေသည်။

မြတ်စွာဘုရားသည် ဝီရိယလျှော့သောရဟန်းအား ထိုသို့ပညာရှိတို့သည် မိမိတို့ ရည်မှန်းမှုကို မရလျှင် ဝီရိယပြုကြသည်။ မြားမှန်သောမြင်းသည်ပင် ဝီရိယမလျှော့၊ သင်သည်ဝဋ်ဆင်းရဲမှ လွတ်မြောက်စေသော သာသနာတော်၌ ရဟန်းပြု၍ အဘယ်ကြောင့် ဝီရိယလျှော့ဘိသနည်းဟု မိန့်တော်မူ၍ သစ္စာလေးပါးတို့ကို ပြတော်မူသည်၏ အဆုံး၌ ဝီရိယလျှော့သောရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။

ဗာရာဏသီမင်းသည် အရှင်အာနန္ဒာဖြစ်ပြီး မြင်းစီးသူရဲသည် အရှင်သာရိပုတ္တရာ ဖြစ်လာ၏။

# Gozaniya Theindaya Jataka

## (On not relenting even with severe wound)

While at Zetawun Monastery, Buddha noticed that a monk was lax in practice and so he called him and told him that the wise men of olden times were bent on some objective and they did not relent even when wounded by an arrow. He gave the Gozaniya Theindawa Jataka.

Long ago, under the reign of King Byamadat in Bayanathi, embryo-Buddha was a royal steed of Gozaniya Theindawa caste, of the king. He ate fragrant food for three years in a gold cup worth a hundred thousand; he lived in a place partitioned by veils made of four scented cloths.

One day the kings of seven kingdoms lay siege and asked the king to give up the throne or fight. The king consulted with his ministers and made arrangements to send a knight on horseback.

The chosen knight in horseback protected himself and the horse of the royal steed with armour. Then he put the thanlyet on his shoulder, rode so fast like lightning into the enemy camp and came back with a king in captivity. He did it again and again till he caught the sixth king before the steed was struck with an arrow. It suffered greatly from the wound.

The knight had the royal steed rest near the palace and prepared another horse for combat. The steed saw it and surmised that the plan would fail because of lack of a good steed and the king would fall into enemy hands. So he asked the knight to armour him instead.

So the knight dressed the wound well, armoured the steed and fought and came back with the seventh king in captivity.

The knight took the steed to the palace ground. The king came and met the steed, whereupon it asked the king not to kill any of the seven kings, but to let them take the oath of loyalty and let them go. He also asked the king to give all its wealth to the knight and to rule in accord with kingly conduct. When armour was taken off him, he died. The king did as bidden.

Buddha showed such example of relentlessness and preached the four Noble Truths. The monk saw it and attained a higher level of enlightenment.

King of Baranathi became Ashin Ananda and the knight became Shin Thariputtara.

# တိတ္တဇာတ်

## (သူတစ်ပါးအလိုကိုသိ၍ မိမိအလိုသို့ရောက်လွယ်ခြင်း)

မြတ်စွာဘုရားသခင်၏ တရားစစ်သူကြီးအရှင်သာရိပုတ္တရာသည် အာသယာနုသယဉာဏ်တော်ရှိတော်မမူပေ။ အာသယာနုသယဉာဏ်တော်သည် ဘုရားရှင်တို့သာလျှင်ရှိတော်မူ၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် အတူနေတပည့်ရဟန်းအား အလိုအာသယကိုသိတော်မမူ၍ အသုဘကမ္မဋ္ဌာန်းကိုသာ ဟောတော်မူ၏။ ထိုအသုဘကမ္မဋ္ဌာန်းသည် အတူနေတပည့်ရဟန်းအတွက်သင့်လျော်လျောက်ပတ်ခြင်းမရှိ၍ လေးလကျော်လွန်သည့်တိုင် အရဟတ္တဖိုလ်ကို မရရှိနိုင်ဖြစ်နေသည်။

ထိုရဟန်းသည် အသုဘကမ္မဋ္ဌာန်းနှင့် လျောက်ပတ်ခြင်းမရှိသည်မှာ ဘဝငါးရာပတ်လုံး ရွှေပန်းထိမ်သည်တို့၏အိမ်၌သာ ပဋိသန္ဓေယူသည်။ ထို့ကြောင့် အချိန်ကြာမြင့်စွာရွှေကိုသာ လေ့လာမြင်တွေ့ဖူးသည်ဖြစ်၍ အသုဘကမ္မဋ္ဌာန်း၏ နိမိတ်ကိုမျှပင် မမြင်နိုင်ဖြစ်နေရပေသည်။ အရှင်သာရိပုတ္တရာလည်း ဤရဟန်းကိုမြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ဆုံးမမှသာ အရဟတ္တဖိုလ်ကိုရရှိတော့မည်ကို သိမြင်တော်မူ၍ မြတ်စွာဘုရားရှင်ထံသို့ ထိုရဟန်းအားခေါ်ဆောင်သွားလေသည်။

မြတ်စွာဘုရားရှင်ထံပါးသို့ ရောက်ရှိသောအခါ အရှင်သာရိပုတ္တရာသည် အကြောင်းစုံကို လျှောက်ထားတင်ပြလေသည်။ ထိုအခါမြတ်စွာဘုရားသခင်က အရှင်သာရိပုတ္တရာအား ထိုရဟန်းကိုညအခါမှ လာ၍ခေါ်ရန်မှာကြားကာ အရှင်သာရိပုတ္တရာအား ပြန်လွှတ်လိုက်လေသည်။ အရှင်သာရိပုတ္တရာပြန်လျှင် မြတ်စွာဘုရားသခင်သည် ထိုရဟန်းအားနှစ်သက်ဖွယ်သင်္ကန်း၊ သင်းပိုင်တို့ကိုပေး၍ မြတ်သောခဲဖွယ်ဘောဇဉ်တို့သုံးဆောင်စေသည်။ ထို့နောက်ရဟန်းအပေါင်းခြံရံလျက် ဂန္ဓကုဋိ၌နေ့အချိန်ကိုကုန်လွန်စေသည်။ ညချမ်းအခါ၌ ထိုရဟန်းကိုခေါ်၍ ကျောင်းအတွင်းလှည့်လည်စေသည်။ သရက်ဥယျာဉ်သို့ရောက်သောအခါ လေးထောင့်ကန်ကြီးကိုဖန်ဆင်း၏။ ထိုလေးထောင့်ကန်ကြီး၌ ကြီးစွာသောပဒုမ္မာကြာရုံကိုဖန်ဆင်း၏။ ထိုပဒုမ္မာကြာရုံ၌ ပဒုမ္မာကြာပွင့်ကို ဖန်ဆင်းပြီးလျှင် ထိုရဟန်းအားကြာပွင့်ကို ကြည့်လျက်နေလော့ဟု မိန့်မှာတော်မူပြီး ဂန္ဓကုဋိသို့ဝင်တော်မူလေသည်။

ထိုရဟန်းသည် ပဒုမ္မာကြာကို အဖန်တလဲလဲကြည့်၏။ ပဒုမ္မာကြာပွင့်သည် ထိုရဟန်းကြည့်နေစဉ်တွင်ပင် အိုခြင်းသို့ရောက်၍ အဆင်းပျက်လေသည်။ ထိုပဒုမ္မာကြာပွင့်၏အစွန်းမှစ၍ ပွင့်ချပ်တို့ကြွေကုန်၏။ ထို့နောက်ဝတ်မှုန်သည်ကြွေ၏။ ရဟန်းသည် ပဒုမ္မာကြာပွင့်ကို ကြည့်လျက်ဤပဒုမ္မာကြာပွင့်သည် ယခုပင်လှသော အဆင်းရှိ၍ ရှုဖွယ်ရှိ၏။ ပဒုမ္မာကြာ၏ အဆင်းသည်ဖောက်ပြန်ကာပွင့်ချပ်တို့၊ ဝတ်မှုန် တို့သည်ကြွေကုန်၏။ ဤသို့သဘောရှိသော ပဒုမ္မာသည် အိုခြင်းရောက်ရှိခဲ့သလို ငါ၏ကိုယ်သည်လည်း အိုခြင်းသို့ မရောက်မရှိနိုင်။ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် အမြဲမရှိကုန်ဟု ဝိပဿနာကို ဖြစ်စေလေသည်။

မြတ်စွာဘုရားသခင်သည် ထိုရဟန်းစိတ်၌ ဝိပဿနာသို့ ရောတ်တက်ပြီကို သိတော်မူသဖြင့် ရဟန်းအား တန်ဆောင်မုန်းလ၌ပွင့်သော ကုမုဒြာကြာကို လက်ဖြင့်ဖြတ်သကဲ့သို့ သင်သည်ချစ်ခြင်းကို ဖြတ်လော့ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာကိုပွားလော့ဟု မိန့်တော်မူကာ တရားပြဟောကြားတော်မူလေသည်။ မြတ်စွာဘုရား၏ တရားအဆုံး၌ ထိုရဟန်းသည် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ဤအကြောင်းသည် ရဟန်းအပေါင်းတို့ သိရှိ၍တရားသဘင်၌ မြတ်စွာဘုရားသခင်၏ ကြီးမားသောအာနုဘော် ကျေးဇူးတော်ကို ချီးမွမ်းလျက်စည်းဝေးကြကုန်သည်။ မြတ်စွာဘုရားသခင်သိရှိတော်မူလျှင် ယခုသိခြင်းသည် အံ့ဖွယ်မရှိသေး၊ ရှေး၌လည်းထိုရဟန်း၏ အလိုကို သိရှိခဲ့သာတည်းဟု မိန့်တော်မူလျက် ဤတိတ္တဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းစိုးစံချိန်တွင် ဘုရားလောင်းသည် မင်း၏ပညာရှိ အမတ်ဖြစ်သည်။ တစ်ခါ၌မင်း၏ မင်္ဂလာမြင်း၏ ရေချိုးဆိပ်၌ မြည်းတို့၏ အမျိုးဖြစ်သော မြင်းယုတ် ရေချိုး၏။ မင်္ဂလာမြင်းသည် မြင်းယုတ်ရေချိုးသော ရေချိုးဆိပ်ကို စက်ဆုပ်သဖြင့် သက်ဆင်းလိုခြင်း မရှိဖြစ်နေသည်။ မြင်းထိန်းလည်း မင်းကြီးအား အကြောင်းစုံကိုလျှောက်ထားလေလျှင် မင်းကြီးသည် ဘုရားလောင်း ပညာရှိအား အဖြစ်မှန်ကို စုံစမ်းရန်မိန့်တော်မူလေသည်။ ဘုရားလောင်းလည်း ရေဆိပ်သို့ဆင်း၍ မင်္ဂလာ မြင်းအား ရောဂါရှိမရှိကို ဦးစွာစစ်ဆေး၏။ ရောဂါမရှိသည်ကို သိရှိလျှင် မင်္ဂလာမြင်း၏ ရှေ့မှအခြားမြင်းများ ရေသက်ဆင်းခြင်းရှိမရှိကို မြင်းထိန်းတို့အား မေးမြန်းလေသည်။ မြင်းထိန်းတို့ထံမှ မင်္ဂလာမြင်းမဆင်းမီ မြင်းယုတ်သက်ဆင်းခဲ့ကြောင်း သိရှိရလျှင်မင်္ဂလာမြင်း အားအခြားတစ်နေရာ၌ ရေချိုးရေသောက်စေသည်။ မြင်းထိန်းတို့လည်း နေရာသစ်၌ ရေချိုးစေ၏။ မင်္ဂလာမြင်းသည် ရေသောက်ရေချိုးပြီးသောအခါ ဘုရားလောင်း သည်

မင်းကြီးထံဝင်၍ အကြောင်းစုံလျှောက်ထားလေသည်။ မင်းကြီးလည်း တိရစ္ဆာန်၏ အလိုကိုပင် သိသည့်ဘုရားလောင်း ပညာရှိအား ချီးကျူးကာကြီးစွာသော စည်းစိမ်တို့ကို ပေးလေသည်။

ဤမဂ်လာမြင်းသည် ယခုအခါ ထိုရဟန်း၊ မင်းကြီးသည် ယခုအခါ အာနန္ဒာ ဖြစ်သည်။

# Teitta Jataka

## (Having one's way for knowing the others')

Athaya Nuthaya wisdom was known only to Buddha and not even to his disciple Shin Thariputtara. So, not knowing the mind of a disciple monk, Shin Thariputtara asked him to practise Kammahtana of Asubha. It was not suitable for the monk who tried for four months but could not make any headway with it. So Shin Thariputtara took him to Buddha. Buddha took in the monk, sending Shin Thariputtara back, to come again only at night time. Buddha gave him nice robes and good food, and had him spend daytime at Gandhakuti Taik. When night came, Buddha got him to roam the monastery. At the mango garden, Buddha created a square lake, with padomma flowers and had the monk contemplate the padomma flowers, after which he went back to Gandhakuti Taik.

The monk repeatedly contemplated the padomma flower and eventually found that even the lovely padomma flower came to wilt, decay and die. Only then did he realize that he too would wilt, decay and die.

Buddha told him to sever the ties of padomma flower like the hand and seek the truths of the eight maggins. At the end of the sermon, the monk gained a higher level of enlightenment.

Coming to know of all that, monks lauded the Buddha. Then Buddha said that knowledge was not surprising for it had happened like that earlier. So he preached the Teitta Jataka.

Long ago, under the reign of King Byanmadat in Baranathi, the embryo-Buddha was a wise man. Once it happened that an inferior horse came to the place of bathing by the noble horse of the king. Loathing the place, the royal horse refused to get to the place of bathing. The keeper of the royal horse saw this and reported it the king. The king referred it to the wise man.

The wise man asked if the royal horse had any disease; it had not; so he asked if others had bathed there before the royal horse; the keeper said the inferior horse did; so the wise man had the royal horse bathe in a new place drinking water from there. Then he reported all to the king, who lauded him and gave him riches.

The royal horse became the monk and the king became Ananda.

# မဟာပိဋကမုခဇာတ်

## (တံခါးနားနီး တံခါး၊ မုဆိုးနားနီးမုဆိုး)

မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် ဂယာသီသ၌ အဇာတသတ်မင်းသား ဆောက်လုပ်ပေးသော ကျောင်း၌ နေ၏။ ဒေဝဒတ်အား အဇာတသတ်မင်းသားသည် ကြည်ညိုသဖြင့် လာဘ်ပူဇော်သက္ကာရ ပြု၏။ အထူးထူးသောမြတ်သည့် အရသာတို့ဖြင့် သုံးနှစ်ပတ်လုံး မွှေးကြိုင် သော သလေးဘောဇဉ်၏ ဆွမ်းအိုးငါးရာတို့ကို နေ့စဉ်နေ့တိုင်းပို့ပေးသည်။ လာဘ်ပူဇော် သက္ကာရကို မှီ၍ ဒေဝဒတ်ထံ၌ အခြံအရံများပေါများ စွာဖြင့် ကျောင်း၌နေ၏။

ထိုအချိန်တွင် ရာဇဂြိုဟ်ပြည်၌နေသော မိတ်ဆွေနှစ်ဦးတို့ရှိကြ၏။ တစ်ဦးသည် မြတ်စွာဘုရားထံ၌ ရဟန်းပြု၏။ ကျန်တစ်ဦးသည် ဒေဝဒတ်ထံ၌ ရဟန်းပြု၏။ ထိုနှစ်ဦးတို့ သည် မကြာခဏတွေ့ဆုံတတ်ကြ သည်။ တစ်နေ့သ၌ ဒေဝဒတ်ထံ၌ ရဟန်းပြုသူသည် ဘုရားထံ၌ ရဟန်းပြုသူအား နေ့စဉ်ဆွမ်းခံထွက်နေ ရသည်မှာ ပင်ပန်း၍ချွေးထွက်၏။ ဂယာသီသရှိ ဒေဝဒတ် ကျောင်း၌ လိုက်ပါနေကအထူးထူးသော အရသာတို့ဖြင့် ကောင်းမွန် သော ဘောဇဉ်ကိုစားရမည်၊ ပင်ပန်းဆင်းရဲခံရန်မလိုကြောင်းပြောဆို၏။ ထိုရဟန်းသည် အကြိမ်ကြိမ် အဖန်ဖန်တွေ့ဆုံတိုင်း ပြောဆိုသည်ကြောင့် ဘုရားရှင်၏တပည့်ရဟန်းသည် ဂယာသီသသို့ လိုက်ပါ၍ ဆွမ်းစားပြီးသော် ဝေဠုဝန်သို့ပြန်လာ၏။

ထိုရဟန်းသည် ဂယာသီသသို့သွား၍ ဒေဝဒတ်အား တည်သောဆွမ်းကို စားကြောင်း မကြာမီပင် အခြားရဟန်းတို့သိရှိကြကုန်သည်။ ရဟန်းတို့က ထိုရဟန်း အားတရားသဘင်သို့ ခေါ်ဆောင် လာကြသည်။ မြတ်စွာဘုရားသခင်က မြင်တော်မူ၍ အဘယ်ကြောင့် ထိုရဟန်း အားခေါ်လာသည်ကို မိန့်တော်မူသည်။ ရဟန်းတို့က ထိုရဟန်းသည် မြတ်စွာဘုရားထံတွင် ရဟန်းပြုသူဖြစ်ပါလျက် ဒေဝဒတ်၏ အဓမ္မဖြင့်ဖြစ် သော ဆွမ်းကိုစားကြောင်း လျှောက်ထား ကြသည်။ ထိုအခါရဟန်းက ဒေဝဒတ်ပေးသော ဆွမ်းကိုစားခြင်းမဟုတ်ဘဲ အခြားရဟန်းတစ်ပါး ပေးသော ဆွမ်းကိုစားခြင်းဖြစ်ကြောင်း လျှောက်တင်လေ သည်။ မြတ်စွာဘုရားသခင်က ထိုရဟန်းအား ဒေဝဒတ်၏ဆွမ်းကို စားခြင်းပင်ဖြစ်၍ ရှောင်လွှဲ၍မရကြောင်း ထိုရဟန်းသည် ရှေးအခါကလည်း မြင်မြင်တိုင်း သူတို့ကိုဆည်းကပ်ခဲ့ဖူးသည်ဟု မိန့်တော်မူလျက် ဤမဟိဠာမုခ ဇာတ်တော်ကို ဟောကြားတော်မူလေသည်။ (ဆက်လက်ဖော်ပြပါမည်)

လွန်လေပြီးသောအခါ ဇာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုနေချိန်တွင် ဘုရားလောင်းသည် ထိုမင်း၏ပညာရှိအမတ်ဖြစ်သည်။ ထိုမင်းထံ၌အကျင့်သီလနှင့် ပြည့်စုံသောမင်္ဂလာဆင်တော်မဟိဠာမုခရှိ၏။ ထိုဆင်၏တင်းကုပ်အနီး၌ ခိုးသူတို့သည် ရန့်ရင်းကြမ်းတမ်းသောစကားတို့ဖြင့် နေ့များစွာတိုင်ပင်ပြောဆိုကြသည့် စကားများကို မင်္ဂလာဆင်တော်မဟိဠာမုခ ကြားနေရသည်ကြောင့် စိတ်ရိုင်းဝင်လာသည်။ ဆင်ထိန်းတစ်ဦးကိုနှာမောင်းဖြင့် ရိုက်၍သတ်လေသည်။ နောက်ထပ်ရောက်ရှိလာသော ဆင်ထိန်းကိုလည်း ထို့အတူသတ်ပြန်သည်။ ထိုသို့လာရောက်ကြသမျှ ဆင်ထိန်းတိုင်းကိုသတ်ကြောင်းမင်းကြီးကြားတော်မူလေသည်။

ထိုအခါမင်းကြီးသည် ဘုရားလောင်းပညာရှိအား အဘယ်အကြောင်းကြောင့် ထိုဆင် သည်ပျက်စီးနေသည်ကို စုံစမ်းစေလေသည်။ ဘုရားလောင်းပညာရှိအမတ်လည်း မင်္ဂလာ ဆင်တော် မဟိဠာမုခကို ကိုယ်၌ရောဂါရှိမရှိကို စစ်ဆေးသည်။ ကိုယ်၌ရောဂါမရှိသည်ကို သိသော်ဆင်သည် အဘယ်ကြောင့်ပျက်စီးသည်ကို စုံစမ်းသည့်အခါတွင် ခိုးသူတို့၏ စကားကိုကြားရဖန်များ၍ ပျက်စီးကြောင်းသိရှိလေသည်။ ဘုရားလောင်းလည်း မင်းကြီးထံဝင်၍ အကြောင်းစုံကို လျှောက်ထားလေသည်။ မင်းကြီးကမည်သို့ပြုပြင်ရမည်ကိုမေးသည့်အခါ ဘုရားလောင်းပညာရှိအမတ်က သီလရှိသောရဟန်း ပုဏ္ဏားတို့ကိုဆင်တင်းကုပ်အနီး၌ နေစေလျက်သီလအကျင့်စကားတို့ကိုသာ နေ့စဉ်နှင့်အမျှ ဆိုစေသင့်ကြောင်း လျှောက်တင်သည်။ ထိုအခါမင်းကြီးသည် ရဟန်းပုဏ္ဏားတို့အား ဆင်တင်းကုပ်အနီး၌ နေ့စဉ်သီလအကျင့်နှင့် ပြည့်စုံသောခန္တီမေတ္တာ ကရုဏာယှဉ်သင့် ကြောင်း သီလစကားကိုဆိုကြစေသည်။

မင်္ဂလာဆင်မဟိဠာမုခသည် ထိုစကားများကိုကြား၍ ယနေ့မှစ၍သီလရှိရမည်ကို နှလုံးသွင်း၍ သီလနှင့်နေလေသည်။ မင်းကြီးလည်းဘုရားလောင်းအား ဆင်သည်သီလရှိပြီလားဟုမေးမြန်းရာ၊ ဘုရားလောင်းက မဟိဠာမုခဆင်သည် ရှေးဦးစွာခိုးသူတို့၏ စကားကိုကြား၍ အတုလိုက်ကျင့်ကာဆင်ထိန်းတို့ကို ရိုက်ပုတ်သတ်၏။ မြတ်သောဆင်သည် ကိုယ်၊ နှုတ်၊ နှလုံးစောင့်ထိန်းသော ရဟန်းပုဏ္ဏားတို့၏ စကားကိုကြား၍ ခပ်သိမ်းသောအကျင့်သီလ

တို့တည်လေပြီဟု လျှောက်တင်လေသည်။ မင်းကြီးလည်း ဘုရားလောင်းပညာရှိအား တိရစ္ဆာန်တို့၏အလိုကိုသိပေ၏ဟု ချီးကျူးကာကြီးစွာသော စည်းစိမ်ကိုပေး၏။

ဘုရားသခင်က ထိုရဟန်းသည် ရှေးအခါက ဤသို့မြင်မြင်တိုင်း ဆည်းကပ်တတ်သူဖြစ်ကြောင်း ဟောကြားကာ ဇာတ်ပေါင်းသော် ယခုအခါ ဆန့်ကျင်ဘက်ကိုအပေါင်းအဖော်ပြုမှိုဝဲသောရဟန်းသည် ထိုအခါက မဟိဠာမုခဆင်ဖြစ်ပြီး၊ ယခုအခါ အာနန္ဒာသည် ထိုအခါကမင်းဖြစ်သည်။

* * *

# Mahila Mukha Jataka

## (Nearness that makes a fisherman or a hunter)

While the Buddha was at Weluwun Monastery, Devadat was at Gaya Thitha built and donated by Azatathat. Devadat was much favoured by Devadat. For meals, he sent daily thalay rice and five hundred kinds of curry, that remained fragrant for three whole years. Devadat enjoyed them all with his disciples.

In Yàzagyo at that time, there were two friends. One became a monk with Buddha and the other became a monk with Devadat. They met frequently The one with Devadat told the other that he would find it hard to go on alms rounds and if he stayed with Devadat he need not worry. He would get good food without any trouble. He said it frequently and so, one day the monk with the Buddha went along with him to Gaya Thiha, partook of a meal and came back to Weluwun.

Soon monks knew the monk had partaken of the food. So they took him to the chamber of justice. Buddha saw it and asked. The monks supplicated to the Buddha. The monk argued that he took a meal from another monk, not from Devadat. Buddha said it was tantamount to the same thing, and he had the precedent of looking up to anyone and every one before. Buddha gave the Mahila Mukha jataka.

Long ago, under the reign of King Byamadat in Baranathi, the embryo-Buddha was a wise man. The royal elephant was Mahila Mukha. It heard thieves saying rough words near its resting place and so itself got into a wild stance. An attendant came and he was beaten to death by trunk. Then he went on killing all the other attendants that came.

The king heard of it and asked the wise man to make inquiries. The wise man checked if the elephant was tormented by an illness. When he learnt it was not, he continued inquiries and found out that the elephant was caught in a wild stance. The wise man reported to the king, whereupon the king asked him what to do about that. The wise man said monks and ponnas with principles would be kept near the elephant and they should radiate metta when near it.

The elephant heard it and decided it must live with sila from then on. The king later asked if the elephant was of good conduct and the wise man said it indeed was, although it had erred due to the rough language of thieves. The king lauded him for knowing the tendency of animals as well and gave him more riches.

The elephant became the monk associating with bad lot and the king became Ananda.

# နန္ဒိဝိသာလဇာတ်
## (နွားတစ်ရှဉ့်တစ်ပါး)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ရှိကြကုန်သည်။ ထိုဆဗ္ဗဂ္ဂီရဟန်းတို့သည် သီလရှိကြသော ရဟန်းတို့အား ခိုက်ရန်ပြုကြကာ ဆဲရေးရှုတ်ချကြ၏။ သီလရှိသောရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားတိုင်ကြားကြလေသည်။ မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့အားခေါ်၍ ရဟန်းတို့ကို တိုင်ကြားသည့်အတိုင်း မှန်သလောဟုမေးရာ ဆဗဂ္ဂီရဟန်းတို့က ဝန်ခံကြ လေ သည်။ ထိုအခါမြတ်စွာဘုရားသခင်သည် ရန့်ရင်းကြမ်းတမ်းသော စကားကို တိရစ္ဆာန် တို့ပင် မနှစ်သက်ကြ၊ ရှေးအခါ၌ နွားသည်မိမိကိုကြမ်းကြုတ်သောစကားဖြင့်ဆိုသော ပုဏ္ဏားကိုအသပြာ တစ်ထောင်ဆုံးရှုံးစေဖူးသည်ဟု မိန့်တော်မူလျက် ဤနန္ဒိဝိသာလဇာတ်ကို ဟောကြားတော်မူလေ သည်။

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်းတက္ကသိုလ်ပြည်၌ ဂန္ဓာရမင်းသည်မင်းပြု၏။ ဘုရား လောင်းသည် ပုဏ္ဏားတစ်ယောက်ထံတွင် နန္ဒိဝိသာလမည်သော နွားဖြစ်၏။ ပုဏ္ဏားသည် နန္ဒိဝိသာလကို သားအရင်းကဲ့သို့ ချစ်မြတ်နိုးသည်ကြောင့် နေ့စဉ်ကောင်းသော ယာဂု ထမင်းတို့ကို ကျွေးမွေးကာကောင်းသော နေရာထိုင်ခင်းဖြင့်နေစေသည်။ ဘုရားလောင်း သည် အရွယ်သို့ရောက်သောအခါ ပုဏ္ဏား၏ကောင်းစွာကျွေးမွေးပြုစုခဲ့သည်ကို ကျေးဇူးဆပ်ရန် အကြံဖြစ်လေသည်။ ထို့ကြောင့်ပုဏ္ဏားဘုရားလောင်း အကြံပြုသည့်အတိုင်း ထိုရွာရှိသူဌေးကြီး ဂေါဝိန္ဒကထံသွား၍၊ မိမိ၏နွားသည် ဇမ္ဗူဒိပ်၌ အားအကြီးဆုံး ဖြစ်ပြီး၊ တစ်ဆက်တည်းသော လှည်းတစ်ရာကို ဆွဲနိုင်ကြောင်းဆိုလျက် အသပြာတစ်ထောင်ကြေး လောင်းခြင်းပြုရန် ဆိုလေသည်။ ဂေါဝိန္ဒကသူဌေးသည် ဤသို့နွားမျိုးမရှိဟုဆိုကာ အသပြာတစ်ထောင်ဖြင့် လောင်းရန်သဘောတူညီလိုက်လေသည်။ ပုဏ္ဏားသည် လှည်းတစ်ရာကိုသဲကျောက်စရစ်တို့ဖြင့် ပြည့်အောင်ထည့်စေပြီး၊ လှည်းတစ်ရာကိုအစဉ် တိုင်းတစ်ပေါင်းတည်း ဖွဲ့စည်းလိုက်သည်။ ထို့နောက်ဘုရားလောင်းနန္ဒိဝိသာလကို ရေချိုး၍နံ့သာအမွှေးအကြိုင်တို့ လိမ်းစေလျက်လည်၌ ပန်းကုံးစွပ်၍လှည်းကိုဆွဲစေ၏။ ပုဏ္ဏားသည်လှည်းဦး၌ထိုင်၍ နှင်တံကိုမြှောက်ကာ ကောက်ကျစ် သောနွားသွားလော့၊ ကောက်ကျစ်သောနွားဝန်ကိုဆောင်လော့ဟုဆို၏။ ဘုရားလောင်းသည် မကောက်ကျစ် သောမိမိကို ကောက်ကျစ်၏ဟူသော စကားဆိုရမည်လောဟု လှည်းတို့ကို မဆွဲဘဲ ခြေလေးဘက်တို့ကို တိုင်ကဲ့သို့ရပ်နေလေ၏။

ထိုအခါ ဂေါဝိတ္တကသူဌေးသည် ပုဏ္ဏားအားအသပြာတစ်ထောင်ကို ပေးလျော်စေ၏။ ပုဏ္ဏားသည်အသပြာတစ်ထောင်ရှုံး၍ မအိမသာဖြင့် နေအိမ်သို့ပြန်လေသည်။ စိတ်ဆင်းရဲကြီးစွာဖြင့် အိပ်ရာ၌လျောင်းနေ၏။ နန္ဒိဝိသာလသည် ပုဏ္ဏားအနီးသို့ချဉ်းကပ်၍ အဘယ်ကြောင့် လျောင်းနေသည်ကို မေးလျှင်ပုဏ္ဏားကအသပြာတစ်ထောင်ရှုံး၍ စိတ်ဆင်းရဲကာ အိပ်နေကြောင်းဆိုလေသည်။ ဘုရားလောင်းကမိမိသည် ပုဏ္ဏားနေအိမ်၌ ကာလကြာစွာနေခဲ့ပြီ၊ မိမိကြောင့်အိုးတစ်လုံး ကွဲဖူးသလော၊ တစ်စုံတစ်ရာကို နင်းခြေဖျက်ဆီးခဲ့ဖူးသလော၊ နေရာမဟုတ် သော နေရာ၌ ကျင်ကြီးကျင်ငယ်စွန့်ခဲ့ဖူးသလောဟု မေးမြန်းလေသည်။ ပုဏ္ဏားကချစ်သား သင်သည်ဤသို့အပြုအမူများပြုလုပ်ခြင်းမရှိခဲ့ကြောင်း ဖြေကြားသည်။ ထိုသို့ဖြစ်လျက်အဘယ်ကြောင့် မိမိအားကောက်ကျစ်သောနွားဟုဆိုဘိသနည်း၊ ဤကားပုဏ္ဏား၏အပြစ်ဖြစ်ကြောင်း၊ မိမိတွင်အပြစ်မရှိကြောင်း၊ ယခုတစ်ဖန်အသပြာနှစ်ထောင်ကြေး လောင်းချေဦး၊ ဤသို့ရှုန့်ရင်းကြမ်းတမ်းသော စကားကိုမဆိုလေနှင့်ပြောဆိုမှာကြားလေသည်။

ပုဏ္ဏားသည်လောင်းကြေး အသပြာနှစ်ထောင်ထပ်ပြီးလျှင် နန္ဒိဝိသာလကို လှည်း၌သေချာစွာဆင်ယင်လေသည်။ ထို့နောက်နန္ဒိဝိသာလ ကျောက်ကုန်းကိုသပ်၍ ကောင်းသော နွားသွားလော့၊ ကောင်းသောနွား ဝန်ကိုဆောင်ပါလောဟု ချိုသာစွာဆိုလေသည်။ ဘုရားလောင်းသည် လှည်းတစ်ရာကိုပင်ပန်းခြင်းမရှိ တစ်ဟုန်ထိုးဆွဲဆောင်လေသည်။ ဂေါဝိတ္တကသူဌေးသည် ရှုံးသဖြင့်ပုဏ္ဏားအား အသပြာနှစ်ထောင်ကို ပေးရလေသည်။ လူအများ တို့ကလည်း နန္ဒိဝိသာလကို ဝိုင်း၍ချီးမြှောက်ကြသဖြင့် ဥစ္စာတို့ကိုရရှိလေသည်။

မြတ်စွာဘုရားသခင်သည် နန္ဒိဝိသာလဇာတ်ကို ဟောကြားအပြီးတွင် ကြမ်းကြုတ်သော စကားကိုမည်သူမျှလက်ခံ နှစ်သက်ကြခြင်းမရှိ၊ နှစ်သက်သောစကားကိုဆိုအပ်ကြသည်ဟု မိန့်တော်မူပြီးလျှင် ရဟန်းတို့၏ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ယခုအခါ အာနန္ဒာသည် ပုဏ္ဏားဖြစ်လေသည်။

# Nandi Withala Jataka

## (Sweet sounding is an attraction)

While Buddha was on sojourn at Zetawun Monastery, there were Sabbhaggi monks who vowed to rail monks of good conduct. The monks reported it to Buddha who asked them if that was true, whereupon they admitted it was. Buddha said vile speech was unwanted even by animals and there was an occasion when vile words had cost a thousand pieces of silver to a ponna. Thus Buddha retold the Nandi Withala jataka.

Long ago, in Taxila of Ghandara Taing, King Ghandara reigned. Embryo-Buddha was an ox named Nandi Withala belonging to a ponna. The ox was like a true son to the ponna, so he had rice gruel daily and given a good place. When the ox came of age, he had an idea to repay the gratitude to the ponna. So as advised by the ox, the ponna went to the rich man in the village and told him he would wager a thousand pieces of silver if his ox would pull a hundred carts in a row. The rich man saying there was no such ox wagered a thousand...The ponna filled the hundred carts with shingles and joined them together. Then he asked the ox to pull them, using the words "crafty ox". The embryo-Buddha resented his calling him crafty ox and stood rock still.

The rich man so won a thousand from the ponna. The ponna was sad. The ox asked him why. The ponna said it was because he lost a thousand. The ox asked if he had broken a pot, trodden on something, or passed urine at unsuitable place as he had lived long with him. The ponna said no. Then the ox asked why he called the ox crafty and that was the ponna's fault. So the ox asked him to go to the rich man again and make another wager of two thousand pieces of silver. He asked him not to use abusive language to the ox.

The ponna took two thousand and prepared the carts well, calling the ox the good ox. The embryo-Buddha was able to pull off a hundred carts in a row easily. So the rich man had to pay two thousand to the ponna. Nandi Withala was commended by the people and given rewards.

Buddha said afterwards that vile words were not liked by anyone and made it a point in the code of conduct not to use abusive language. The ponna of those days later became Ananda.

# ကဏှာဇာတ်

## (လှည်းငါးရာကိုဆွဲ တင်နိုင်သောနွားလား)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တိတ္တိတို့နှင့်တန်ခိုးပြာဋိဟာပြိုင်ကြသည်။ တိတ္တိတို့သည်တန်ခိုးပြနိုင်ကြခြင်းမရှိပေ။ မြတ်စွာဘုရားသခင်သည် တန်ခိုးပြတော်မူပြီးနောက် နတ်ပြည်၌သုံးလပတ်လုံး ဝါဆိုတော်မူပြီး မဟာပဝါရဏာနေ့၌ သင်္ကဿမြို့တံခါးမှ သက်ဆင်းကာများစွာသော အခြံအရံဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်တော်မူလေသည်။ ထိုအချိန်တွင်တရားသဘင်၌ စည်းဝေး နေကြသောရဟန်းတို့သည် မြတ်စွာဘုရားသခင်၏ တန်ခိုးပြာဋိဟာကို ချီးမွမ်းကြလျက် ရှိသည်။ ထိုအခါမြတ်စွာဘုရားသခင်က ယခုမှသာအတုမဲ့ဖြစ်အောင် ဆောင်ရွက်နိုင်သည်မဟုတ် ရှေးအခါကပင် မိမိနှင့်ထပ်တူရွက်ဆောင်နိုင်သော တစ်စုံတစ်ယောက်မျှ မရှိခဲ့ဘူးဟု မိန့်တော်မူလျက် ဤကဏှာဇာတ်ကို ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်တွင် ဘုရားလောင်းသည်သက်ကြီးမတစ်ဦးထံတွင် အယျိကာဠကမည်သော နွားဖြစ်လေသည်။ သက်ကြီးမသည် ဘုရားလောင်းအားငယ်စဉ်ကပင် ကောင်းမွန်သောအစားအစာနှင့် နေရာတို့ကိုပေး၍သားကဲ့သို့ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ဘုရားလောင်းသည် လွန်စွာလှပတင့်တယ်၍ နူးညံ့သဘောကောင်းကာ ခွန်အားကြီးလှသည်။ သီလနှင့်ပြည့်စုံ၏။ ရွာရှိကလေးသူငယ်များနှင့် ကစားဖက်ဖြစ်၏။ ကလေးများကဘုရားလောင်း၏ ဦးချို၊ နားရွက်၊ အမြီးစသည်ကိုဆွဲ၍ကစားခြင်း၊ ကျောကုန်းထက်၌စီးခြင်းပြုကြသည်။

ဘုရားလောင်းသည် မိမိအားကျွေးမွေးစောင့်ရှောက်လျက်ရှိသော သက်ကြီးမသည်ဆင်းရဲလှသော်လည်း မိမိအားသားကဲ့သို့ ကျွေးမွေးခဲ့သည်။ ကျေးဇူးကိုတစ်လှည့်ပြန်ဆပ်မည်ဟု ကြံစည်လျက်နေ၏။

တစ်နေ့၌ လှည်းကုန်သည်တစ်ဦးသည် လှည်းငါးရာဖြင့် ကုန်ကူးလာရင်းဖြင့် မည်သည့်နေရာ အရပ်သို့ရောက်ရှိလေသည်။ ထိုအခါလှည်း၌ပါလာသောနွားများသည် လှည်းများကို ဆွဲ၍ ခရီးဆက်နိုင်ခြင်းမရှိခဲ့သည်။ နွားများအားလုံးကလည်း စုပေါင်း၍ လှည်းတစ်စီးကိုမျှပင် သယ်ယူနိုင်ခြင်း မရှိဖြစ်နေသည်။ ထိုအခါလှည်းကုန်သည်သည် လှည်းများကိုဆွဲနိုင်မည့် နွားဥသဘအာဇာနည်ကို စုံစမ်းရာ ဘုရားလောင်းကိုတွေ့လေသည်။ လှည်းကုန်သည်လည်း ဘုရားလောင်း၏ ကစားဖော်ကလေးသူငယ်များထံမှ ဘုရားလောင်းကို ငှားရန်နှင့် ပိုင်ရှင်မည်သည့် အရပ်တွင်ရှိသည်ကို မေးမြန်း၏။ ကလေးငယ်တို့ကပိုင်ရှင် ဤနေရာ၌ မရှိကြောင်း ပြောပြီးအခမည်မျှပေးမည်ကို မေးမြန်းသည်။ လှည်းကုန်သည်သည် အသပြာ တစ်ထောင်ပေးမည်ဟု ဆိုလျှင်ကလေးငယ်တို့က ခွင့်ပြုလိုက် လေသည်။

ဘုရားလောင်းသည် လွန်စွာအားကြီးလွန်းသည်ကြောင့် လှည်းငါးရာကို မကြာမီပင် ထုတ်ဆောင်ပေးလိုက်နိုင်လေသည်။ လှည်းကုန်သည်တို့သည် အသပြာတစ်ထောင်အစား အသပြာ ငါးရာထုပ်ကို ဘုရားလောင်း၏လည်၌ ဆွဲပေးလိုက်၏။ လှည်းကုန်သည်တို့ မမှန်မကန်ပြုသည်ကိုဘုရားလောင်းက သိရှိသည်ကြောင့်လှည်းတို့ကို သွားခွင့်မပြုဘဲ ရှေ့က တားဆီးလျက်နေ၏။ မည်သို့မျှဖယ်ရှားနိုင်ကြစွမ်းမရှိ၍ အသပြာတစ်ထောင်ထုပ်ကို လည်၌ ဆွဲပေးလိုက်ရ၏။

ဘုရားလောင်းသည် အသပြာတစ်ထောင်ထုပ်ကို ရလျှင်အမိဖြစ်သော သက်ကြီးမ ထံသို့သွားလေသည်။ လူငယ်တို့ကဘုရားလောင်း၏ လည်၌ဆွဲထားသော အထုပ်ကိုကြည့်ရှုလို၍အနားသို့ကပ်လာကြသည်။ ဘုရားလောင်းသည် သူငယ်တို့အား ချောက်လှန့်ကာအမိထံသို့အရောက်ပြေးလေသည်။ အမိထံသို့ရောက်ချိန်တွင် အမိကဘုရားလောင်း၏ လည်၌ဆွဲထားသောအသပြာထုပ်ကိုမြင်လျှင် မည်သို့ရကြောင်း လူငယ်များထံမှမေးမြန်းလေသည်။ ကလေးများကမည်သို့မည်ပုံရရှိခဲ့သည်ကို ရှင်းလင်းပြောဆိုကြ၏။ အမိသည်ဘုရားလောင်းက ဆင်းရဲပင်ပန်းကြီးစွာရှာဖွေ ကျွေးသည်ကိုသိရလျှင် ဘုရားလောင်းအား ရေနွေးဖြင့်ရေချိုးပေး၏။ ကိုယ်အလုံးကို ဆီဖြင့်လိမ်း၍ရေကိုသောက်စေ၏။ လျောက်ပတ်သော ဘောဇဉ်ကိုကျွေးလေ သည်။

မြတ်စွာဘုရားသခင်သည် ရှေးအခါကပင် ဤသို့အတုမဲ့ဖြစ်အောင် ဆောင်ရွက်နိုင် ခဲ့ပေသည်။ ထိုအခါက သက်ကြီးမသည် ယခုအခါ ဥပ္ပလဝဏ်ဖြစ်ပေသည်။

# Kahna Jataka

## (The ox that could draw 500 carts)

While Buddha was on sojourn at Zetawun Monastery, the Titthis often vied in power with Buddha, but were unable to do so. Buddha stayed the whole three months of the Lent in the nat world and came down by the gateway of Thinkatha to Zetawun monastery on Maha Pawayana Day. The monks marvelled at the powers shown by Buddha. Thereupon Buddha said he was beyond parallel not just then but even before and he preached the Kahna Jataka.

Long ago, King Byamadat was reigning in Baranathi when Buddha was an ox hamed Ayiyakala with an elderly woman as the owner. She kept good care of it and it grew into a fine bull, with good conduct, a plaything with the boys in the village. The ox was always conscious of the gratitude owed to the elderly woman. One day a cartman came with 500 carts and chanced to stop on an uneven space and so was unable to continue the journey. They made enquiries about an ox that could draw 500 carts at a time. The children knew it and said the embryo-Buddha could do it as the cartman said he would pay a thousand pieces of money.

The ox was full of might and drew the 500 carts right away. The cartmen tucked a bag with 500 pieces on the ox. Knowing it the ox blocked their way onwards. None could remove the ox and so they gave him a thousand. Once it got that the ox went to the elderly woman, evading the children that tried to stop it and look at the bag of money. The elderly woman asked the children and knew of the whole story. The woman bathed it with warm water, annointed it with oil and fed it clean drinking water, with all thanks.

The woman later became Uppalawun.

# မုနိကဇာတ်
## (ဝက်စာကိုနွားမစား)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ရဟန်းတစ်ပါးသည် ရဟန်းဘဝကို ငြီးငွေ့လျက်ရှိကြောင်း သိရှိတော်မူလေသည်။ ထိုရဟန်းအား မေးမြန်းသည့်အခါတွင် အပျိုဟိုင်းမကြီး၏ ဖျားယောင်းမှုကြောင့် ရဟန်းဘဝကို ငြီးငွေ့နေကြောင်း သိရှိတော်မူလေသည်။ ထိုအခါမြတ်စွာဘုရားသခင်က ဤအပျိုဟိုင်းမကြီးသည် ယခုမှသာထိုရဟန်း၏ အကျိုးမဲ့မှုကိုပြုခြင်းမဟုတ်ဘဲ ရှေး၌လည်းဤအပျိုကြီး ထိမ်းမြားသောနေ့တွင် ထိုရဟန်းသည် အသက်ကုန်ခြင်းသို့ ရောက်ခဲ့ဖူးပေသည်ဟု မိန့်တော်မူလျက် ဤမုနိကဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုချိန်တွင် ဘုရားလောင်းသည် ရွာငယ်တစ်ခု၌နေသော သူကြွယ်၏မဟာလောဟိတအမည်ရှိ နွားဖြစ်လေသည်။ ဘုရားလောင်း၏ ညီငယ်သည် စူဠလောဟိတဖြစ်သည်။

သူကြွယ်သည် မုနိကအမည်ရှိ ဝက်တစ်ကောင်ကို မွေးမြူထား၏။ ၎င်းသမီးပျိုထိမ်းမြားမင်္ဂလာပြုပွဲသို့ လာရောက်ကြသော ဧည့်သည်များကို ထိုဝက်ကို ဟင်းလျာအဖြစ် ဧည့်ခံရန်ယာဂုထမင်းကို ကျွေး၍မွေးမြူ ထားလေသည်။ ညီငယ်စူဠလောဟိတက မိမိတို့သည် ထိုအိမ်၏ကိစ္စအဝဝကို ဆောင်ရွက်ပေး နေပါလျက် မြက်သစ်ရွက်တို့ကိုသာ ကျွေးလေ့ရှိပြီး၊ ဝက်ကိုမူယာဂု ကျွေးမွေးနေကြ သည်မှာ အဘယ်ကြောင့်ဖြစ်သည်ကို ဘုရားလောင်း မဟာလောဟိတကိုမေးလေသည်။ ထိုအခါဘုရားလောင်း မဟာလောဟိတက ညီငယ်အား ဝက်၏အစာကို မနှစ်သက် သင့်ကြောင်း၊ ဤဝက်ကိုထိမ်းမြားမင်္ဂလာပွဲ၌ ဧည့်ခံရန်အတွက် မွေးမြူနေခြင်း ဖြစ်ကြောင်း၊ မကြာမီထိုဝက်သည် အသက်ဆုံးရတော့မည်ဖြစ်ကြောင်း ဆိုလေသည်။ ကြောင့်ကြမဲ့သည်ဖြစ် သောမြက်၊ သစ်ရွက်၊ ဖွဲတို့ကိုသာစားခြင်းသည် အသက် ရှည်ခြင်းရပေမည်ဟုဆို၏။

မကြာမြင့်မီ မင်္ဂလာပွဲကျရောက်သဖြင့် မုနိကဝက်ကိုသတ်ပြီးလျှင် ဧည့်ခံကျွေးမွေးလေသည်။ ထိုအခါ ဘုရားလောင်း မဟာလောဟိတသည် ညီငယ်အား ဝက်၏အဖြစ်ကိုမြင်ပြီလားဟူ၍မေး၏။ ညီငယ်စူဠ လောဟိတသည် မုနိက၏ အစာ၏ အကျိုးကိုမြင်ရပါပြီ၊ ထိုအစာကိုစားရသည်ထက် မြက်၊ သစ်ရွက်၊ ဖွဲတို့သာလျှင် အဆအထောင်မြတ်လည်းမြတ်၏၊ အပြစ်လည်းကင်း၏၊ အသက်ရှည်ခြင်းကိုလည်း ဖြစ်၏ဟု ဆိုလေသည်။

မြတ်စွာဘုရားသခင်က ငြီးငွေ့သောရဟန်းအား သင်သည်ရှေးအခါက ဤသို့လျှင်သူငယ်မကို အကြောင်းပြု၍ အသက်ဆုံးရှုံးခဲ့ရသော မုနိကဝက်ဖြစ်ခဲ့ဖူးပေသည်ဟု မိန့်တော်မူလျက် ဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၏။ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။ ယခုအပျိုကြီးသည် ထိုအခါက ထိမ်းမြားသော သူကြွယ်၏သမီး သူငယ်မဖြစ်ပြီး၊ အာနန္ဒာသည် ထိုအခါကစူဠလောဟိတ ဖြစ်ပေသည်။

# Munika Jataka

## (Oxen not eating feedstuff for pigs)

Buddha was on sojourn at Zetawun Monastery when he heard of a monk who was tired of being a monk. On being asked, the monk said he was so because of the ramblings of an old spinster. Buddha said that he had even lost his life in a previous existence because of a spinster. He spoke of Munika Jataka.

Long ago, under King Byamadat in Baranathi, embryo-Buddha was an ox named Maha Lohita, with his brother as Sula Lohita, belonging to a rich man in a small village.

The rich man had a pig named Munika. He fed it well, aiming to have it slaughtered for food on the occasion of marriage of his daughter. Sula Lohita asked his brother why good food was being given to Munika while they the oxen were going good service to him. The embryo-Buddha told him he should not envy such food for the pig because the pig would soon be slaughtered to become meat at a wedding ceremony. Having grass, hay and chaff so was food for longevity.

Soon, it did happen as said. The embryo-Buddha asked his brother if it was not so. The brother agreed and said their food was a thousand times nobler than that of the pig.

Buddha told the monk that he had even lost his life so and preached the Dhamma to the monk whereupon he got to a higher level of consciousness. the spinster in that life was the rich man's daughter and Sula Lohita was the young brother.

# ကုလာဝကဇာတ်

## (သူတစ်ပါးအတွက် မိမိအသက်အစေသေခံ)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ·သာဝတ္ထိပြည် ဇနပုဒ်မှအဆွေခင်ပွန်းရဟန်းနှစ်ပါးတို့သည် မြတ်စွာဘုရားအားဖူးမြင်လို၍ ဇေတဝန်ကျောင်းသို့ရောက်ရှိလာကြသည်။ ထိုသို့လာရောက်ကြရာတွင် တစ်ပါး၌ရေစစ်ပါရှိသော်လည်း တစ်ပါးကားမူ ရေစစ်မပါရှိခဲ့ပေ။ သို့သော်လည်းနှစ်ပါးကြည်ဖြူစွာပင်ရေစစ်တစ်ခုတည်းဖြင့် တစ်ပေါင်းတည်းရေကိုစစ်၍ သောက်ကြ၏။ တစ်နေ့တွင် ရဟန်းနှစ်ဦးတို့သည် ခိုက်ရန်ဖြစ်ကြ၏။ ရေစစ်ရှင်သည် ရေစစ်မရှိသော ရဟန်းအားရေစစ်ကိုအသုံးပြုခွင့် မပေးတော့ဘဲ မိမိတစ်ပါးတည်းသာ ရေစစ်၍ သောက်၏။ ဤသို့ဖြင့်ခရီးဆက်လာကြရာ မြတ်စွာဘုရားရှေ့မှောက်သို့ ရောက်ရှိကြ၏။

မြတ်စွာဘုရားအား ထိုရဟန်းနှစ်ပါးတို့က ဦးခိုက်ရှိခိုးပူဇော်ကြလေလျှင် မြတ်စွာသခင်က ရဟန်းနှစ်ပါးတို့အား မည်သည့်အရပ်မှ ရောက်ရှိလာကြောင်းနှင့် လမ်းခရီးတစ်လျှောက်ညီညွတ်ကြမှုရှိ–မရှိ မိန့်ကြားတော်မူလေသည်။ ထိုအခါ ရေစစ်မရှိသောရဟန်းကလမ်းခရီး၌ ခိုက်ရန်ဖြစ်ပွားခဲ့၍ ရေစစ်ရှင်က ရေစစ်သုံးစွဲခွင့်မပြုသည့်အကြောင်းကိုလျှောက်ထား၏။ ရေစစ်ရှင်ရဟန်းကလည်း ထိုရဟန်းသည် ရေ၌ပိုးများပါရှိသည်ကိုသိပါလျက် မစစ်ဘဲသောက်ခဲ့ကြောင်း လျှောက်ထား၏။ ရေစစ်မရှိသောရဟန်းကလည်း မှန်ကန်ကြောင်း ဝန်ခံလေသည်။ ထိုအခါမြတ်စွာဘုရားသခင်က ရှေး၌ပညာရှိတို့သည် နတ်ပြည်၌မင်းပြုရပြီး စစ်ရှုံး၍သမုဒ္ဒရာသို့ ပြေးကြရသော်လည်း အသက်သတ်ခြင်းမပြုကြကြောင်း၊ ကြီးသောစည်းစိမ်ကို စွန့်၍ဂဠုန်ငယ်တို့အား အသက်ပေး၍ရထားကိုပြန်စေဖူးသည်ဟု မိန့်တော်မူကာ ဤကုလာဝကဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် မင်းပြု၏။ ဘုရားလောင်းသည် မစလရွာငယ်၌ မြတ်သောအမျိုးသား မာဃလုလင်ဖြစ်ပေသည်။ ဘုရားလောင်းသည် အလှူဒါနတို့၌ မွေ့လျော်ပြီး ငါးပါးသီလမြဲ၏။ သူတစ်ပါးတို့၏ ချမ်းသာခြင်းကို အထူးဆောင်ရွက်လေ့ရှိသည်။

တစ်ရံခါတွင် မာဃလုလင်သည် မိမိတည်ရာအရပ်၌ ခြေတို့ဖြင့်မြေမှုန့်ကို ယက်၍ အရပ်ကိုမွေ့လျော်ဖွယ်ရှိအောင် ပြု၍နေ၏။ ထိုအခါ တစ်ယောက်သောသူသည် ထိုအရပ်သို့ လာ၍နေလေ၏။ မာဃလုလင်လည်း အခြားတစ်နေရာ၌ ရှေးနည်းအတူ ပြုပြန်၏။ ထိုအရပ်သို့လည်း အခြားတစ်ယောက်လာရောက်နေပြန်၏။ ဤသို့ဖြင့်အခြားခြားသော နေရာတို့ကို မွေ့လျော်ဖွယ်ရှိအောင်ပြုလေသည်။ ထို့နောက် ထိုအရပ်၌မဏ္ဍပ်ဆောက်၏ အတန်ကြာသော် ထိုမဏ္ဍပ်နေရာ၌ ဇရပ်ဆောက်၍ သောက်ရေအိုးတို့ကိုလည်း တည်ထား၏။

ထိုမစလရွာ၌ပင် သုံးကျိပ်သုံးယောက်သော အမျိုးသားတို့သည်လည်း နေထိုင်ကြလျက်ရှိသည်။ ၎င်းတို့သည်ဘုရားလောင်း မာဃလုလင်နှင့် သဘောဆန္ဒတူညီကြ၍ မာဃလုလင်က ၎င်းတို့အား ငါးပါးသီလမြဲစေ၏။ ထိုသူတို့သည် မာဃလုလင်နှင့် ပေါင်းစည်းကြပြီးလျှင် လူသွားလူလာလမ်း၊ လှည်းလမ်းတို့ကို ကသိုလ်ဖြစ် မိမိတို့ကိုယ်တိုင် ပြုလုပ်ပြင်ဆင်ကြ၏။ တံတားခင်းခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ဇရပ်ဆောက်ခြင်း၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းတို့ကိုလည်း ပြုကြကုန်၏။ ထိုသူတို့ကြောင့် အလုံးစုံသော ရွာသားတို့လည်း တရားစောင့်ခြင်းသို့ ရောက်ကြလေကုန်၏။

မစလရွာစားသည် ရှေးအခါ၌ ရွာသားတို့သည် သောက်စားမူးယစ် မတရားသည့် အမှုအခင်းများပြားသဖြင့် လာဘ်သပ်ပကာများစွာရ၏။ ယခုဘုရားလောင်း မာဃလုလင်ကြောင့် ရွာသားတို့ တရားစောင့်ကြသဖြင့် ၎င်းမှာလာဘ်ယုတ်လျော့ခဲ့၏။ ထို့ကြောင့် မာဃလုလင်တို့ပျက်စီးစေရန် ကြံစည်လျက် မင်းထံသို့ကပ်ပြီးလျှင် ထိုသူတို့သည် ရွာကို ဖျက်ဆီးကြလျက်ရှိပါသည်ဟု လျှောက်တင်လေသည်။ မင်းလည်း စစ်ဆေးခြင်းမရှိဘဲ ထိုသူတို့ကို ဆင်ဖြင့်နင်း၍သတ်စေဟု အမိန့်ပေးလိုက်လေ၏။

ဆင်ဖြင့် နင်းအံ့ဆဲ ဆဲ၌မာဃလုလင်သည် မိမိ၏အပေါင်းအဖော်တို့အား သီလကို ဆင်ခြင်၍ ရွာစား၊ မင်း၊ ဆင် ဤသုံးဦးတို့အား ကြီးစွာသော မေတ္တာကိုထားကြရန် ဆုံးမလေ၏။ အပေါင်းအဖော်တို့လည်း လိုက်နာကျင့်ဆောင်ကြ၏။ မာဃလုလင်တို့၏ သီလမေတ္တာကြောင့် ဆင်တို့ကိုအကြိမ်ကြိမ် နင်းစေသော်လည်း ဆင်တို့မနင်းဝံ့ဘဲ အနီးသို့ ရောက်က အော်၍သာပြေးကြလေကုန်၏။

ထိုအကြောင်းကို မင်းကြားသော် ဆေးစွမ်းကောင်းရှိသောကြောင့် ဖြစ်တန်ရာ၏ဟု ထိုသူတို့ကိုယ်၌ရှာစေ၏။ မတွေ့မှတစ်ဖန်ဂါထာမန္တန်အစွမ်းကြောင့် ဖြစ်တန်ရာ၏ဟု မေးမြန်းစေ၏။ ထိုအခါမာဃလုလင်က မန္တန်မရှိပါသော်လည်း ငါးပါးသီလမြဲပါသည်။ အလှူပေး၍ခရီးလမ်းတို့ကို ပြုပြင်ပြီး ရေတွင်း ရေကန်တူးပါသည်။ ဇရပ်များဆောက်ပါသည်။ အထူးသဖြင့် အလုံးစုံသော သတ္တဝါတို့ကို မိမိနှင့်ထပ်တူ မေတ္တာထားခြင်းသာလျှင် မိမိတို့အားကာကွယ်သော မန္တန်ပင်ဖြစ်ကြောင်း လျှောက်လေ၏။

မင်းကြီးလည်း အလွန်ကြည်ညိုသည်နှင့် ကုန်းတိုက်သောရွာစားနှင့် ထိုသူ၏စည်းစိမ်ဥစ္စာတို့နှင့်အတူ ဆင်တို့ကိုမာဃလုလင်တို့အား ပေးလှူစေ၏။ မာဃလုလင်လည်း ကုသိုလ်ကောင်းမှုတို့ကို တိုးတက်ပြုလုပ်ကြလျက် ခရီးလမ်းမလေးဆုံ၌ ကြီးကျယ်ခမ်းနားတင့်တယ်လှပသောဇရပ်ကြီး တစ်ဆောင်ကိုဆောက်ကြလေ၏။

မာဃလုလင်၏ ဇနီးလေးယောက်အနက် သုဓမ္မာကား ထိုဇရပ်အတွက် ထုပိကာကိုလှူ၏။ သုစိတ္တာကား ထိုဇရပ်အနီးပတ်ဝန်းကျင်၌ အသီးအပွင့်နှင့် ပြည့်စုံသော မွေ့လျော်ဖွယ်ရှိသော ဥယျာဉ်ကို တည်ဆောက်လှူဒါန်း၏။ သုနန္ဒာကား ကြာမျိုး ငါးပါးနှင့်ပြည့်စုံသော မွေ့လျော်ဖွယ်ရှိသော ရေကန်ကိုတည်ဆောက်လှူဒါန်း၏။ လေးယောက်မြောက် သုဇာတာကမူ ကောင်းမှုကုသိုလ်တစ်ခုမျှ ပါဝင်ခြင်းမပြုချေ။ မာဃလုလင်တို့သည် ဤသို့လျှင်ကောင်းမှု အမျိုးမျိုးပြု၍ အသက်၏အဆုံး၌ သိကြားမင်းဖြစ်လေ၏။ သုံးဆယ့်သုံးယောက်သော အဆွေခင်ပွန်းတို့သည်လည်း တာဝတိံသာနတ်ပြည်၌ နတ်များဖြစ်ကြလေ၏။

ထိုကာလ၌ တာဝတိံသာနတ်ပြည်တွင် အသူရာတို့ နေကြကုန်၏။ သိကြားမင်းသည် အသူရာတို့ကို နတ်ပြည်၌ဖြစ်သော အဖျော်သေရည်တို့ကို သောက်စေ၍ မူးယစ်လေလျှင်မြင့်မိုရ်တောင်ခြေရင်းသို့ ပစ်ချစေ၏။ အသူရာတို့ အသူရာပြည်သို့ ရောက်ရှိကြကုန်သည်။

အသူရာပြည်သည် မြင့်မိုရ်တောင်၏ အောက်အပြင်၌ရှိသော်လည်း တာဝတိံသာနတ်ပြည်ပမာဏရှိ၏။ ထိုအရပ်၌ တာဝတိံသာနတ်တို့၏ ပင်လယ်ကသစ်ပင်ကဲ့သို့ ဆန်းကြယ်သော သခွပ်ပင်ရှိပြီး တစ်ကမ္ဘာလုံးတည်သောသစ်ပင်ဖြစ်၏။ အသူရာတို့သည် ဆန်းကြယ်စွာသော သခွပ်ပင်မှ သခွပ်ပွင့်ပွင့်သောအခါမှ နတ်ပြည်မဟုတ်ကြောင်း သိရှိကြ၍သိကြားမင်းအား တက်၍စစ်ပြု၏။ ပထမတွင် သိကြားမင်းသည် စစ်ရေးနိမ့်၍တောင်သမုဒ္ဒရာအပြင်သို့ မာတလိနတ်သား မောင်းနှင်သော ဝေဇယန္တာရထားကို

နှင်၍ပြေး၏။ ထိုအခါ ရထား၏ အဟုန်ကြောင့် လက်ပံပင်တို့ ပြိုလဲကျလေသည်။ ထိုလက်ပံတောရှိဂဠုန်ငယ်တို့လည်း သမုဒ္ဒရာအပြင်၌ ကျလေသဖြင့် သည်းစွာမြည်ဟီးကြကုန်၏။ ထိုအခါသိကြားမင်းသည် မိမိ၏စစ်မှုအတွက် ဂဠုန်ငယ်တို့ ပျက်စီးခြင်းမဖြစ်စေလိုသဖြင့် အခြားသောခရီးဖြင့် နှင်ရန်ရထားကို လှည့်၍ပြန်စေ၏။

အသုရာတို့သည် ရထား ပြန်လာသည်ကို မြင်လျှင် အခြား သော စကြဝဠာမှ သိကြားတို့ စစ်အင်အား ဖြည့်၍ လာသည်ဟု ထင်မှတ်ကြောက်ရွံ့ကာ အသုရာပြည်တွင်သို့ ပြေးဝင်ကြလေ၏။ သိကြားနှင့် အသုရာတို့သည် အရှုံးအနိုင်မရှိကြ။ တစ်ဖက်ဖက်က အားရှိသည့်အခါ လာရောက်တိုက်ခိုက် စစ်ပြုလေ့ရှိကြ၏။ သို့ရာတွင် အရှုံးအနိုင်ကား လုံးဝမရှိကြပေ။

သိကြားမင်းသည် တာဝတိံသာနှင့် အသုရာတို့ပြည်အကြား ပထမ အာလိန်၌ နဂါးများ၊ ဒုတိယ အာလိန်၌ ဂဠုန်များ၊ တတိယ အာလိန်၌ ကုမ္ဘဏ်များ၊ စတုတ္ထ အာလိန်၌ ဘီလူးများ၊ ပဥ္စမ အာလိန်၌ စတုမဟာရာဇ် နတ်မင်းကြီး လေးပါး စသည်ဖြင့် အစောင့် အရှောက်ထား၍ နတ်စည်းစိမ်ကိုခံစားလေ၏။ မာဃလုလင် သိကြား မင်းဖြစ်သော် သုဓမ္မာသည် စုတေခဲ့၍ သိကြားမင်းမိဖုရားကြီးဖြစ်လာ၏။ ထုပိကာလှူရသော ကောင်းမှုကြောင့် သုဓမ္မာနတ်သဘင်ဖြစ်ပေါ်ခဲ့၏။ သုစိတ္တာလည်း မိဖုရားပင်ဖြစ်လာ၍ ဥယျာဉ် လှူခဲ့သောကောင်း မှုကြောင့် စိတ္တလတာ ဥယျာဉ်ဖြစ်ပေါ်ခဲ့၏။ သုနန္ဒာလည်း မိဖုရားပင်ဖြစ် လာ၍ ရေကန်လှူခဲ့သော ကောင်းမှုကြောင့် နန္ဒာကန်ဖြစ်ပေါ်လာ၏။ သုဇာတာမူကား တစ်စုံတစ်ရာကောင်း မှုမပြုခဲ့သောကြောင့် တစ်ခုသော တောအုပ်ရှိချောက်၌ဗျိုင်းမ ဖြစ်လေ၏။

သိကြားမင်းလည်း မိမိထံ၌ သုဇာတာကို မမြင်၍အဘယ်မှာရှိနေသည်ကို ဆင်ခြင်ကြည့်ရှုသော် ဗျိုင်းမဖြစ်နေကြောင်းကို သိရလေသည်။ ထိုအခါသုဇာတာကို နတ်ပြည်သို့ခေါ်ဆောင်၍သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာတို့ မိဖုရားဖြစ်နေကြပုံကို သဘင်၊ ဥယျာဉ်၊ ရေကန်တို့နှင့်တကွပြသ၏။ သုဇာတာမှာ ကုသိုလ်မပြုခဲ့၍ ဗျိုင်းမဖြစ်နေရ၏။ ယနေ့မှစ၍ သီလကိုစောင့်ရန်ဆုံးမပြီးလျှင် ချောက်သို့ပြန်လွှတ်လိုက်လေ၏။

ဗျိုင်းမလည်း ပဥ္စသီလစောင့်ထိန်းလျက်နေ၏။ နှစ်ရက်မျှလွန်သော် သီလစောင့် မစောင့် သိနိုင်ရန်စုံစမ်းအံ့ဟု သိကြားမင်းသည် ငါး သေဟန်ဆောင်လျက် ဗျိုင်းမရှေ့၌ ပက်လက် အိပ်၏။ ဗျိုင်းမလည်း ငါး သေအထင်ဖြင့် ဖမ်းယူရာ ငါးသည်အသေမဟုတ် အရှင်ဖြစ်ကြောင်း သိလျှင်မစားဘဲလွှတ်လိုက်လေ၏။ သိကြားမင်းလည်း ကောင်းစွ– ကောင်းစွ၊ သီလကိုကောင်းစွာ စောင့်နိုင်လတ္တံ့ဟု နှလုံးသွင်း၍ ပြန်ခဲ့လေသည်။

ဗျိုင်းမစုတေလျှင် သီလ၏အကျိုးကြောင့် ဗာရာဏသီပြည်၌ အိုးထိန်းသည်၏ သမီး ဖြစ်လာ၏။ သိကြားမင်းလည်း ဆင်ခြင်ပြန်သော် ထိုအဖြစ်ကိုသိ၍ လည်းတွင်

ရွှေသင်္ချာ သိ အပြည့်တင်ပြီး လှူအိုအသွင်ဖြင့် ထိုရွာသို့လာ၍ မိမိသခွားသီးကို အဖိုးဖြင့် မရောင်း၊ သီလစောင့်သူအား ပေးမည်ဟုကြေညာ၏။ ရွာသူရွာသားတို့လည်း သီလဆိုသည်ကိုမသိကြ၊ သိကြာပစ္စည်းသည်လည်း သခွားသီးဟုတ်မည်မထင်ဟုဆိုကြ၏။

အို ထိန် သည်သမီးသည် အကျွန်ုပ်သီလစောင့်ပါ၏ဟုဆို၍ ယူထားလိုက်လေ၏။ ရသောစည်းစိမ်ကို ခံစားလျက်သီလနှင့်ပြည့်စုံစွာ စုတေခဲ့သော အသုရာမင်း၏သမီး ဖြစ်လာ၏။ သီလ၏အကျိုးဆက်ကြောင့် အလွန်လှပတင့်တယ် ရှုချင်စဖွယ်သော အဆင်းနှင့် ပြည့်စုံ၏။

အသူရာမင်းလည်း မိမိသမီးအရွယ်သို့ ရောက်သော်ပန်းကုံးစွပ်ပွဲပြု၍ ကြင်ယာတော်ရွေးစေ၏။ ထိုပွဲသို့သိကြားမင်းလည်း လှူအိုယောင်ဆောင်၍လာခဲ့သည်။ သုဇာတာ မြင်လျှင်ရေစက ပေါင်းသင်းဖူးသော မေတ္တာအဟုန်ကြောင့် အလွန်နှစ်သက်စုံမက်သည်နှင့် ထိုလှူအိုကိုပန်းကုံးစွပ်လေ၏။ သိကြားမင်းလည်း သုဇာတာကိုယူ၍ ကချေသည်နှစ်ကဋေ ငါသန်းတို့၏အကြီးအဖြစ် နေရာထားပြီးမိဖုရားကြီး တစ်ပါးအဖြစ်ဖြင့် ချီးမြှောက်ထားလေသည်။

မြတ်စွာဘုရားသခင်သည် ဤဓမ္မဒေသနာကို ဆောင်မူ၍၊ ရှေးပညာရှိတို့သည် နတ်ပြည်ကိုမင်းပြုရသော်လည်း မိမိတို့အသက်ကြောင့် ဂဠုန်တို့၏အသက်ကို မသေစေခဲ့ကြောင်း ။ ဝင့်ဆင်းရဲမှ လွတ်မြောက်စေသော သာသနာတော်၌ ရဟန်းပြုပြီး ရေကိုမစစ်၍ ပိုးပါသောရေကို သောက်ခြင်းဟာ မသင့်ကြောင်းမိန့်ကြားလေသည်။ ယခုအာနန္ဒာသည် ထိုအခါက မာတလိနတ်သားဖြစ်ပြီး မြတ်စွာဘုရားသည် ထိုအခါကသိကြားမင်းဖြစ်သည်။ (ပြီး)

# Kulawaka Jataka

## (Risking one's life for the sake of others)

While Buddha was at Zetawun Monastery, two friend monks from the outskirts of Thawutti came to the monastery with ardent desire to revere the Buddha. One came with a water filter, but the other had not. They shared it with each other till one day they quarrelled. The one with the water filter no longer let it be used by his friend. Thus they arrived at the monastery.

Buddha asked them how the trip was. One monk said the other had not let him use his water filter after the quarrel and the other said it was true that the monk had made use of the water without having filtered it. Buddha said the wise of olden days reigning in the nat world and losing the battle had to flee to meat young galons and He delivered the sermon of Kulawaka Jataka.

Long ago, King Magada was in reign at Yazagyo of Magada Taing. Embryo-Buddha was Marga Lulin of a small Masala village. He was happy in sila and he always did good to others, keeping the five precepts.

One day, Marga Lulin was brushing up the dust on the ground while creating an amusement for the community when one person came to the place. Marga changed his place and continued to do so. There too some other person came and he had to change places again. Eventually the places became sites for a pandal he built. Then it was replaced by a zayat and a drinking water pot stand.

In that Masala village, there lived 33 young men of like minds with him. Marga asked them to keep the five precepts. They built and repaired foot paths and cart tracks. They also built bridges, lakes and zayats, held feasts and kept the precepts.

Head of the village had thrived in getting bribes because there were many cases of drinking, vice and crime, but now that the people became more pious thanks to Marga, bribes became much less. So, he reported to the king that people were trying to destroy the village. The king, without any inquiry, ordered the people trampled to death by elephant.

Marga asked these people to be mindful of sila and give metta to the master of the land, the king and the elephant. The people did so, and because of such sila and metta, the elephants were ordered to trample on them but dared not do so, and ran away.

Hearing it, the king thought they had some charms and so had them searched for charms. Not finding any on them he asked them if they had good mantras. Marga Lulin said they had no mantras but kept the five silas, built wells and lakes and gave charities, and especially they built zayats and their special mantras would be propagation of love as for one's own for all living belongs.

The king became so respectful to them that he gave Marga Lulin the same riches as had been granted to the headman of the village. Marga Lulin built a greater zayat at the crossroads in town and gave more meritoriously.

Of Marga Lulin's four wives, Thudhamma donated the htupika to the zayat, Thuseitta donated the pleasant garden around that, Thunanda donated the pleasant lake full of five lotus flowers. Only Thuzata failed to do any donation. Marga Lulin enjoyed the benefits of these donation as and became a king of good in the next existence, with his 33 friends also becoming nats as well.

At that time there were Asuras living in the nat world. The king of gods had them take the intoxicants of the nats and when they had enough he had them thrown from the top of Mount Myinmo down below. Asuras so got to Asura land.

Asura was outside and lower than Tavatimsa the abode of nats but was as expansive as Tavatimsa. It also had a strange Thakut tree, just like Pinle Kathit in Tavatimsa. When the Thakut tree flowered, Asuras knew that the place was no Tavatimsa and so waged war on the king of nats. First the king of nats lost the battle and fled by Wezayanta Coach driven by Matali to the south ocean. At that some Letpan trees fell, and young galons from the trees fell into the south ocean, making great nats... Seeing that the king of nats had his coach take another route, as he did not want the young galons to perish.

Seeing the king of nats coming back, Asuras feared that other kings of nats from other nat worlds had come to the aid of their king of nats and ran in fear into their land of Asura. So the king of nats and Asuras were at loggerheads, one taking advantage of the other but none winning permanently. So there was no win or loss between them.

The king of nats had the five arlains between the nat world and Asura world guarded by dragons on the first one, galons on the second, Gombans on the third, belus on the fourth and the four Satumaharit Nats on the fifth, while he himself ruled in the nat world.

When Marga Lulin died, he was reborn the king of nats. Thudhamma too died and became the king's chief queen. For her deed of donating the htupika, she had Thudhamma nat assembly. Thuseitta too later became a nat queen and thank to her deed of donating the garden, she had Seittalata garden in the nat world. Thunanda too became a nat queen and her deed of donating a pleasant lake earned her Nanda lake. Thuzata having done no good deed became a paddy bird in a forest.

The king of nats, not seeing Thuzata, looked and found her there. He called her to the nat world and showed her Queens Thudhamma, Thuseitta and Thunanda, their boons of the garden and the lake. He told her that she became a paddy bird for lack of any good deed and asked her to do so now.

Thuzata kept the five precepts. Two days later, the nat king with intent to see if she had done good deeds feigned death and lay before Thuzata. She thought it was really dead and tried to take it but it was alive. So she let it go. The nat king said well done and came back.

When the paddy bird died, she became a potter's daughter in Baranathi. Seeing it, the nat king went there in the guise of an old man on a cart full of golden cucumber, saying he would give the cartload to one keeping sila. The villagers knew no sila and doubted even the fruits were really cucumber.

Only the potter's daughter said she kept sabbath and took the goods. Having lived that life in a state of plenty, she died to become the Asura daughter. She had good looks because of her sila.

When she came of age, Asura held a garlanding ceremony to choose a groom. The king of nats went there as an old man. Thuzata, seeing him for so many times in the past lives, liked him and garlanded him. The nat king had her as a great queen with 25 million dancers in the flank.

Summing up, Buddha said the nat king had spared the lives of galons not letting them be sacrified because of his own and he also said a monk should not take unfiltered dirty water. While the nat king was embryo-Buddha, Matali at that time later became Ananda.

# နန္ဒဇာတ်
## (အရှက်အကြောက်ကင်းမဲ့သူ)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် များစွာသောဘဏ္ဍာရှိသည့် ရဟန်းတစ်ပါးရှိပေသည်။ မြတ်စွာဘုရားသခင်က ထိုရဟန်းအား ဥစ္စာဘဏ္ဍာများစွာရှိနေသည်မှာ မှန်ကန်ခြင်းရှိမရှိ မေးမြန်လေသည်။ ထိုရဟန်းကလည်း မှန်ကန်ကြောင်းဝန်ခံလျှင် မြတ်စွာဘုရားသခင်က မည့်သည့်အတွက် ဤသို့ဥစ္စာဘဏ္ဍာ များစွာရှိနေသည်ကို မေးမြန်းလေသည်။ ထိုအခါရဟန်းသည် အမျက်ထွက်ခါ သင်းပိုင်နှင့် ကိုယ်ရုံကိုစွန့်၍ ကျင့်ရမည် လောဟုဆိုကာ မြတ်စွာဘုရား၏ ရှေ့မှောက်၌ ကိုယ်ချည်း သက်သက်ရပ်နေလေသည်။ ပရိသတ်တို့က ပြစ်တင်ကဲ့ရဲ့ကြသဖြင့် ထိုရဟန်းက လူတို့သည် ဆက်စုပ်ဖွယ်ကောင်းသည်ဟုဆိုပြီး လူဝတ်လဲပြီး ထိုအရပ်မှထွက်ခွာသွားခဲ့သည်။

မြတ်စွာဘုရားသခင်အပေါ် ထိုရဟန်းသည် ကျေးဇူးမဲ့စွာ မထေမဲ့မြင် ပြုလိုက်သော လုပ်ရပ်ကို ရဟန်းအပေါင်းတို့က ဆွေးနွေးနေကြသည်။ ထိုအကြောင်းကို မြတ်စွာဘုရားသခင်က သိတော်မူသောအခါ ထိုရဟန်းသည် ယခုအခါ၌သာလျှင် အရှက်အကြောက် မရှိသည်မဟုတ်ဘဲ၊ ရှေး၌လည်း အရှက်အကြောက်မဲ့၍ မိန်းမရတနာကို ရပြီးမှာ ဆုံးရှုံးခဲ့ရဖူး လေပြီဟုမိန့်တော်မူလျက် ဤနန္ဒဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးအခါ ခြေလေးချောင်းရှိသော သတ္တဝါအပေါင်းကို ခြင်္သေ့က မင်းပြု၏။ ငါးအပေါင်းတို့အား အာနန္ဒာငါးကမင်းပြုပြီး၊ ငှက်အပေါင်းတို့အား ရွှေဟင်္သာမင်းက မင်းပြုလေသည်။ ရွှေဟင်္သာမင်း၌ အလွန်အဆင်းလှသော ဟင်္သာမငယ်သမီးရှိ၏။ ဟင်္သာမင်းသည် သမီးငယ် ဟင်္သာမအတွက်

ကြင်ယာတော်ရွေးချယ်ရန် ငှက်အပေါင်းကိုစုဝေးစေ၏။ ထိုငှက်အပေါင်းတို့ အနက်မှနှစ်သက်ရာကို ကြင်ယာ တော်အဖြစ် ရွေးချယ်ခွင့်ပြုလေသည်။ ဟင်္သာမငယ်သည် ငှက်အပေါင်းကို ကြည့်ရှုသောအခါ ပတ္တမြားအဆင်းနှင့် တူသောလည်ရှိပြီး ဆန်းကြယ်သော အတောင်တို့ စုံလင်သည့်ဥဒေါင်းကို မြင်လျှင်နှစ်ခြိုက်မိ၏။ ထိုဥဒေါင်းအား ကြင်ယာတော်အဖြစ်ရွေးချယ်လိုက်၏။ ဟင်္သာမင်းကလည်း သဘောတူညီခွင့် ပြုလေသည်။

ထိုအခါငှက်အပေါင်းတို့က ဥဒေါင်းအနီးသို့ ချဉ်းကပ်၍ ဟင်္သာမငယ်၏ ကြင်ယာတော်အဖြစ်ရွေးချယ်ခံရသည်မှာ ကံထူးကြောင်းဖြင့် ဝမ်းမြောက်စကား ဆိုကြ၏။ ထိုအခါ ဥဒေါင်းသည် ငှက်အပေါင်းတို့အား မိမိ၏အစွမ်းကို ယခုပင်ပြအံ့ဟုဆိုကာ အရှက်အကြောက်ကင်းစွာ များစွာသောငှက်အပေါင်းတို့၏ အလယ်၌ အတောင်ကို ဖြန့်၍ကပြလေ၏။ တိုသို့ကလိုက်သောအခါ ဖုံးလွှမ်းအပ်သည်တို့ မကွယ်ဝှက်နိုင် ဖြစ်ပေါ်လေသည်။ ဟင်္သာမင်းလည်း ထိုအဖြစ်ကိုမြင်လျှင် အရှက်အကြောက်ကင်းသော ထိုဥဒေါင်းအား မိမိ၏သမီးနှင့် ထိမ်းမြားခွင့်မပြုဟုဆိုကာ ငှက်အပေါင်းအလယ်၌ ရှိသော မိမိ၏တူဖြစ်သော ဟင်္သာငယ်ဖြင့် ထိမ်းမြားပေးလိုက်၏။ ဥဒေါင်းလည်း ဟင်္သာမငယ်ကို ဆုံးရှုံးရ၍ ထိုအရပ်မှပျံပြေး၏။

မြတ်စွာဘုရားသခင်သည် ထိုအခါက ဟင်္သာမင်းဖြစ်ခဲ့ပြီး ထိုရဟန်းသည် အရှက် အကြောက်မဲ့သော ဥဒေါင်းဖြစ်ပေသည်။

ooo

# Nicca Jataka

## (One without shame or fear)

While Buddha was on sojourn at Zetawun Monastery, there was a monk who had great possessions. Buddha asked if it was true whereupon the monk said it was. Buddha again asked why and the monk became angry and asked if a monk should abandon the monk's robes as well to practise Dhamma. So saying he disrobed and stood nude before Buddha. The other monks mocked at him and that monk said men were despicable. So saying he left the place.

The monks were talking about the monk's action and Buddha sensing it, said the monk lacked shame and fear not just now but even before and he preached Nicca Jataka as a sermon.

Long ago, there was a time when the lion ruled the four-legged, Ananda ruled the fishes and the golden hamsa ruled the birds. The golden hamsa had a daughter. One day he asked the daughter to choose a husband. At an assembly of birds, the hamsa saw a peacock with its neck like a ruby and strange feathers. The hamsa chose it as its husband.

The birds told the peacock that it was great to be so chosen. The peacock decided he would show them how bright he was. He did so spreading his feathers and baring all that should be hidden. The king of hamsa felt so bad that he decided not to let his daughter marry him. He married her to a hamsa that was his nephew The peacock lost the hamsa and fled.

The embryo-Buddha was king of hamsa and that peacock later became that monk.

# သမ္မောဒမာနဇာတ်
## (ညီညွတ်ခြင်းသည်အင်အား)

မြတ်စွာဘုရားသခင်သည် ကပိလဝတ်ပြည်၊ နိဂြောဓရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ဆွေတော်မျိုးတော်တို့က အချင်းချင်းခိုက်ရန်ဖြစ်ပွားကြ၏။ ထိုအခါ မြတ်စွာဘုရားသခင်က ဆွေတော်မျိုးတော်များအားခေါ်ယူ၍ အချင်းချင်းခိုက်ရန်ဖြစ်ပွား ရန်မသင့်၊ တိရစ္ဆာန်တို့သည်ပင်လျှင် ညီညွတ်သောအခါ ရန်သူကိုလွှမ်းမိုးနိုင်သည်ဖြစ်၍ ချမ်းသာခြင်းကိုရရှိကြသည်။ အချင်းချင်းခိုက်ရန်ဖြစ်ကြချိန်တွင် ကြီးစွာသောပျက်စီးခြင်း အဖြစ်သို့ရောက်ကြရကုန်သည်ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါ ဆွေတော်မျိုးတော်များသည် အကြောင်းစုံဟောကြားတော်မူရန် တောင်းပန်လျှောက်ထား ကြသော ကြောင့် ဤသမ္မောဒမာနဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုနေချိန်တွင် ဘုရားလောင်းသည် ငုံးအပေါင်းခြံရံလျက် တော၌နေသောငုံးမင်းဖြစ်ပေသည်။ မုဆိုးတစ်ယောက်သည် ငုံးများကိုပိုက်ကွန်ဖြင့် ထောင်ဖမ်း၍ ရောင်းစားလေ့ရှိ၏။ မုဆိုးကြောင့်ငုံးအပေါင်းတို့ ပျက်စီးခြင်းများလှသည်ကို ဘုရားလောင်းသိရှိလေလျှင် ငုံးအပေါင်းတို့၏ညီညွတ်ခြင်းဖြင့် မုဆိုးရန်ကိုတွန်းလှန်ရန် ကြံဆမိလေသည်။ ထို့ကြောင့် မုဆိုးသည် ကွန်လာပစ်သည့်အခါတွင် ငုံးတစ်ကောင်စီသည် ကွန်ပေါက်တစ်ခုစီ တစ်ခုစီ၌ ဦးခေါင်းကိုလျှို၍တညီတညွတ်တည်း မချိကာဆူးရှိသောခြုံအပေါ်သို့ ပစ်ပြီးလျှင် ငုံးအပေါင်းတို့က ခြုံ၏အောက်မှငုံ့လျှိုး၍ ပြေးကြရန်မှာကြားလေသည်။

နှစ်ရက်မြောက်သောနေ့၌ မုဆိုးသည်ငုံးအပေါင်းတို့အား ယခင်နည်းအတိုင်း ကွန်ပစ်ဖမ်းလေသည်။ ငုံးအပေါင်းတို့သည် ဘုရားလောင်းသင်ပေးထားသည့် နည်းဖြင့်ကွန်ကို မချိ၍ဆူးရှိသောခြုံတစ်ခု၌ ပစ်ပြီးလျှင်ခြုံအောက်မှ ထွက်ပြေးကြလေသည်။ မုဆိုးလည်း ဆူးခြုံတွင်ငြိနေသော ကွန်ကိုပြန်လည်ရှင်းလင်းရသည်နှင့် တစ်နေကုန်ပြီး လက်ချည်း

သက်သက်ဖြင့်ပြန်ရလေသည်။ မုဆိုးသည် နှစ်ရက်သုံးရက်မျှဆက်၍ လက်ချည်း သက်သက် ပြန်နေရသောအခါ မုဆိုး၏ဇနီးသည် အမျက်ထွက်လေသည်။ မုဆိုးသည် အခြားတစ်ဦး တစ်ယောက်ကိုလုပ်ကျွေးနေ၍ ငင်းအတွက်မပါရှိလေသလောဟု ယိုးစွတ် ပြောကြား၏။ ထိုအခါမုဆိုးလည်း ငုံးအပေါင်းတို့ ညီညွတ်ကြ၍ ကွန်ပစ်မရခြင်း ဖြစ်ကြောင်း၊ သို့သော် စိုးရိမ်ခြင်းမရှိကြောင်း၊ ထိုငုံးတို့သည် အစဉ်မြဲညီညွတ် နေကြမည်မဟုတ်ဘဲ၊ တစ်ချိန်တွင် ခိုက်ရန်ဖြစ်ကြလိမ့်မည်၊ ထိုသို့ခိုက်ရန်ဖြစ်ပွား စိတ်ဝမ်းကွဲချိန်တွင် မိမိစိတ်တိုင်းကျ ဖမ်းယူနိုင်မည်ဖြစ်ကြောင်း ပြောကြားနှစ်သိမ့် လေသည်။ နှစ်ရက်သုံးရက်ကြာသော် ငုံးတစ်ကောင်သည် ကျက်စားရာအရပ်သို့ ထွက်ရာတွင် အခြားငုံးတစ်ကောင်၏ ဦးခေါင်းကို အမှတ်တမဲ့ နင်းမိ၏။ ဦးခေါင်းနင်းသော ငုံးက နင်းခံရသောငုံးအား တောင်းပန်စကား ဆိုသော်လည်း မပြေမလည်ခိုက်ရန်ဖြစ် ကြလေသည်။

ဘုရားလောင်း ငုံးမင်းသည် ထိုငုံးနှစ်ကောင်တို့ ခိုက်ရန်ဖြစ်ပွားခြင်းသည်၊ မသင့်မတင့် မညီမညွတ်ခြင်းသည် ငုံးအပေါင်းတို့ ပျက်စီးခြင်းသို့ရောက်ရပေတော့မည်ဟု ဆင်ခြင်မိသည်။ ထို့ကြောင့် မိမိအလိုသို့လိုက်မည့် ငုံးအပေါင်းတို့ကိုခေါ်၍ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားလေသည်။ ထို့အချိန်တွင် မုဆိုးသည် လာရောက်ကွန်ပစ်ရာတွင် ငုံးအပေါင်းတို့သည် ယခင်ကဲ့သို့ညီညွတ်စွာ ကွန်ကိုမချီသွားခြင်းမရှိဘဲ အချင်းချင်း ငြင်းခုံကြစဉ် မုဆိုးသည်အလွယ်တကူ လာရောက်ဖမ်းဆီးယူဆောင်သွားလေသည်။

မြတ်စွာဘုရားသခင်သည် ဆွေတော်မျိုးတော်တို့အား မညီမညွတ်ခြင်းသည် ပျက်စီးခြင်းအခြေအမြစ်သာလျှင်ဖြစ်ကြောင်းကို ဤတရားဒေသနာကို ဆောင်၍ ထင်ရှားစွာပြဟောကြားတော် မူခဲ့လေသည်။

* * *

# Thambawdamana Jataka

## (Unity is strength)

While Buddha was on sojourn in Nijoda Monastery in Kapilawut, there were quarrels between relatives. Buddha summoned the relatives and said they should not quarrel; even animals in unity could overcome the enemy and achieve happiness: if they quarrelled there was great misery. The relatives appealed for deliberation and Buddha gave the Thambawdamana Jataka.

Long ago, when King Byamadat was reigning in Bayanathi, embryo-Buddha was the king of quails. There was a hunter catching quails with a net and selling them away for his trade. This led to perishing of many quails and the embryo-Buddha thought of repelling the hunter with unity of the quails. It was so arranged for the quails to stick their heads at every opening of the net, and all these quails were to fly at the same time to move the net on a place of thorns while the quails escaped the net.

On the second day thereafter, the hunter cast the net. The quails did as guided by the embryo-Buddha and escaped, leaving the hunter to disentangle the net on the thorns and getting nothing of the quails. When it happened on three consecutive days, the hunter's wife got angry. The hunter pacified his wife saying that the quails were united but they could not be united for long; they would quarrel over something some day; then he would capture them. Three or four days later, a quail stepped on the head of another while going out to search for food. He apologised but it did not quite pacify the other quail.

The embryo-Buddha knew that the quarrel between the two quails would cause disunity among quails and it would lead to perishing of many. So, he took all those who would follow him to another place. At that time, the hunter came and cast his net. The quails, instead of going what they did before, quarrelled among themselves and they were caught easily by the hunter.

Thus Buddha showed the relatives that disunity would only result in perishing of many.

# မစ္ဆဇာတ်
## (မီးစဲထက်မူခြင်း)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ရဟန်းဘဝကို ငြီးငွေ့နေကြောင်း သိရှိတော်မူလေသည်။ ထိုအခါ မြတ်စွာဘုရားသခင်က ထိုရဟန်းအား မေးမြန်းသည့်အခါ ထိုရဟန်းက လူ့ဘဝ၌ ပေါင်းသင်းခဲ့သော ဇနီးမယားကို အစွဲပြု၍ရဟန်းဘဝကို ငြီးငွေ့မိပါကြောင်း လျှောက်ထား တင်ပြလေသည်။ မြတ်စွာဘုရားသခင်က ထိုရဟန်းအားရှေးအခါကလည်း ထိုမိန်းမကြောင့် သေခြင်းသို့ ရောက်လုဖြစ်ခဲ့ရပြီး ဘုရားရှင်ကြောင့်သာ သေခြင်းမှလွန်မြောက်ခဲ့ရသည်ကို မိန့်တော်မူပြီးလျှင် ဤမစ္ဆဇာတ်ကို ဟောကြားတော်မူ လေသည်။

လွန်လေပြီးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံမင်းပြုနေချိန်တွင် ဘုရားလောင်းသည်ထိုမင်း၏ ပညာရှိပုရောဟိတ်ဖြစ်ပေသည်။ ထိုအချိန်တွင် ငါးကြီးတစ်ကောင် သည် ကာမဂုဏ်၌မွေ့လျော်ကာ ၎င်း၏ငါးမနှင့်အတူ နေထိုင်လျက်ရှိသည်။ တစ်နေ့တွင် ထိုငါးများရှိရာမြစ်သို့ တံငါသည်များ ရောက်ရှိလာပြီး ကွန်ဖြင့်ငါးများကို ဖမ်းလေသည်။ ထိုကွန်နှံကိုရရှိသောအခါ ငါးမသည်ကွန်ကိုရှောင်၍ ထွက်သွား၏။ ကာမဂုဏ်၌သာ မက်မောသောထိုငါးကြီးသည် ကွန်ကိုသတိမမူနိုင်ဘဲ ကွန်အတွင်းသို့ ရောက်ရှိသွားလေသည်။

တံငါသည်တို့သည် ကွန်ကိုဆွဲ ယူလိုက်ရာ ထိုငါးကြီးကိုတွေ့ရလေလျှင် ချက်ခြင်း မသတ်သေးဘဲ သဲပြင်၌ပြစ်ချထားလိုက်၏။ ထိုငါးကြီးကို မီးကင်စားရန်အတွက် မီးဖို ကြလေသည်။ ထိုအခါငါးကြီး၏ စိတ်တွင်မီးကျီး၌ ကင်ခံရမည်ကို စိုးရိမ်ကြောက်လန့် ခြင်းမရှိ၊ ပိုက်ကွန်၌မိစဉ်က နာကျင်မှုကို သတိမပြုနိုင်၊ သဲပြင်၌ပြစ်ထား၍ ပူလောင်ခြင်း ကိုလည်းမေ့လျော့နေပြီး ငါးမသည်အချိန်တန်၍ ၎င်းအားမတွေ့ရလျှင်၊ ၎င်းသည်ကာမဂုဏ်၌ မွေ့လျော်လို၍ အခြားငါးမနောက်သို့ လိုက်ပါသွားသည်ဟု အထင်မှားခံရမည်ကိုသာ တွေးတောပူပန်ငိုကြွေး နေလေသည်။

ထိုအချိန်တွင် ဘုရားလောင်း ပရောဟိတ်သည် အခြံအရံများဖြင့် ရေချိုးရန်မြစ်ဆိပ်သို့ရောက်ရှိလာသည်။ ဘုရားလောင်းသည် ငါးကြီး၏ ငိုကြွေးသံကိုကြား၍ ဆင်ခြင်သုံးသပ် လျှင် ထိုငါးသည် ကိလေသာစိတ်ကြီး စိုးမှုကြောင့် သေဆုံးခဲ့လျှင် ငရဲသို့သာရောက် တော့မည်ကို သိရှိပေလေသည်။ ထို့ကြောင့် ဘုရားလောင်းသည် တံငါသည်တို့ထံသို့ သွား၍တစ်နေ့အတွက် ဟင်းလျာပေးရန် တောင်းဆိုလေသည်။ ထိုအခါ တံငါသည်တို့က နှစ်သက်ရာ ငါးများကို ယူဆောင်ခွင့်ပြုရာ၊ ဘုရားလောင်းက ထိုငါးကြီးသာ ယူလိုကြောင်း ဆို၏။ တံငါသည်တို့လည်း ယူခွင့်ပြုလေလျှင် ဘုရားလောင်းသည် ထိုငါးကြီးကို ယူပြီး ကိလေသာသို့သာ လိုက်သည့်အဖြစ်မှ ရှောင်ရှားရန် ဆုံးမပြီးလျှင် ရေ၌လွှတ်လိုက်၍ အသက်ချမ်းသာ ရရှိသွားခဲ့လေသည်။

မြတ်စွာဘုရားသခင်သည် ဤတရားဒေသနာကိုဆောင်၍ သစ္စာတို့ကိုပြတော်မူလေ၏။ သစ္စာကိုပြတော်မူပြီးသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။ ယခုအခါ ငြီးငွေ့သောရဟန်းသည် ထိုအခါကငါးကြီးဖြစ်ပြီး ယခုဇနီးမယားဟောင်းသည် ထိုအခါကငါးမ ဖြစ်လေသည်။

# Maccha Jataka

## (Heat greater than chunks of fire)

Buddha was at Zetawun Monastery when he heard of a monk getting tired of monkhood. He asked the monk and came to know that it was so because of the monk's life with his wife in the mortal world. He said the monk had faced near death because of her in the past and he had escaped death only because of Buddha. Thereupon he gave Maccha Jataka.

Long ago, in Baranathi, under the reign of King Byamadat, the embryo-Buddha was a wise man. At that time a big fish met with a female fish and was happy with her. One day fishermen came to the river and caught fish with nets. The female fish sensing the net escaped. The big fish drawn by carnal desire could not sense it and got caught in the net.

The fisherman drew the net and saw the big fish. He did not kill it right away but put it on the sand. The fishermen planned to roast it on a fire. The big fish oblivious of his quandary cried with anxiety that the female fish might take the big fish to be lured away by another female fish.

At that time the embryo-Buddha came to the bank to bathe with his retinue. He heard the fish cry and thought. He sensed that if the fish died then would get to hell. So he went to the fishermen and asked for charity of a fish. The fishermen granted him any fish there. The embryo-Buddha asked for that fish. He spoke to the fish to abstain from only following the carnal desires and let it go free in the water.

So Buddha showed the monk the Dhamma and he attained a higher level of consciousness.

# ဝဋ္ဋကဇာတ်

## (သစ္စာနှုတ်သီး မန္တန်ကြီး၊ တောမီးကွင်း)

အခါတစ်ပါး၌ မြတ်စွာဘုရားသခင်သည် မဂဓတိုင်းသို့ ဒေသစာရီ ကြွတော်မူသည်။ မထင်ရှားသော မဂဓရွာ၌ ဆွမ်းခံကြွတော်မူပြီး ဆွမ်းဘုဉ်းပေး၏။ ထို့နောက်ရဟန်းအပေါင်းတို့နှင့် ဆက်လက်ကြွချီတော်မူလေသည်။ ထိုအချိန်တွင် တောမီးလောင်ခြင်းဖြစ်လေသည်။ ထိုအခါလူအပေါင်းနှင့်တကွ ရဟန်းတို့ကြောက်လန့်ပြေးလွှားကြလေသည်။ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့ခြံရံလျက် မထင်ရှားသောနေရာ တစ်ခု၌ရပ်နေတော်မူသည်။ တောမီးသည်အရှိန်အဟုန်ပြင်းစွာအသံမြည်ဟီး လောင်းကျွမ်းလာခဲ့ရာ မြတ်စွာဘုရားသခင် ရပ်နေတော်မူရာ အရပ်သို့ ရောက်လျှင် ရေ၌ပစ်လိုက်သော မြက်မီးရှူးကဲ့သို့ ငြိမ်းလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားသခင် ကျေးဇူးစကားကို ဆိုကြလေသည်။ မြတ်စွာဘုရားသည် ရဟန်းတို့စကားကိုကြားလျှင် တောမီးငြိမ်းခြင်းသည် ရှေး၌ဖြစ်ခဲ့သော သစ္စာ၏အစွမ်းကြောင့်သာ ဖြစ်ကြောင်း၊ ဘဒ္ဒကပ်ကမ္ဘာပတ်လုံး ဤအရပ်၌မီးမလောင်နိုင်ကြောင်း မိန့်တော်မူ၏။ ထိုအခါ ရဟန်းအပေါင်းတို့က ရှေးအခါက မီးငြိမ်းခြင်းကို ထင်ရှားစွာဟောကြားတော်မူပါရန် လျှောက်ထားတောင်းပန်ကြသဖြင့် ဤဝဋ္ဋကဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးအခါ မဂဓတိုင်း၌ ဘုရားလောင်းသည် ငုံးမျိုး၌ဖြစ်၏။ ဘုရားလောင်းကို မိဘတို့သည် အသိုက်၌နေစေလျက်နှုတ်သီးဖြင့် အစာကိုဆောင်ယူ၍ ကျွေးမွေး၏။ ထိုအရပ်သည် နှစ်တိုင်းနှစ်တိုင်း တောမီးလောင်လေ့ရှိသည့်အတိုင်း တစ်နေ့တွင် တောမီးလောင်လေသည်။ ငှက်အပေါင်းတို့သည် သေဘေးမှလွတ်မြောက်ရန် အသိုက်မှပြေးကြ၏။ ဘုရားလောင်း၏မိဘတို့သည်လည်း သေဘေးကို ကြောက်ရွံ့၍

ထွက်ပြေးကြ၏။ ဘုရားလောင်းသည် အသိုက်၌ဝပ်လျက်ကျန်ခဲ့၏။ တဖြည်းဖြည်း ကြီးထွားလာသည့်တောမီးကို မြင်တွေ့ရသော်လည်း ပျံသန်းနိုင်ခြင်း၊ ပြေးလွှားနိုင်ခြင်း မရှိ၍ မည်သို့ပြုရမည်ကို တွေးဆနေမိသည်၊ ထို့နောက်သီလကျေးဇူး၊ သစ္စာကျေးဇူး၊ သီလ၊ မေတ္တာ၊ ဂရုဏာ တရားတို့ဖြင့် အတုမရှိသောမြတ်သော သစ္စာပြုရန်သတိပြုမိပေသည်။ ထို့ကြောင့် ဘုရားလောင်းသည် လွန်လေပြီး သောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီးသော ဘုရားရှင်တို့၏ ကျေးဇူးတော်ကိုဆင်ခြင်ကာ မိမိ၌ထင်ရှားသော သစ္စာသဘောကို အာရုံပြု၍ "မိမိ၌အတောင်ရှိသော်လည်း အတောင်ဖြန့်၍ ကောင်းကင်သို့ မပျံနိုင်၊ ခြေတို့ရှိသော်လည်း ခြေတို့ကို ကြွ၍သွားလာနိုင်ခြင်းမရှိ၊ မိဘတို့သည် စွန့်၍ပြေးကြပြီဖြစ်ခြင်းတို့သည် မဖောက်မပြန် မှန်ကန်သည်ဖြစ်အံ့၊ တောမီးသည် ထိုသစ္စာကြောင့် ဤအရပ်မှရှောင်ကွင်းလေလော့"ဟု အသိုက်၌ အိပ်လျက် သစ္စာပြုလေသည်။ ဘုရားလောင်း၏ သစ္စာစကားကြောင့် တောမီးသည် ဘုရားလောင်းရပ်နေသည့်ရွာနှင့် ၃၂ ပေသာ ကွာဝေးသော အရပ်တွင်ရေ၌နှစ်သော မီးရှူးကဲ့သို့ ငြိမ်းလေသည်။

ဘုရားလောင်းငုံးငယ်ဖြစ်သောကာလ၌ ပြုခဲ့သောသစ္စာအစွမ်းကြောင့် ထိုအရပ်သည် ဘဒ္ဒကပ်ကမ္ဘာပတ်လုံး မီးလောင်ခြင်းမရှိသော အဖြစ်သည် ကမ္ဘာပတ်လုံးတည်ရှိနေသည်။ ဤတရားဒေသနာကိုဆောင်၍ သစ္စာပြတော်မူလေသည်။ တရားတော်အဆုံး၌ အချို့ရဟန်းတို့သည် သောတပန်၊ အချို့ရဟန်းတို့သည် သကဒါဂါမ်၊ အချို့ရဟန်းတို့သည် အနာဂါမ်၊ အချို့ရဟန်းတို့သည် ရဟန္တာဖြစ်ကြကုန်၏။

# Wattaka Jataka

## (Truthful vow, great mantra keeps forest fire away)

Once Buddha went on sojourn to Magada Taing. He went for food in the insignificant Magada Village and partook of the food. Then he went on with his retinue of monks. Just then a forest fire raged. Laity and clergy alike ran for fear. Buddha and monks stayed at an insignificant palce. The forest fire raged on but went out at where Buddha and monks were.

The monks praised Buddha for that. Buddha said it was on account of the vow taken in the past and that in the whole of Badda world that was the place where no fire could burn ever. The monks asked and Buddha gave the sermon of Wattaka Jataka.

Long ago in Magadha Taing, embryo-Buddha was a quail. His parents has him stay in the nest while they brought the food with their beaks and gave it to him. That place had yearly fires and one day the fire came. The birds including his parents flew away in fear. The embryo-Buddha was left in the nest. He could not fly or escape and wondered what to do. Then he remembered to take a vow on the strength of sila, truth, and incomparable vow on sila, metta and karuna. So, with his mind on the gratitude owed to all Buddhas that had come, and also being

mindful of his own truth, the quail made a vow that he had wings but could not fly, he had legs but could not run away, and parents too had left for safety; if all that were true, the forest fire should go away from that place. He made this vow resting in the nest. Thanks to his vow, the forest fire died down like grass fire some 32 feet from that place.

The place not being burnt by any fire in the whole of Badda world thanks to the vow of the embryo-Buddha quail came to be there. Monks attained higher levels of consiciousness at the end of the sermon.

# သက္ကဇာတ်

## (လျှောက်ပတ်သောအရပ်ကိုသိသောငှက်)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို ဆည်းပူးပြီးနောက် တောထွက်၏။ ကောသလတိုင်း၊ ပစ္စန္တရပ် ရွာကျောင်း၌ သီတင်းသုံးနေသည့် အခါတစ်ပါး၌ ထိုရဟန်းသီတင်းသုံးသောကျောင်းသည် မီးလောင်ခဲ့လေသည်။ ထိုအခါရဟန်းသည် ရွာသူရွာသားအပေါင်းတို့အား အကြောင်းကြားခဲ့သည်။

ရွာသူရွာ သားအပေါင်းတို့ကလည်း မိမိတို့မှာ ဆင်းရဲကြသူများဖြစ်၍ လယ်ရေသွင်းပြီးကကျောင်းဆောက်ပေးမည်၊ လယ်ရေသွင်းပြီးပြန်သော် မျိုးကြဲပြီးက ကျောင်းဆောက်ပေးမည်၊ မျိုးကြဲပြီးသော် စောင်ရန်းပြုပြီးက ကျောင်းဆောက်ပေးမည်၊ စောင်ရန်းပြုပြီးသော် ပေါင်းမြက်သုတ်သင်ပြီးက ကျောင်းဆောက်ပေးမည်၊ ပေါင်းမြက်သုတ်သင်ပြီးသော် ရိတ်ပြီးမှ ကျောင်းဆောက်ပေးမည်၊ ရိတ်ပြီးပြန် သော် စပါးနယ်ပြီးမှ ကျောင်းဆောက်ပေးမည် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြနေကြခြင်းကြောင့် ဝါတွင်းသုံးလပတ်ကုန်လွန်ခဲ့ပေသည်။

ထိုရဟန်းသည် ဝါတွင်းသုံးလပတ်လုံး လွင်တီးခေါင်၌ ဆင်းရဲစွာနေရသဖြင့် ကမ္မဋ္ဌာန်းစီးဖြန်း၍ တရားထူးကို ရှာဖွေနိုင်ခြင်းမရှိ ဖြစ်နေပေသည်။ ဝါကျွတ်၍ ပဝါရဏာပြုပြီးသောအခါ မြတ်စွာဘုရားသခင်ထံသို့ ပြန်လည်ရောက်ရှိလာလေသည်။ မြတ်စွာဘုရားသခင်က ထိုရဟန်းအား ကမ္မဋ္ဌာန်းတရားအပြီးတိုင်ခဲ့ပြီလားဟု မေးမြန်းသည်။ ရဟန်းကလျှောက်ပတ်သောကျောင်းမရှိ၍ ကမ္မဋ္ဌာန်းတရားအားမထုတ်နိုင်ခဲ့ကြောင်း လျှောက်ထားလေသည်။ ထိုအခါမြတ်စွာဘုရားသခင်သည်

ရဟန်းအားရှေး၌ တိရစ္ဆာန်တို့သည်ပင် မိမိတို့နှင့် လျော်ကပ်သည့်အရပ်ကို သိရှိကြသည်။ ထိုရဟန်းသည် အဘယ်ကြောင့် မသိရသနည်းဟု မိန့်တော်မူလျက် ဤသကုဏဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုနေချိန်တွင် ဘုရားလောင်းသည် ငှက်ဖြစ်၏။ ဘုရားလောင်းသည် ငှက်အပေါင်းခြံရံလျက် အခက်အလက်နှင့်ပြည့်စုံသော သစ်ပင်ကြီးရှိသည့် တောအရပ်၌ နေထိုင်သည်။ တစ်နေ့သ၌ ထိုသစ်ပင်၏အခက်တို့ အချင်းချင်းထိခိုက်ကာ အမှုန့်ကျ၍အခိုးတို့ ထွက်လာလေသည်။ ဘုရားလောင်းသည် ထိုအချင်းအရာကို မြင်လျှင်မကြာမီပင် မီးထွက်၍အောက်ရှိသစ်ရွက်ခြောက်တို့ကို မီးလောင်တော့မည်ကို သိရှိသဖြင့် အခြားသင့်လျော်ရာအရပ်သို့ ပြောင်းရွှေ့ရန် ကြံရွယ်မိ၏။ ထို့ကြောင့် ငှက်အပေါင်းတို့အား ထိုသစ်ပင်သည် အကိုင်းအခက်တို့ပွတ်တိုက်၍ မီးဖြစ်ပြီးလျှင် အောက်သို့ကျမည်၊ အောက်ရှိသစ်ရွက်ခြောက်တို့အပေါ်သို့ ကျသဖြင့် မီးလောင်လိမ့်မည်။ ထိုမီးသည် သစ်ပင်ကြီးကို ကူးစက်လိမ့်မည်ဖြစ်၍ ဆက်ပြီးမနေသင့်ကြ၊ အရပ်လေးမျက်နှာသင့်ရာသို့ရှောင်ကြလေဟုဆိုလေ၏။

ဘုရားလောင်း၏ စကားကိုယုံကြည်ကြသော ပညာရှိငှက်အပေါင်းတို့သည် ဘုရားလောင်းနှင့်အတူ သင့်ရာအရပ်သို့ရှောင်ပြေးကြ၏။ ဘုရားလောင်း၏ စကားကို မယုံကြည်ကြသော ပညာမဲ့ငှက်အချို့သည် ထိုသစ်ပင်၌သာလျှင် ဆက်လက်နေကြ၏။ မကြာခင်ပင်မီးတောက် မီးလျှံတို့ဖြစ်ပေါ်ကာ ထိုသစ်ပင်ကို လောင်ကျွမ်းလေသည်။ သစ်ပင်၌နေရစ်ခဲ့ကြသော ငှက်အချို့တို့သေကြေပျက်စီး ကြကုန်လေသည်။

ဘုရားလောင်း၏ စကားကို နားထောင်သောငှက်အပေါင်းတို့သည် ယခုအခါ ဘုရားသခင်၏ ပရိသတ်ဖြစ်ကြလေသည်။

# Sakuna Jataka

## (The bird that knew a appropriate place)

Buddha was on so journ at Zetawun Monastery when a monk learnt Kamathana from Buddha and took to the forest. He took hermitage at a monastery in Pissantayit Ward, Kawsala Taing. One occasion the monastery caught fire. The monk informed the villagers but they were poor and postponed reconstruction of the monastery again and again — once when they had let in water for the cultivation, then when they had built the nurseries, then when they had made saungyan, later when they had weeded the fields, then when they had reaped their harvest, and then when they had winnowed the paddy, and so on.

The monk had to stay in the open for three whole months of the Lent and was unable to concentrate on the Kamathana. After Pawayana at the end of the Lent, he went back to Buddha. Buddha asked him if he had attained some enlightenment, whereupon he said he could not concentrate as he had no appropriate abode. Buddha said even creatures in the past knew of a place appropriate to them. He asked why the monk did not and so he gave the Sakuna Jataka.

Long ago under King Byamadat in Bayanathi, embryo- Buddha was a bird. Flanked by many birds, the embryo-Buddha lived in a big tree with good foliage in the forest. One day the branches hit one another and gave out fumes. The embryo-Buddha knew that soon the dry leaves down below would catch fire and thought of moving away.

He told the birds that the branches would catch fire, it would catch on to burn the dried leaves down below, and then a fire would rage on, and burn the forest, so he asked the birds to move somewhere away.

The wise birds that believed the embryo-Buddha moved together with him to appropriate place. Some who did not believe him just stayed on in the tree. Soon fire caught on and burned the tree. The birds that stayed on there perished.

The birds that moved away with the embryo-Buddha became the devotees of Buddha.

# တိတ္တိရဇာတ်

## (အသက်ကြီးတော့ တစ်နည်းသာ)

သဗ္ဗညုမြတ်စွာဘုရားသခင်သည် အနာထပိဏ်သူဌေးဆောက်လုပ်လှူဒါန်းသော ကျောင်း၌ သီတင်းသုံးနေတော်မူရန် သာဝတ္ထိပြည်သို့ကြွတော်မူ၏။ ထိုအခါဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်တို့သည် ရှေ့မှကြိုတင်သွားရောက်ကာ ကျောင်း၌အိပ်ရန်နေရာတို့ကို ဦးထားကြလေသည်။ နောက်မှ ရောက်လာ ကြသော မထေရ်တို့အတွက် အိပ်ရန်နေရာမရှိတော့ပေ။ အရှင်သာရိပုတ္တရာမထေရ် သည်လည်း အိပ်ရန်နေရာမရှိသဖြင့် မြတ်စွာဘုရားသခင်၏ ကျောင်းတော်အနီးသစ်ပင်တစ်ပင်၏ အရင်း၌ ထိုင်ခြင်း၊ စင်္ကြံသွားခြင်းဖြင့် ညဥ့်ကိုကုန်လွန်စေသည်။

နံနက်မိုးသောက်သောအခါ မြတ်စွာဘုရားသခင်က အကြောင်းစုံကိုသိရှိတော်မူလေသည်။ မြတ်စွာဘုရားသည် မိမိထင်ရှားရှိစဥ်မှာပင် ရဟန်းတို့သည် တစ်ပါးကိုတစ်ပါး ရိုသေမှုမရှိကြလျှင်မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခဲ့လျှင် မည်သို့ရှိမည်ကိုဆင်ခြင်တော်မူရာ ဓမ္မသံဝေဂဖြစ်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား စုဝေးစေသည်။

ရဟန်းတို့စုဝေးရောက်ရှိကြသောအခါ မြတ်စွာဘုရားက နေရာဦး၊ ရေဦးဆွမ်းဦးကို မည်သူတို့ရထိုက်သည်ကို မေးတော်မူ၏။ ထိုအခါ ရဟန်းတို့အနက် အချို့ကမင်းမျိုးရဟန်း ရထိုက်သည်၊ အချို့ကပုဏ္ဏားမျိုးရဟန်းရထိုက်သည်၊ အချို့ကသူကြွယ်မျိုးရဟန်းရထိုက်သည်၊ အချို့ကစျာန်ရသောရဟန်းတို့ရထိုက်သည်၊ အချို့ကသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ ရထိုက်သည်စသည်ဖြင့် ဖြေကြားကြ၏။ ထိုအခါမြတ်စွာဘုရားက ထိုကဲ့သို့သော ရဟန်းများသည် ပမာဏမဟုတ်ဘဲသီတင်းကြီးစဉ်ကိုသာ အလေးမူ၍ ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီ၍ အရိုသေပေးခြင်းပြုအပ်၏။ သီတင်းကြီးခြင်းသည်သာ အဓိကပမာဏဖြစ်သည်၊ အရှင်သာရိပုတ္တရာ သည် မြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ်သော်လည်း အိပ်ရာနေရာမရှိ၍ သစ်ပင်ရင်း၌ ညဥ့်ကို ကုန်လွန်စေခဲ့ရသည်။ ယခုအခါ၌ပင် ရိုသေမှုမရှိကြလျှင် နောင်အခါခက်ပေတော့မည်။ ရှေး၌ တိရစ္ဆာန်တို့သည် အချင်းချင်းရိုသေခြင်းမရှိဘဲ အသက်မွေးကြ၏။ ထိုသို့နေကြခြင်းသည် မလျောက်ပတ်ကြောင်း သိရှိကြပြီး ကြီးမြတ်သူကို ရှိခိုးခြင်း ပြုကြရန်ကြံကြပြီး မည်သူက ကြီးမြတ်သည်ကို စုံစမ်းကြသည်။ စုံစမ်းပြီးသောအခါ ကြီးမြတ်သူကို ရှိခိုးရိုသေကြ၍ နတ်ပြည်သို့ ရောက်ရှိကြရသည်ဟု မိန့်တော်မူလျက် အတိတ်ကိုဆောင်၍ ဤတိတ္တိရဇာတ်ကို ဟောကြား တော်မူလေသည်။

လွန်လေပြီးသောအခါ ဟိမဝန္တာအရပ်ရှိ ပညောင်ပင်ကြီးကို မှီ၍ ခါ၊ မျောက်နှင့် ဆင်တို့ အဆွေခင်ပွန်းဖွဲ့၍ နေထိုင်ကြလေသည်။ သို့သော်လည်းတစ်ဦးကို တစ်ဦးရိုသေခြင်းမရှိသည့်အပြင် မတူညီသောအသက်မွေးခြင်းကို ပြုလျက်ရှိကြသည်။ တစ်နေ့သော် မိမိတို့သည် အဆွေခင်ပွန်း များဖြစ်ကြသည့်အလျောက် ကြီးသူကိုရိုသေမှုရှိလျှင် ကောင်းမည်ဟုအကြံဖြစ်ကြ၏။ ကြီးသူကို ရွေးရန်မှာလည်း သုံးဦးမှီခို နေထိုင်လျက်ရှိသော ပညောင်ပင်ကို မည်သည့်အချိန်က စတင်သိရှိခဲ့ သည်ကို အခြေပြုဆုံးဖြတ်ရန် သဘောတူညီဆုံးဖြတ်ကြ၏။

ထိုအခါ ဆင်သည် ၎င်းငယ်စဉ်က ထိုပညောင်ပင်ကို ကျော်သွားလျှင် ၎င်း၏ချက်ကို ထိရုံမျှသာရှိသည်ဟုဆို၏။ မျောက်ကလည်း ၎င်းငယ်စဉ်က မြေ၌ထိုင်၍မမော့ရဘဲ ပညောင်ပင်၏ အညွန့်အဖူး အဖျားကိုစားနိုင်သည်ဟုဆို၏။ ခါက ဤနေရာ၌ ယခင်က ပညောင်ပင်မရှိခဲ့၊ ၎င်းသည် အခြားအရပ်ရှိပညောင်ပင် တစ်ပင်မှအသီးကို စားခဲ့ပြီးဤနေရာ၌ ကျင်ကြီးစွန့်ခဲ့သည်။ ထိုကျင်ကြီး၌ ပါသောညောင်စေ့က ပေါက်သောအပင်သည် ဤပညောင်ပင်ဖြစ်သည်ဟုဆို၏။ ထိုအခါ ဆင်နှင့် မျောက်တို့သည် ခါကိုကြီးမြတ်သူအဖြစ် လက်ခံကာကောင်းစွာပြုခြင်း၊ အလေးပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးပူဇော်ခြင်း စသည်ဖြင့် အရိုအသေပြုလျက် တူညီသော အသက် မွေးဝမ်းကျောင်းကိုလည်း ပြုကြသည်။ ခါသည်လည်း အဆွေခင်ပွန်း နှစ်ဦးတို့အား သွန်သင် ဆုံးမလေ့ရှိသည့်အပြင် သီလ ဆောက်တည်စေ၏။ ထိုသုံးဦးတို့သည် အသက်ဆုံးသောအခါ နတ်ပြည်သို့ လားကြရ၏။

ခါသည် ယခုမြတ်စွာဘုရားသခင်ဖြစ်ပြီး၊ ဆင်သည် အရှင်မောဂ္ဂလာန်ဖြစ်ကာ မျောက်သည် အရှင်သာရိပုတ္တရာ ဖြစ်ပေသည်။

# Tittara Jataka

## (One advantage in being older)

Buddha once went on sojourn to stay at the monastery built by Anahtapain the rich man in Thawutti. Thereupon, the Sabbhaggi monks went ahead. As they kept places to sleep, there was none left when Buddha came with the monks. Even Shin Sariputara could not get a place for himself. He had to sit at the foot of a tree near Buddha's monastery and spent the night walking round there.

In the morning Buddha knew all about it. He was repentant that monks did not accord proper accommodation to one another even when he was all there and he dreaded to think how it would be when he attained Parinibbana. So he had an assembly of monks.

When monks were all assembled, Buddha asked them who should be given priority in accommodation and food. Some said it should be royal lineage monk, some said it should be given to Ponna monks, some said it should be given to rich monks, some said it should be given to monks of different levels of consciousness. Buddha said such category of monks was not of importance but it should be given to monks of higher standing. Shin Sariputara was Buddha's agga sawaka but he had to spend the night at the foot of a tree. If reverence was not established now it would be much harder later. In the past even animals had no reverence for one another but they learnt that it was not proper to do so. So they sought who should be given priority and they did give priority to ones of great patronage. So they attained the nat world after their demise. Buddha preached the Tittara Jataka.

Long ago, there lived a partridge, a chimpanzee and an elephant by a banyan tree in the forest of Himalayas. They had no respect for one another and had different means of livelihood. One day they had the idea that they should respect one another. They decided to give seniority to one who would know the banyan tree at the earliest.

The elephant said he remembered the tree that was up to its navel. The chimpanzee said he need not look up to the tree but look level to the highest point of the tree. The partridge said there was no banyan tree at first. He had to eat banyan fruit from somewhere else and defecated at this place, so that the banyan tree grew from that seed. So, the elephant and the chimpanzee paid respects to the partridge as the senior-most animal. The partridge too taught them the ways of the world. When the three died they were reborn in the nat world.

The partridge became Buddha. The elephant beoame Shin Moggalana and the chimpanzee became Shin Sariputara.

* * *

# ဗကဇာတ်

## (ပုစွန်ကြီးတတ်မျိုးလည်ပြတ်)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် သင်္ကန်းပြုပြင်ချုပ်လုပ်ခြင်းဖြင့်သင်္ကန်းများတိုးပွားလျက်ရှိသည်။ ထိုရဟန်းသည် ဟောင်းနွမ်းသောသင်္ကန်းများ ကို ပြုပြင်ချုပ်ဆိုးအရောင်တင်ခြင်းကို ကျွမ်းကျင်၏။ ထိုသို့ပြုပြင်တတ်ခြင်းမရှိသော ရဟန်းတို့သည် သင်္ကန်းလျာများကို ထိုရဟန်းထံသို့ ချုပ်ဆိုးအရောင်တင်ရန် အပ်နှံရလေ့ရှိ၏။

ထိုရဟန်းသည် လာရောက်အပ်နှံသည့်သင်္ကန်းများကို ပြုပြင်ချုပ်ဆိုး အရောင်တင်လျှင် အချိန်ကြာမြင့် မည်ဖြစ်၍ မိမိထံတွင်အသင့်ရှိပြီး သင်္ကန်းအဟောင်းဖြင့် လဲလှယ်ပေးလေ့ရှိ၏။ ရဟန်းအပေါင်းတို့ကလည်း ပြုပြင်ထားသည့်သင်္ကန်း၏ အရောင်အဆင်းတင့်တယ်လှသည်ဖြစ်၍ ငြင်းပယ်ခြင်းမပြုဘဲ လဲလှယ်ရယူလေ့ ရှိသည်။ ရဟန်းများသည် လဲလှယ်ရယူခဲ့သည့် သင်္ကန်းများကို ရေနွေးဖြင့်လျော်ဖွပ်သည့်အခါ ဟောင်းနွမ်းပြီး ဆွေးမြေ့နေသည်များကို တွေ့ရှိကြ၏ စိတ်မချမ်းမသာဖြစ်ကြရပေသည်။

ထိုရဟန်းသည် ရဟန်းတို့အပေါ်လှည့်စား၍ သင်္ကန်းကိုလဲလှယ်ယူနေကြောင်း တောရပ်နေရဟန်း တစ်ပါးက သိရှိလေသည်။ တောရနေရဟန်းသည်လည်း သင်္ကန်းများ ပြုပြင်ချုပ်ဆိုး အရောင်တင်ခြင်း၌ ကျွမ်းကျင်ပေသည်။ တောရနေရဟန်းသည် သင်္ကန်းဟောင်းတစ်ထည်ကို ကောင်းစွာပြုပြင်ချုပ်ဆိုးပြီး ဇေတဝန်ကျောင်းတော်သို့ ကြွရောက်လာ၏။ ဇေတဝန်ကျောင်းတော်နေ ရဟန်းသည် ထိုတောရနေ ရဟန်း၏ သင်္ကန်းကိုမြင်လျှင် လွန်စွာနှစ်သက် မက်မောမိ၏။ ထို့ကြောင့် မိမိထံ၌ ရှိသောသင်္ကန်းလျာ အသစ်ဖြင့် လဲလှယ်ရန် တောင်းဆိုသည်။ တောရနေရဟန်းလည်း ကြည်ဖြူစွာပင်လဲလှယ် ပေးခဲ့သည်။ ဇေတဝန်ကျောင်းနေ ရဟန်းသည် ထိုသင်္ကန်းကို နှစ်ရက်သုံးရက်မျှ ရုံပြီးလျှင်ရေနွေးဖြင့် ဖွပ်လျော်ရာ ဆွေးမြေ့သောသင်္ကန်းဖြစ်နေသည်ကို သိရှိ၍ အရှက်ရလေသည်။

ထိုသတင်းသည် ရဟန်းသံဃာတို့အကြားပျံ့နှံ့ခဲ့လေသည်။ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ ထိုအကြောင်းကို ဆွေးနွေးပြောဆိုနေကြစဉ် မြတ်စွာဘုရားသခင်သည် ကြွရောက်တော်မူလာသည်။ မြတ်စွာဘုရားလည်းအကြောင်းစုံကို သိရှိလျှင် ဇေတဝန် ကျောင်း၌နေသော ရဟန်းသည်ရှေး၌လည်းသူတစ်ပါးကို လှည့်စားခဲ့သည့် နည်းတူ တောရနေရဟန်းသည်လည်း ဇေတဝန်ကျောင်းနေရဟန်းကို လှည့်စားခဲ့ဘူး ပေသည်ဟု မိန့်တော်မူလျှက် အတိတ်ကိုဆောင်၍ ဤဇာတ်တော်ကို ဟောကြား တော်မူလေသည်။

လွန်လေပြီးသောအခါ ဘုရားလောင်းသည် မထင်ရှားသော တောအရပ်၌ ပဒုမ္မာ ပေါက်သောအိုင်ရှိရေခံတက်ပင်၌ ရုက္ခစိုးဖြစ်၏။ ထိုရေအိုင်သည် နွေအခါ၌ ရေနည်း သော်လည်း ငါးများစွာတို့ရှိကြသည်။ ဗျိုင်းတစ်ကောင်သည် အနီး၌ရပ်လျှက် ငါးများကို စားရန်ကြံဆတွေးတောနေသည်။ ငါးအပေါင်းတို့က ဗျိုင်းကိုမြင်လျှင် မည်သည်ကို တွေးကြံနေကြောင်းမေး၏။ ဗျိုင်းကလည်း ဤရေအိုင်၌ရေနည်းသည့် အပြင် အစာလည်း နည်းနေ၍ငါးတစ်ကောင်ချင်းကို နှုတ်သီးဖြင့်ချီ၍ ငါးပါးသော အဆင်ရှိသည့် ရေအိုင်သို့ သယ်ဆောင်သွားပေးရန် စဉ်းစားနေကြောင်းဆို၏။

ငါးအပေါင်းတို့ကလည်း ဗျိုင်းတို့သည် ငါးများ၏အကျိုးကို လိုလားသည်မှာ မဖြစ်နိုင်ကြောင်း ယုံကြည်မှုမရှိကြောင်းဆို၏။ ထိုအခါဗျိုင်းကငါးများအနက်မှ တစ်ကောင် ကို ၎င်းနှင့်အတူထည့်ပေးလိုက်ပါက ရေအပြည့်ရှိသောအိုင်ကို သက်သေပြ မည်ဟုဆိုသည်။ ထိုအခါငါးအပေါင်းတို့အနက်မှ မဲနက်သော ငါးကြီးတစ်ကောင်ကို ထည့်ပေးလိုက်၏။ ဗျိုင်းသည် ထိုငါးကိုချီ၍ ရေပြည့်သောအိုင်ကို ပြလေသည်။ ထိုငါးပြန်ရောက်လျှင် ရေအိုင်သည် ရေအပြည့်ရှိကြောင်း၊ အစားအစာ ပေါများကြောင်း၊ ပျော်မွေ့ဖွယ်ရာ ကောင်းကြောင်းတို့ကို ဝမ်းမြောက်စွာ ပြောပြလေသည်။

ထိုအခါ ငါးအပေါင်းတို့က ယုံကြည်၍ တစ်ကောင်စီပို့ရန် သဘောတူကြ လေသည်။ ဗျိုင်းသည် ပထမသယ်ဆောင်လာသော ငါးကိုအိုင်အနီးရှိ ခံတက်ပင်ခွ ကြား၌ထား၍ နှုတ်သီးဖြင့် ပေါက်၍အသားကိုစားပြီး အရိုးတို့ကိုသစ်ပင်ရင်း၌ချခဲ့၏။ ဤနည်းဖြင့် ငါးများကို တစ်ကောင်ပြီးတစ်ကောင် သယ်ချီစားသောက်ခဲ့ရာ ရေအိုင်၌ ပုစွန်တစ်ကောင်သာ ကျန်တော့၏။ ဗျိုင်းသည် ထိုပုစွန်ကိုလည်း စားလိုသည်ဖြစ်၍ ရေအိုင်ပြောင်းပေးမည့်အကြောင်း လှည့်စားပြောဆို၏။ ပုစွန်သည် ယုံကြည်မှု မရှိသည် ဖြစ်၍ နှုတ်သီးဖြင့် ချီသွားပါက လွတ်ကျနိုင်သဖြင့် ဗျိုင်း၏လည်ပင်းကို မိမိ၏ လက်မဖြင့် ညှပ်ဆွဲ၍လိုက်ပါရပါက လိုက်မည်ဖြစ်ကြောင်းပြော၏။ ဗျိုင်းလည်း ပုစွန်ကို စားလိုသောစိတ်ဖြင့် ပုစွန်ကမိမိအားလှည့်စားသည်ကို သတိမပြုဘဲ သဘောတူညီ လိုက်လေသည်။

ဖျိုင်းလည်း ငါးများကို သယ်ဆောင်သွားသည့် နည်းတူပုစွန်ကို ခံတက်ပင်ခွကြားသို့ သယ်သွားလေသည်။ ပုစွန်ကမိမိအား ရေအိုင်သို့ပို့ဆောင် ပေးမည်ဟုဆိုပြီး အဘယ်ကြောင့် ခံတက်ပင်သို့ သယ်ခဲ့ကြောင်းမေးလေသည်၊ ထိုအခါ ဖျိုင်းက မိမိလှည့်စား သယ်ဆောင်စားသောက်ခဲ့သည့် ငါးများ၏အရိုးများစွာ ခံတက်ပင်ရင်း၌ရှိသည်ကို ပြသလေသည်၊ ထိုအခါပုစွန်က ငါးအပေါင်းတို့ မလိမ်မာ၍သာ ဖျိုင်းကစားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိ၏လက်မသည် ဖျိုင်း၏လည်ကို ညှပ်ထားပြီးဖြစ်၍ ယခုပင်သိစေရမည်ဟုဆိုကာ ဖျိုင်း၏လည်ကို ညှပ်လေသည်။

ထိုအခါ ဖျိုင်းက မိမိအားချမ်းသာပေးရန် တောင်းပန်၏။ ရေအိုင်သို့လွှတ်ပေး ပါက ချမ်းသာပေးမည်ဟု ပုစွန်ဆို၏။ ဖျိုင်းသည်ပုစွန်၏လှည့်စားမှုကို မသိဘဲရေအိုင် သို့ပို့ပေးလေသည်။ ရေအိုင်သို့ရောက်လျှင် ပုစွန်သည် ဖျိုင်း၏လည်ကို ကတ်ကြေးဖြင့် ကြာရိုးကို ဖြတ်သကဲ့သို့ ညှပ်၍ဖြတ်ပြီး ရေသို့ဆင်းသွားလေသည်။

ထိုအချင်းအရာကို ခံတက်ပင်စောင့် ဘုရားလောင်းရုက္ခစိုး မြင်လျှင်ကောင်း ချီးပေလျှက် လှည့်ပတ်တတ်သော ပုဂ္ဂိုလ်သည် လှည့်ပတ်သဖြင့် ချမ်းသာခြင်း မရနိုင်၊ ပုစွန်ကဖျိုင်း၏လည်ကို ဖြတ်ခြင်းရောက်သကဲ့သို့ မိမိပြုအပ်သော မကောင်းမှု အကျိုးကို ရ၏ဟု တောအလုံး ပဲ့တင်ထပ်မျှ ကျူးရင့်လေသည်။

ဖျိုင်းသည် ယခုဇေတဝန်ကျောင်းနေ လှည့်စားတတ်သော ရဟန်းဖြစ်ပြီး၊ ပုစွန်သည် ယခုတောနေရဟန်းဖြစ်ပေသည်။

# Baka Jataka

## (The crab's plan to cut off the paddy bird's neck)

While Buddha was on sojourn at Zetawun Monastery, there was a monk who was mending old robes and getting new ones. He was skilled in mending and dyeing robes. Those who did not had to go to him.

That monk, fearing it would take time to mend and dye the old robes, exchanged them for the old robes he had with him. The monks did not mind it as the old robes were of good condition and colour but when they finally washed the old robes they found that they were worn out. They were sad about it.

That the monk was duping the other monks came to be known to a recluse, a monk in the forest. The recluse was good in mending and dyeing the monk's robes, as well. He mended and dyed an old robe and went to Zetawun Monastery. When he was seen by the decieving monk there, the latter took a great liking to the other's robe and asked that he exchanged it for another robe. The recluse did so. The deceiving monk wore it for three days and washed it with boiled water to find it a worn-out one. He was much ashamed.

The news spread. The monks were discussing it when Buddha came. When Buddha knew it all he said the deceiving monk had deceived others before, and so had the recluse deceived him. He gave the sermon of Baka Jataka.

Long ago, embryo-Buddha was a guardian of botany living on a khadet tree at a lake graced by the padonma lotus. Though water was scarce in summer, the lake had many fishes. A paddybird was waiting near the lake with an urge to eat the fishes. Seeing it, the fishes asked it what it was thinking. The paddy bird replied that he was thinking of moving the fish one by one to a lake that had five kinds of beauty, as the lake they were in now was going scarce in water and also in food for them.

The fishes said it was unbelievable that the paddy bird should care for the well-being of the fishes. Thereupon the paddy bird asked them to send a fish with it, so it would take it to the lake that was full of water. So the fishes sent with it a big black fish. When it came back it told the fishes of a lake full of water and food and also pleasant.

The fishes finally believed the paddy bird and agreed to have each fish transported. The paddy bird took one to the khadet tree, placed it between the branches, pecked it to death with its beak, ate the flesh and dropped the bones at the foot of the tree. The paddy bird did so, up to the time all but a crab was left. The paddy bird did want to eat the crab too. So it said it would take the crab as well. The crab said it would go if it could cling to the bird's neck by its pincers. Unwittingly the bird agreed. As it did the other fishes, the paddy bird carried the crab to the fork of the tree. The crab asked why and paddy bird showed it the bones of fishes at the root of the tree. The crab said it could do better than the fishes as it clung to the paddy bird's neck by its pincers. The paddy bird asked for mercy. The crab said it would if it was sent to the lake. The crab cut the neck and went down into the lake.

The guardian of botany lauded the crab's plan and said a tricky paddy bird at last met its downfall. The paddy bird was the deceiving monk at Zetawun and the crab was the recluse.

# နန္ဒဇာတ်

## (ဥစ္စာစောင့်မြေ ယက်ကျွန်ကာပြန်)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အတူ နေတပည့်ရဟန်းသည် ဆိုဆုံးမလွယ်ပြီး၊ ဆရာမထေရ်၏ ဆုံးမခြင်းကိုလည်း ကောင်းစွာနာယူလျက်ရှိသည်။ အရှင်သာရိပုတ္တရာမထေရ်အား ကြီးစွာသောအား ထုတ်ခြင်းဖြင့်လည်း ကျေးဇူးပြု၏။

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မြတ်စွာဘုရားထံခွင့်ပန်ကာ တပည့် ရဟန်းနှင့်အတူ ဒေသစာရီကြွချီတော်မူရာ ဒက္ခိဏာဂီရိဇနပုဒ်သို့ ရောက်ရှိတော်မူ၏။ ထိုအရပ်သို့ ရောက်သောအခါ တပည့်ရဟန်းသည် မထေရ်မြတ်၏ စကားကိုလိုက်နာခြင်းမရှိဘဲ ဆန့်ကျင် ဘက်ပြုလေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်လည်း ထိုရဟန်း၏အလိုကို မသိနိုင်အောင်ဖြစ် နေ၏။ ထိုအရပ်၌ ဒေသစာရီကြွချီတော်မူပြီးနောက် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိသည့်အခါတွင် တပည့်ရဟန်းသည် ရှေးအခါက အတိုင်းမထေရ်မြတ်၏ ဆိုစကားကို မြေဝယ်မကျနာခံပြန်သည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်လည်း မြတ်စွာဘုရားထံပါးဝင်ရောက်ခစားပြီး အကြောင်းစုံကို လျှောက်ထားလေသည်။

ထိုအခါမြတ်စွာဘုရားသခင်က တိုရဟန်းသည် ယခုအခါမှသာမဟုတ်ဘဲ ရှေးအခါကလည်း အရပ်တစ်ပါး၌ ခြေသုတ်ပုဆိုးမြေစွယ်ကျိုးကဲ့သို့ ကျိုးနွံသော်လည်း အခြားအရပ်သို့ ရောက်သည့် အခါတွင်မူ ဆန့်ကျင်ဘက်ရန်သူအဖြစ် နေထိုင်ခဲ့ကြောင်း မိန့်တော်မူလေသည်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်က အကြောင်းစုံဟောကြားပေးရန် လျှောက်ထားတောင်းပန်သဖြင့် မြတ်စွာဘုရား သခင်သည် အတိတ်ကိုဆောင်၍ ဤနန္ဒဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေချိန်တွင် ဘုရားလောင်းသည် သူကြွယ်မျိုးဖြစ်၏။ ဘုရားလောင်း၏ အဆွေခင်ပွန်း သူကြွယ်တစ်ဦးသည် မိမိထက်အသက်ငယ်လွန်းသော ဇနီးဖြင့်သားတစ်ဦးထွန်းကား၏။ အရွယ်လွန်သူကြွယ်သည် ၎င်းကွယ်လွန်သွားသည့် နောက်ပိုင်းတွင် ၎င်း၏ဇနီးသည် နောက်အိမ်ထောင်ပြုပါက သားငယ်အတွက်ခံစားခွင့်များ ဆုံးရှုံးတော့မည်ဟု တွေးတောမိ၏။ ထို့ကြောင့် လူယုံတပည့်နန္ဒအား ခေါ်၍ ဥစ္စာများစွာကို မြေ၌မြှုပ်ထားစေ၏။

သားငယ်အရွယ်ရောက်လာသောအခါ မိခင်ဖြစ်သူက သူကြွယ်အို၏လူယုံနန္ဒနှင့်အတူ မြေ၌မြှုပ်ထားသော ဥစ္စာတို့ကိုရှာဖွေတူးဖော်စေ၏။ ဥစ္စာများမြှုပ်ထားရာ တောအရပ်သို့ ရောက်လျှင် လူယုံနန္ဒသည် ဥစ္စာမြှုပ်ထားသည့် မြေအထက်၌ရပ်၍ သူဌေးသားအား ဆဲရေးတိုင်းထွာလေသည်။ သူဌေးသားလည်း နန္ဒ၏စကားကိုမကြားဟန်ပြု၍ပြန်ခဲ့၏။ နှစ်ရက်သုံးရက်ကြာသောအခါ နန္ဒသည် ယခင်အတိုင်းဆဲရေးပြန်၏။ သူဌေးသားသည်လည်း နန္ဒ၏ကြမ်းကြုတ်ခြင်းအကြောင်းရင်းကို မသိရှိသဖြင့် ဖခင်၏မိတ်ဆွေ ဘုရားလောင်းသူကြွယ်ထံသို့ သွားရောက်၍အကြောင်းကို မေးမြန်းလေသည်။

ဘုရားလောင်းက ထိုလူယုံသည် သူဌေးသား၏ ဖခင်မြှုပ်စေခဲ့သော ဥစ္စာများကိုမှီ၍ မာန်တက်ကာ ဆဲရေးနေခြင်းဖြစ်ကြောင်း၊ ထိုနေရာသို့ရောက်လျှင် မြေကိုတူးစေပြီး ဥစ္စာတို့ကို၎င်းအား ထမ်းစေ၍ နေအိမ်သို့သယ်ဆောင်စေလော့ဟုဆို၏။ သူဌေးသားလည်း ဘုရားလောင်းဆိုသည့်အတိုင်း ပြုလုပ်ပြီး ဥစ္စာတို့ကို နေအိမ်သို့ဆောင်ယူခဲ့သည်။ လူယုံနန္ဒလည်း ယခင်အတိုင်းပင် ကျိုးနွံပြန်သည်။ ဘုရားလောင်း၏ အဆုံးအမ၌တည်၍ ဒါနအစရှိသောကောင်းမှုကိုပြု၍ အသက်၏အဆုံး၌ ကံအားလျော်စွာလား၏။

မြတ်စွာဘုရားက ဤရဟန်းသည် ရှေးကပင်ထိုသို့ သူတစ်ပါးဥစ္စာကိုမှီ၍ မောက်မာခဲ့ဖူးလေသည်ဟု ဟောကြားမိန့်တော်မူလေသည်။ ယခုအခါအရှင်သာရိပုတ္တရာမထေရ်မြတ်၏ အတူနေတပည့်သည် ထိုအခါကနန္ဒဖြစ်လေသည်။

# Nanda Jataka

**(Even a servant gets haughty upon the master's property)**

While Buddha was at Zetawun Monastery, there was a monk who was most obedient to his mentor Shin Thariputara. He did a great service to his mentor.

One day Shin Thariputara took leave from Buddha and went on sojourn with his monk and eventually they got to Dekkhinagiri countryside. Once there the monk changed. He disobeyed his mentor. Shin Thariputara did not know why. Then they came back to Zetawun Monastery. Once there the monk was his obedient self again. Shin Thariputara reported it to Buddha.

Buddha said it was not just now but in an earlier life of his that he was obedient in one place but disobedient in another. At Shin Thariputara's request. Buddha gave the sermon of Nanda Jataka.

Long ago, when King Byamadat was reigning in Baranathi, embryo-Buddha was born into the family of a rich man. He had a friend who had a wife too young in age and a son. He feared that if he died the woman would remarry and take all his possessions, leaving nothing for his son. So he asked his trusted man Nanda to bury the riches in the earth.

When the son came of age, he asked Nanda to dig up the riches. When they got to the place of buried riches, the man would rail against the son. The son pretended not to have heard him. Two or three days later they went to the place again. And the man railed against him again. So not knowing why he did so, the son asked the embryo-Buddha.

The embryo-Buddha said the man was doing so as there was indeed riches buried there. He asked the son to ask the man to dig them up and take them home. He did so. The man served the son well and passed away into an appropriate life upon his death.

Nanda became the monk staying with Shin Thariputara. He had been haughty on account of the master's riches, like that.

# ခဒိရင်္ဂါရဇာတ်

## (မတုန်မလှုပ်နောက်မဆုတ်သည့်သဒ္ဓါတရား)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးသည်နေ့စဉ် ကျောင်းတော်သို့သုံးကြိမ်တိုင် လာရောက်၍ဘုရားရှင်အား ဆည်းကပ်ပူဇော်လှူဒါန်းခြင်းပြုလေသည်။ နံနက်စောစောတွင် ယာဂုကိုလည်းကောင်း၊ နံနက်စာစားပြီးချိန်တွင် ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ အစရှိသည်တို့ဖြင့်လည်းကောင်း၊ ညချမ်းအခါ၌ နံ့သာပန်းအဝတ်အစရှိသည်တို့ဖြင့်လည်းကောင်း ပူဇော်လှူဒါန်းဆည်းကပ်လေသည်။

အနာထပိဏ်သူဌေးသည် အလှူကိုပမာဏသတ်မှတ်ခြင်းမရှိ လှူဒါန်းခဲ့ရာတစ်ဆယ့်ရှစ်ကုဋေသောဥစ္စာတို့ ကုန်ခဲ့ပေသည်။ ထိုအခါသူဌေးသည် မြစ်ကမ်းနား၌မြှုပ်ထားသော တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို ဆောင်ယူစေသည်။ အစီရဝတီမြစ်ရေကြောင့် မြစ်ကမ်း ပြိုခဲ့သည်ကြောင့် ဥစ္စာတို့သည် မဟာသမုဒ္ဒရာသို့ ကျရောက်ကြကုန်သည်။ ဥစ္စာတို့ထည့်ထားသော ကြေးအိုးများသည် ပိတ်ထားသည့် အတိုင်း သမုဒ္ဒရာအတွင်း ကျဆင်းသွားကြသည်။

အနာထပိဏ်သူဌေးသည်ကား မြတ်စွာဘုရားသခင်၊ ရှစ်ကျိပ်သောမထေရ်များနှင့်တကွ ရဟန်းသံဃာအပေါင်းတို့အား ဆွမ်းဝတ်ပြုမပျက်လှူဒါန်းလျက်ရှိနေသည်။ သူဌေး၏ဘုံခုနစ်ဆင့်အိမ်ကို တံခါးခုနစ်ဆင့်တို့ဖြင့် တန်ဆာဆင်ထား၏။ လေးခုမြောက်တံခါးမုခ်၌ မိစ္ဆာဒိဋ္ဌိနတ်နေထိုင်လျက်ရှိသည်။ မြတ်စွာဘုရားသခင်နှင့် တပည့်သံဃာအပေါင်းတို့ သူဌေး၏အိမ်သို့ကြွရောက်လာသည့်အခါတိုင်း ၎င်းနတ်သည်မြေသို့သက်ဆင်းပေးရလေ့ရှိပေသည်။ မြတ်စွာဘုရားသခင်နှင့် ရဟန်းသံဃာများ သူဌေးအိမ်သို့ကြွရောက်လာကြသည့်အခါတိုင်း ဤသို့မြေသို့သက်ဆင်းနေရခြင်းမှ ကင်းလွတ်ရန်အတွက် ကြံစည်လေသည်။

ထိုနတ်သည် ပထမဦးစွာ သူဌေး၏အမှုဆောင် ကိုယ်စားလှယ်ကြီးအား ကိုယ်ရောင်ပြ၍ ၎င်း၏သူဌေးသည် နောင်ကာလကို မကြည့်ဘဲဥစ္စာများကို ဂေါတမမြတ်စွာဘုရားနှင့် တပည့်သံဃာများအားလှူဒါန်းခြင်းကိုသာပြုနေသည်။ ကုန်သွယ်စီးပွားရှာခြင်းမပြုဘဲနေ၍ သူဌေးကိုဆုံးမရန်ဆို၏။ ထိုအခါအမှုဆောင်ကိုယ်စားလှယ်ကြီးသည် သူ ဌေးကြီးသည် ဝင်ဆင်းရဲမှလွတ်မြောက်စေရန်အတွက် ဘုရားသာသနာတော်တွင် ဥစ္စာကိုစွန့်၍လှူဒါန်းနေခြင်းဖြစ်ကြောင်း၊ မိမိ၏ဦးသျှောင်ကို ရောင်းပြီး လှူဒါန်းသော်လည်း မိမိတားဆီးမည်မဟုတ်ဟု ပြောဆိုကာ နတ်မိုက်အား နှင်ထုတ်လိုက်လေသည်။ တစ်ညသ၌ နတ်သည်သူ ဌေးကြီး၏ သားကြီးထံသို့ချဉ်းကပ်ပြန်ပြီး ထို့အတူသာလျှင်ဆိုပြန်သည်။ သားကြီးသည်လည်း အမှုဆောင်ကိုယ်စားလှယ်ကြီး နည်းတူ ခြိမ်းခြောက်ပြောဆိုခဲ့သည်။

သူဌေးကြီးသည် ကုန်သွယ်ခြင်းမပြုဘဲ မပြတ်လှူဒါန်းခဲ့ခြင်းကြောင့် ဥစ္စာသည်တိုးပွားခြင်း မရှိဘဲ ကုန်ခြင်းသို့ရောက်ရှိလေသည်။ ဆင်းရဲလာသည့်အလျောက် သူ ဌေးကြီး၏ အဝတ်ပုဆိုး အိပ်ရာနေရာဘောဇဉ်တို့သည် ရှေးကနှင့်မတူချို့တဲ့သော်လည်း ရဟန်းသံဃာတို့အား ဆက်လက် လှူဒါန်းလျက်ရှိပေသည်။ တစ်နေ့သ၌မြတ်စွာဘုရားသခင်သည် သူဌေးကြီးအား ၎င်း၏အိမ်တွင် အလှူပေးရသလောဟုမေး၏။ သူဌေးကြီးကအလှူပေးနေရသော်လည်း ဆန်ကွဲဆွမ်းကိုသာ လှူဒါန်းနိုင်၍ နိမ့်ကျလျက်ရှိကြောင်း လျှောက်ထားလေသည်။ ထိုအခါမြတ်စွာဘုရားသခင်က နိမ့်ကျသောအလှူကိုသာပေးနိုင်၍ စိတ်ကိုတွန့်တိုခြင်းမဖြစ်ရန်၊ စိတ်သည်မွန်မြတ်ပါကဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားတပည့်တို့အား လှူအပ်သောအလှူသည် အကျိုးကြီး၍မွန်မြတ်သည်ဟု မိန့်တော်မူ ဆုံးမကာ ဝေလာမသုတ်ကို ဟောတော်မူ၏။

နတ်သည်လည်း သူဌေးကြီးသည် ဆင်းရဲသောအဖြစ်ကို ရောက်နေချိန်၌ ၎င်း၏စကားကို လက်ခံလိမ့်မည်ဟု ယူဆကာညဉ့်အခါ၌ ကျက်သရေတိုက်သို့ဝင်၍ သူ ဌေးကြီးအား ကိုယ်ရောင် ပြလေသည်။ သူဌေးကြီးက နတ်ကိုမြင်၍လာခြင်း အကြောင်းကိုမေးလေသည်။ ထိုအခါနတ်က သူဌေးကြီးသည် နောက်ကာလကိုကြံဆခြင်းမရှိဘဲ ကုန်သွယ်မှုအလုပ်ကို ပစ်ပယ်ကာ ဘုရားနှင့် တကွတပည့်ရဟန်းသံဃာများကိုသာ လှူဒါန်းနေ၍ ဆင်းရဲခြင်းသို့ ရောက်ခဲ့ရပြီဖြစ်၍ ဘုရားနှင့် တပည့်ရဟန်းသံဃာများကို နေအိမ်သို့လာရောက်ခွင့်မပြုဘဲ ရောင်းခြင်း၊ ဝယ်ခြင်းအမှုကိုသာ ပြုသင့်ကြောင်းဆိုလေသည်။

ထိုအခါ အနာထပိဏ်သူဌေးက မိမိအားထိုကဲ့သို့သော နတ်အပေါင်းရာထောင်သိန်းသန်းဖြင့် တားမြစ်၍လည်း တုန်လှုပ်ခြင်းရှိမည်မဟုတ်၊ မိမိ၏သဒ္ဓါတရားသည် မြင်းမိုရ်တောင်ကဲ့သို့ မတုန်မလှုပ်တည်ရှိနေသည်။ မိမိသည်ဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် ရတနာတည်း ဟူသော သာသနာတော်၌ ဥစ္စာကိုစွန့်ခြင်းသာဖြစ်၍ အကျင့်သီလမရှိသော သူယုတ်တို့သည် မိမိနှင့်တစ်အိမ်တည်းတွင် နေခွင့်မရှိ၊ လျင်စွာပင် နေအိမ်မှ ထွက်ခွာသွားရန် ထိုနတ်အား နှင်ထုတ်လိုက်၏။

သောတာပန်ဖြစ်သောဘုရားတပည့်အနာထပိဏ်၏စကားကိုကြားလျှင် ထိုနတ်သည် ဆက်လက်ရပ်တည်နိုင်ခြင်းမရှိ၍ အခြားအရပ်သို့ ထွက်သွားရလေသည်။ သို့သော်လည်း မည်သည့်နေရာတွင်မှ နေရန်နေရာကို မရရှိပေ။ ထို့ကြောင့်သူဌေးကြီးကို တောင်းပန်ကန်တော့ပြီး နေထိုင်ခွင့်တောင်းမည်ဟု ကြံရွယ်ကာ မြို့စောင့်နတ်ထံသို့ဝင်၍ အကူအညီတောင်းလေသည်။ မြို့စောင့်နတ်ကလည်း သူဌေးကြီး သတ်မှတ်လိုက်သည့် အပြစ်ဒဏ်ကို ခွင့်လွှတ်တောင်းပန်ရန် အတွက်မသွားဝံ့ကြောင်းဆို၏။

ထိုအခါတံခါးမှာ်စောင့်နတ်သည် နတ်မင်းကြီးလေးပါးတို့ထံသို့ သွားပြန်သည်။ ထိုနတ်မင်းကြီးလေးပါးတို့ကလည်း တို့အတူသာလျှင် ပယ်လိုက်ပြန်သဖြင့် သိကြားမင်းထံသို့ ချဉ်းကပ်ပြန်သည်။ သိကြားမင်းက လူတို့သည် သူဌေးကြီးထံမှတစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို ကမ္ဗည်းတင်၍ ချေးယူထားကြသည်။ ငင်းနတ်သည် သူဌေးကြီးအသွင်ဆောင်ကာ၊ နတ်လုလင်နှစ်ဦး သုံးဦးတို့ ခြံရံလျက် ဥစ္စာယူထားသူတို့ထံသွားကာ မိမိ၏နတ်အာနုဘော်ဖြင့် ခြိမ်းခြောက်၍ကြွေးတောင်းရန်၊ ထို့အပြင် အစိရဝတီမြစ်ကမ်းပြို၍ သမုဒ္ဒရာသို့ကျခဲ့သော သူဌေးကြီး၏ဥစ္စာတို့ကို ငင်း၏နတ်အာနုဘော်ဖြင့် ဆောင်ယူပေးရန်နှင့် အရပ်တစ်ပါး၌ ပိုင်ရှင်မရှိသော တစ်ဆယ့်ရှစ်ကုဋေမိုးရှိ ဥစ္စာတို့ကိုလည်း ရယူကာငါးဆယ့်လေးကုဋေသော ဥစ္စာတို့ကို သူဌေးကြီး၏ အချည်းနှီးဖြစ်နေသော ကျီတို့ကိုဖြည့်ပြီး၊ သူဌေးကြီးကို ကန်တော့တောင်းပန်ရန်ဆို၏။

ထိုနတ်သည် သိကြားမင်းကိုဝန်ခံ၍ သိကြားမင်းဆိုခဲ့သည့်အတိုင်း အလုံးစုံသော ဥစ္စာတို့ကိုဆောင်ယူပြီး အချည်းနှီးဖြစ်နေသော သူဌေးကြီး၏ကျီတို့ကို ဖြည့်စေသည်။ သန်းခေါင်အခါ၌ သူဌေးကြီး၏ ကျက်သရေတိုက်သို့ ဝင်၍ကိုယ်ရောင်ပြပြီး အကြောင်းစုံကို ရှင်းလင်းပြောဆိုကာ အပြစ်ဒဏ်မှကင်းလွတ်၍ သည်းခံပါရန် တောင်းပန်လေသည်။ သူဌေးကြီးလည်း မိမိ၏ကျေးဇူးကို ထင်ရှားစေလိုသည်ဖြစ်၍ ထိုနတ်အား မြတ်စွာဘုရား၏ရှေ့မှောက်တွင် ကန်တော့တောင်းပန်ရန် ဆိုလေသည်။ နတ်ကလည်း လိုက်ပါရန် ဝန်ခံသည်ကြောင့် နံနက်လင်းလျှင် မြတ်စွာဘုရားထံပါးသို့ သွားရောက်ကြသည်။ ဘုရားရှေ့မှောက်ရောက်သောအခါ အကြောင်းစုံကို လျှောက်ထားကြလေသည်။ ထိုအခါမြတ်စွာဘုရားသခင်က မကောင်းမှုကို ပြုသောသူသည် မကောင်းမှုအကျိုးမပေးသေးသမျှ ကာလပတ်လုံး ကောင်းကျိုးကိုသာ မြင်နေ၏။ မကောင်းမှု၏အကျိုးပေးသည့် အချိန်အခါတွင် မကောင်းမှုကိုပြုသောသူသည် မကောင်းကျိုးကိုမြင်ရ၏။ ကောင်းမှုကိုပြုသော်လည်း ကောင်းကျိုးမပေးသေးသမျှ ကာလပတ်လုံး မကောင်းကျိုးကိုသာမြင်ရ၏။ ကောင်းမှုအကျိုးပေးသည့်အချိန်တွင် ကောင်းမှုပြုခြင်း၏ ကောင်းကျိုးကိုရ၏ဟု ဟောတော်မူလေသည်။

မြတ်စွာဘုရား၏ တရားအဆုံးတွင် နတ်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ထိုနတ်သည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်း၍ မိမိသည်ရာဂ၊ ဒေါသ၊ မောဟတို့ကြောင့် မိုက်မဲ

တွေ့ဝေပြီး ဘုရားရှင်၏ ကျေးဇူးတော်ကို ပြစ်မှားမိခဲ့သဖြင့် သည်းခံတော်မူရန် လျှောက်ထား၍ မြတ်စွာဘုရားကို ကန်တော့ပြီး သူဌေးကြီးကိုလည်း ကန်တော့လေသည်။ ထိုအခါ အနာထပိဏ် သူဌေးကြီးက ဘုရားအား ဆည်းကပ်ကိုးကွယ်ခဲ့ခြင်း၊ အလှူပေးခြင်းမပြုရန် ဤနတ်ကတားမြစ် ခဲ့သော်လည်း မိမိသည်အလှူကိုပေးခဲ့ကြောင်း လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသခင်က သူဌေးသည်သောတာပန်ဘုရားတပည့်ဖြစ်သဖြင့် မတုန် မလှုပ်သော သဒ္ဓါတရားရှိ၍ဖြစ်ကြောင်း၊ အထူးသဖြင့်စင်ကြယ်သော နိဗ္ဗာန်ကိုမြင်တတ်သော ဉာဏ်နှင့် ပြည့်စုံကြောင်း၊ ဤတန်ခိုးနည်းသောနတ်၏ တားမြစ်နိုင်ခြင်းမရှိသည်မှာ အံ့ဖွယ်မဟုတ်ကြောင်း၊ ရှေးပညာရှိ တို့သည်ဘုရားမဖြစ်မီ နစဉ်ကာလ၌ပင် ဉာဏ်၌တည်လျက်၊ ကာမာဝစရ နတ်တို့ကို အစိုးရသော မာရ်နတ်သားက ကောင်းကင်၌ရပ်၍အလှူပေးက မီးကျီးတွင်း၀ငရဲ၌ ကျလိမ့်မည်ဟု ခြိမ်းခြောက်ကာ အတောင်ရှစ်ဆယ်နက်သော မီးကျီးတွင်းကိုပြ၍ အလှူပေးခြင်းကို တားမြစ်ခဲ့သော်လည်း အလှူပေး ခဲ့ဖူးသည်၊ ဤအလှူပေးခြင်းသည်သာ အံ့ဖွယ်ရှိတော့သည်ဟု မိန့်တော်မူ၏။ အနာထပိဏ်သည် တောင်းပန်လျှောက်ထားသဖြင့် အတိတ်ကိုဆောင်၍ ဤခဒိရင်္ဂါရဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေချိန်တွင် ဘုရားလောင်း သည်သူ ဌေးမျိုးဖြစ်၏။ ဘုရားလောင်းသည် အဘကွယ်လွန်သဖြင့် သူ ဌေးအရာကိုရရှိသည်၊ ထိုအချိန် မှစ၍မြို့တံခါးလေးမျက်နှာတို့၌ အလှူမဏ္ဍပ်လေးခု၊ မြို့လယ်၌တစ်ခု၊ အိမ်တံခါး၌တစ်ခု စသည်ဖြင့် ခြောက်ခုသောအလှူမဏ္ဍပ်ကြီးများကို ဆောက်လုပ်၍အလှူပေး၏။ ဥပုသ်သီလကို ဆောက်တည်၏။

တစ်နေ့သ၌ဘုရားလောင်းသည် နံနက်စာစားရန် အထူးထူးသော မြတ်သောအရသာရှိသော နှစ်သက်ဖွယ်ဘောဇဉ်တို့ဖြင့် စီစဉ်ထားသည်။ ထိုအချိန်တွင် ပစ္စေကဗုဒ္ဓါတစ်ဆူသည် နိရောဓသမာပတ်ကျင့်ရာ ခုနစ်ရက်မြောက်ပြီးဖြစ်၍ ဗာရာဏသီပြည်သို့ဆွမ်းခံကြွလာတော်မူ၏။ ဘုရားလောင်း၏ အိမ်တံခါး၌ရပ်၏။ ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါကိုမြင်လျှင် နေရာမှထ၍ ရှိသေစွာဖြင့် တပည့်တစ်ဦးအား အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ကို ဆောင်ယူစေ၏။

ယုတ်မာသောသူတို့ထက် နိမ့်ကျသောမာရ်နတ်သည် ပစ္စေကဗုဒ္ဓါအားဆွမ်းအာဟာရ မရဘဲ ပျက်စီးစေလိုသည့်အပြင်၊ ဘုရားလောင်း၏ အလှူလည်းမပြောက်စေရန် ရည်ရွယ်၍ အတောင် ရှစ်ဆယ်ခန့်ရှိ မီးကျီးတွင်းကိုဖန်ဆင်း၏။ ထိုမီးကျီးတွင်း၌ ရှားမီးကျီးတို့ဖြင့်ပြည့်နေသဖြင့် အဝီစိငရဲတွင်းကြီးကဲ့သို့ထင်ရ၏။ ဘုရားလောင်းက ပစ္စေကဗုဒ္ဓါထံမှ သပိတ်ကိုယူဆောင်စေခဲ့ သောလုလင်သည် ထိုမီးကျီးတွင်းကို မြင်လျှင်ကြောက်လန့်၍ ပြန်လှည့်ခဲ့လေသည်။ ဘုရားလောင်း အားမီးကျီးတွင်းတွေ့၍ပြန်ခဲ့ကြောင်း ပြောကြားပြောဆို၏။ အခြားလုလင်များ စေလွှတ်သော်လည်း ထိုနည်းအတိုင်းကြောက်လန့်ကာ ပြန်လာကြ၏။ ဘုရားလောင်းက မိမိ၏အလှူမပြောက်စေရန် အတွက် မာရ်နတ်ကစီစဉ်ကြောင်း သိရှိလေလျှင်မီးကျီး၏ ကမ်းပါး၌ရပ်ပြီး အရှင်ပစ္စေဗုဒ္ဓါအား လျှောက်ထားလေသည်။ မိမိသည်ဤမီးကျီးတွင်းသို့ စောက်ထိုးကျသော်လည်း ပြန်မည်မဟုတ်၊

ရှင်ပစ္စေဗုဒ္ဓါအား ဘောဇဉ်တို့ကို ကပ်လှူမည်ဖြစ်ကြောင်း၊ မိမိသည်အလှူမပေးခြင်း၊ သီလမစောင့်ခြင်းကို မပြုဘဲနေမည်မဟုတ်၍ အရှင်ပစ္စေကဗုဒ္ဓါသည် မိမိလှူသောဆွမ်းကို ခံယူတော်မူပါမည့်အကြောင်းလျှောက်ထားလေသည်။

ဘုရားလောင်းသည် ဤသို့ဆိုပြီးနောက် ဆွမ်းခွက်ကို ကိုင်၍မီးကျီးတွင်းအထက်သို့ တက်သွားလေသည်။ ထိုခဏ၌အတောင်ရှစ်ဆယ်ရှိသော မီးကျီးတွင်း၏အပြင်မှ ပွင့်ချပ်တစ်ရာတို့ဖြင့် တန်ဆာဆင်အပ်သောအပွင့်ရှိသည့် ပဒုမ္မာကြာပင်သည် ဘုရားလောင်း၏ခြေတို့ကိုခံ၍ ပေါက်လေသည်။ ဘုရားလောင်းသည် ပဒုမ္မာကြာ၏ အလယ်ဗဟို၌ရပ်၍ အထူးထူးသော မြတ်သောအရသာရှိသော ဘောဇဉ်တို့ကို ရှင်ပစ္စေကဗုဒ္ဓါအား ကပ်လှူ၏။ အရှင်ပစ္စေကဗုဒ္ဓါသည် ထိုဆွမ်းကို ခံယူပြီးနောက် အနုမောဒနာပြုကာ သပိတ်ကိုယူပြီး ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို ကြွတော်မူ၏။ မာရ်နတ်သည် စစ်ရှုံး၍မိမိနေရာသို့ပြန်လေသည်။

ဘုရားလောင်းသည် ပဒုမ္မာကြာပေါ်၌ ရပ်လျက်လူအများအား ဒါနသီလကို ချီးမွမ်း၍ တရားဟောပြီးနောက် လူအများခြံရံလျက် မိမိနေအိမ်သို့ပြန်၏။ အသက်ထက်ဆုံး ဒါနသီလအစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာလားး၏။

# Khadi Ringara Jataka

## (Unstinting goodwill)

Buddha was spending the time at Zetawun Monastery when rich man Anarhtapain paid obeisance to Buddha three times a day offering yagu early in the morning, sweetmeats after the morning meal, and flowers and apparel in the evening.

He had no limit of his donations and so 18 crores of monetary funds were gone. Then the rich man had another 18 crores buried near the river bank brought out to him. River Asiyawady caused erosion of its banks and the riches got to the ocean. The riches had gone to the ocean with bronze pots of riches kept closed.

The rich man was making donations unconcerned to Buddha and monks. His house of seven tiers was adorned with seven doors. On the fourth entrance lived a non-believer nat. Every time Buddha and the bronze pots with riches kept closed fell into the ocean.

First, appearing before the executive representative of the rich man, the nat asked him to advise the rich man as he was donating things to Buddha and the monks instead of conducting commerce but the executive representative said the rich man was trying to escape poverty by donating property in Buddha sesana and saying that he would not stop it even if he were selling his head and donating the proceeds. So saying he drove out the nat. Then, the nat tried it on the rich man's son, getting the same answer. He threatened the nat like the executive representative.

Soon, his riches got much reduced as he went on donating things without doing any trade. His attire and his bed became frugal but he went on donating things to Buddha and the monks all the same. One day Buddha asked him if he was donating things at home as well. He replied that he was doing it but he could donate only broken rice and it was so lowly. Buddha asked him not to feel small because he could donate only so little as he was doing noble deed donating to Buddha and monks of Picceka Buddha and disciples. Buddha gave here the sermon of Welama Sutta.

The nat, thinking the rich man would accept it if it was spoken when he was poor, entered the auspicious chamber at night and made his appearance. The rich man asked why he made his appearance. The nat said he did not forese the future and do any trade, but kept donations to Buddha and the monks so much so that he was becoming poor; so he should not permit Buddha and monks to his house but instead do good trade.

The rich man replied that he would not be perturbed even if so told to stop by millions of nats like that; he said his goodwill was strong like Mount Meru; he was parting with his treasures in donation to the sasana that was the treasure to escape the poverty of samsara. So one that had no sila should not live within the house. He told the nat to get out of the house.

Hearing the words of the rich man that was a sotapan, he could not stay on there but had to go away elsewhere. But he could not get any place to live. So thinking of asking the rich man to let him live on, the nat sought the help of the guardian nat of the town. The guardian nat said he dared not plead with him.

Then the nat also went to the four nats guarding the gates of the town. The four nats refused. So the nat approached the king of nats.

The king of nats told the nat that some people had borrowed the money up to 18 crores from the rich man and he should go to the debtors disguising himself as the rich man with two or three companions and getting the repayments. He should also use the power of nats to retrieve the riches lost by the rich man from the erosion of River Asirawady into the ocean; he should also retrieve 18 crores left without owner; then he should go to the rich man with 54 crores and ask the rich man to forgive him.

The nat did all those things and filled the rich man's means with the 54 crores. He made his appearance before the rich man in the chamber of auspiciousness at midnight and begged for forgiveness. The rich man intending to make the gratitude more prominent asked the nat to ask in front of Buddha. The nat acquiesced and went to Buddha in the morning. Buddha said one doing a misdeed would see the good deeds

until his misdeed became active; when the misdeed was active he would be seen as doing the misdeed; even if he had done some good deed it would not be seen; he would get the results of the good deed at the time when the good deed become active.

At the end of the sermon the nat become one of Sotapatti level of consciousness. He asked Buddha to forgive his wrongs due to his raga, dosa and moha, lying prostrate before Buddha. He paid obeisance to Buddha and also to the rich man. The rich man explained that he had carried on with his donations despite the nats' forbidding.

Buddha said the rich man was a sotapan and a disciple of Buddha and he had unshakable goodwill and power of the mind to forsee nirvana and it was no wonder that nats could not forbid him; wise men of old had been hindered by the Mara saying they would suffer in the coal fires of 80 cubits death in hell if they continued to make donations; so making donations was no stranger to the sasana. At the behest of Anahtapain, Buddha gave the Khadi Ringara Jataka.

Long ago, under King Byamadat of Baranathi, embryo-Buddha was born into the class of rich men. When his father died, he became a rich man. From then on he kept four donating pandals at the four gates and one at the centre of the town, and one at home and he gave great charity, also keeping sabbath.

One day he prepared the morning meal with special taste. At that time a picceka Buddha having practised nijoda and having passed the seventh day came for food in the city. He came near the embryo-Buddha's home. The embryo-Buddha saw him and had a disciple take his alms bowl.

Mara, lower than the lowly ones, did not want the picceka buddha to have a good meal and also did not want the embryo-Buddha to have a chance of donating a meal. So he created a pit of coal fires about 80 cubits deep. It was filled with sha fires and it looked like a pit of Avizi hell. The disciple of the rich man the embryo-Buddha saw the pit and ran away for fear of that. He told the embryo-Buddha how he saw the fire pit. The rich man sent other disciples and they too came back running for fear of the pit. When he knew that Mara was creating all that

to ruin his chance to offer a meal to picceka Buddha, he stood at the bank of the fire pit and supplicated to the picceka Buddha. He said he would not go back even if he were to fall into the pit. He would offer the special meal to the picceka buddha. He would not remain without offering things or keeping sabbath and so he asked the picceka Buddha to accept his meal.

So saying the embryo-Buddha took the meal on a dish and went up on the fire pit. Thereupon Padomma lotus flower with a hundred petals bloomed under his feet over the fiery pit. The embryo-Buddha stood at the centre of the flower and offered the meal to the picceka Buddha. The picceka Buddha accepted the donation of food, made the ritual of anumodana and went back to the Himalayas by aerial journey. Mara lost and went back to his place.

The embryo-Buddha stood at the centre of the padomma flower and praised the donation of the meal for the people to hear and went back to his house with his entourage. He went on making donations all his life and passed away to an appropriate life.

# ကပေါတဇာတ်

## (အစားတစ်လုတ်ကြောင့်ဒုက္ခရောက်ရ)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် လျှပ်ပေါ်စွာနေထိုင်လျက်ရှိသည်။ ထိုအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားရှေ့တော်မှောက်သို့ ဝင်ရောက်ရှိခိုးပြီး လျှောက်ထားကြကုန်သည်။ မြတ်စွာဘုရားက ထိုရဟန်းသည်ရှေးအခါကလည်း လျှပ်ပေါ်၍အသက်ဆုံးခဲ့ရဖူးပြီ၊ ပညာရှိတို့သည်လည်း ၎င်းကြောင့်မိမိနေရာကဖယ်ရှားပေးခဲ့ရဖူးလေသည်ဟု မိန့်တော်မူလျက် ဤကပေါတဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုချိန်တွင် ဘုရားလောင်းသည် ခိုဖြစ်သည်။ ထိုပြည်၌နေကြသူတို့သည် ငှက်တို့ချမ်းသာစွာနေကြစေရန် မိမိတို့အိမ်အသီးသီး၌ တောင်းများကို ဆွဲထားလေ့ရှိကြကုန်၏။ သူ ဌေးကြီးတစ်ဦး၏ ထမင်းချက်သည်လည်း တောင်းတစ်လုံးဆွဲထားရာ ဘုရားလောင်းခိုသည် ထိုတောင်း၌ နေလေသည်။

တစ်နေ့သော် ကျီးတစ်ကောင်သည် ထိုသူဌေးကြီး၏စားဖိုရုံတွင် အမဲသား ငါးတို့ကို မြင်လျှင်လောဘဖြစ်၍ စားသောက်လိုစိတ်ပြင်းပြခဲ့သည်။ မည်သို့ရယူစားသောက်ရမည်ကို လေ့လာရင်း ဘုရားလောင်း ခိုကိုမြင်လေသည်။ ဘုရားလောင်းခိုအစာရှာထွက်ရာသို့ လိုက်၍အဆွေ ခင်ပွန်းဖွဲ့ပြီလျှင် စားဖိုမှူးအိမ်သို့ဝင်၍လိုက်သွားလေသည်။ စားဖိုမှူးသည် ကျီးအတွက်ကို လည်း တောင်းတစ်လုံးထပ်ဆွဲ ပေး၏။ ထိုအချိန်မှစ၍ ကျီးနှင့်ခိုသည် အတူအစာရှာထွက်၍ အတူပြန်လာလေ့ရှိကြ၏။

တစ်နေ့၌စားဖိုတွင် ငါးအမဲများစွာချက်ပြုတ်သည်ကို ကျီးမြင်လေသည်။ လောဘကို မချုပ်တည်းနိုင်သဖြင့် ဘုရားလောင်းခိုနှင့်အတူ အစာရှာမထွက်ဘဲ တောင်း၌သာနေခဲ့ပြီး ခိုမရှိချိန်တွင်မှ သားငါးအမဲတို့ကို ယူစားရန် ကြံဆမိလေသည်။ ထို့ကြောင့် ထိုနေ့အစာရှာထွက်ချိန်ရောက်သောအခါ ၎င်းသည်ဝမ်းအနာရှိ၏ဟု အကြောင်းပြ၍ဆိုလေသည်။

နိုကလည်း ကျီးတို့၌ဝမ်းအနာသည် တစ်ရံတစ်ဆစ်မျှဖြစ်ဖူးသည်မရှိ။ ၎င်းသည် ငါးအမဲကိုစားလို၍ မာယာဖြင့်ဆိုခြင်းသာဖြစ်မည်ဟုထင်၏။ ထိုကြောင့် လူတို့အသုံးအဆောင်ကို ရယူစားသောက်ရန် မလွယ်ကူကြောင်း၊ လောဘနောက်သို့ မလိုက်သင့်ကြောင်း ဖျောင်းဖျ၍အစာရှာထွက်လိုက်ခဲ့ရန် ခေါ်လေ၏။

ကျီးသည်လည်း အကြောင်းအမျိုးမျိုးကိုပြ၍ မလိုက်နိုင်ဟုသာဆို၏။ နိုသည် ၎င်းလောဘ၏ အကျိုးကိုမကြာမီသိလတ္တံ့။ သတိဖြင့်နေရစ်ရန် ဆုံးမ၍အစာရှာထွက်သွားလေ၏။

စားဖိုမှူးသည်အပြင်သို့ ခဏမျှထွက်နေစဉ် ကျီးသည်ထမင်းအိုးအနီးသို့ ပျံဆင်းလာသည်။ ထိုကျီးသည် ကျီးတို့၏ သဘာဝအတိုင်း အသံပြုမိလေသည်။ စားဖိုမှူးကြား၍ စားဖိုရုံသို့ဝင်ကြည့်သော် ကျီးကိုမြင်လေသည်။ စားဖိုမှူးလည်းတံခါးအလုံးစုံကို ပိတ်၍ဖမ်းဆီးပြီးလျှင် ကျီးပျက်သည် ကျေးဇူးမသိ၊ လျှပ်ပေါ်လော်လည်၏ဟုဆို၍ တစ်ကောင်လုံး အမွေးနုတ်ပြီးမှ ချင်းစိမ်း၊ ဆား၊ ဇီယာစသောအချဉ်အစပ်တို့ဖြင့် သုတ်လိမ်း၍ တောင်း၌ ထည့်ထားလေ၏။ ကျီးလည်းကြီးစွာသော ဝေဒနာကိုခံစားညည်းညူလျက် နေရလေ၏။

ဘုရားလောင်း နိုသည်ညအခါပြန်လာလျှင် ဒုက္ခဖြင့်ကြုံနေရသော ကျီးကိုမြင်သော် လျှပ်ပေါ်လော်လည်သော ကျီးမိုက်သည် ၎င်း၏စကားကို နားမထောင်၍ ဤသို့ ပျက်စီးရလေသည်။ ၎င်းလည်း ဤအရပ်တွင် မနေတော့ပြီဟုဆို၍ အခြားအရပ်သို့ ပြောင်းသွားလေ၏။

ကျီးသည်လည်း မကြာမီပင် အသက်ကုန်၍ စားဖိုမှူးသည် ကျီးသေနှင့်တကွ တောင်းကိုတံမြက်ချေး စွန့်ရာ၌ပစ်လေသည်။ ကျီးသည်လျှပ်ပေါ်လော်လည်သော ရဟန်းဖြစ်လာ၏။

# Kapota Jataka

## (Meeting disaster for a meal)

While Buddha was at Zetawun Monastery, a monk was living flippantly and it was reported to Buddha by the monks. Buddha said the monk had been living a life flippantly and so had been removed from the monk's position and it had even caused the wise to get away from a deserving place. He gave the sermon of Kapota Jataka.

Long ago, Byamadat was the king of Baranathi and embryo-Buddha was a pigeon. The people in the land hung basket at their places to give peaceful life to the birds. The cook of the rich man too hung a basket at his place and the embryo-Buddha asked for permission to live at the place and got it.

One day a crow saw fish and meat at the cook's place and wanted to have them. He looked about to find how he could get at them and he saw the embryo-Buddha. So he went along with the pigeon as it went out for food and came back with it to the place.

One day the crow saw fish and meat at the kitchen and it could not get control of its greed and so it planned not to go along with the embryo-Buddha but to remain behind, so that it could get at the fish and meat when the pigeon was not there.

The crow told the pigeon that it had stomach ache but the embryo-Buddha thought birds rarely had stomach ache and it must be due to its greed for fish and meat. So he asked the crow again to come with it, but it was of no avail. So the pigeon went out alone.

When the cook was not there to watch, the crow came near the fish and meat and in so doing made its sound in the natural sense. The cook heard it and looked to the kitchen and saw the crow. He closed all openings of the kitchen and caught the crow. He prepared the crow's body with all condiments. The crow suffered great pain.

The pigeon came back and saw the crow. It too knew that the crow had met disaster because it did not want to listen to its advice. The pigeon also decided it would not stay on in the place. So it moved away.

Soon, the crow died.

The crow was the monk that lived flippantly.

# ဝေဠုကဇာတ်

## (ဆိုဆုံးမမှုကိုမနာခံ၍အသက်ဆုံးရခြင်း)

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဆိုဆုံးမရခက်ခဲလျက်ရှိသည်။ မြတ်စွာဘုရားသည် ထိုရဟန်းအား ခေါ်ယူ တွေ့ဆုံပြီးရှေးအခါကလည်း ဆိုဆုံးမခက်ခဲပြီး ပညာရှိစကားကို နာခံခြင်းမရှိ၍ မြွေ၏ခံတွင်း၌ အသက်ကုန်ခဲ့ရဖူးပြီဟု မိန့်တော်မူလျက် အတိတ်ကိုဆောင်ကာ ဤဝေဠုကဇာတ်ကို ဟောကြား တော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေချိန်တွင် ဘုရား လောင်းသည် ကာသိတိုင်း၌များစွာသော စည်းစိမ်ချမ်းသာဖြင့် ပြည့်စုံသော မျိုးနွယ်ဖြစ်လေသည်။ ဘုရားလောင်းသည် ကာမဂုဏ်တို့၏အပြစ်ကို သိမြင်ပြီး ရဟန်းအဖြစ်၏ အကျိုးဆက်ကိုလည်း ကောင်းစွာသိရှိလေသည်။ ထို့ကြောင့်ကာမတို့ကိုပယ်၍ ဟိမဝန္တာ၌ ရဟန်းပြုလေသည်။ ကသိုဏ်း ပရိကံကိုစီးဖြန်း၍ငါးပါးသောအဘိညာဉ်၊ ရှစ်ပါးသောသမာပတ်တို့ကိုဖြစ်စေလျက် ဈာန်ချမ်းသာဖြင့် ငါးရာသောရသေ့တို့ခြံရံလျက်နေလေ၏။

တစ်ခါသော် မြွေဟောက်တစ်ကောင်သည် ၎င်း၏ဓမ္မတာအတိုင်း သွားလာရင်းဖြင့် ရသေ့တစ်ပါးနေထိုင်ရာကျောင်းသို့ ရောက်ရှိ၏။ ထိုရသေ့သည် မြွေဟောက်ကိုသားကဲ့သို့သော ချစ်ခြင်းဖြစ်ပေါ်လာသည်ကြောင့် ဝါးလုံးခေါင်းတွင်း၌ ထား၍ကျွေးမွေးထား၏။ ဝါးလုံးခေါင်းအတွင်း၌ ထားသည်ကိုအစွဲပြု၍ ဝေဠုကဟုအမည်မှည့်လေသည်။ ရသေ့ကိုလည်း မြွေဟောက်ကိုမွေးစားသည့် နေ့မှစ၍ မြွေဟောက်အဘ ဝေဠုကပိတာဟုအမည်တွင်၏။

ထိုအကြောင်းကို ဘုရားလောင်းကြားသိလျှင် ထိုရဟန်းအားမြွေဟောက်နှင့် အကျွမ်းတဝင်နေရန်မသင့်မြတ်သဖြင့် မွေးစားခြင်းမပြုရန်တားမြစ်သည်။ ရသေ့သည် မြွေဟောက်ကို စွန့်ပစ်နိုင်ခြင်းမရှိ၍ ဘုရားလောင်း၏စကားကို နာခံခြင်းမရှိဘဲ မြွေဟောက်ကိုဝါးလုံးခေါင်းအတွင်း၌ ဆက်လက်ထားလေသည်။

ဘုရားလောင်းဆုံးမပြီးနောက် နှစ်ရက်သုံးရက်ခန့်အကြာတွင် ရသေ့တို့သည် သစ်သီးရှာရန် တောသို့သွားကြ၏။ ထိုဝေဠုကအဘရသေ့လည်း မြွေဟောက်ကို ဝါးလုံးခေါင်းတွင်း သွင်း၍ပိတ်ထားကာ ရသေ့တို့နှင့်အတူလိုက်ပါသွား၏။ မြွေဟောက်အဘရသေ့သည် နှစ်ရက် သုံးရက်ကြာပြီးမှ ရသေ့တို့နှင့်အတူပြန်လည်ရောက်ရှိလာသည်။ ရောက်လျှင်ရောက်ခြင်း မြွေဟောက် အဘသည် ဝါးလုံးခေါင်းကို ဖွင့်ကာအစာကို လက်ပေါ်တင်၍ မြွေဟောက်အား ကျွေးလေသည်။ မြွေဟောက်သည် နှစ်ရက်သုံးရက်ကြာ အဟာရပြတ်၍ ဆာလောင်မွတ်သိပ်ပြီး အမျက်ထွက်နေသည့် ကြောင့်ရသေ့၏ ဖြန့်ထားသော လက်ကို ကိုက်ပြီးတောထဲသို့ဝင်သွားလေသည်။ ရသေ့လည်း နေရာတွင်ပင် အသက်ကုန်ခြင်းသို့ ရောက်လေသည်။

ရသေ့တို့လည်း ဝေဠုကအဘရသေ့၏အဖြစ်ကို ဘုရားလောင်းအား လျှောက်ထားကြ၏။ ဘုရားလောင်းသည် ဝေဠုကအဘရသေ့အလောင်းကို သင်္ဂြိုဟ်ခြင်းပြုစေလျက် ရသေ့အပေါင်းတို့၏ အလယ်၌နေ၍အကျိုးကို အလိုရှိပြီး အစီးအပွားကို စောင့်ရှောက်လေ့ရှိသူက ဆုံးမပါလျက် နားမထောင်မလိုက်နာသော ဝေဠုကအဘသည် သေလျက်အိပ်ရပေသည်ဟု ဆုံးမ၍ပြဟ္မဝိဟာရကို ပွားစေသည်။

မြတ်စွာဘုရားသခင်သည် ဆိုဆုံးမခက်သောရဟန်းအား ရှေးအခါက ၎င်းသည်ဝေဠုက ရသေ့ဖြစ်ခဲ့ပြီး ဆိုဆုံးမခက်၍ မြွေဟောက်၏ပါးစပ်တွင်း၌ ဤသို့အသက်ဆုံးခဲ့ရဘူးကြောင်း ဟောကြားကာ ဇာတ်ကိုပေါင်းတော်မူ၏။

# Weluka Jataka

## (Not listening to admonition to the point of death)

Buddha was on sojourn at Zetawun Monastery of Thawutti when he came upon a monk who did not listen to counselling. Buddha called him and told him that he had been hard to listen to ounselling up to the point of death at the mouth of the snake pit. He gave the sermon of Weluka Jataka.

Long ago, King Byamadat was reigning in Bayanathi when embryo-Buddha was born to the rich family in Kathi Taing. Embryo-Buddha knew well the sins of mortal pleasures and the wisdom of monkhood. So he renounced the worldly pleasures and became a monk in the Himalayas. He lived peacefully as a monk flanked by 500 hermits.

One day a snake came to a monk's place. The monk loved the cobra as a son and kept him in the hollow of bamboo, naming him Weluka for its being in the hollow. He also named himself Weluka Pita for having kept the snake.

The embryo-Buddha came to know that and told him not to be friendly with the snake, but the monk continued to do so. Two or three days later, the hermits went to the forest to look for fruits. Placing the snake in the hollow, the monk went with the others and came back two or three days later. The monk put the food on the hand and offered it to the snake. The snake, angry for want of food, bit the hand and went into the forest. The monk died there.

It was reported to the embryo-Buddha who had him buried saying that the monk died to the point of not listening to ounselling by one who stayed with all and who desired the good of all.

* * *

# မကာသဇာတ်

## (လူမိုက်မိတ်ဆွေထက် ပညာရှိရန်သူကမြတ်၏)

မြတ်စွာဘုရားသခင်သည် အခါတစ်ပါး၌ သာဝတ္ထိပြည်မှ မဂဓတိုင်းသို့ကြွတော်မူ၏။ မဂဓတိုင်း၌ ဒေသစာရီကြွတော်မူရာ တစ်ခုသောရွာငယ်သို့ရောက်တော်မူ၏။ ထိုရွာရှိလူအများစုသည် ပညာမဲ့၍အလွန်မိုက်မဲကြသူများဖြစ်သည်။ ထိုသူတို့သည် တော၌အလုပ်လုပ်ကြသည့်အခါ မှက်တို့ကိုက်သည်ကိုခံကြရသည်။ ထိုသို့မှက်တို့ကိုက်သည်ကြောင့် ၎င်းတို့အလုပ်ကိစ္စပျက်ရ၏။ ထို့ကြောင့်နောင်တွင် တောသို့ဝင်ပါကမှက်များကို နှိပ်နင်းရန် လေး၊ မြား၊ လက်နက်တို့နှင့်အတူ သွားကြရန်တိုင်ပင်ကြပြီး တောသို့ဝင်ကြသည်။ တောသို့ရောက်သောအခါ ၎င်းတို့ကိုယ်ပေါ်ကိုက်နေသည့် မှက်များကိုထိုးခုတ်ရိုက်ကြပုတ်ကြရာ မှက်တို့သာမက ၎င်းတို့၏ကိုယ်၌လည်း ထိခိုက်၍ ပြင်းစွာသောဝေဒနာကို ခံစားကြရသည်။

ထိုအချိန်တွင်မြတ်စွာဘုရားသခင်သည် ဆွမ်းအလို့ငှာ ရွာအတွင်းသို့ကြွရောက် လာတော်မူ၏။ ရွာ၌ကျန်ရှိသော ပညာရှိသူတို့သည် မြတ်စွာဘုရားကိုဖူးမြင်ရလျှင် ရွာတံခါး၌မဏ္ဍပ်တည်ဆောက်ကာ ဘုရားအမှူးပြု၍ ရဟန်းသံဃာအပေါင်းတို့အား ကြီးစွာသောအလှူပေး၍ဆက်ကပ်ကြသည်။ မြတ်စွာဘုရားသည် ရွာ၏အခြေအနေကိုသိမြင်တော်မူပြီးဖြစ်သည့် အားလျော်စွာအခြားသူတို့ မည်သည့်အရပ်ရောက်နေကြကြောင်း မေးမြန်းတော်မူသည်။ ရွာ၌ကျန်ရှိသူတို့က ထိုသူများသည် တောအရပ်၌ မှက်များကိုရိုက်ပုတ်ရာမှ အချင်းချင်းရိုက်ပုတ်မိကြပြီး ဒုက္ခတွေ့နေကြကြောင်း လျှောက်ထားကြသည်။ ထိုအခါမြတ်စွာဘုရားက ထိုသူများသည် ရှေး၌လည်းအလွန်မိုက်မဲစွာ မှက်တို့ကို ရိုက်ပုတ်လိုသောကြောင့်အချင်းချင်းရိုက်ပုတ်ကြသည့်သူများသာဖြစ်သည်ဟု မိန့်တော်မူပြီး ဆိတ်ဆိတ်နေတော်မူ၏။ ထိုအခါလူအများက တောင်းပန်လျှောက်ထားသဖြင့် အတိတ်ကိုဆောင်၍ ဤမကာသဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေချိန်တွင် ဘုရားလောင်းသည် ကုန်သွယ်ခြင်းဖြင့် အသက်မွေးနေ၏။ ထိုအချိန်တွင် ကာသိတိုင်းရှိ ပစ္စန္တ ရစ်ရွာတစ်ရွာ၌ နေထိုင်ကြသူအများစုသည် လက်သမားများဖြစ်ကြ၏။ လက်သမားတစ်ဦးသည် သစ်ကိုရွှေပေါ်ထိုးနေစဉ် မှက်တစ်ကောင်သည် ထိုလက်သမား၏ ဦးခေါင်းကို နှုတ်သီးဖြင့်ပြင်းစွာ ထိုးလေသည်။ ထိုလက်သမားသည် အနီးရှိသားငယ်အား ထိုမှက်ကိုဖယ်ရှားပေးရန်ပြောကြားသည်။ ထိုအခါသားငယ်သည် ဖခင်အားမပူနှင့် ၎င်းသည်ထိုမှက်ကိုတစ်ချက်တည်းဖြင့် သတ်မည်ဟုဆိုသည်။ ထို့နောက်သားငယ်သည် ပုဆိန်ကြီးတစ်လက်ကိုယူ၍ ဖခင်၏ဦးခေါင်း၌ ကိုက်နေသောမှက်ကို ခုတ်လိုက်ရာ ဖခင်၏ဦးခေါင်းသည် နှစ်ခြမ်းကွဲ၍ သေဆုံးလေသည်။

ထိုအချိန်တွင် ကုန်ကူးရင်းဖြင့် ထိုရွာသို့ရောက်ရှိနေသော ဘုရားလောင်းသည် အဖြစ်ပျက်စုံကိုတွေ့မြင်သဖြင့် ပညာရှိသောသူသည်မြတ်၏။ ပညာမရှိသောမိတ်ဆွေသည် မမြတ်သည်သာ။ သားသည်လူအ၊ လူမိုက်ဖြစ်၍ မှက်ကိုသတ်ရန် နှလုံးသွင်းသော်လည်း ဖခင်၏ဦးခေါင်း နှစ်စိတ်ကွဲ ရသည်ဟု ဥဒါန်းကျူးရင့်ပြီးနောက် ထိုနေရာမှ ထွက်ခွာလေသည်။ သားငယ်သည် မှက်နှင့်တိုက်ခိုက်သော လူမိုက်ဖြစ်သည်။

# Makasa Jataka

## (The wise enemy is nobler than the foolish friend)

Once Buddha went on sojourn from Thawutti to Magadha Taing. Eventually he arrived at a small village. The people there were unlearned and most foolish. When they worked in the forest, they were tormented by gnats and they were disturbed at their work. So when they went into the forest next time they took along bows, arrows and weapons to fight gnats. When they were attacked by gnats they fought the gnats but they also hurt themselves.

At that time Buddha went into the village for alms. The people who were left in the village built a pandal at the gate of the village and gave charity to Buddha and his disciple monks. Knowing all, Buddha asked where the rest of the people were. They replied that they got bitten by gnats and they also hurt themselves. Buddha said they also met trouble as they wanted to get at gnats. The people asked how. Buddha gave the sermon of Makasa Jataka.

Long ago, when King Byamadat was reigning in Bayanathi, embryo-Buddha was one making a living by trading. At that time

most of the people in Pissandarit Village in Kathi Taing were carpenters. While one of them was planing the timber, a gnat bit him in the head. The man asked his son near by to remove it. The son told the father not to worry as he would kill the gnat in one instant. Then he took an axe and hacked the gnat at his father's head. The father had his head broken into two and died.

The embryo-Buddha travelling to the village was a wise man. The friend that was foolish was not noble. The son should be dubbed a foolish one. Because of him his father died with a crack in the head. Then the embryo-Buddha left the place. The son became the foolish one who killed his father while fighting the gnat.

# အာရာမဒူသကဇာတ်

## (မကျွမ်းကျင်သူသည် အကျိုးစီးပွားကို ကျင့်ဆောင်နိုင်ခြင်းမရှိ)

မြတ်စွာဘုရားသခင်သည် ကောသလတိုင်း၌ ဒေသစာရီကြွတော်မူရာ ရွာငယ်တစ်ခုသို့ ရောက်ရှိတော်မူ၏။ ထိုရွာငယ်ရှိသူကြွယ်တစ်ဦးသည် မြတ်စွာဘုရားကို ပင့်ဖိတ်၍ ၎င်း၏ ဥယျာဉ်၌ရဟန်းသံဃာတော်များနှင့်အတူ နေရာထိုင်ခင်း စီစဉ်ထားရှိကာ အလှူပေး၏။ ရဟန်းတို့သည် ဥယျာဉ်စောင့်နှင့်အတူ ဥယျာဉ်အတွင်းသို့ လှည့်လည်ကြည့်ရှုရာ တစ်နေရာသို့ရောက်လျှင် သစ်ပင်များလုံးဝမရှိသည့် မြေပြင်ကိုတွေ့ရှိကြသည်။ ရဟန်းတို့လည်း ဥယျာဉ်အတွင်းသစ်ပင်မဲ့နေသည့်နေရာနှင့် ပတ်သက်၍ ဥယျာဉ်စောင့်အားမေးမြန်းလေသည်။ ဥယျာဉ်ကိုပျိုးသောကာလ၌ ရွာသားသူငယ်တစ်ဦးသည် သစ်ပင်တို့ကိုနုတ်၍ သစ်ပင်၏အမြစ် အတိုအရှည်ပမာဏကိုလိုက်၍ ရေလောင်းခဲ့သဖြင့် သစ်ပင် တို့ညှိုး၍သေကုန်ကြောင်း ဥယျာဉ်စောင့်က လျှောက်ထားလေသည်။

ရဟန်းတို့သည် မြတ်စွာဘုရားထံပါးချဉ်းကပ်၍ အကြောင်းစုံကိုလျှောက်ထားကြလေသည်။ ထိုအခါမြတ်စွာဘုရားသခင်က ထိုရွာသူငယ်သည် ရှေးကလည်း၍သို့သစ်ပင်တို့ကို ဖျက်ဆီးခဲ့ဖူးသည်ဟု မိန့်တော်မူ၍အတိတ်ကို ဆောင်ကာ၍အာရာမဒူသကဇာတ်ကိုဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေသည်။ မင်းကြီးသည်နက္ခတ်သဘင်ကို စည်ကားစွာကျင်းပစေသည်။ မင်းကြီး၏ဥယျာဉ်မှူးသည်လည်း နက္ခတ်သဘင်၌ပါဝင်ကစားလို၍ ဥယျာဉ်အတွင်း၌ နေသောမျောက်တို့အား

ရေလောင်းစေရန်ကြံရွယ်လေသည်။ ကြံရွယ်သည့်အတိုင်း ဥယျာဉ်စောင့်သည် မျောက်ကြီး အား ၎င်းမရှိခိုက် သစ်ပင်များကို ရေလောင်းပေးရန်ပြောကြား၏။ မျောက်ကြီးကလည်း တာဝန်ခံလိုက်၍ ဥယျာဉ်မှူးသည် မျောက်တို့အား သားရေအိတ်သစ်သားအိုးစသည်တို့ကို ပေး၍နက္ခတ်သဘင်သို့ သွားလေသည်။

ဥယျာဉ်မှူးသည် နက္ခတ်သဘင်သို့သွားပြီးနောက် မျောက်တို့သည်သစ်ပင်များကို ရေလောင်းရန်စီစဉ်ကြလေသည်။ ထိုအခါမျောက်ကြီးသည် မျောက်များအားရေကို အကျိုးမဲ့မကုန်စေဘဲ လောင်းရမည်ဖြစ်ကြောင်း၊ သစ်ပင်တို့ကိုနှုတ်၍ကြည့်ပြီး အမြစ်ရှည် သည့်အပင်နှင့် ရင့်သော အပင်များကို ရေများများလောင်း၍ အမြစ်တိုသောအပင်ကို ရေနည်းနည်းသာလောင်းကြရန် အမိန့်ပေးလေသည်။ မျောက်အပေါင်းတို့ကလည်း ထိုမျောက်ကြီး၏အမိန့်အတိုင်း ဆောင်ရွက်ကြလေသည်။

ထိုအချိန်တွင် ပညာရှိယောကျ်ားတစ်ဦးသည် အဖြစ်အပျက်စုံကိုတွေ့မြင်ရလေလျှင် မျောက်တို့အား အဘယ်ကြောင့်သစ်ပင်များကို နှုတ်၍ရေလောင်းကြသည်ကို မေးမြန်း၏။ ထိုအခါမျောက်တို့ကမျောက်ကြီး၏ အမိန့်အတိုင်းရေလောင်းကြခြင်းဖြစ်ကြောင်း ပြောကြားလေသည်။ ပညာရှိသောယောကျ်ားသည် မျောက်တို့၏စကားကိုကြားလျှင် သူမိုက်တို့သည် အကျိုး စီးပွားဖြစ်အောင်လုပ်ဆောင်ပါသော်လည်း အကျိုးမဲ့အောင် လုပ်သကဲ့သို့ဖြစ်သည်။ ဥယျာဉ်စောင့်မျောက်သည်လည်း အကျိုးစီးပွားဖြစ်စေလို၍ သစ်ပင်များကိုရေလောင်းသော်လည်း ပညာမရှိ၍ အကျိုးမဲ့ရပေပြီဟုဆိုကာ ၎င်း၏ ပရိသတ်နှင့်အတူ ဥယျာဉ်မှ ထွက်ခဲ့လေသည်။

မြတ်စွာဘုရားသည် ထိုအချိန်ကပညာရှိယောကျ်ားဖြစ်ပြီး ဥယျာဉ်ကိုဖျက်ဆီးသော ရွာသားသူငယ်သည် ထိုအချိန်ကမျောက်ကြီးဖြစ်လေသည်။

# Aramaduthaka Jataka

## (Not being able to give service if inefficient)

One day, while on sojourn in Kethala Taing, Buddha arrived at a little village. The rich man in the village invited the Buddha and his 500 disciples to his park to give alms. The monks had a look round there and came upon a place where there were no trees. They asked the keeper why it was so. The keeper replied that a young man uprooted the trees there to know the amount of water they would need and so all the trees died.

The monks asked the Buddha. Buddha said the youth had destroyed the trees earlier as well. He gave the sermon of Aramaduthaka Jataka.

Long ago, when King Byamadat reigned in Bayanathi, the king held a astrological festival on a grand scale. The park keeper of the king wanted to enjoy himself in it and thought of asking the monkeys there to water the trees. He talked with the big monkey there about it and went to the festival.

The monkey went about the task of watering trees. He asked others to uproot the trees and water the one with the longest roots the most and the shortest roots the least, so that no water was left to be wasted.

A wise man saw the monkeys and asked what they were doing. The monkeys told him they were doing what the rich man told them to do. The man saw that the monkeys were doing harm although they meant to do good and so he went away from them.

The wise man was the embryo-Buddha and the monkey became the youth of the village.

# ဝါရုဏိဒူသကဇာတ်

## (စေတနာ ဝေဒနာဖြစ်ရသည်)

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးသည် သေရည်ကုန်သည်တစ်ဦးနှင့် အဆွေခင်ပွန်းအဖြစ် နေထိုင်လျက်ရှိသည်။ သေရည်ကုန်သည်သည် သေရည်ဖော်ရပ်ရာတွင် အလွန်တော်သဖြင့် ရွှေငွေများစွာ ရရှိလေသည်။ လူများစွာတို့စုဝေး သုံးစွဲကြသည်။ တစ်နေ့တွင် စုဝေးနေသော လူတို့အား သေရည်ကို ရောင်းချနေစဉ်၊ ရေချိုးဆိပ်သို့ ဆင်းလို၍ တပည့်တစ်ဦးအား ဆက်လက်ဖော်စပ် ရောင်းချစေသည်။

ထိုတပည့်သည် သေရည်ကို ဆားခတ်၍ ဆက်လက်ရောင်းချလေသည်။ သေရည်သောက်သူများကလည်း မူလသေရည်၏ အရသာပျက်သည်ကို သိရှိ၍ ထိုတပည့်ကို နှစ်သက်ဖွယ်သေရည်ကို ဖျက်ဆီးသူဟုဆိုကာ ရှောင်ခွာသွားကြသည်။ သေရည်ကုန်သည် ပြန်လည်ရောက်ရှိလာသောအခါ သေရည်သောက်သူတို့ တစ်ဦးမျှမရှိတော့၍ တပည့်အား မေးမြန်းလေသည်။ တပည့်မိုက်ကလည်း အကြောင်းစုံကို ပြန်လည်ပြောပြ၏။ သေရည်ကုန်သည်လည်း တပည့်မိုက်အား သေရည်ကို ဖျက်ဆီးသူအဖြစ် ကဲ့ရဲပြစ်တင် ပြောဆိုပြီးနောက် အနာထပိဏ်သူဌေးအား အကြောင်းစုံကို တိုင်ကြားကြသည်။

အနာထပိဏ်လည်း ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိသည့်အခါ မြတ်စွာဘုရား အား အကြောင်းစုံကို လျှောက်ထားလေသည်။ မြတ်စွာဘုရားက ထိုသူသည် ယခုအခါ၌သာလျှင် သေရည်ကို ဖျက်ဆီးတတ်သည် မဟုတ်ဘဲ ရှေးအခါကလည်း ဖျက်ဆီးခဲ့ဖူးသည်ဟု မိန့်တော်မူလေသည်။ အနာထပိဏ်သူဌေးက လျှောက်ထား တောင်းပန်သဖြင့် မြတ်စွာဘုရားသည် ဤဝါရုဏိဒူသက ဇာတ်တော်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေချိန်တွင် ဘုရားလောင်းသည် သူဌေးဖြစ်၏။ ဘုရားလောင်းသူဌေးကိုမှီ၍ သေရည်ကုန်သည် တစ်ဦးသည် အသက်မွေးလျက်ရှိ၏။ တစ်နေ့တွင် ထိုကုန်သည်သည် တပည့်တစ်ဦးအား သေရည်ကို မည်သို့ဖော်စပ်ရမည်ကို မှာကြားပြီး ရေချိုးဆိပ်ကို ဆင်းခဲ့သည်။ ကုန်သည် ရေချိုးသွားချိန်၌ တပည့်သည် သေရည်ကို ဆားခတ်လိုက်သဖြင့် သေရည်တို့ ပျက်စီးခဲ့ရလေသည်။

မြတ်စွာဘုရားသခင်က ဤဇာတ်ကို ဟောကြားပြီးနောက် ပညာမရှိသူသည် အကျိုးစီးပွား ဖြစ်အောင်ပြုလုပ်သော်လည်း အကျိုးစီးပွားကို ယုတ်စေတတ်သည်။ မကျွမ်းကျင်သူသည် ချမ်းသာနှစ်ပါးအကျိုးကိုလို၍ ကျင့်ပါသော်လည်း ချမ်းသာကို ဆောင်ခြင်းငှာ မတတ်နိုင်ဖြစ်တတ်သည်။ တပည့်သည် အကျိုးစီးပွားကို ပြုလုပ်မည်ဟု ကြံရွယ်၍ ဆားခတ်သဖြင့် သေရည်ကို ဖျက်ဆီးသကဲ့သို့ပင် ဖြစ်သည်ဟု မိန့်တော်မူလေသည်။ ယခုအခါသေရည်ကို ဖျက်ဆီးသူသည် ထိုအခါက သေရည်ကို ဖျက်ဆီးခဲ့သူပင်ဖြစ်သည်။

* * *

# Waruni Dusaka Jataka

## (Goodwill becomes ill will)

While Buddha was on sojourn in Zetawun Monastery, Anahtapain the rich man made friends with a liquor merchant. He was good at his liquor trade and made a lot of money with it. He used it with many customers. One day, he was serving drinks to his customers when he wanted to take a bath in the river. So he taught one of his men to do it and went to take his bath.

The man went on selling the customers liquor with salt. The men realized it and felt the quality of the drink go away. So they left dubbing the man as one who destroyed the liquor. His master came back soon and found the men had left. He asked how it was so. The man told all. The merchant told it to Anahtapain.

Anahtapain reported it to Buddha. Buddha said the man had done it once before in his earlier life. He gave the sermon of Waruni Dusaka Jataka.

Long ago, Byamadat was reigning in Baranathi when embryo-Buddha was born a rich man. Dependent on him was a merchant in liquor. One day he asked his man to prepare the drinks, teaching him how, as wanted to bathe in the river. The man served the drinks plied with salt. So the drinks were spoilt.

Buddha said a man unlearned might be of service but he was wont to do more disservice. He would want to fulfil the dual wishes of men but he did not know how. It was like the man who spoilt the drinks with salt. It was the same man that spoilt the drinks later.

* * *

# ဝေဒဗ္ဗဇာတ်

## (ကိုယ့်သေတွင်းကိုယ်တူး၊ လူမိုက်နှင့်ငွေအတူမနေ)

သဗ္ဗညုမြတ်စွာဘုရားသည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဆိုဆုံးမခက်သည်ကို သိရှိတော်မူ၏။ ထိုအခါမြတ်စွာဘုရားသခင်သည် ထိုရဟန်းမှာ ရှေးအခါကလည်း ဆိုဆုံးမခက်ပြီး ပညာရှိစကားကိုနာယူခြင်းမရှိ၍ သန်လျက်ဖြင့်နှစ်ပိုင်းဖြတ်ခံရသည့်အပြင် ယောကျ်ားတစ်ထောင် တို့သည်အသက်ဆုံးခဲ့ကြဖူးလေပြီဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်ကာ ဤဝေဒဗ္ဗဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်ကိုစိုးစံလျက်ရှိစဉ် ရွာငယ်တစ်ခု၌ ဝေဒဗ္ဗမန္တ ရားကိုတတ်ကျွမ်းသည့်ပုဏ္ဏားတစ်ဦးရှိ၏။ ထိုမန္တရားသည်နက္ခတ်ကို ယှဉ်၍ ကောင်းကင်ကိုကြည့်ပြီး မန်းပါကရတနာခုနစ်ပါးမိုးကိုရွာစေတတ်၏။ ဘုရားလောင်းသည် ပုဏ္ဏားထံမှထိုမန္တရားကို နာယူသင်ကြားလေသည်။ တစ်နေ့သ၌ ပုဏ္ဏားသည်ဘုရားလောင်းအား ခေါ်ဆောင်ကာစေတတိုင်းသို့ ခရီးထွက်ခဲ့၏။ထိုခရီးလမ်းကြားရှိ တောအရပ်တစ်ခုတွင်ပေသနကခေါ် ခိုးသူငါးရာတို့သည်ခရီးသွားများကိုဖမ်းဆီးညှင်းဆဲသတ်ဖြတ်လေ့ရှိသည်။(ထိုခိုးသူတို့သည် လူနှစ်ယောက်ကိုဖမ်းဆီးရရှိလျှင် တစ်ဦးကိုဖမ်းဆီးထားပြီး တစ်ဦးကိုပစ္စည်းဥစ္စာပြန်လည်ယူစေသည့် အလေ့ရှိသောကြောင့် ပေသနကခိုးသူများခေါ်ခြင်းဖြစ်သည်။) ဘုရားလောင်းနှင့်ဝေဒဗ္ဗပုဏ္ဏားတို့သည် ထိုတောအရပ်သို့ ရောက်ရှိသောအခါ ပေသနကခိုးသူ တို့၏ဖမ်းဆီးခြင်းကိုခံရ၏။ ဝေဒဗ္ဗပုဏ္ဏားကိုဖမ်းထားပြီး ဘုရားလောင်းအား ဥစ္စာပစ္စည်းယူရန် ပြန်လွှတ်လေသည်။ ဘုရားလောင်းသည်ဆရာဝေဒဗ္ဗ ပုဏ္ဏားကိုရှိခိုး၍ မိမိသည် တစ်ရက်နှစ်ရက်အတွင်း ပြန်လာမည်ဖြစ်ကြောင်း၊ယနေ့သည်ဥစ္စာမိုး နက္ခတ်နှင့်ယှဉ်၍ ရွာနိုင်သည်ဖြစ်လည်းမန္တရားကိုမန်း၍ ဥစ္စာမိုးကိုရွာစေခြင်းမပြုဘဲ ခေတ္တဆင်းရဲခြင်းကို သည်းခံပါရန်၊အကယ်၍ ဥစ္စာမိုးကိုရွာစေက ဆရာနှင့်တကွ အားလုံးပျက်စီးကြရလိမ့်ဖြစ်ကြောင်းမှာကြားကာဥစ္စာယူရန် သွားလေသည်။ နေဝင်သောအခါခိုးသူတို့သည် ပုဏ္ဏားကိုနှောင်ဖွဲ့၍ အိပ်ကြ၏။

ထိုခဏ၌ အရှေ့လောကဓာတ်မှ လပြည့်ဝန်းကြီးတက်လာ၏။ ပုဏ္ဏားသည်နက္ခတ်ကို ကြည့်သည့်အခါ ဥစ္စာမိုးရွာစေနိုင်သော နက္ခတ်ကိုမြင်လျှင် ငါးခံစားနေရသော ဆင်းရဲခြင်းမှလွတ်ကင်းအောင်ရတနာမိုးရွာစေသော မန္တ ရားကိုမန်း၍ ရရှိသောရတနာများကို ခိုးသူတို့အား ပေးလျှင်ချမ်းသာခြင်းကိုရမည်ဟုကြံမိလေသည်၊ ထို့ကြောင့်ခိုးသူတို့အား ငါးကိုဖမ်းထားခြင်းသည် ဥစ္စာရလိုမှုဖြစ်ပါက အနှောင်အဖွဲ့မှလွှတ်၍ ဦးခေါင်းကိုဆေးပြီးလျှင် အဝတ်အစားအသစ်တို့ကို ဝတ်ပေးကာနံ့သာဖြင့် လိမ်းကျံ၍ပန်းတို့ကို ပန်ပေးရန်ဆို၏။ ခိုးသူတို့သည် ဥစ္စာများရမည်ဆိုခြင်းကြောင့် ပုဏ္ဏားဆိုသည့်အတိုင်းပြုကြကုန်သည်။ ပုဏ္ဏားသည် မန္တ ရားကိုမန်းပြီးလျှင် ကောင်းကင်သို့ကြည့်၏။ ထိုခဏ၌ပင် ကောင်းကင်မှရတနာမိုးရွာချလေသည်၊ ခိုးသူတို့သည် ထိုဥစ္စာများကိုထုပ်၍သွားကြသည်၊ ပုဏ္ဏားလည်း ထိုခိုးသူတို့နောက်မှလိုက်ပါသွား၏။

ခရီးဆက်ကြ၍မကြာမီပင် ထိုနိုးသူ ငါးရာတို့သည်အခြားနိုးသူငါးရာတို့၏ ဖမ်းဆီးခြင်းကို ခံကြရပြန်သည်။ ပထမနိုးသူတို့ကငင်းတို့အား ဥစ္စာလိုချင်၍ဖမ်းသည်ဖြစ်ပါက ငင်းတို့အားလွှတ်ပြီး ပုဏ္ဏားအားဖမ်းကြရန်၊ ပုဏ္ဏားသည်ရတနာမိုးရွာစေသော မန္တရားတတ်ကျွမ်း ကြောင်းဆိုလေသည်။ ထိုအခါနောက်ထပ်ရောက်ရှိလာသော နိုးသူငါးရာတို့က ပထမနိုးသူငါးရာတို့အား လွှတ်ပေးကြပြီး၊ ပုဏ္ဏားကိုဖမ်းဆီးကြ၏။ ထို့နောက်ပုဏ္ဏားအား ရတနာမိုးရွာစေသော မန္တရားကိုမန်းစေ၏။ ပုဏ္ဏားက ရတနာမိုးရွာသည့် ထိုနေ့မှနောက်တစ်နှစ်ကြာမှသာ ရွာမည်ဖြစ်ကြောင်း၊ သည်းခံ စောင့်ဆိုင်းရန်ဆို၏။ နိုးသူတို့သည် အမျက်ထွက်ကာ ပုဏ္ဏားကို သန်လျက်ဖြင့်နှစ်ပိုင်းဖြတ် သတ်၍ပစ်ခဲ့ပြီး ပထမနိုးသူငါးရာတို့ နောက်သို့ လိုက်သွားကြလေ၏။ နိုးသူတို့အချင်းချင်းစစ်ထိုးကြ ခြင်းကြောင့် နိုးသူတစ်ထောင်တို့အသက် ကုန်ကြရလေသည်။

ဘုရားလောင်းသည် နှစ်ရက်ခန့်အကြာတွင် ဥစ္စာများယူ၍ပြန်ရောက်လာ၏။ ငင်းတို့ဖမ်းဆီး ခြင်းခံရသောနေရာသို့ ရောက်သောအခါ မည်သူကိုမျှမတွေ့ရဘဲ ဥစ္စာပစ္စည်းတို့ ဖရိုဖရဲဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ထို့နောက်အသက်ဆုံးလျက်ရှိသော ဆရာ၏အလောင်းကို တွေ့၍သဂြိုဟ်၍ တောပန်းတို့ဖြင့် ပူဇော်ပြီးရှေ့ဆက်သွားသည့်အခါ နိုးသူတို့၏အလောင်းများကို တွေ့ရလေသည်။

ထိုအခါဘုရားလောင်းသည် အကြောင်းမဟုတ်သော စီးပွားချမ်းသာကို အလိုရှိကြသူတို့သည် ပျက်စီးကြရလေပြီ၊ စေတတိုင်းသားနိုးသူတို့သည် ဝေဒဗ္ဗပုဏ္ဏားကိုသတ်ကြသည်။ နိုးသူအားလုံးတို့ သည်လည်း အချင်းချင်းသတ်၍ ပျက်စီးကြရလေပြီဟု သံဝေဂဂါထာကိုဆို၏။ ဂါထာတော်သည် တောကိုပဲ့တင်ထပ်စေသဖြင့် နတ်အပေါင်းတို့သည် ကောင်းချီးပေးကြ၏။ ဘုရားလောင်းသည် ထိုဥစ္စာများနေအိမ်သို့ ဆောင်ယူ၍အလှူပေးခြင်းအစရှိသော ကောင်းမှုကိုပြု၏။ အသက်၏အဆုံး၌ နတ်ပြည်သို့လား၏။ ယခုဆိုဆုံးမခက်သော ရဟန်းသည် ထိုအခါက ဝေဒဗ္ဗပုဏ္ဏားဖြစ်သည်။

# Wedabba Jataka

## (Digging own grave, the fool and money do not stay together)

While Buddha was at Zetawun Monastery, he knew of a monk who was difficult to admonish. He said that the monk had been so even before as he was killed with the blows of the thanlyet besides a thousand men having to lose their lives. He gave the sermon of Wedabba Jataka.

Long ago, King Byamadat was reigning in Baranathi when there was a ponna learned in the ways of Wedabba Mantra. Seeing the stars in the sky and chanting the mantra, he could make it rain seven treasures.

The embryo-Buddha learned the technique from the ponna. One day the ponna went on a journey taking along the embryo-Buddha. On the way they came across a place where a band of five hundred dacoits used to persecute and kill travellers. They were called Penaka as they had the habit of keeping one prisoner and sending another to fetch ransom. The ponna and the embryo-Buddha got caught by the dacoits. They kept the ponna prisoner and sent the embryo-Buddha to fetch ransom. The embryo-Buddha gave obeisance to the ponna and said he would come back in one or two days time and that it could rain seven treasures if he chanted the mantra but he asked him not to do it as it would spell the doom of all including the ponna if he did so. The embryo-Buddha left and the dacoits rested for the night, with the ponna bound hand and foot.

That moment the moon rose. The ponna looked at the stars and found that he could chant the mantra and bring a rain of treasures to give it to the dacoits. So he asked the dacoits to free him, wash his hands and give him new clothes if it was the treasures that they wanted. The dacoits did as told. The ponna looked at the sky and chanted the mantra. It did rain seven treasures. The dacoits took them. The ponna went along with them.

On the way they were caught by another band of 500 dacoits. The captured dacoits asked the captors to free them but hold the ponna if they wanted treasures, as the ponna could do it. So the captors let the captured ones go and asked the ponna to do it for them. The ponna said it would rain treasures but only after a year had passed. So he asked them to wait with patience. Angered the dacoits killed him with a thanlyet and went after the 500 dacoits. On the way they quarrelled among themselves and with the 500 others. So all the 1000 perished.

The embryo-Buddha came back after two days. He saw none at the first place but he noticed many of the things in disarray. Then he found the ponna. He buried him well with forest flowers. Proceeding from there he saw the dead dacoits.

The embryo-Buddha sensed the truth and chanted a gahta. It was a claimed by all the nats. The embryo-Buddha took away all the property in disarray, to go back home and gave great charity. In the end he passed away into the nat world. The ponna became the monk difficult to admonish.

# နက္ခတ္တဇာတ်

## (နက္ခတ်သည်မည်သို့အကျိုးပြု)

သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကာလ၊ ဇနပုဒ်နေ အမျိုးသားတစ်ဦးသည် သာဝတ္ထိပြည်မှ အမျိုးသမီးတစ်ယောက်ကို တောင်းရမ်း၍ မင်္ဂလာပြုရန်နေ့ရက်သတ်မှတ်စီစဉ်၏။ ထိုနေ့ရက်သို့ရောက်သောအခါ သတို့သမီးထံမသွားမီ ၎င်း၏ဆရာအာဇီဝကထံသွား၍ နက္ခတ်ကောင်းမကောင်းကြည့်ပေးရန်တောင်းပန်၏။ ဆရာအာဇီဝကသည် ၎င်းထံသို့ဦးစွာလာရောက်ခြင်းမရှိဘဲ နေ့ရက်သတ်မှတ်ပြီးမှ နက္ခတ်ကောင်းမကောင်းလာမေးသည်ကို အမျက်ထွက်ကာ၎င်းအမျိုးသားတို့၏ မင်္ဂလာပွဲကိုဖျက်ဆီးရန် အကြံဖြစ်လာသည်။ ထို့ကြောင့်ယင်းနေ့သည် နက္ခတ်မကောင်းသဖြင့် မင်္ဂလာမပြုသင့်ကြောင်း၊ အကယ်၍မင်္ဂလာပြုပါက ပြုသူသည် ကြီးစွာပျက်စီးခြင်းဖြစ်မည်ဟု ဆိုလေသည်။

အမျိုးသားနှင့်တကွ ဆွေမျိုးအပေါင်းတို့သည် ဆရာအာဇီဝက၏စကားကိုယုံကြည်သဖြင့် ထိုနေ့တွင် အမျိုးသမီးထံသို့ သွားရောက်ကြခြင်းမပြုဘဲနေကြ၏။ သာဝတ္ထိပြည်နေ အမျိုးသမီးတို့ မိသားစုကလည်း မင်္ဂလာကိစ္စအလုံးစုံကို စီစဉ်ပြီးသော်လည်း ဇနပုဒ်သားမလာသည်ကြောင့် အမျက်ထွက်ကာ ၎င်းတို့၏သမီးကို တစ်ပါးသောအမျိုးသားဖြင့် လက်ထပ်ပေးလိုက်ကြသည်။

ဇနပုဒ်သားသည် နောက်တစ်နေ့တွင်ရောက်ရှိလာပြီး သတို့သမီးအားတောင်းဆို၏။ ထိုအခါ သာဝတ္ထိမြို့ အမျိုးသမီးဘက်ကချိန်းဆိုရက်ကို မထေမဲ့မြင်ပြုသဖြင့် သတို့သမီးအား အခြားအမျိုးသားအားပေးပြီးဖြစ်၍ လာလမ်းအတိုင်းပြန်ကြရန်ဆို၏။ ထိုအခါသာဝတ္ထိမြို့သားများနှင့် ဇနပုဒ်သားတို့ခိုက်ရန်ဖြစ်ကြလေသည်။ ထိုသို့အာဇီဝကကြောင့် မင်္ဂလာပွဲပျက်ခဲ့ရသည့်အကြောင်းကို ရဟန်းတို့သည် တရားသဘင်၌ဆွေးနွေးနေကြသည်။

မြတ်စွာဘုရားသခင်သည် တရားသဘင်သို့ရောက်ရှိလာသောအခါတွင် ရဟန်းအပေါင်းတို့ ဆွေးနွေးနေသည့်အကြောင်းကို သိရှိတော်မူလျှင် ထိုအာဇီဝကသည် ယခုမှသာမင်္ဂလာပွဲကို ဖျက်ခဲ့သည်မဟုတ်ဘဲ ရှေးကလည်းလူတို့အားအမျက်ထွက်၍ မင်္ဂလာပွဲကိုအန္တရာယ်ပြုဖူးခဲ့သည်ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်ကာ ဤနက္ခတ္တဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ပြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌စိုးစံနေစဉ် ဗာရာဏသီမြို့နေ သတို့သားသည်ဇနပုဒ်၌နေသော သတို့သမီးကိုတောင်းရန်နေ့ရက်ချိန်းပြီးမှ ၎င်း၏ဆရာအာဇီဝကထံ သွားရောက်၍ မင်္ဂလာပြုရန် ရက်ကောင်းရက်မြတ် ဟုတ်မဟုတ်ကိုမေးမြန်း၏။ ဆရာအာဇီဝကသည် မြို့သားတို့သည် ၎င်းတို့၏အလိုအတိုင်းစီစဉ်ပြီးမှ နက္ခတ်အခြေအနေကို လာရောက်မေးမြန်းခြင်းကို အမျက်ထွက်လေသည်။ ထို့ကြောင့်မင်္ဂလာပွဲကို ဖျက်မည်ဟုဆုံးဖြတ်ကာ နက္ခတ်မကောင်းကြောင်း မင်္ဂလာပြုက ပျက်စီးခြင်းသို့ရောက်မည်ဟုဆိုလေသည်။ ဗာရာဏသီမြို့သားတို့လည်းဆရာအာဇီဝက၏ စကားကိုယုံကြည်ကြလျက် ဇနပုဒ်သို့မသွားဘဲနေကြ၏။ ဇနပုဒ်သားတို့လည်းမြို့သားတို့မလာသည်ကို သိရှိလျှင် အမျက်ထွက်ကာ သတို့သမီးအားအခြားသူနှင့်လက်ထပ်ပေး၏။ နောက်တစ်နေ့တွင် ဗာရာဏသီပြည်သားတို့ရောက်ရှိလာပြီး သတို့သမီးအား တောင်းသည့်အခါတွင် အခြားသူနှင့် လက်ထပ်ပြီးဖြစ်နေ၍ ခိုက်ရန်ဖြစ်ကြလေသည်။

ထိုသို့ ခိုက်ရန်ဖြစ်ပွားနေကြသည့် အကြောင်းစုံကို ဇနပုဒ်မြို့သို့ရောက်ရှိနေသော ဘုရားလောင်း ပညာရှိသည် တွေ့မြင်ကြားသိရလေသည်။ ဘုရားလောင်းက နက္ခတ်သည်မည်သို့အကျိုးပြုနိုင်မည် နည်း။ သတို့သမီးရရှိရေးသည်သာ အဓိကနက္ခတ်မဟုတ်သလော၊ ကောင်းကင်ရှိကြယ်တာရာတို့သည် မည်သည့်အကျိုးကိုဖန်တီးပြုပြင်နိုင်မည်နည်းဟူသော ဂါထာကိုဆို၏။

မြတ်စွာဘုရားသခင်သည် တရားတော်အဆုံး၌ နက္ခတ်ကြောင့်သတို့သမီးလက်လွတ်ခဲ့ရသော ထိုအမျိုးသားတို့သည် ယခုအမျိုးသားဖြစ်ပြီး ထိုအခါက မင်္ဂလာပွဲဖျက်ခဲ့သော အာဇီဝကသည်လည်း ယခုအာဇီဝကပင်ဖြစ်ကြောင်း မိန့်တော်မူလေသည်။

# Nakkhatta Jataka

## (How astrology is of service)

While Buddha was on sojourn in Zetawun Monastery, a man in the countryside planned to ask a woman of Thawutti for her hand in marriage, and chose a date for that. Before that day came, he asked his mentor Arziwaka to see if the astrology was right to ask for marriage on that day. Arziwaka, being angry that he was not consulted beforehand, but only after the date was chosen, got the idea to wreck the marriage. So he told the man he should not ask for it on that day or he would face great ruin.

The man and his friends believed in him and stayed without going on that day. The woman in Thawutti waited for him but in vain. So they gave the woman to another man at hand.

When he went the next day, he learnt of it and quarrelled with the people of Thawutti. This was discussed by the monks at the assembly. Learning of this, Buddha said it was not just now but even before that Arziwaka had caused a break in marriage. So he gave the sermon of Nakkhatta Jataka.

Long ago, King Byamadat was reigning in Bayanathi when a man in town planned to ask for marriage with a woman in the countryside on a certain day but only afterwards he asked Arziwaka to ask if that was an auspicious day or not. Arziwaka was angry that he was consulted only after he had fixed the date and so told the man that he would meet doom if he asked for marriage on that day. So the man and his friends did not go there on that day. As he did not come on that day, the friends of the woman got her married to another man. The next day the man went there only to find it out, and quarrelled with them.

The embryo-Buddha was a wise man who happened to be in the countryside. So he heard of that. He said how astrology could ever have an effect on a planned marriage. Was it not the effect of astrology that he had got the chance of marriage and that was the main point. How could astrology in the skies have any effect?

Buddha said Arziwaka was the same man in this life, as he was the astrologer in the previous one.

# ဒုမေ့ဇာတ်

## (လောကအကျိုးစီးပွားကိုကျင့်ခြင်း)

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သည့် သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လောက၏အကျိုးစီးပွားကို အကြောင်းပြု၍ ဤဒုမေ့ဇာတ်ကို ဟောကြားတော်မူပေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုနေချိန်တွင် ဘုရားလောင်းသည် ထိုမင်းကြီး၏ မိဖုရားဝမ်း၌ ပဋိသန္ဓေယူ၏။ ဘုရားလောင်းအား ဖွားမြင်သောအခါ ဗြဟ္မဒတ် သတို့သားဟု အမည်မှည့်လေသည်။ ဘုရားလောင်းသည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိသောအခါ တက္ကသိုလ်ပြည်၌ ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းသို့ ရောက်သည်တိုင် တတ်ကျွမ်းသည့်ပြင် တစ်ဆယ့်ရှစ်ရပ်သော ပညာတို့ကိုလည်း ကောင်းစွာတတ်ကျွမ်းလေသည်။

ထိုအချိန်၌ ဗာရာဏသီပြည်၌ နေကြကုန်သောလူတို့သည် နတ်တို့ကိုကိုးကွယ်ကြလျက်ရှိသည်။ လူတို့သည် ကြက်၊ ဝက်၊ ဆိတ်စသည်တို့ကို သတ်၍နတ်အားပူဇော်လေ့ရှိကြသည်။ ဘုရားလောင်းမြင်လေလျှင် များစွာသောလူတို့သည် တရားပျက်နေကြသည်ဟု သံဝေဂရရှိ၏။ ထို့ကြောင့်မင်းအဖြစ်သို့ရောက်သောအခါတွင် နူးညံ့သောဥပါယ်ဖြင့် ဤမကောင်းမှုကို တားမြစ်မည်ဟု ကြံမိလေသည်။

တစ်နေ့တွင် ဘုရားလောင်းသည် ရထားစီး၍ မြို့မှထွက်လာရာ ကြီးစွာသောပညောင်ပင်၌ လူများစုဝေးနေသည်ကို တွေ့မြင်မိပေသည်။ ဘုရားလောင်းသည် စူးစမ်းသည့်အခါတွင် လူအပေါင်းတို့သည် ပညောင်ပင်၌ သားသမီးဆု၊ စည်းစိမ်၊ အခြံအရံဥစ္စာစသည်တို့ဖြင့် ပြည့်စုံလို၍ဆုတောင်းနေကြသည်ကို သိရှိရလေသည်။ ထိုအခါဘုရားလောင်းသည် ရထားမှဆင်းသက်၍ ပညောင်ပင်ရင်းသို့ ကပ်ပြီးလျှင် နံ့သာပန်းတို့ဖြင့် ပူဇော်၍ ရေဖြင့်သွန်းလောင်းပြီးနောက် ပညောင်ပင်ကို လက်ယာရစ်လှည့်၍ နတ်ကိုးကွယ်သူများကဲ့သို့ ပြုလေသည်။

ထိုအခါမှစပြီး ဘုရားလောင်းသည် ပဉ္စောင်ပင်သို့ မကြာခဏသွားရောက်ပြီး နတ်ကိုကိုးကွယ်ကြသူများကဲ့သို့ ပူဇော်ခြင်း ပြုလေသည်။ ဘုရားအလောင်းသည် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံပြီးသည်နောက်၌ မင်းအဖြစ်ကိုရရှိလေ၏။ ဘုရားလောင်းသည် အဂတိလေးပါးကင်းရှင်းပြီး မင်းကျင့်တရားဆယ်ပါးဖြင့်အညီ မင်းပြုလေသည်။ အိမ်ရှေ့စံဘဝကရှိခဲ့သည့် နတ်ကိုးကွယ်မှုကို တားမြစ်ရန်အကြံကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် အမတ်၊ ပုဏ္ဏား၊ သူကြွယ်စသူတို့ကို စုဝေးစေသည်။ ထို့နောက်မိမိမင်းအဖြစ်ရောက်ရှိခဲ့ရသည့်အကြောင်းကို သိရှိကြခြင်းရှိမရှိ မေးမြန်းလေသည်။ မသိရှိကြကြောင်း လျှောက်ထားလျှင် မိမိသည်ပဉ္စောင်ပင်၌ နံ့သာအစရှိသည်တို့ကို ပူဇော်ပြီးလက်အုပ်ချီ၍ ရှိခိုးခဲ့သောကြောင့် မင်းဖြစ်ခဲ့ကြောင်း၊ မင်းအဖြစ်သို့ရောက်ရှိပါက ပူဇော်ခြင်းပြုရန်ကတိပြုထားကြောင်း၊ ယခုပူဇော်ရန်အချိန် ရောက်ပြီဖြစ်၍ လိုအပ်မှုများစီစဉ်ရန်ကို အမတ်၊ ပုဏ္ဏား၊သူကြွယ်တို့အား မိန့်ကြားလေသည်။ အမတ်၊ ပုဏ္ဏား၊ သူကြွယ်တို့ကမည်သို့စီစဉ်ရမည်ကို မသိကြောင်း လျှောက်ထားကြသည်။ မင်းကြီးကသူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ သူများသားမယားကို ပြစ်မှားခြင်း၊ မုသားစကားဆိုခြင်၊ သေရည်သေရက်သောက်စားခြင်း စသောငါးပါးသီလပျက်ကြသူတို့ကို သတ်၍အသွေးအသား၊ အူသိမ်အူမတို့ဖြင့် ပူဇော်ရန်ကတိပြုထားခဲ့သည့်အတိုင်း ပြုရန်ဖြစ်ကြောင်း၊ ပြည်သူပြည်သားအပေါင်းတို့ သိရှိအောင် ဗာရာဏသီမြို့တွင်း၌ စည်လည်တီး၍ ကြေညာရန်ဖြစ်ကြောင်း မိန့်ကြားတော်မူ၏။

မှူးမတ်တို့လည်း ဘုရားလောင်း၏ မိန့်မှာချက်အတိုင်း မြို့အတွင်းမောင်းလည်တီး၍ ကြေညာလေ၏။ ထိုအခါမှစပြီး တိုင်းနိုင်ငံ၌ နေကြသူအပေါင်းတို့သည် အကျင့်သိက္ခာနှင့်ပြည့်စုံ၍ငါးပါးသီလ၊ ဆယ်ပါးသီလ မြဲလာကြလေ၏။ ဘုရားလောင်း ကိုယ်တော်တိုင်လည်း ဒါနအစရှိသော ကောင်းမှုတို့ပြုခြင်းကြောင့် ဘုရားလောင်းနှင့်တကွ ပြည်သူအပေါင်းတို့သည် အသက်၏အဆုံး၌ ကောင်းရာသို့ လားကြလေသည်။

မြတ်စွာဘုရားသခင်က မိမိသည်ယခုအခါမှသာ လောက၏အကျိုးစီးပွားကို ကျင့်သည်မဟုတ်ဘဲ ရှေး၌လည်း ဤသို့ ကျင့်ခဲ့သည်သာဖြစ်ကြောင်း ဟောကြားကာ ဇာတ်ပေါင်းတော်မူလေသည်။ ယခုမြတ်စွာဘုရား၏ ပရိသတ်သည် ထိုအခါက ဗာရာဏသီမင်း၏ ပရိသတ်များပင်ဖြစ်သည်။

# Dummedha Jataka

## (Giving service to the interests of humankind)

Buddha while on sojourn in Zetawun Monastery once gave a sermon on account of Dummedha Jataka in the service of the interests of humankind.

Long ago, while King Byamadat was in reign at Bayanathi, embryo-Buddha took conception in the womb of the queen. When he was born, he was named Byamadat. When he became 16 he had mastered the Three Jewels of Prediction and had also mastered the techniques of 18 kinds of arts.

At that time the people of Bayanathi propitiated the nats, killing many chicken, pigs and goats as sacrifices. When the embryo-Buddha saw it he was repentant that many people had been committing the sins. So he thought of putting a stop to it when he became king.

One day the embryo-Buddha was on tour in town when he saw many people assembled at great banyan tree. He enquired and found out that they were praying for sons, daughters, and riches. So he got out of the carriage and joined the crowd, going to the banyan tree, offering flowers and going round it like those who propitiated the nats.

Since then he did so quite often like nat worshippers. When the king died he became king. He ruled with abstinence of four sins and adherence to ten ways of good kings. He also planned to stop nat worship. So he assembled the ministers, ponnas, rich men in the city and asked if they realized he had become king. They had not. He said he had become so as he had joined them in praying at the banyan tree and he had promised he would give a big charity if he became king. So he asked them to prepare for it. They said they did not know how. The king replied that he had promised to offer flesh and blood of those who killed, those who stole, and those who committed the five cardinal sins and so he asked that it be declared all over Bayanathi.

The ministers did so with a town crier and gongs. Since then the people observed abstinence from the five cardinal sins. The embryo-Buddha too did good deeds. So they passed into appropriate lives upon death.

Thus the Buddha served the interests of mankind not just now but even before that. The Buddha's disciples at that time were those of Bayanathi then.

# မဟာသီလဝဇာတ်

## (ယောကျ်ားတို့လုံ့လသေခါမှလျှော့)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် လုံ့လဝီရိယကို လျှော့လျက်ရှိကြောင်းသိရှိတော်မူလေသည်။ မြတ်စွာဘုရားသည် ထိုရဟန်းအားခေါ်ယူ၍ လုံ့လဝီရိယလျှော့လျက်ရှိသည်မှာ မှန်ကန်ခြင်းရှိမရှိမေးရာ၊ ရဟန်းက မှန်ကြောင်းဝန်ခံ၏။ ထိုအခါမြတ်စွာဘုရားက ဝဋ်ဆင်းရဲမှလွတ်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြုလျက် ဝီရိယကိုလျှော့ရန်မသင့်ကြောင်း၊ ရှေးအခါကပညာရှိတို့သည် မင်းအဖြစ်မှယုတ်လျော့ခဲ့ရသော်လည်း ဝီရိယအကျိုးကြောင့် ပျက်စီးပြီးသော စည်းစိမ်အခြွေအရံတို့ကို ပြန်လည်ရရှိခဲ့ဖူးသည်ဟု မိန့်တော်မူပြီး ဤမဟာသီလဝဇာတ်ကို ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုချိန်တွင် ဘုရားလောင်းသည် မင်းကြီးမိဖုရားဝမ်း၌ သန္ဓေယူ၏။ ဘုရားလောင်းအားမွေးဖွားသည့်အခါ သီလဝမင်းဟုအမည်မှည့်၏။ မင်းကြီးနတ်ရွာစံသောအခါ ဘုရားလောင်းသည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ခန္တီမေတ္တာကရုဏာနှင့် ပြည့်စုံသောမင်းအဖြစ်မင်းပြု၏။

ဘုရားလောင်း သီလဝမင်း၏အမတ်တစ်ဦးသည် နန်းတော်တွင်း၌ပြစ်မှုကျူးလွန်ခဲ့၏။ ထိုအခါဘုရားလောင်းသည် ထိုအမတ်အားတိုင်းနိုင်ငံမှ ပြည်နှင်ဒဏ်ပေးလိုက်၏။ ထိုအမတ်သည် ကောသလမင်းထံပါးသို့ ဝင်ရောက်ခစားလေသည်။ ထိုအမတ်လည်း ကောသလမင်း၏ ယုံကြည်မှုရရှိသောအချိန်တွင်၊ ကောသလမင်းအား မဟာသီလဝမင်းသည် အလွန်နူးညံ့သဖြင့် ဗာရာဏသီပြည်ကို ချီတက်တိုက်ခိုက်ပါက အလွယ်တကူသိမ်းပိုက်ရရှိနိုင်ကြောင်းလျှောက်ထား၏။ ကောသလမင်းကြီးလည်း ဗာရာဏသီပြည်သည် အလွန်အင်အား တောင့်တင်းကြီးကျယ်သည်ဖြစ်ရာ အလွယ်တကူသိမ်းရန် မလွယ်ကူကြောင်း၊ အမတ်ကြီးသည် သူလျှိုအဖြစ်လာခြင်းလောဟု သံသယဖြစ်၍ မိန့်ကြားလေသည်။ ထိုအခါအမတ်ကြီးက မင်းကြီး၏ မင်းချင်းတို့ကို ဗာရာဏသီမြို့စွန်အနား ရှိရွာငယ်တို့ကိုသွားရောက်ဖျက်ဆီးစေပါရန်၊ ထိုသူတို့ကိုဖမ်းမိ၍ သီလဝမင်းရှေ့မှောက်ရောက်ပါက ဥစ္စာပေး၍လွှတ်လိုက်လိမ့်မည်ဟုလျှောက်၏။ မင်းကြီးလည်း အမတ်ကြီးအကြံပေးသည့်အတိုင်းပြုစေသည်။ ခိုးသူတို့ သီလဝမင်းထံ ရောက်သော် သလဝမင်းက အဘယ်အကြောင်းကြောင့် ရွာကိုတိုက်ခိုက်ဖျက်ဆီးသည်ကိုမေး၏။ ထိုသူတို့က အသက်မွေးခြင်းငှာ မတတ်နိုင်ကြ၍ ဖြစ်ပါသည်ဟု လျှောက်ကြ၏။ သီလဝမင်းကြီးကနောင်ကို ဤသို့မပြုကြရန် ဆုံးမပြီးလျှင် ဥစ္စာများပေး၍ ပြန်လွှတ်လေ၏။

ထိုမင်းချင်းတို့လည်း ပြန်လာ၍ကောသလမင်းအား အကြောင်းလစုံကို လျှောက်လေ၏။ ကောသလမင်းသည် ဤမှုဖြင့် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် မဝံ့သေး၍မြို့ခုလတ်၊ မြို့လယ်အထိ သုံးကြိမ်တိုင် ဖျက်ဆီးစေ၏။ မဟာသီလဝသည် တရားစောင့်သိပြီး၊ နူးညံ့သိမ့်မွေ့သည်ကို အသေအချာသိရမှဗာရာဏသီကို သိမ်းရန်ချီတက်လေ၏။

ကောသလမင်း၏တပ်များတိုင်းစွန်အနီးသို့ရောက်သော် မဟာသီလဝ၏သူရဲကောင်း တို့က ကောသလမင်း၏ စစ်ကိုဖြိုဖျက်တိုက်ခိုက်ခွင့်ပြုရန်လျှောက်သည်။ ထိုအခါမင်းကြီးက သူတစ်ပါးတို့အား ဆင်းရဲခြင်းမဖြစ်စေလိုကြောင်း တိုင်းပြည်ကိုအလိုရှိသူအား တိုင်းပြည်ကိုယူပါစေဟုဆို၍ တားမြစ်တော်မူ၏။

တိုင်းစွန်၊ တိုင်းလယ်၊ မြို့လယ်ဤသုံးဌာနတို့ကို ကောသလမင်း၏ စစ်ရောက်သည့်တိုင် ရှေးနည်းအတိုင်းသာ တားမြစ်တော်မူ၍ မြို့တံခါးကို ဖွင့်စေပြီးလျှင် အမတ်တစ်ထောင်နှင့်တကွ မြတ်သောပလ္လင်ထက်၌နေလင့်၏။

ကောသလမင်းသည် တစ်စုံတစ်ရာခုခံခြင်းမရှိသည့် အပြစ်ကင်းသော မဟာသီလဝမင်းနှင့် တကွအမတ်တစ်ထောင်တို့ ကိုအလွယ်တကူဖမ်းယူလိုက်၏။ ထို့နောက် သုသာန်မြေတွင်လည်ပင်း ထိအောင် မြှုပ်ပြီးထား၏။ ညဉ့်အခါ၌ မြေခွေးတို့လာရောက်စားသောက်ကြစေရန် ထားခဲ့ကြလေ၏။

ဤသို့ပြုလုပ်ကြသည်ကို မဟာသီလဝမင်း၏ အဆုံးအမကိုခံယူထားကြသော အမတ်တို့သည် မိမိတို့မင်း၏ အလိုအတိုင်းသာလိုက်နာကြကုန်၏။ မင်းကြီးလည်း ရန်သူတို့အား တစ်စုံတစ်ရာ အမျက်ထွက်ခြင်းကို မရှိဘဲ မေတ္တာတရားကိုပွားကြရန် အမတ်တို့အားဆုံးမ၏။

ညဉ့်အချိန်ရောက်သော် လူသားစားမြေခွေးတို့သည် ရောက်ရှိလာကြ၏။ထိုအခါ မင်းနှင့်တစ်ကွအမတ်တစ်ထောင်တို့သည် တစ်ပြိုင်နက်အော်ဟစ်ကြလျှင်မြေခွေးတို့ ကြောက်လန့်၍ ပြေးကြကုန်၏။ ထိုမြေခွေးတို့ ပြေးလွှားရင်းနောက်သို့ပြန်ကြည့်ရာ တစ်စုံတစ်ယောက်သောသူမျှ လိုက်မလာသည်ကိုသိ၍ ပြန်လာကြ၏။ဤသို့သုံးကြိမ် အော်ဟစ်၍ သုံးကြိမ်ပြေးပြီးသောအခါ မြေခွေးတို့သည် ကြောက်လန့်ခြင်းမရှိတော့ဘဲ မင်းကြီးတို့အားကိုက်ခဲရန်ကပ်လာကြ၏။

မြေခွေးကြီးတစ်ကောင်သည် မင်းကြီးထံပါးသို့ကပ်လာပြီ မင်းကြီးအားကိုက်ခဲရန် မြေခွေး၏ ဦးခေါင်းဝင်လာသည်နှင့်တစ်ပြိုင်နက် မြေခွေး၏လည်ကို ကိုင်ဖမ်းထားလေ၏။ မင်းကြီးသည် အားအလွန်ကြီးသည်ဖြစ်၍ မြေခွေးကြီးမလွတ်နိုင်ဘဲပြင်းစွာအော်ဟစ်သဖြင့် အခြားမြေခွေးတို့သည် ကြောက်လန့်တကြားပြေးလေ၏။

မင်းကြီးဖမ်းထားသောမြေခွေးကြီးသည် အားစိုက်ရုန်းသည်နှင့် တဖြည်းဖြည်း မြေချောင်လာသည်။ မင်းကြီးသည်မြေခွေးကြီးကို လွှတ်လိုက်သည့်အခါ မြေတွင်းမှ အလွယ်တကူ ထွက်ပြီးအမတ်တစ်ထောင်တို့အားလည်း ကယ်ယူလေ၏။

ထိုအချိန်တွင် သုသာန်၌ စွန့်ပစ်ထားသော လူသေကောင်ကို ဘီလူးနှစ်ကောင် တို့သည် အဝေမတည့် မဝေတတ်ဘဲဖြစ်နေကြသည်။ သီလဝမင်းကြီးသည် တရားစောင့်သူဖြစ်၍ မျှတစွာခွဲ ဝေပေးနိုင်ကြောင်း သိကြသဖြင့် မင်းကြီးကိုခွဲဝေ ပေးရန် တောင်းပန်ကြ၏။ မင်းကြီးလည်း ရေချိုးသန့်စင်ပြီး နောက်ကောသလ မင်းထံမှ နံ့သာ အဝတ်အစား၊ သန်လျက်တို့ကို ဆောင်ယူစေ၍ ဝတ်စားပြီး လူသေကောင်ကို ခြမ်း၍ဝေပေးရာ ဘီလူးတို့များစွာ ဝမ်းမြောက်ကျေးဇူးတင်ကြ၏။

ထို့နောက် ဘီလူးတို့က အရှင်မင်းကြီး အလိုရှိသည်ကို မိန့်တော်မူပါက ဆောက်ရွက် ပေးပါမည်ဟု ဆိုကြသည်။ မင်းကြီးကလည်း ခိုးသူမင်းကောသလရှိရာ မင်းကြီး၏ ကျက်သရေတိုက်သို့ ပို့ပေးရန်မိန့်တော်မူ၏။

ဘီလူးတို့၏ အစွမ်းဖြင့် မင်းကြီးအား ကျက်သရေတိုက်သို့ ညဉ့်အခါ ပို့ဆောင်၏။ မဟာသီလဝမင်းကြီးသည် သန်လျက်ဖျားဖြင့် ခိုးသူမင်းကောသလမင်း၏ဝမ်းကို ထိရိုက်၍နိုးစေ၏။ ကောသလမင်းလည်း ကြောက်လန့်တကြား ထ၍မဟာသီလဝမင်း ဖြစ်ကြောင်း သိမှမည်သို့ ရောက်လာပုံကို မေးလျှောက်သော် မဟာသီလဝ မင်းကြီးလည်း အလုံးစုံကို ပြန်ကြားလေသည်။

ထိုအခါကောသလမင်းသည် လူဖြစ်လျက်နှင့် မင်းကြီး၏သီလကျေးဇူးဂုဏ်တို့ကို မသိခဲ့ဘဲ လူသားစား ဘီးလူးတို့ကား သိတတ်ကြ၏။ ၎င်းမှားချေပြီဟု တောင်းပန်တိုးလျှိုး၍ ရှိသေစွာ ကန်တော့၏။

ထို့အပြင် နံ့နက်လင်းသော် မှူးမတ်၊ သူဌေးသူကြွယ်၊ စစ်သည်အပေါင်းတို့အား စည်းဝေးစေ၍ မဟာသီလဝမင်း၏ ကျေးဇူးဂုဏ်တို့ကို ဖော်ပြကာ ၎င်းကိုယ်တိုင် တောင်းပန်ဝန်ချလျက် တိုင်းပြည်ထီးနန်းကို ပြန်ပူဇော်၏။

မြတ်စွာဘုရားသည် မဟာသီလဝမင်းကြီး၏ လုံ့လဝီရိယကြောင့် အမတ် တစ်ထောင်တို့၏ အသက်ကို ကယ်တင်နိုင်သည့်အပြင် မင်းကြီးကိုယ်တိုင်လည်း အသက်ဘေးမှလွတ်၍ ဆုံးရှုံးခဲ့ပြီးသော ထီးနန်းစည်းစိမ်ကိုပြန်၍ရ၏။ ထို့ကြောင့် လောက၌ မပြတ်သော အာသာဖြင့် လုံ့လဝီရိယကို ပြုကြရပေမည်ဖြစ်ကြောင်း ဟောကြားကာ လုံ့လဝီရိယရှိသောသူအား လိုအပ်သောအကျိုးသည် ပြီးနိုင်၏ဟု ဥဒါန်းကျူးတော်မူလေသတည်း။

ထိုအခါက မဟာသီလဝမင်းသည် ယခုဘုရားဖြစ်ပြီး ကုန်းချောသော အမတ်သည် ဒေဝဒတ်ဖြစ်လာ၏။

# Maha Silawa Jataka

## (Men giving up tenacity only upon death)

Buddha was on sojourn in Zetawun Monastery when he learned that a monk was lax in his tenacity. He called the monk and asked if it was not true that he had days of laxity in tenacity, whereupon the monk acquiesced. Buddha said that monks should not have such laxity. He said there had been those who lost their kingship but had managed to regain the lost riches owing to tenacity. Thus he gave the sermon of Maha Silawa Jataka.

Long ago, King Byamadat was in reign in Bayanathi when the embryo-Buddha took conception in the womb of the queen. On being born he was named King Silawa. On his father's demise, he became a king who gave charity, who observed the sila, and who was full of khanti, metta and karuna.

Under his reign, a representative in the palace committed a sin there. The king had him deported. The representative went over to King Kothala and served him. After some time having gained the king's confidence, he told the king that it would be very easy to take Bayanathi as King Silawa was so gentle. King Kosala said Bayanathi was so great and strong and it would not be easy to take the city. He asked with suspicion if the representative was a spy. He asked the king to send his pages to wreck the outskirts of Bayanathi saying they would be caught and sent before the king, who would give them riches and set them free.

The king did as told by him. They were duly caught and presented before the king who asked why they did it. They said they were unable otherwise to earn their livelihood. The king asked them not to do it again and set them free giving them riches.

The pages came back and reported all to King Kothala. The king was not much encouraged to take Bayanathi but he sent raids to wreck the outskirts nearer to the city for three times. Only when the king felt certain that Maha Silawa was gentle and he upheld the law did the king mount a campaign to take Bayanathi.

When Kothala's forces got to the fringes of Bayanathi, heroes in the forces of Maha Silawa asked for permission to destroy them. The king declined saying he would not want any misery for them and would let the country be taken by anyone who would want it.

Every time the forces of Kothala got to the outskirts, the middle of the taing and the middle of the city, the king did so. He opened the gates of the city and seated himself on the throne flanked by a thousand representatives.

King Kosala took prisoner the king and the thousand representatives that were without defense and innocent. He left them buried upright to the neck, and at the mercy of the foxes.

.The representatives did as told to do by their king. The king did nothing but to radiate metta, without any hatred.

When night fell, man-eating foxes came. The king and the thousand representatives made a single cry. The foxes were frightened and ran away. But when they looked back, they saw nothing coming after them. After it happened three times the foxes got bolder and came to devour the king.

As the leading fox came for the king, the king seized it by its neck. The fox could not escape the great force of the king. When it cried in terror, the other foxes ran away.

The fox that attacked the king made a frenzied attempt to escape. It loosened the hold on the king and eventually let the king escape when the king finally let go of the fox. The king was able to save himself and the thousand representatives.

In the meantime, two ogres were in dispute over the body of an ordinary dead man. They knew the king to be just. So they asked him to apportion their share. The king bathed himself, and had the royal dress and the thanlyet taken from the captor king to adorn himself and then apportioned the body, much to the delight of the ogres.

The ogres said they would comply with the king's wishes. The king said he wanted to be in the auspicious chamber of the captor king.

When he got there, King Maha Thilawa struck the captor king with a tip of the thanlyet. The captor king was frightened and so asked how it was. King Maha Thilawa told him all.

Thereupon, the king said he had not known the true king although the ogres did and so he begged for forgiveness. When morning came, he assembled all the members of the court, extolled the virtues of King Maha Thilawa and returned the throne.

Such was the tenacity of embryo-Buddha.

# ပုဏ္ဏပါဠိဇာတ်
## (သေသောက်ကြူးသူတို့လှည့်ပတ်ခြင်း)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကာလတွင် သာဝတ္ထိပြည်၌ သေသောက်ကြူးတစ်စု နေထိုင်ကြလျက်ရှိ၏။ တစ်နေ့တွင်၎င်းတို့သည် သေရည်ဖိုး ရရှိရန်အတွက် စည်းဝေးကြ၏။ တစ်ယောက်သောသေရည်သမားက အနာထပိဏ် သူ ဌေးသည် မင်းထံပါးခစားရန် လာလမ်းမှစောင့်ဆိုင်းကာ မိန်းမောစေသည့် ဆေးခတ်ထားသော သေရည်ကို အနာထပိဏ်သူဌေးအား တိုက်ကျွေးမည်၊ သူဌေးသည်သေရည်ကြောင့် မိန်းမောသွားလျှင် သူဌေးဝတ်ဆင်လာသည့် လက်စွပ်နှင့်ပုဆိုးတို့ကို ချွတ်ယူပြီးသေရည်ဖိုးအဖြစ် အသုံးချရန် အကြံပြုသည်၊ ကျန်သေရည်သမားတို့ကလည်း သဘောတူညီကြသည်ကြောင့် အနာထပိဏ်သူဌေးကို စောင့်ဆိုင်းနေကြသည်။

အနာထပိဏ်သူဌေးလာသည်ကို တွေ့မြင်လျှင်သေရည်သမားသည် ခရီးဦးကြိုပြုရှိခိုးပြီးလျှင် အလွန်နှစ်သက်ဖွယ် သေရည်ကိုအတန်ငယ်သောက်ပါရန် တောင်းပန်ကြ၏။ အနာထပိဏ်သူဌေးသည် ဘုရားတပည့်သောတာပန်ဖြစ်၍ သေရည်ကိုသောက်လေ့မရှိပေ။ သို့သော်ထိုသေရည်သမားတို့၏ အခြေအနေကို စုံစမ်းလိုသဖြင့် လိုက်ပါသွား၏။ သေရည်သမားတို့သည် သေရည်ကိုအသေအချာ ဖော်စပ်ထား၍ ကောင်းလှကြောင်းဆိုသည်။ ထိုအခါအနာထပိဏ်သူဌေးက သေရည်သမားတို့သည် ကောင်းလှသည်ဟူသော သေရည်ကို ကိုယ်တိုင်မသောက်ကြဘဲ တစ်ပါးသူကိုသာ သောက်စေခြင်းမှာ ဆေးခတ်ထားသော သေရည်ဖြစ်ပြီး လာသမျှသူတို့အား လှည့်ဖြားသောက်စေပြီးလျှင် မိန်းမောက လုယက်ရန် ကြံစည်ထားကြခြင်းမဟုတ်လား။ အကယ်၍ ဆေးခတ်ထားခြင်းမရှိကလည်း သေရည်သမားတို့သည်လည်း သောက်ကြရမည်ဟု ပြောဆိုကြိမ်းမောင်းသဖြင့် သေရည်သမားတို့လည်း ထိုနေရာမှထွက်ပြေးကြ၏။

အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိသောအခါ မြတ်စွာဘုရားအား အကြောင်းစုံကိုလျှောက်ထား၏။ မြတ်စွာဘုရားသခင်က သေသောက်ကြူးသူတို့သည် ယခုမှသာ သူဌေးကိုလှည့်ပတ်လိုကြခြင်းမဟုတ်ဘဲ ရှေးအခါကလည်း ပညာရှိတို့ကိုလှည့်ပတ်လိုကြကြောင်း မိန့်တော်မူ၏။ ထိုအခါအနာထပိဏ်သူဌေးက လျှောက်ထားတောင်းပန်သဖြင့် မြတ်စွာဘုရားသခင်သည် ပုဏ္ဏပါတိဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုနေချိန်တွင် ဘုရားလောင်းသည် ဗာရာဏသီသူဌေးဖြစ်၏။ ထိုအခါ၌လည်း ဗာရာဏသီ၌ရှိကြသော သေရည်အသောက်ကြူးသူတစ်စုသည် ဘုရားလောင်းအား လှည့်ပတ်ရန်ကြံစည်ကြ၏။ ဘုရားလောင်းက မိမိသည်မင်းထံ ခစားရမည်ဖြစ်၍ သေရည်သောက်ပြီးသွားရန် မသင့်လျော်သဖြင့် အပြန်တွင်မှ ဝင်လာမည်ဟု ဆိုကာမင်းထံပါးခစားရန် သွားလေသည်။ ဘုရားလောင်းသည် မင်းအားခစားပြီးအပြန်တွင် သေသောက်ကြူးသူတို့ရှိရာအရပ်သို့ ဝင်ခဲ့သည်။ ဘုရားလောင်းသည် သေသောက်ကြူးသူတို့ ထံရောက်သည့်အခါ သေရည်ခွက်ကိုကြည့်လျှင် သေရည်ခွက်တို့မှာ မူလအတိုင်းအပြည့်ရှိနေသည်ကို တွေ့ရသည့်အပြင် သေသောက်ကြူးသူတို့၏ အမူအရာကို မနှစ်သက်သဖြင့် ဤသေရည်ကို ကောင်းလှကြောင်းချီးမွမ်းကြပြီး အဘယ်ကြောင့် မသောက်ဘဲ နေကြကုန်သနည်း။ ထိုသေရည်သည် အမှန်ပင်နှစ်သက်ဖွယ်ဖြစ်က ၎င်းတို့ကိုယ်တိုင် သောက်ကြရန် ပြောဆိုလေသည်။ ထိုအခါသေသောက်ကြူးသူတို့လည်း မတုန်မလှုပ်ဖြစ်နေကြသည်ကြောင့် ဘုရားလောင်းသည် ၎င်းတို့အားခြိမ်းခြောက်၍ လွှတ်လိုက်လေသည်။ ဘုရားလောင်းသည် အသက်ထက်ဆုံး ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာလား၏။

မြတ်စွာဘုရားသခင်က ယခုသေရည်အသောက်ကြူးသူတို့သည် ရှေးအခါက သေရည်အသောက်ကြူးသူ တစ်စုပင်ဖြစ်ပြီး ထိုသို့မလျော်ကန်သည့် လှည့်ပတ်မှုပြုရန် ကြိုးစားခဲ့ကြောင်း ဟောကြားလေသည်။

# Punnapati Jataka

## (Deception of men who drank too much)

While Buddha was on sojourn in Zetawun Monastery, there were some people in Thawutti who drank too much. One day they met to think of ways to get their drinks. One of them suggested that they should lie in wait for Anahtapain the rich man as he came to the king and ply him with liquor that would main him and when he got so maimed they should make away with jewelleries on him as their fund for liquor. The others agreed and so they lay in wait on the way.

When he came, they invited him to partake of the very delicious liquor. Anahtapain was a sotapan and was not prone to drinks but he wanted to enquire about them and so he went along. When it came to reality he said the liquor was one to maim all those who came to them to be duped: otherwise they too should partake of the liquor too, so the men ran away in a quandary.

When the rich man arrived at Zetawun Monastery, he supplicated all to Buddha. Buddha said those who drank too much were wont to trick people not just now but even before in their past life as they wanted to dupe learned men. At the rich man's request, Buddha gave the sermon of Punnapati Jataka.

Long ago, when Byamadat was reigning in Bayanathi, embryo-Buddha was the rich man of Bayanathi. The drunkards of the town tried to dupe the embryo-Buddha. Taunted by the drunkards, the rich man thought he should be in audience with the king and so should not drink liquor. So he said he would drop in only upon his return. When he did in fact, he saw the cup was full as unused before. He did not like their airs so he asked why they had not drunk any. He said if the drinks were as good as they said they were, they should drink them themselves. When they were thus unable to do anything, he threatened them and they ran away.

Buddha said the people with excessive urge for drinks were those that tried to dupe the rich man Anahtapain.

# ကိံ ဖလဇာတ်

## (အရာရာ၌ ဆင်ခြင်သော်အကျိုးရှိ၏)

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိ ပြည်၌နေသော သူကြွယ်တစ်ဦးသည် ဘုရားအမှူးရှိသော ရဟန်းတော်များအား နေအိမ်သို့ပင့်ဖိတ်၍ ခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း၏။ ထို့နောက်ဥယျာဉ်စောင့်ကို ရဟန်းများအား ဥယျာဉ်အတွင်း လှည့်လည်ပြသကာ သရက်သီးအစရှိသော စားဖွယ်သစ်သီးများကို ဆက်ကပ်ရန်မှာကြားလေသည်။ ဥယျာဉ်စောင့်သည် ရဟန်းသံဃာတို့အား ပင့်ဆောင်ကာ ဥယျာဉ်အတွင်း လှည့်လည် ပြသရာသစ်ပင်ကို ကြည့်သည်နှင့် အပင်ရှိအသီးသည် စိမ်းနေသေးကြောင်း၊ အသီးသည်မမှည့်သေးကြောင်း၊ အသီးသည် ကောင်းစွာမှည့်နေပြီ ဖြစ်ကြောင်းတို့ကို ရှင်းလင်းလျှောက်ထားလေသည်။

ဥယျာဉ်စောင့် လျှောက်သည့်အတိုင်းပင် အသီးများ၏အခြေအနေ မှန်ကန်သည်ကို ရဟန်းသံဃာတို့က တွေ့ရှိကြသည်ကြောင့် မြတ်စွာဘုရားရှေ့မှောက်သို့ ပြန်လည်ရောက်ရှိသော အခါ ဥယျာဉ်စောင့်သည် မြေ၌ရပ်လျက်ပင် သစ်သီးကိုကြည့်ပြီး စိမ်းခြင်း၊ မှည့်ခြင်းတို့ကို မှန်ကန်စွာဆိုနိုင်ကြောင်း လျှောက်ထားလေသည်။ မြတ်စွာဘုရားသခင်က ရှေး၌ပညာရှိတို့သည်လည်း သစ်သီးကိုကျွမ်းကျင်ခဲ့သည်သာ ဖြစ်သည်ဟုမိန့်တော်မူလျက် အတိတ်ကိုဆောင်ကာ ဤကိံ ဖလ ဇာတ်ကိုဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်ကို စိုးစံစဉ်တွင် ဘုရားလောင်း သည်လှည်းကုန်သည်မျိုးဖြစ်၏။ ဘုရားလောင်းသည် အရွယ်ရောက်သောအခါ လှည်းကုန်သည်မှူး အဖြစ်လုပ်ဆောင်သည်။ တစ်နေ့တွင် လှည်းသားငါးရာနှင့်အတူ ကုန်သွယ်သွားရာတောအုပ်ကြီး တစ်ခု၏ အဝင်ဝသို့ ရောက်ရှိလေသည်။

ထိုအခါဘုရားလောင်း လှည်းကုန်သည်မှူးသည် ငယ်သားများအား ဤတော၌ အဆိပ်ရှိသော အပင်၊ အရွက်၊ အပွင့်၊ အသီးတို့သည်ရှိကုန်၏။ ထို့ကြောင့် မသုံးဆောင်ဖူးသော အသီး၊ အရွက်၊ အပွင့်များကို မိမိ၏ခွင့်ပြုချက်မရဘဲ တစ်စုံတစ်ရာကိုမျှ မစားကြရန် ဆုံးမ ထားလေသည်။

ထိုတောအုပ်၏ အဝင်ဝအနီး၌ ရွာတစ်ရွာရှိပြီး ရွာအနီးတွင် ကိံဖလမည်သော သစ်ပင်တစ်ပင်ရှိ၏။ ထိုကိံဖလသစ်ပင်၏ ပင်စည်၊ အခက်၊ အရွက်၊ အသီး အလုံးစုံတို့သည် သရက်နှင့်တူ၏။ အဆင်းသဏ္ဌာန်အားဖြင့်သာမက အနံ့အရသာ၊ သစ်သီး၏အစိမ်းအမှည့်တို့သည်လည်း သရက်နှင့်တူလေသည်။ သို့ရာတွင် အသီးကိုစားမိလျှင် အဆိပ်ကိုစားမိသကဲ့သို့ ချက်ချင်းလတ်တလော သေစေတတ်၏။

ဘုရားလောင်း၏ ရှေ့ကသွားနှင့်သော လှည်းသမားတို့တွင် အချို့လျှပ်ပေါ်သော သူတို့သည် ထိုအဆိပ်သီးကို သရက်သီးအမှတ်ဖြင့် မမေးမြန်းဘဲ စားကြကုန်၏။ အချို့လိမ္မာသောသူတို့သည် စုံစမ်း၍စားအံ့ဟု သစ်သီးကိုကိုင်ရပ်ကာ ဘုရားလောင်းလှည်းမှူးအား စောင့်ဆိုင်းပြကြကုန်၏။

ဘုရားလောင်းလှည်းမှူးလည်း အဆိပ်သီးဖြစ်ကြောင်းကို သိ၍မစားသေးသော သူတို့ကို တားမြစ်ပြီးလျှင် စားပြီးသောသူတို့ကို အန်ဆေးကျွေး၍ အန်စေပြီးမှ စတုမဓုကို တိုက်ကျွေး၍အသက်ရှင်စေသည်။

ဤသို့လှည်းကုန်သည်များသည် ထိုသစ်ပင်ရင်း၌ တည်းခိုပြီးအသီးကို စားမိသောကြောင့် သေဆုံးကြလျှင် နောက်တစ်နေ့၌ အနီးရှိရွာမှ လူတို့သည်လာရောက်၍ လှည်း၊ နွား၊ ကုန်စည်တို့ကိုသိမ်းယူ လေ့ရှိကြကုန်၏။ ယခုလည်း ထိုသို့သိမ်းယူရန်ဟု လာကြရာလှည်းကုန်သည်တို့ တစ်စုံတစ်ရာမဖြစ်သည်ကို မြင်သောအခါ ဘုရားလောင်းအား အဆိပ်သီးဖြစ်ကြောင်းကို မည်သို့သိသနည်းဟုမေးကြ၏။

ဘုရားလောင်း လှည်းမှူးကလည်း ဤသစ်ပင်သည် ရွာနှင့်မဝေးနီးကပ်စွာတည်ရှိပြီး အသီးကိုဆွတ်ခူးရန်မခဲယဉ်းသော်လည်း လူတို့သည် ဆွတ်ခူးကြခြင်းမပြုဘဲ အသီးအပွင့်စုံလင်နေခြင်းကြောင့် မစားကောင်းသော အဆိပ်သီးဖြစ်ကြောင်း ထင်ရှား၏ဟု ရှင်းလင်းပြောကြားကာ လူအများအား တရားဟော၍ ချမ်းသာစွာဖြင့်သွားစေ၏။

မြတ်စွာဘုရားသည်လည်း ရဟန်းတို့အား ရှေးအခါက ပညာရှိတို့သည် ဤသို့လျှင် သစ်သီး၌ ကျွမ်းကျင်ပြီး အရာရာဆင်ခြင်၍ အသက်ပေါင်းများစွာ ကာကွယ်နိုင်ခဲ့ကြောင်း ဟောကြားကာ ဇာတ်ပေါင်းတော်မူ၏။

# Kainphala Jataka

**(It is beneficial to be prudent generally)**

Buddha and monks at Zetawun Monastery were at one time invited by a rich man of the town of Thawutti. Then the rich man asked his gardener to show them round in the orchards to offer them fruits of their choice. They could tell by looking at the trees which fruits were ripe, which were not and which were ripe enough to be taken.

The monks upon return to Buddha supplicated that the gardener was indeed expert as he could say if the fruits were ripe just by looking at the trees. Buddha said learned men of old too were so skilled and he gave the Kainphala jataka.

Long ago King Byamadat was reigning in Bayanathi. Embryo-Buddha was a cart trader. When he came of age he worked as the leader of cart traders. One day he went on a trading journey. He got to the edge of a wood. He asked his men to be careful, as there were fruits, leaves and flowers that should not be taken and he told them not to take any without his knowledge.

Near by was a village and there was a tree named Kainphala. Its trunk, branches and leaves and fruits were like those of thayet (Mango). Its taste, smell and its fruition too were like the mango, but the only difference was that its fruit on being eaten meant instant death.

Those that went ahead of the embryo-Buddha were flippant and they inadvertently took the fruit, although some held the fruits and waited for the embryo-Buddha. The embryo-Buddha forbade those that had not taken the fruit and gave those that had taken the fruits a purgative and some medicine to save them.

It was usual for the villagers to come to that place and took away belongings of the traders who had died there after eating the fruits. When they came this time, nothing was amiss and so they asked why the embryo-Buddha knew it was deadly. The embryo-Buddha said the fruits were there within reach but they had not been eaten by anyone and so he suspected that they were deadly.

The embryo-Buddha gave a sermon to all those and made them go their way in peace.

# ပဉ္စာဝုဓဇာတ်
## (အနိုင်မခံအရှုံးမပေး)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးသည် ဝီရိယလျှော့ကြောင်း သိရှိတော်မူ၍ ထိုရဟန်းအား ရှေးအခါ၌ ပညာရှိတို့သည် ဝီရိယပြုရန်လိုအပ်သည့်အခါ ဝီရိယပြုခဲ့သဖြင့် မင်းစည်းစိမ်ကိုရရှိခဲ့ဖူးကြောင်း မိန့်တော်မူလျက် အတိတ်ကိုဆောင်ကာ ·ဤပဉ္စဝုဓဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်ကို မင်းပြုစိုးစံတော်မူနေစဉ် ဘုရားလောင်းသည် ထိုမင်း၏သားတော်ဖြစ်သည်။ ဘုရားလောင်း မင်းသားသည်ဘုန်းကံနှင့် ပြည့်စုံပြီး ငါးပါးသောလက်နက်တို့ဖြင့် ထင်ရှားကျော်ကြားမည်ဖြစ်ကြောင်း ပုဏ္ဏားတို့က နိမိတ် ဖတ်ကြသဖြင့် ဘုရားလောင်းအား ပဉ္စာဝုဓဟူ၍ အမည်မှည့်သည်။

ဘုရားလောင်းသည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ ဂန္ဓာရတိုင်း တက္ကသိုလ် ပြည်ရှိဒိသာပါမောက္ခဆရာထံမှ ပညာသင်ကြားလေသည်။ ဘုရားလောင်းသည် ပညာသင်ကြား တတ်မြောက်သောအခါ ဆရာကိုရှိခိုးပြီးလျှင် လက်နက်ငါးပါးကိုယူ၍ ဗာရာဏသီပြည်သို့ပြန်လေသည်။ ထိုသို့ပြန်ရာတွင် ဘုရားလောင်းသည် စေးသောအမွေးရှိ ဘီလူးစောင့်သည့် တောအုပ်၏အဝသို့ ရောက်ရှိလာသည်။ ထိုအခါဘုရားလောင်းအား မြင်ကြသောလူတို့သည် တောအုပ်အတွင်း မဝင်ရန် တားမြစ်ကြ၏။ ဘုရားလောင်းလည်း မကြောက်မရွံ့ မိမိကိုယ်ကို ယုံစားစွာဖြင့် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ တောအုပ်သို့ဝင်လေသည်။

တောအုပ်သို့ဝင်၍ မကြာမီပင်ဘီလူးနှင့်တွေ့လေသည်။ ဘီလူးသည် ထန်းပင်မျှမြင့်သော အရပ်၊ အိမ်ပမာဏရှိသောဦးခေါင်း၊ သပိတ်မျှရှိသောမျက်စိ၊ ငှက်ပျောဖူးမျှရှိသောအစွယ်၊ ဖြူသောမျက်နှာ၊ ပြောက်ကျားသောဝမ်း၊ ညိုသောလက်ခြေတို့ဖြင့် ကိုယ်ကိုပြ၍ ဘုရားလောင်းအား တားမြစ်ပြီး ငှင်း၏အစာဖြစ်ပြီဟုဆို၏။

မင်းသားလည်း ၎င်းကိုယ်ကိုကိုးစား၍ သတိနှင့်လာခဲ့သည်ဖြစ်၍ ဘီလူးအား သတိပြုနေတော့ဟုဆိုကြိမ်းမောင်းကာ အဆိပ်လူးသော မြားဖြင့်ပစ်လွှတ်၏။ ထိုမြားသည် ဘီလူး၏အမွေး၌ ကပ်ငြိနေလေ၏။ တစ်ဖန်ထပ်၍လွှတ်ပြန်၏။ ဤနည်းဖြင့် မြားငါးဆယ်ကုန်သည်အထိ ပစ်လွှတ်ရာ မြားအားလုံးတို့သည် အမွေး၌သာကပ်ငြိကုန်၏။ ဘီလူးလည်းမြားတို့ကို ခါချလျက်မင်းသားအနီးသို့ ချဉ်းကပ်လာ၏။

မင်းသားလည်း တစ်ဖန်ခြိမ်းခြောက်၍ သန်လျက်ဖြင့်ခုတ်လေ၏။ သန်လျက်လည်း ကပ်ငြိ၍နေလေ၏။ ဤနည်းဖြင့်မြားတောင့် ဆောက်ပုတ်တို့လည်း ဘီလူး၏ကိုယ်၌ ကပ်ငြိကြကုန်၏။

ထိုအခါမင်းသားသည် ဘီလူးအား ဤတောအုပ်သို့ဝင်လာသည်မှာ လက်နက်တို့ကို အားကိုး၍ ဝင်လာခဲ့သည်မဟုတ်၊ ကိုယ့်ကိုကိုယ်အားကိုး၍ ဝင်လာခဲ့ခြင်းဖြစ်၏။ ယခုပင်ဘီလူးအားသတ်၍ မှုန့်မှုန့်ညက်ညက်ကြေစေမည်ဟု ကြုံဝါးကြွေးကြော်လျက် လက်ယာလက်ဖြင့် ရှေးဦးစွာထိုးခတ်၏။ အမွေးတွင်ငြိနေလေ၏။ ထို့နောက်လက်ဝဲလက်၊ လက်ယာခြေ၊ လက်ဝဲခြေ၊ ဦးခေါင်းတို့ဖြင့် ထိုးခတ်လေရာ အလုံးစုံကပ်ငြိပြီး တွဲလျားနေသော်လည်း ကြောက်လန့်ခြင်း တစ်စုံတစ်ရာမရှိချေ။

ထိုအခါ ဘီလူးသည် ဤယောကျ်ားကား ယောကျ်ားထူးယောကျ်ားမြတ် အာဇာနည်တည်း။ ဤတောအုပ်၌နေသည်မှာ ကြာပြီဖြစ်သော်လည်း ဤသို့ရဲရင့်သော ယောကျ်ားကို မတွေ့မမြင်ဖူးသဖြင့် မင်းသားအား အဘယ်ကြောင့် သေခြင်းကို မကြောက်ရွံ့သနည်းဟု မေးလေ၏။

မင်းသားလည်းလူတို့မှာ တစ်သက်တစ်ခါသေကြရမည်အမှန်ဖြစ်၍ ကြောက်ရန်မရှိကြောင်း၊ ထို့အပြင် ၎င်း၏ဝမ်း၌ ဝဇိရ်လက်နက်ရှိကြောင်း၊ အကယ်၍ ၎င်းကို စားပါက ထိုဝဇိရ်လက်နက်ကို ကြေခြင်းငှာ ဘီလူးသည် တတ်နိုင်မည် မဟုတ်ကြောင်း၊ ထိုလက်နက်သည် ဘီလူး၏အူတို့ကို အပိုင်းပိုင်းပြတ်စေပြီး ဘီလူးအား အသက်ကုန်ခြင်းသို့ ရောက်စေမည်ဖြစ်၍ နှစ်ဦးစလုံးသေကြရမည်ဖြစ်၍လည်း မကြောက်ကြောင်း ရဲရဲစွာဆိုလေ၏။ (ဝဇိရ်လက်နက်ဆို သည်မှာ ဘုရားလောင်းသည် ၎င်း၏ကိုယ်တွင်းရှိ ဉာဏ်လက်နက်ကို ရည်ရွယ်ပြောဆိုခြင်းဖြစ်၏။)

ထိုစကားကို ကြားလျှင်ဘီလူးသည် ဤယောကျ်ားသည် မှန်သောစကားကိုသာ ဆိုရာ၏။ ထိုသူ၏ဝဇိရ်လက်နက်မဆိုထားဘိ မင်းသား၏ ပဲနောက်စေ့မျှလောက်သော အသားမျှကိုပင် ကြေစေနိုင်မည်မဟုတ်ဟု တွေးမိပြီး သေဘေးမှ ကြောက်သဖြင့် ဘုရားလောင်းအား လွှတ်လပ်စွာ သွားခွင့်ပြုကြောင်း ဆို၏။

· မင်းသားလည်း ဘီလူးအပါးမှ ထွက်ခွာခြင်းမပြုမီ ဘီလူးအားတရားပြ ဟောကြားလေသည်။ ရှေးဘဝကအကုသိုလ်ပြု၍ ကြမ်းကြုတ်သော အသားစားဘီလူးဖြစ်လာ၏။ ယခုဘီလူးဘဝ၌လည်း အကုသိုလ်ကိုပင်ထပ်မံပြုပါက အမိုက်မှအမိုက်သို့သာ လားရတော့မည်။ သို့ကြောင့် အကုသိုလ်ကို မပြုသင့်ကြောင်း၊ ပါဏာတိပါတကံသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့၌ဖြစ်စေတတ်၏။ လူ့ဘဝကို ရသော်လည်း အသက်တိုရ၏။ သူ့အသက်သတ်ခြင်းကို မပြုသင့်ကြောင်း ဟောကြား သည့်အပြင် ငါးပါးသီလမရှိသူတို့၏ အပြစ်ကိုထောက်ပြပြီး ငါးပါးသီလ၏ အကျိုးကိုဟောကြား ဆုံးမပြီးလျှင် ဘီလူးအား ငါးပါးသီလ၌ တည်စေပြီး တောအုပ်မှထွက်လာခဲ့လေ၏။

ဗာရာဏသီပြည်သို့ရောက်သော် တရားသဖြင့်မင်းပြုလျက် ဒါနအစရှိသော ကောင်းမှုတို့ကို ပြုရာက်အားလျော်စွာလား၏။ ထိုအခါက ဘီလူးသည်အင်္ဂုလိမာလဖြစ်လာ၏။

# Pyinsawuda Jataka

## (Not being beaten, not giving in)

Buddha was on sojurn at Zetawun Monastery when he came to know of a monk's laxity in tenacity. He told the monk that wise men of old had kept up tenacity where and when due and thus gained the leisure of a kingdom and gave the sermon of Pyisawuda Jataka.

Long ago, Byamadat was reigning king in Bayanathi when the embryo-Buddha was born the king's son. The embryo-Buddha was foretold by the seers that he would be bequeathed with the power and destiny to be a king and be well known as skilled in five kinds of weapons, so he was named Pyinsawuda.

When he was 16, he learnt the arts an sciences under Dithapa Pamaukkha of Tekkatho. Having learnt them all, he took the five kinds of weapons and went back to Bayanathi. Eventually he got to the edge of the forest guarded by an ogre with sticky furs. People who saw him bade him not to enter the forest. The embryo-Buddha, fearless and full of self-confidence, went into the forest like the king lion.

Soon he met the ogre. The ogre was about a toddy palm high, with a head about a house, eyes about the almsbowls, a tusk like the plantain bud, a white face, a spotted belly and brown arms and legs. He showed himself thus and forbade the embryo-Buddha saying he would be his meat.

The prince, full of conscience with reliance on himself, told the ogre to be warned and shot him with a poisoned arrow. The arrow got stuck in the oge's furs. Again he shot an arrow and again the arrow got stuck in the ogre's furs. In this way he shot all the 50 arrows, and all of them got stuck in the furs. The ogre shook them off and came over to the prince.

The prince threatened the ogre and attacked him with the thanlyet. The thanlyet got stuck in the ogre's furs. The other kinds of weapons too got stuck in the furs.

The prince told the ogre that he had come not depending on the power of his wepons but relying on his own strength and he would turn the ogre into smithereens. So saying he attacked with his hand. It got stuck in his furs. Then he used his other hand and feet and head. All got stuck with the ogre's furs but the prince showed no sign of fear.

The ogre saw that the prince was a strange man arzanee: he had been long in that forest but had never seen anyone like him before. So he asked the prince why he was not afraid of death.

The prince replied that men always died once and so he was not afraid of that; besides he had the weapon of warazain in his womb and if the ogre ate it, he would not be able to digest it; so the ogre would be cut into bits and die there; both of them would die and so he was not afraid

of the ogre. (Warazain means the weapon of wisdom in his body).

The ogre thought that true men spoke only the truth and he would not be able to crush the prince's meat, let alone his warazain weapon. So, fearing death, the orge decided to let him go.

Before he left, the prince explained it all to the ogre. He had become an ogre because of misdeeds of the past. If he went on doing evil deeds then he would remain in the animal kingdom; so he should not continue to do evil deeds; panatipata action would get him to hell, animal kingdom or pyaetta; so he should not kill; he should also observe the Five Precepts. Then he left the forest.

When he got back to Bayanathi he was made king to rule, doing good deeds and then passed away to an appropriate life. The ogre later became Angulimala. **(End)**

# ကဋ္ဌကုဋ္ဌိဇာတ်

## (စိတ်သာရှင်စေသာဘုရားဟော)

သဗ္ဗညုမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်း တစ်ပါးသည် ဥပဇ္ဈာယ်ဆရာကသီလနှင့်ပတ်သက်၍ အကျယ်တဝံ့ဟောကြား သည်ကို ကြားနာ ရသောအခါ ဤမျှများပြားသောသီလကို ဆောက်တည်နိုင်စွမ်းမရှိ၍ ရဟန်းအဖြစ်ဆက်လက် နေထိုင်ပါကလည်း အကျိုးမရှိနိုင်သဖြင့် ရဟန်းအဖြစ်မှ လူဝတ်လဲခွင့်တောင်းလေသည်။ ထိုအခါ ဥပဇ္ဈာယ်ဆရာက ဘုရားရှင်ထံမှခွင့်ပန်ရန် ပြောကြားလျှင် ထိုရဟန်းသည် ဘုရားထံမှောက်ဝင်ရောက်၍ လူဝတ်လဲခွင့်ပြုရန် လျှောက်ထားတောင်းပန်လေသည်။

မြတ်စွာဘုရားသခင်က ထိုရဟန်းလူဝတ်လဲလိုသည့် အကြောင်းစုံကိုသိရှိတော်မူလျှင် များစွာသောသီလတို့ကို စောင့်ထိန်းခြင်းငှာ မတတ်နိုင်လျှင် သုံးပါးသောသီလကို စောင့်နိုင်ခြင်း ရှိမရှိမေးမြန်း၏။ ထိုရဟန်းလည်း စောင့်ထိန်းမည့်အကြောင်းဝန်ခံသည်။ ထိုအခါမြတ်စွာ ဘုရားသခင်က ကိုယ်ဖြင့်မကောင်းမှုကိုမပြုခြင်း၊ နှုတ်ဖြင့်မကောင်းမှုကို မပြုခြင်း၊ စိတ်ဖြင့်မကောင်းမှုကို မပြုခြင်းဟူသော ကာယဒွာရ၊ ဝစီဒွာရ၊ မနောဒွာရစသော သီလသုံးပါးကိုသာလျှင်စောင့်ရန် ရှင်းလင်းမိန့်တော်မူ၏။ ထိုရဟန်းသည်လည်း နှစ်သက်ရွှင်လန်းစွာဖြင့် ဥပဇ္ဈာယ်ဆရာနှင့် ပြန်လည်လိုက်ပါသွားလေသည်။

ထိုရဟန်းသည် သီလသုံးပါးကို စောင့်ထိန်းကာ ဝိပဿနာကို ပွားခဲ့ရာနှစ်ရက် သုံးရက်ဖြင့် အရဟတ္တဖိုလ်၌တည်လေသည်။ ထိုအကြောင်းကို ရဟန်းတို့သည်

တရားသဘင်၌ စည်ဝေးပြောဆို နေကြစဉ် မြတ်စွာဘုရားသခင် သိတော်မူလျှင်ရှေး၌လည်း ပညာရှိတို့သည် ကြီးစွာသောရွှေတုံးကို မ,ချီနိုင်ခြင်းမရှိသောအခါ ဝေဖန်ပိုင်းခြားခြင်းပြု၍ ရယူသွားဖူးသည်ဟု မိန့်တော်မူလျက် အတိတ်ကိုဆောင်ကာ ဤကဥ္စက္ခန္ဓဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစိုးစံနေစဉ် ဘုရားလောင်းသည် ရွာပျက်ကုန်း၌ လယ်ထွန်ယောက်ျားဖြစ်လေသည်။ ထိုရွာ၌နေခဲ့သော သူဌေးတစ်ဦးသည် မကွယ်လွန်မီ လုံးပတ်ပေါင်ပမာဏရှိပြီး အလျားလေးတောင်ရှိသည့် ရွှေတုံးကိုမြှုပ်ထားခဲ့၏။ ဘုရားလောင်းသည် လယ်ထွန်နေစဉ် ထိုရွှေတုံးသည် ဘုရားလောင်း၏ထွန်သွား၌ငြိလေသည်။ ဘုရားလောင်းလည်း သစ်မြစ်တစ်ခုဖြင့် ငြိနေသည်ဟု ထင်မှတ်ကာ မြေကိုယက်ထုတ်သည့်အခါ ရွှေတုံးကြီးကို တွေ့ရှိရလေသည်။ ဘုရားလောင်းသည် ရွှေတုံးကိုထမ်းပိုးဖြင့် မ,ချီထုတ်ယူသောအခါ လေးလံလွန်းပြီး မချီ၍မရနိုင်ချေ။ ထိုအခါဘုရားလောင်းသည် ရွှေတုံးကြီးကို မိမိအသုံးပြုရန် အတွက်သာမကဒါနအစရှိသော ပုညကိရိယအကျိုးပြုရန်၊ လူမှုကိစ္စများ၌သုံးစွဲရန်၊ မြေ၌ပြန်လည် မြှုပ်နှံထားရန် စသည်ဖြင့်လေးစု သတ်မှတ်လိုက်သည်နှင့် ရွှေတုံးသည်ပေါ့ပါးသွားလေသည်။ ဘုရားလောင်းသည် ရွှေတုံးကိုယူ၍ စိတ်တွင်ရည်ရွယ်ထားသည့်အတိုင်း အစုလေးစုပြု၍ ဒါနအစရှိသော ကောင်းမှုတို့ကိုပြုရာ ကံအားလျော်စွာလား၏။

မြတ်စွာဘုရားသည် ဇာတ်တော်အဆုံးတွင် ရွှင်လန်းသောစိတ်ဖြင့် ရွှင်လန်းသော စိတ်ကို ဖြစ်စေပြီး သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားကိုပွားသူသည်အစဉ်သဖြင့် သံယောဇဉ် အားလုံးပြတ်ခါ အရဟတ္တဖိုလ်သို့ ရောက်၏ဟု ဟောကြားတော်မူလေသည်။

# Kinsetkhanda Jataka

## (On supremacy of mind)

While Buddha was on sojourn at Zetawun Monastery, a monk got tired of having to abide by the numerous rules of sila as expoundd by the mentor and so asked to be given permission to leave the order. The mentor said he should ask Buddha. The monk asked Buddha for permission to leave the order.

Buddha asked him if he could abide by the three silas if not the numerous ones given by his mentor. The monk said he would. So Buddha asked him not to commit sin by his body, sin by his word, or sin by his mind. The monk happily went back with his mentor.

The monk through abstention of the three sins gained a higher form of consciousness. The monks were talking of that when Buddha knew of it. Buddha said wise men of old too found a gold block but were unable to carry it, so they exercised some consideration and so were able to take away the gold. He gave the sermon of Kinsetkhanda Jataka.

Long ago, when King Byamadat was reigning in Bayanathi, embryo-Buddha was a plough man in Old Village Site. A rich man who lived there hid a gold block the size of a thigh and four cubits long in the earth. The embryo-Buddha while ploughing got stuck with that. He thought he had found a root of tree but found out it was a gold block when he dug up the earth. But he could not get it up as it was so heavy. The embryo-Buddha so divided the block into four parts for himself, for donations, for social uses and for later use to be kept in the earth. Once he formed it into four parts, the gold block weighed much less apiece. So he did just that.

Buddha said one who with a liberal mind caused by a liberal spirit finally managed to observe the Bodhi Pekkaya principles and so spirit severed all attachments and gained a higher form of consciousness.

# ဝါနရိန္ဒဇာတ်
## (ရန်အောင်မြင်မှု ကြောင်းလေးခု)

မြတ်စွာဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားအား သတ်ရန်ကြံရွယ်သည်ကို ရဟန်းတို့ကသိရှိ၍ စည်းဝေးကြ၏။ ထိုအခါမြတ်စွာဘုရားက ဒေဝဒတ်သည် မိမိအားသတ်ရန်ရှေးအခါကလည်း လုံ့လပြုခဲ့ဖူးသည်။ ထိုသို့လုံ့လပြုသော်လည်း ဘုရားသည်ထိတ်လန့်ခြင်းကိုပင် မဖြစ်ပေါ်ခဲ့ကြောင်း မိန့်တော်မူလျက် အတိတ်ကိုဆောင်ကာ ဤဝါနရိန္ဒဇာတ်ကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ဗာရာဏသီပြည်၌ မင်းပြုချိန်တွင် ဘုရားလောင်းသည် မျောက်မင်းဖြစ်၏။ ဘုရားလောင်းသည် မြစ်ကမ်းနားတွင် တစ်ဦးတည်းနေထိုင်သည်။ ထိုမြစ်အလယ်ရှိကျွန်း၌ သရက်၊ ပိန္နဲစသော အသီးပင်တို့ဖြင့် ပြည့်စုံလျက်ရှိသည်။ ဘုရားလောင်းသည် ဆင်ပြောင်အားနှင့်တူသော ဗလရှိသည်ကြောင့် နေ့စဉ်နံနက်တိုင်း မြစ်ကမ်းမှ မြစ်လယ်ရှိကျောက်ဖျာသို့ ခုန်၍ကျောက်ဖျာမှ တစ်ဆင့်ကျွန်းသို့ ခုန်သွားပြီး သစ်သီးကြီးငယ်တို့ကိုစားသောက်သည်။ ညချမ်းအခါ၌ ထိုနည်းဖြင့် ကမ်းသို့ပြန်လေ့ရှိသည်။

ထိုကာလက ထိုမြစ်တွင်မိကျောင်းဖိုနှင့် မိကျောင်းမတို့လည်းရှိနေသည်။ မိကျောင်းမသည် ဘုရားလောင်းသွားလာနေသည်ကို မြင်တွေ့လျှင်ဘုရားလောင်း၏နှလုံးကို စားလိုသောအာသာချင်ခြင်းဖြစ်၍ မိကျောင်းဖိုအား ဆောင်ယူပေးရန်ပူဆာ၏။ မိကျောင်းဖိုလည်း ကတိပြုပြီးနောက် ယနေ့ညချမ်းအခါ ဘုရားလောင်းကျွန်းငယ်မှ ပြန်လျှင်ဖမ်းမည်ဟု ကြံရွယ်ပြီး ကျောက်ဖျာအောက်၌ ဝပ်၍စောင့်ဆိုင်းနေလေသည်။

ညချမ်းသို့ရောက်သောအခါ ဘုရားလောင်းသည် ကမ်းသို့ပြန်ရန်အတွက် ကျွန်းမှရပ်၍ ကျောက်ဖျာကိုကြည့်လေလျှင် မြင့်တက်နေသည်ကိုတွေ့ရှိလေသည်။ ရေလည်းအတိုးအလျော့မရှိသော်လည်း ကျောက်ဖျာမြင့်တက်နေသည်မှာ ပိကျောင်းသည် မိမိအားဖမ်းလို၍ ကျောက်ဖျာ

အောက်တွင် ဝပ်နေခြင်းသာဖြစ်တန်ရာသည်ဟု သတိပြုဆင်ခြင်မိလေသည်။ ဘုရားလောင်းသည် သေချာစေရန်အတွက် ကျောက်ဖျာနှင့်စကားပြောသကဲ့သို့ "အို–ကျောက်ဖျာ"ဟု ခေါ်လေသည်။ ကျောက်ဖျာသည်တုန့်ပြန်စကားဆိုခြင်းမရှိပေ။ ဘုရားလောင်းလည်း ထိုနည်းအတိုင်း သုံးကြိမ်ခေါ်ပြီးလျှင် အဘယ်ကြောင့် ယနေ့စကားမပြန်သနည်းဟု မေးလေသည်။ ကျောက်ဖျာအောက်၌ ဝပ်နေသောမိကျောင်းလည်း ယခင်နေ့များက ဘုရားလောင်းနှင့် ကျောက်ဖျာတို့သည် စကားပြောဆိုလေ့ရှိကြသည်ဟုထင်မှတ်ကာ "အို–မျောက်မင်း"ဟု စကားတုန့်ပြန်လိုက်လေသည်။ ထိုအခါဘုရား လောင်းကမည်သူဖြစ်ကြောင်း မေးမြန်းသည့်အခါ မိကျောင်းဖြစ်ကြောင်းဆို၏။ ဘုရားလောင်းက မည်သည့်အတွက်ကြောင့် ကျောက်ဖျာအောက်၌ ဝပ်နေသည်ကိုမေးသည့်အခါတွင် ဘုရားလောင်း၏ နှလုံးကိုအလိုရှိ၍ဖြစ်ကြောင်း ဖြေကြား၏။

မိကျောင်းတို့သည် ပါးစပ်ကိုဟလိုက်သည့်အခါတွင် မျက်လုံးသည်အလိုအလျောက် ပိတ်လေ့ရှိသည်ကို ဘုရားလောင်းသည် သိရှိထားသည်။ ထို့ကြောင့် ဘုရားလောင်းက မိကျောင်းအား ပါးစပ်ကိုဖွင့်ထားပြီး မိမိခုန်၍လာသည့်အခါ ဆီး၍ဖမ်းရန်ပြောဆိုလေသည်။ မိကျောင်းလည်း မိမိပါးစပ်ကို ဟလိုက်သည့်အခါ မျက်စိပိတ်ကုန်သည်ကို သတိမမူဘဲ ဘုရားလောင်းဆိုသည့်အတိုင်း ပါးစပ်ကိုဖွင့်လျက် ဘုရားလောင်းခုန်ချလာမည်ကို စောင့်ဆိုင်းနေသည်။ ထိုအခါ ဘုရားလောင်းသည် ကျွန်းငယ်မှ မိကျောင်း၏ထိပ်သို့ ခုန်ပြီးနောက် လျင်မြန်စွာ တစ်ဖက်ကမ်းသို့ခုန်တက်သွားလေသည်။

မိကျောင်းလည်း ဘုရားလောင်းအား အံ့သြစွာဖြင့်ကြည့်ပြီး၊ ဤလောက၌ ရန်သူကိုလွှမ်းမိုးနိုင်သော၊ သစ္စာ၊ ပညာ၊ လုံ့လ၊ စွန့်ကြဲခြင်း ဟူသောတရားလေးပါးတို့သည် ဘုရားလောင်း၏ ကိုယ်တွင်း၌ရှိ၍သာ ရန်သူကိုလွန်မြောက်ခဲ့ခြင်းဖြစ်ပေသည်ဟု ချီးမွမ်းစကားဆို၍ ထိုနေရာမှထွက်ခွာသွားလေသည်။

မြတ်စွာဘုရားသည် ရဟန်းတို့အား ဒေဝဒတ်သည် ရှေးအခါကလည်း ထိုသို့မိမိအား သတ်ရန်လုံ့လပြုခဲ့သည်သာဖြစ်ကြောင်း ဟောကြားမိန့်တော်မူကာ ဇာတ်ပေါင်းတော်မူ၏။ ယခု ဒေဝဒတ်သည် ထိုအခါကမိကျောင်းဖိုဖြစ်ပြီး၊ ယခုစိဉ္စမာနသည် ထိုအခါက မိကျောင်းမ ဖြစ်လေသည်။

# Wanarainda Jataka

## (Four reasons for victory over the enemy)

While Buddha was at Zetawun Monastery, monks heard that Dewadat was conspiring against Buddha and they met to counter that. Buddha said Dewadat had planned to kill Buddha even before but Buddha was unperturbed by that. So saying he gave the sermon of Wanarainda Jataka.

Long ago, while Byamadat was king at Bayanathi, embryo-Buddha was the king of monkeys, living alone on the bank of the river. The island in the middle of the river was full of fruits like mangoes and jackfruits. The embryo-Buddha had the strength of a mammoth and every day he would jump to the platform in the middle of the river and thence to the middle island to partake of the fruits and come back the same way.

At that time there was a couple of crocodiles in the river. Seeing the embryo-Buddha the female wanted to have the heart of the creature and so asked the male to get it for her. The male decided to get it that day and waited under the platform.

Evening came and the embryo-Buddha looked at the platform and saw that it was higher up than before. He saw no increase in the water of the river and guessed that something must be lying in wait for him under the rock platform. He pretended that the rock platform had some life and hailed it as "O, rock platform". He did it three times with no response. So he

asked what the matter was. Thinking that the embryo-Buddha did have daily conversation with the rock platform, it replied "O, king of monkeys". The embryo-Buddha asked who he was. He replied it was the crocodile. When embryo-Buddha asked why he was there, the crocodile said it wanted the heart of the embryo-Buddha.

The embryo-Buddha told the crocodile to open his jaws when he came over. He had the knowledge that crocodiles closed their eyes when they keep their mouths open. The crocodile did as he was told. The embryo-Buddha jumped with a step on board the crocodile's nose and then to the other bank so fast that he could escape the jaws of the crocodile.

Surprised, the crocodile said only Embryo-Buddha would escape its trap as he had the sense to get away with the use of truth, wisdom, tenacity and sacrifice needed of embryo-Buddhas. So saying it went away.

Buddha said Devadat that day was the male crocodile and Zainzamarna that day was the female crocodile.

# Five hundred and fifty Jataka tales

Adapted by **Myat Min Hlaing**

Translated by **Soe Myint**

